
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၃၁၁၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၅၀၁၂၀၉
အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယံအော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်
အတွင်းဖလင် - ဦးထွန်းဆိုင်
တအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ မတ်လ
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅ . ၈၃
နတ်သမီး
ရင်လှည့်ရာဇဝင် / နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ရင်လှည့်ရာဇဝင်

## အခန်း (၁)

"ကျွီ"

"ဂျိမ်း"

ခဲပုပ်ရောင် လင်ခရွှာ ကားကြီးက ဆင်ဝင်အောက်မှာ ကျွီခနဲ ...ရပ်သွားသည်။ အနီရဲရဲ ဝတ်စုံလေးနှင့် ဗိုင်း ကားထဲက ဝုန်းခနဲ ...ဘာ တံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်သည်။

"ဟင် မမလေး"

ညေ့ခန်းထဲမှာ အခန်းသန့်ရှင်းရေး လုပ်နေသော မိအေး ...တ်ကြက်တောင်လေးကိုင်ရင်း အထိတ်တလန့် လှမ်းကြည့်သည်။

"ဒေါက် ဒေါက် ဒေါက်"

ရွှေအိုရောင် ဒေါက်မြင့်ဖိနပ်လေးကို အသံ တဒေါက်ဒေါက် ...အောင် ညေ့ခန်းထဲအထိ ဗိုင်း ခြေဆောင့်စီးလာသည်။

ဒေါသတို့ ဆူဝေနေသော မျက်နှာလှလှလေးက နီရဲနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး"

"ဘုန်း"

"ခွမ်း ခလွမ်း"

ဆိုဖာထိုင်ခုံမှာ မထိုင်သေးဘဲ လက်ထဲက ဆလင်းဘက်အိတ်ကို အရင်ဆုံးလွှဲပစ်ပေါက်လိုက်တော့ ရှိုးကေ့ပေါ်က အလှပန်းအိုးကို ထိမှန်ကာ ခွမ်းခနဲ ကျကွဲသွား၏။

"တောက်"

မပြေနိုင်သေးသည့် ဒေါသတွေနှင့် ဝိုင်း ဆိုဖာအိစက်စက်ကြီးပေါ် ဆောင့်ထိုင်ချလိုက်တော့ မိအေး မျက်လုံးလေး ဝိုင်းကြည့်၏။

"နင်က ဘာကြည့်နေတာလဲ လာစမ်း"

"ရှန် ဟုတ်ကဲ့ ဟို ဟို"

အိမ်ဖော် ကောင်မလေး ကြောက်လန့်တုန်ယင်နေတာကို ဝိုင်းကြည့်ပြီး ပိုလို့ ဒေါသထွက်သွားသည်။

"ဟိုဟို ဒီဒီ အူတူတူ လုပ်မနေနဲ့ ဟို အကွဲအရှတွေကို နင်ကြည့်ကောင်းနေလို့လား"

"မ မဟုတ်ပါဘူး မမလေး"

မိအေး တုန်တုန်ယင်ယင်နှင့် ကျကွဲနေသော ဖန်ကွဲစတွေကို သိမ်းဆည်းဖို့ အပြေးကလေး ထွက်သွားတော့





"ဟဲ့ မိအေး လာဦး"

"ရှန် ဟုတ်ကဲ့"

ဝိုင်း ထပ်ခေါ်တော့မှ အနားကို ကုပ်ကုပ်လေးပြန်ရောက်လာ၏။

"အဲဒါတွေ နောက်မှသိမ်း အခု ငါ အရမ်းဒေါသထွက်နေတယ် ငါ့ကို သံပုရာရည် အရင်ဖျော်ခဲ့"

"ဟုတ် ဟုတ်ကဲ့ အင့်"

အကြောက်လွန်နေသည့် မိအေး လက်ထဲက ဖုန်သုတ်ကြက်တောင်ကို ဝိုင်း လက်ထဲ ကမ်းပေးသည်။

"ဟာ ငါက ဒါကို ဘာလုပ်ရမှာလဲ သွား စမ်းဟာ"

"ကန် ကန်တော့ မမလေး"

မိအေး ပျာယာခတ်လျက် လှည့်ထွက်ဖို့ အပြင်မှာပဲ ဒေါ်စုစုစံ သံပုရာရည် တစ်ခွက်ကို ကိုင်ကာ ရောက်လာသည်။

"မိအေး ဟောဟို ဖန်ကွဲစတွေပဲ သိမ်းလိုက် ဒီမှာ မေမေ သံပုရာရည် ဖျော်လာတယ် သမီး"

ဒေါ်စုစုစံကို မြင်တော့မှ ဒေါသလေး ပြေကာ သံပုရာရည်ခွက်ကို ယူသောက်သည်။

"ဘာလို့ ဒီလောက် ဒေါသတွေ ကြီးလာရတာလဲ သမီးရယ်"

"ကို ကိုကိုမေ့ အဖွတ် ဟွတ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်စိတ်ဖြင့် ဝိုင်း သံပုရာရည် သီးသွားတော့ ဒေါ်စုစုစံ စိုးရိမ်စွာ အနားရောက်လာကာ လက်ထဲက ဖန်ခွက်ကို ယူသည်။

"ဖြည်းဖြည်း ပြော သမီး၊ သားက သမီးကို ဘာပြောလိုက်လို့လဲ"

ဝိုင်း ရေသီးကာ ဝဲသွားသော မျက်ရည်တွေကို မွတ်သုတ်ပစ်ရင်း

"ဘာမှပြောတာ မဟုတ်ဘူး၊ မပြောလို့ ဝိုင်း ဒေါသထွက်နေတာ မေစံ"

"ဘယ်လို သမီး"

"ဟုတ်တယ် မေစံ စဉ်းစားကြည့်၊ ပုဂံကို ဘုရားဖူး ထွက်သွားတယ်လေ၊ ဝိုင်းကို ဘာမှမပြောဘူး၊ ဝိုင်း မလိုက်စေချင်လို့ သွားမယ့်နေ့ကျမှ ပြောပြလို့ သိရတာ၊ ဝိုင်းကိုကျတော့ အလုပ်တွေနဲ့ ပစ်ထားခဲ့တယ်၊ သူကျတော့ အဟင့် ဟင့်"

ပြောရင်း မျက်ရည်တွေက တာကျိုးသလို စီးကျလာတော့ ဒေါ်စုစုစံ ဝိုင်း နံဘေးမှာ ဝင်ထိုင်ပြီး ပခုံးလေးကို ဖွဖွဖက်နှစ်သိမ့်ပေးသည်။

"ဪ သမီးက အဲဒါကို စိတ်ကောက်လာတာလား၊ သားက ဘွားနဲ့ မေစံကို ပြောပါတယ်၊ ပုဂံကို သွားမှာ ကုမ္ပဏီက ဆောက်မယ့်





ဘိုတယ်လုပ်ငန်းကိစ္စ အတွက်တဲ့"

"အလကား အဲဒါ ကိုကိုညာတာ၊ တကယ်လို့ ဟုတ်တယ်ဆိုရင်လည်း ဝိုင်းပါ လိုက်ချင်တာပေါ့၊ အခုတော့ တမင် ထားခဲ့တာ"

မျက်ရည်တွေ ဝိုးဝိုးပေါက်ပေါက် ကျရင်း မကျေမနပ် ပြောနေသည့် ဝိုင်းကို ဒေါ်စုစုစံ ဘယ်လိုနှစ်သိမ့်ရမည်လဲဆိုတာ နားလည်စွာ ပြုံးလိုက်ရင်း

"အင်း သမီးပြောတာ အမှန်ပဲလား၊ ဒါဆိုရင်တော့ မေစံ သုံးဝ ခွင့်မလွှတ်ဘူး၊ ပြန်လာပစေဦး၊ မေစံနဲ့ တွေ့မယ်"

မေစံ ကြိမ်းဝါးဆိုတော့ ဝိုင်း မျက်ရည်တွေကို ချက်ချင်းပဲ သုတ်သုတ်ပစ် ကျေနပ်စွာ ပြုံးသည်။

"ကောင်းကောင်းကြီး ဆူပစ်လိုက် မေစံ၊ ကိုကိုက ဝိုင်းကို ညီမလေးလို ယူယကြင်နာတာ မဟုတ်ဘူး၊ ဝိုင်းကသာ"

"အင်းပါ အင်းပါ မေစံ သိပါတယ်ကွယ်၊ ကဲ အဝတ်အစားလဲ ရေချိုးတော့နော် သမီး"

သည့်တော့လည်း ချက်ချင်း ခေါင်းကလေးညိတ်ကာ ဒေါသပြေသွားသည့် ဝိုင်းကို ကြည့်ကာ ဒေါ်စုစုစံ ပြုံးမိသည်။

အင်း ချစ်စရာကောင်းသလို ဆိုးလည်း ဆိုးနွဲ့တတ်သည့် မိန်းကလေး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မေမေကတော့ မြေးလေးနှစ်ယောက်ကို လက်ထပ်ပေးလိုက်ချင်ပြီ သမီး"

ဒေါ်မိုးမိုးခိုင် ဖွင့်ပြောလာမည့်ဆိုတာကို အရင်ကတည်းက သူမ သိရှိနေပြီးသားပါ။

သားနဲ့သမီး အနာဂတ်အတွက် မေမေခိုင် စိတ်ကူးထားသော အစီအစဉ်ကို သိထားခဲ့တာ အခုမှမဟုတ်။

"မေမေပြောတဲ့ အစီအစဉ်ကို သမီး ဘယ်လိုသဘောရသလဲ"

သူမ ကမ်းပေးသော ဆေးလုံးတွေကို လက်ဝါးဖြန့်ယူရင်း ထပ်မေးသည်။

မေမေခိုင် မျက်ဝန်းတွေထဲကို ခပ်ငေးငေး စိုက်ကြည့်ရင်း





သူမ ခေါင်းကို ခါရမ်းပြလိုက်၏။

"သမီးအနေနဲ့ ငြင်းစရာ မရှိပါဘူး။ မေမေ ကောင်းသလိုသာ စီစဉ်ပါ"

မေမေခိုင် မျက်နှာမှာ ကြည်နူးရိပ်တွေ လွှမ်းခြုံသွားပြီး

"သားရှိနေသေးရင်လည်း ဒီအစီအစဉ်ကို ကျေကျေနပ်နပ်နဲ့ လက်ခံမှာ သေချာတယ် သမီး"

လောကကြီးကို အပြီးအပိုင် ခွဲခွာသွားသည့် သားဖြစ်သူကို သတိရဟန် ဆိုမိသည်။ ရီဝေသော မျက်ဝန်းတွေက အမှတ်ရစရာနေ့ရက်များဆီသို့။

ဒီမိသားစုလေးကို စည်းစည်းလုံးလုံးဖြင့် ဦးမကွဲ သိုက်မပျက်အောင် သူမ ဦးဆောင်အုပ်ချုပ်လာတာ ဒီမြေးကလေးတွေ တစ်သက်မကတော့ပါ။

ပိုင်စိုးကျော်က သူမတို့ရဲ့ တစ်ဦးတည်းသော သား။ သားလေး ဆယ်လေးနှစ်သား အရွယ်မှာ ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားတော့ သူမသာ အဖေလိုတစ်မျိုး အမေလိုတစ်မျိုး စောင့်ရှောက်ခဲ့သည်။

အိမ်ထောင်ပြုဖို့ အရွယ်ကောင်းသေးပေမယ့် ဖတာဆိုသားလေးကို ကရုဏာသက်စွာ ငဲ့ညှာခဲ့၏။

ကလေးအမေဖြစ်သော်လည်း တည်တည်ခန့်ခန့် လှသော



www.burmeseclassic.com

www.burmeseclassic.com



သူ့မကို ချဉ်းကပ်လာသူတွေက ဒုနဲ့ဒေး။ ဒါပေမဲ့ သားလေးက သူ့မ ဘဝလေ။

ခင်ပွန်းမရှိတော့သည့် ဆောက်လုပ်ရေး ကုမ္ပဏီကို ကိုယ်တိုင် ဦးစီးခဲ့သည်။ ကြီးမားသော မိခင်မေတ္တာတရားကြောင့် တွန်းအားဖြစ်စေခဲ့ပြီး သူ့မ လက်ထက်မှာ ပိုမိုအောင်မြင်ခဲ့သည်။

သားလေး ကျောင်းပြီးသည်နှင့် လုပ်ငန်းခွင်ထဲ သွင်းကာ လိုချင်သည့်ပုံစံကို ရိုက်သွင်းခဲ့၏။

"သား အလုပ်လုပ်ရတာ ပျော်ရဲ့လား ဟင်"

"ပျော်တာပေါ့ မေမေရယ်၊ မေမေလည်း အသက်ကြီးပါပြီ၊ အနားယူပါတော့၊ သားတစ်လှည့် အလုပ်အကျွေး ပြုပါရစေဦး"

အလိုက်သိတတ်သော သားလိမ္မာလေးကြောင့် စိတ်ချမ်းသာမှုက ပြောမပြတတ်အောင် ဖြစ်ရသည်။

မိဘတို့ ဝတ္တရားရှိသည့်အတိုင်း ဝိုင်းစုမြတ်နိုးလေး မိခင် ခင်မြတ်ကြည်နှင့် လက်ထပ်ပေးတော့ သားက ကြည်ဖြူစွာ လက်ခံသည်။

ကံကြမ္မာက ပျော်ရွှင်စရာ မိသားစုဘဝလေးကို ကြာရှည်စွာ ရှင်သန်ခွင့် မပေးခဲ့။ ဝိုင်းစုမြတ်နိုး နှစ်နှစ်သမီးအရွယ်မှာ ခင်မြကြည် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့၏။

ပိုင်စိုးကျော်က သူ့ဘဝကို အလုပ်ထဲမှာသာ နစ်မြုပ်ရင်း





ဝေဒနာကို ကုစားခဲ့သည်။

"သားရယ် မင်းလည်းအရွယ် ငယ်သေးတာပဲ၊ မြေးလေး အတွက် အမေကောင်းတစ်ယောက်လောက် ရှာသင့်တယ်"

"မဖြစ်နိုင်ပါဘူး မေမေရယ်၊ ထိုင်နေအကောင်းသား ထသွား မှ ကျိုးမှန်းသိ ဆိုသလိုဖြစ်နေပါဦးမယ်၊ ဒီအတိုင်းပဲ ကောင်းပါတယ်"

ဒါပေမဲ့ ဝိုင်းစုကလေးကို မူလတန်းကြို ကျောင်းပို့သည့်အခါမှာ သားဘဝအတွက် အလှည့်အပြောင်း ဖြစ်ခဲ့သည်။

'ရင်ငွေ့အိမ်' မူကြိုကျောင်းဆရာမလေး စုစုစံကို သားက သံယောဇဉ် တွယ်သွား၏။

စုစုစံက အပျိုစင်တစ်ယောက်တော့ မဟုတ်ပါ။ ခြောက်နှစ် အရွယ် သားလေးတစ်ယောက်နှင့် မုဆိုးမလေး။

မုဆိုးမဆိုပေမယ့် အနေအထိုင် ပိရိ၍ သမီးလေးကို မိခင် အရင်းတစ်ယောက်လို စောင့်ရှောက်သူ။ ထိုအချက်ကပဲ သားလေး စုစုစံကို သံယောဇဉ် တွယ်သွားခဲ့ခြင်းပါ။

"မေမေခွင့်ပြုမယ်ဆိုရင် သား စုစုကို လက်ထပ်ချင်တယ် မေမေ"

"ဘယ်လို သား၊ မင်း ဆုံးဖြတ်ချက်ချတာ မမြန်ဆန်ဘူးလား"

"မြေးလေးကို နားလည်ပေးမယ့် မိခင်ကိုပဲ လိုချင်တာက



www.burmeseclassic.com

www.burmeseclassic.com



သူမ ဆန္ဒ။

"သားအာမှန်ဝန်ခံရရင် ဒေသချာစဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာပါ။ သမီးလေးအပေါ်ထားတဲ့ စုစုရဲ့ ဖြူစင်တဲ့ နှလုံးသားက မိခင်ကောင်း တစ်ယောက်ဆိုတာ မငြင်းနိုင်ဘူးလေ"

သုံးလေးကြိမ် တွေ့ဆုံအပြီးမှာ စုစုံကို သူမ သဘောကျသွား ခဲ့သည်။ မြေးလေးအပေါ် မိခင်ရင်းနှင့်မခြား မေတ္တာပေးနိုင်သည့်အပြင် သူကိုယ်တိုင်က မိခင်တစ်ယောက်။

အားလုံးကို ချင့်ချိန်တွက်ဆပြီး တခမ်းတနားပင် လက်ထပ် ပေးခဲ့သည်။ ဒုတိယအကြိမ်မြောက် မိသားစုဘဝလေးကလည်း ချမ်းမြေ့ ခဲ့၏။ စုစုံက သမီးလေးကို မိခင်စိတ်အပြည့်ရှိသလို သားကလည်း မင်းကြီးတိုင်းလေးကို သားအရင်းထက် မလျော့ခဲ့။

ကလေးနှစ်ယောက်စလုံး သွေးဝေးပေမယ့် ချစ်ချစ်ခင်ခင် ရှိခဲ့ ကြပြန်သည်။

အရွယ်ကလေးရလာတော့ မေစု ဟုခေါ်သော စုစုံကို သမီး လေး မိထွေးတစ်ယောက်ဟူသော အကြည့်ဖြင့် ကြည့်တတ်လာ၏။

စုစုံက မေတ္တာမပျက်ဘဲ နားလည်ခွင့်လွှတ်ခဲ့သည်။ မိုင်းစုက အငယ်ဆုံးဆိုတော့ ဆိုးနွဲ့ချင်သည်။ ကြီးတိုင်းကတော့ ငယ်ငယ်ကတည်း က မြေးလေး နိုင်စား ဆိုးနွဲ့တာကို မခံချင်စိတ်ဖြင့် တုန့်ပြန်တတ်သည်။





မြေးလေးကိုတော့ ချစ်ရှာ၏။

ဒါလေးတွေကပဲ သူမအတွက် ပျော်စရာ အသက်ရှည်ဆေးလို ဖြစ်နေခဲ့သည်။

"မေမေ ဆေးသောက်တော့လေ ဘာတွေတွေးနေတာလဲ"

သတိလက်လွတ် ဖြစ်သွားပြီး အတွေးလွန်သွားသည်ကို တွေး မိပြီး ခပ်ယဲ့ယဲ့ ပြုံးမိ၏။

"မြေးလေးတို့အကြောင်း စဉ်းစားနေလို့ပါ သမီးရယ်"

"သမီးဘက်ကတော့ သူတို့လေးတွေ ကျေနပ်ရင် ပြီးတာပါပဲ၊ သမီးလေး တစ်မျိုးဖြစ်သွားမှာတော့ စိုးတယ် မေမေ"

"မစိုးရိမ်ပါနဲ့ကွယ် သူတို့လေးတွေ သံယောဇဉ်ရှိပြီးသားတွေပဲ မြေးလေးက ဆိုးနွဲ့နေတာပါ၊ ကလေးမှ မဟုတ်တော့တာ၊ အင်ဂျင်နီယာ ကျောင်းသူကြီးတောင် ဖြစ်နေပြီပဲ"

ပင့်သက်မောကို ကြိတ်ရှိုက်မိသူက ဒေါ်စုစုံ ဖြစ်သည်။

မေမေနိုင် ပြောသလို ဖြစ်ပါစေဟုသာ ဆုတောင်းနေမိသည်။

ဒါပေမဲ့

မယုံရဲစွာ စိုးရိမ်မိတာက..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"နင် ဖော်ဖော် အကျင့်ပုပ်ပါလား မိဝိုင်း"

"ဘာ မိဝိုင်းလဲ ကိုကိုနော် စကားပြော မကြမ်းတမ်းနဲ့"

"ကြမ်းသင့်ရင် ကြမ်းရမှာပဲ၊ နင့်ကိုငါ တင်းနေတာ၊ ဧည့်ခန်း

ထဲမှာ မေမေရှိနေလို့ မလာတာ"

ဒေါသထွက်ပြီဆို မိဝိုင်း၊ နင် စသည်ဖြင့် ခေါ်တတ်သည်က

သူ့အကျင့်။ မေစံ ရှိနေလို့ ကိုကို ရောက်မလာတာကို ဝိုင်းလည်း

သိနေသည်။

မေစံက တီဗီဆိုလျှင် ခဏပဲ ကြည့်တတ်၏။ ခုလောက်ဆိုရင်

တော့ ဘုရားခန်းထဲမှာ ဝတ်ပြုနေလောက်ပြီ။

"ဒီမှာ ဇာတ်လမ်းကောင်း ကြည့်နေတာ၊ မေစံ မရှိမှ ဝိုင်းက





ဘာဖြစ်သေးနာ လာလုပ်ဦးမလို့လဲ"

မင်းကြီးတိုင်းက ခါးထောက်အုပ်မိုး၍ ဝိုင်းကို ကြည့်နေသည်။

စတိုင်ကိုက မှန်းစရာ။

အဲဒီလို ရင့်သီးတဲ့ အပြုအမူတွေကို ဝိုင်း လုံးဝမနှစ်မြို့။

လက်ထဲက ပန်းသီးကို တစ်ကိုက်ကိုက်စားလိုက်စဉ်မှာပဲ တီဗွီ

ပိတ်သွားသည်။ ဝိုင်း စိတ်တိုစွာ မျက်လုံးစူးစူးလေးတွေဖြင့် ကြည့်ပစ်

လိုက်၏။

ရီမုဒ်ကို ကိုင်လျက် ကြီးတိုင်းက ခပ်တည်တည်ဖြင့် ရပ်နေတော့

နှုတ်ခမ်းကို ဖိကိုက်ပစ်ပြီး

"ဒါ ဘာလုပ်တာလဲ မညစ်ပတ်နဲ့နော် ကိုကို"

ဝိုင်း ကြီးတိုင်း လက်ထဲရှိ ရီမုဒ်ကို လုယူဖို့ လက်လှမ်းလိုက်

သည်။ ကြီးတိုင်းက ရီမုဒ်ကို ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်ပြီး

"မပေးနိုင်ဘူး နင်နဲ့ စာရင်းရှင်းစရာ ရှိတယ်"

ဝိုင်း ဆိုဖာပေါ်မှထပြီး တီဗွီဆီသွားဖို့ ပြင်တော့ ကြီးတိုင်းက

လက်ကို လှမ်းဆွဲထားပြန်သည်။

"ကိုကို လွှန်လာပြီနော်"

အာခေါင်ခြစ်အော်တော့ အလန့်တကြားဖြင့် ကြီးတိုင်းက ဝိုင်း

ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အသံပြဲကြီးနဲ့ လျှောက်အော်မနေနဲ့၊ ဘာလဲ အခုမှ နင်ရင်ဆိုင်ဖို့ ကြောက်နေတာလား ဝိုင်း"

"အောင်မာ ဘာကိုကြောက်ရမှာလဲ၊ ဘာမှကြောက်စရာ အကြောင်းမရှိဘူး"

"ဒါဆို ဘယ်မှမသွားနဲ့ တီဗွီလည်း မကြည့်နဲ့ဦး၊ ပြန်ထိုင်ပြီး ရင်ဆိုင်လိုက်ပေါ့"

ဝိုင်း မျက်ခုံးတန်းတန်းလေးတွေ တွန့်ကျုံ့သွားပြီး နှုတ်ခမ်းလေးကို စူကာ ပြန်ထိုင်သည်။

ကျောလယ်ခန့် ဆံနွယ်ညိုတွေ လှုပ်ခနဲ ဝဲသွားသည်။

ဒီကောင်မလေး အသက်နှစ်ဆယ် ကျော်ပေမယ့် တကယ့် ကလေး တစ်ယောက်လိုပါပဲ။

နဖူးပြေပြေ နှာတံစင်းစင်းလေးနှင့် ထောင့်ချိုးညီသော မျက်နှာလေးက ဝင်းနေအောင် လှတာမျိုး။

ဘာမှလိမ်းခြယ်ထားခြင်း မရှိသော မျက်နှာလေးက ရှင်းနေသည်။

ရုပ်ကလေးနှင့် ဆန့်ကျင်ဘက် စိတ်က ပုပ်သည်ဟု တွေးမိ၏။

"ရှင်းစရာရှိတယ်ဆို အခု ရှင်းလေ၊ အာရုံနှောက်တယ်"

ကြည့် ချိုသာတဲ့ အသံလေးကိုတောင် တမင် မာဆတ်ပြနေတာ





...တာ အမြင်ကတ်စရာ။

"ဘွားဘွားနဲ့ မေစံကို နင် ဘာတွေ ချောက်တွန်းထားသလဲ"

"ဝိုင်းက ဘာကိုစွ ချောက်တွန်းရမှာလဲ"

မေးစေ့ လုံးလုံးလေးကို လက်ဖြင့် ထောက်ရင်း တည်ငြိမ်စွာ ဆိုနေတော့ သူ ဗိုတင်းလာသည်။

"ဝိုင်း အခုမှ မုန်လာဥလာလုပ်မနေနဲ့၊ ငါ့ကို အော်ဒီယို ဝိုင်း ...တာ နားစည်တွေ ကွဲမတတ်ဘဲ"

ဝိုင်းက မျက်ဆံနက်လေးတွေ ထောင့်ကပ်ပြီး မခိုးမခန့်ဟန် ...ငဲ့ ခေါင်းတဆတ်ဆတ် လုပ်ပြသည်။

"ဝိုင်း နင် ငါ့ကို မရိနဲ့နော်၊ ဘာလဲ ပျော်နေတာလား၊ အဲဒါ ...ကြောင့် နင့်ကို ကြည့်မရတာ"

"ကြည့်မရရင် ဘာလို့ စကားလာပြောနေတာလဲ၊ အေးအေး ...ဆေးဆေးကို မနေရဘူး"

"ဝိုင်း နင်ငါ့ကို ပြန်မအော်နဲ့နော်"

"အော်တော့ ဘာဖြစ်လဲ မဟုတ်တာ လာပြောရင် အော်မှာပဲ"

"အော် အော် အော်တော့ နင် ရှိုင်းစိုင်းတာ လူသိတာပေါ့"

အချက်ကျကျ ပြောလိုက်တာကြောင့် ဝိုင်း မကျေမနပ်ဖြင့် ...ဘောင်တင် ကြည့်ပြီး ဘာမှပြန်မပြောနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"မိပိုင်း နင့်အသက် နှစ်ဆယ်ကျော်နေပြီဆိုတာကိုလည်း သတိ ရဦး၊ ကလေးလိုလို မနေနဲ့၊ ရှူးနေလား မသိဘူး"

"ကိုကို မမိုက်ရိုင်းနဲ့နော် မေစံနဲ့တိုင်ပြောမှာ"

"တိုင် တိုင် နင့်ခေါင်းထဲမှာ အမြဲရှိနေတာ သူများတကာကို ကုန်းချောဖို့ ချောက်တွန်းဖို့ပဲ မဟုတ်လား"

ပိုင်း ဘာမှဆက်မပြော လက်သည်းကို ကိုက်ကာ မျက်နှာကို လွှဲထားသည်။ ရုပ်ကလေးနှင့်မလိုက်အောင် ဂျစ်ကန်ကန် ဘောက်ဆတ် ဆတ်နှင့် ပိုင်းကို အလျှော့မပေးချင်တာက ငယ်စဉ်ကတည်းက။

"နင့်ကို အလုပ်ကိစ္စနဲ့သွားရမှာကို ပြောထားခဲ့တာကို ချွန်တွန်း လုပ်လိုက်တာ ဘာသဘောလဲ"

"မျက်လုံးထဲမှာ ကန့်လန့်ကြီးဖြစ်နေလို့ ကြည့်မရလို့ ရှင်းပြီ လား"

ကလေးဆန်ဆန် ဘုဆတ်ဆတ် ပြောပြီး ရှောင်ထွက်သွား ကြိုးစားသည့် ပိုင်းကို သူ ဆိုဖာထက်သို့ ဆောင့်တွန်းပစ်လိုက်သည်

"အို"

"မိပိုင်း နင် ရှောင်ထွက်သွားဖို့ မကြိုးစားနဲ့၊ ငါ စကား မဆုံးသေးဘူး"

အသံက ခိုးငြိမ်းလိုက်သည့်အလား။ ပိုင်း ပန်းလေးတွေ နှာကျ





သွားရ၏။ ကြိုတိုင်းကို ကုတ်ဖဲ့ချင်စိတ်နှင့် အသားတွေ တဆတ်ဆတ် တုန်လာသည်။

ဒါပေမဲ့ ပိုင်း မလုပ်ဖြစ်။ ရစ်ဝိုင်းသွားသော မျက်ရည်စတွေကို ချက်တောင်ပုတ်ခတ် သိမ်းဆည်းပစ်လိုက်သည်။

"ငါ ရောက်ရောက်ချင်းပဲ ဆိုဒ်လေးကနေ ကိုသီဟ ငါ့ကို နှုတ်ဆက်တယ်၊ ထွက်သွားတဲ့ အင်ဂျင်နီယာ ကိုဖြိုးနေရာကို အစားထိုး ခန့်လိုက်တဲ့ လူနဲ့ပတ်သက်ပြီး ငါ သိချင်တယ်၊ နင့်သဘောနဲ့နင် လုပ်လိုက် တာ ဘာသဘောလဲ"

ကြိုတိုင်းက ဆိုဖာတွင် ဒူးချင်းချိတ်ထိုင်လျက် အောင်နိုင်သူ တစ်ယောက်လို အေးဆေးစွာပင်။

ကြိုတင်တွက်ဆပြီးသားမို့ ပိုင်းဘက်ကလည်း မတုန်လှုပ်ပါ။ သူကိုယ်သူ စုံထောက်ကျော်ကြီးတစ်ဦးလို ဂိုက်ပေးကြမ်းနေသည့် ကြိုတိုင်း ကို အမြင်ကပ်စွာ ကြည့်ရင်း

"ဪ ဒါလား အရေးတကြီး လိုအပ်နေတဲ့ နေရာမို့လို့ ခန့် လိုက်တာလေ၊ အထူးအဆန်းလုပ်လို့"

တမင်တကာ ပေါ့ပျက်ပျက် ပြောလိုက်တော့ ကြိုတိုင်း မျက်ခုံး ထူထူတွေ တွန့်ကွေးသွားပြီး

"ဟ လွယ်လှချည်လား။ နင့်လူက အရည်အချင်းတွေ ပြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ပုံပဲ ကဲ ပြောစမ်းပါဦး''

"သူက ကျောင်းမှာ အတော်ဆုံးလူတစ်ယောက်၊ ပြီးတော့ ကျောင်းမှာ ကင်းပဲ၊ သူ့ရဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး ဘာမှ သံသယ ဖြစ်စရာမရှိဘူး။ ပြောတာ ဆိုတာ နေတာ ထိုင်တာလည်း စမတ်ကျတယ်၊ အဓိက အချက်က သူက ပိုင်းရဲ့ သူငယ်ချင်း''

ကြီတိုင်းက ဒူးခေါင်းပေါ်တွင် လက်ထောက်လိုက်ပြီး ပိုင်းကို သေချာကြည့်၏။

"ကောင်းလိုက်တဲ့ အရည်အချင်းတွေ လုပ်မယ့် အလုပ်နဲ့တော့ တော်တော် အံဝင်ခွင်ကျ ဖြစ်တာပဲနော်''

ရှိသဲ့သဲ့ အမူအယာနှင့် စကားလုံးတွေက ပိုင်းကို မခံချင်အောင် ထိုးဆွ ပြောသည်။ ပိုင်း နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။ ကြီတိုင်းက ခံပင်တွေကို သပ်တင်လိုက်ပြီး

"ထားပါတော့ သူ့မှာ လုပ်ငန်းအတွေ့အကြုံ ဘယ်လောက်ရှိ လဲ၊ အရင်က ဘယ်မှာလုပ်တာလဲ၊ ခိုင်လုံတဲ့ အထောက်အထားတွေ ကရော''

မေးခွန်းတွေနဲ့ ချောင်ပိတ်ပစ်လိုက်ပြီး ဘယ်လိုလဲ ဟူသော ပုံစံဖြင့် ကြီတိုင်း လက်မိုက်နေသည်။ ရုတ်တရက် ပိုင်း ဘာပြန်ဖြေရ မှန်းမသိ။ ဒါပေမဲ့





ပိုင်းကလည်း ခေသူမှ မဟုတ်ဘဲ။

"ဟုတ်တယ် သူ့မှာ လုပ်ငန်းအတွေ့အကြုံတော့ ကြီးကြီး ကျယ်ကျယ် မရှိဘူး။ ဒါပေမဲ့ သူက ပိုင်းနဲ့ ခင်မင်တဲ့ လူတစ်ယောက်၊ သူ ဘာဆိုတာ ပိုင်း သိနေတာပဲ၊ အချိန်တိုအတွင်းမှာ သူ့ကို အလုပ်က သင်သွားလိမ့်မယ်''

ကြီတိုင်းက ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်၏။

"ဟား ဟား ဟား ဒီမှာ ပိုင်း သူ့ဘာသာသူ ဘာကောင်ကြီးပဲ ဖြစ်နေနေ၊ အတွေ့အကြုံမရှိတဲ့ လူတစ်ယောက်ကို ရွေးချယ်တာတော့ အလကားပဲ၊ အလုပ်ကြန့်ကြာလိမ့်မယ်၊ ပြီးတော့ နင့်လူက ဘာမှ သုံးလို့ မရရင် ဖြစ်လာမယ့် အကျိုးဆက်တွေကို နင် တွက်ဆမိရဲ့လား''

"ကို ကိုခန့်ချောကို အဲဒီလို မပြောပါနဲ့၊ သူက အရည်အချင်း ရှိတဲ့သူဆိုတာ ပိုင်း ယုံတယ်''

မခံရပ်နိုင်စွာ ရန်တွေ့နေသော ပိုင်းကို သူ အေးဆေးစွာပင် ကြည့်နေမိသည်။

ခန့်ချောတဲ့။ နာမည်ကိုက တင်တင်စီးစီး။ နာမည်ကြားရုံနှင့် သူ အမြင်ကပ်နေတာ။ ဖြစ်နိုင်တာကို ချိန်ထိုးပြနေတာကို လက်မခံနိုင်ဘဲ သွေးဆူနေသော ပိုင်းကြောင့် သည်းခံစိတ် ကုန်ခမ်းသွား၏။

"အို ခန့်ချောတွေ ခန့်ပေါ်တွေ မသိဘူး။ လုပ်ငန်းမထိခိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်တာ လုပ်ရမှာပဲ၊ သင့်တော်တဲ့လူမဟုတ်ရင် လုံးဝ မခန့်နိုင်ဘူး”

မကျေနပ်လည်း မတတ်နိုင်။ ဒီလောကအကြောင်း ပိုင်းထက်သူက ပိုသိသည်။

“ဒီမှာ ကိုကို ခန့်ချောနဲ့ပတ်သက်ပြီး ပိုင်းဘက်က အားမခံရဲတယ်၊ ဒီကိစ္စအတွက် ကိုကို မပူပါနဲ့”

“ဘာမှ နားမလည်ဘဲ ပေါ့ပေါ့တန်တန် ကတိတော့ ပေးမနေနဲ့ မိပိုင်း၊ ငါ လုံးဝ လက်မခံနိုင်ဘူး”

ကြိုတိုင်းက ပြတ်ပြတ်သားသားပင် ပြောသည်၊ ပိုင်း စိတ်ထဲက ခံပြင်းစိတ်နှင့် မာနတရားတွေ ခေါင်းထောင်ထလာ၏။ ဆိုဖာပေါ်မှ ထရပ်လိုက်ပြီး

“ကောင်းပြီလေ ပိုင်း အဖြူဆို ကိုကိုက မည်းနေမှတော့ ကိုကိုသဘောပဲ၊ ဒါပေမဲ့ ပိုင်းရဲ့ လုပ်ပိုင်ခွင့်ကိုလည်း ကိုကို မေ့မထားပါနဲ့”

ပြောပြီးသည်နှင့် အခန်းဘက်သို့ ပိုင်း ပြေးထွက်ခဲ့သည်။ မည်းမှောင်သွားသော ကိုကို့မျက်နှာကြီးကိုတော့ မြင်မြင်အောင် မြင်လိုက်သေးသည်။

ဒေါသတွေ တနင့်တပိုးနှင့် ကိုကို ကျန်ခဲ့မှာ သေချာသည်။ အခန်းထဲ ရောက်သည်နှင့် တံခါးကို လော့ခ်ချပစ်လိုက်ပြီး အိပ်ရာထက်မှာ လှဲနေလိုက်သည်။





“ဒုန်း ဒုန်း ဒုန်း”

“မိပိုင်း တံခါးဖွင့်စမ်း၊ ပြောနေတာကြားလား”

ဒေါသတကြီး အော်ဟစ်ခေါ်နေပေမယ့် ပိုင်း ငြိမ်သက်နေမိသည်။ အခုလောက်ဆို ကိုကို့ရင်ထဲမှာ ခံပြင်းနေမှာ အသေအချာ။

“ပိုင်း တံခါးဖွင့်လို့ ပြောနေတာ မကြားဘူးလား။ နင် လုပ်ချင်သာ လုပ်လို့မရဘူး”

ပိုင်း နားနှစ်ဖက်ကို ပိတ်ထား၏။ မျက်လုံးအကြည့်က အိမ်ရာသားမှ ကက်ဆက်အကြီးကြီးဆီ ရောက်သွားတော့ လက်ဖျောက်တီးလိုက်ပြီး

“ချက်ချင်း မင်းထွက်သွား xx အခု ထွက်သွားဖော့”

“ချက်ချင်း မင်းထွက်သွား xx အခု ထွက်သွားဖော့”

အဆိုတော် လေးဖြူ၏ ပါဝါကောင်းသော အသံက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

ကျေနပ်စွာဖြင့် ပိုင်း မျက်လုံးတွေကို မှေးမှိတ်ထားလိုက်သည်။ မှတ်ထား ဆရာကြီး လုပ်ချင်ဦး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"မင်းထက်ခန့်ချော"

နာမည်ကြားလိုက်ရရုံ စိတ်ထဲမှာ ယားကျိကျိဖြစ်သွားတာ အမှန်။ ကြိတ်ပိုင်း မင်းထက်ခန့်ချော၏ ကိုယ်ရေးဖိုင်ကို ဖတ်ရှုနေခြင်းပါ။

ဖိုင်တွင် ကပ်ထားသော ပတ်စပို့ဓာတ်ပုံသို့ အကြည့်ရောက်သွားသည်။ နာမည်နှင့်ရုပ်ရည် လိုက်ဖက်ညီသည်ဟု တွေးမိ၏။

မိန်းမချော ချောသူတစ်ယောက်ဟု အသိအမှတ်ပြုမိသည်။ ဓာတ်ပုံစားတာလည်း ဖြစ်နိုင်၏။

ဖိုင်ကိုလည်း ဖတ်ကြည့်လိုက်သည်။ လုပ်ငန်းအတွေ့အကြုံ နေရာရောက်တော့ ပြုံးမိသည်။ ဘာမှ ဖြည့်စွက်မထား။

"ဆရာ"





ခေါ်သံကြောင့် ကြည့်မိတော့ တံခါးဝမှာ ရပ်နေသော အတွင်းရေးမှူးမလေး စန္ဒီကို တွေ့လိုက်သည်။

"ပြော စန္ဒီ"

"အင်တာဗျူးဖြေဖို့ ကိုမင်းထက်ခန့်ချော ရောက်နေပါပြီ လွှတ်လိုက်ရတော့မလား ဆရာ"

အသာအယာ ခေါင်းဆတ်ပြလိုက်သည်။ ခဏနေတော့ တံခါးအဝသို့ ခန့်ချော ရောက်လာသည်။ စန္ဒီက ခန့်ချောကို ညွှန်ပြပြီး သူ့ကို အရိုအသေပေးကာ အခန်းတံခါးကို ပိတ်ပေးခဲ့သည်။

ခန့်ချောက စားပွဲရှိရာသို့ တစ်လှမ်းခြင်း လျှောက်လာ၏။ မီးခိုးရောင် ရှပ်အင်္ကျီလက်ရှည်က ဝင်းလဲ့စိုပြေသော အသားအရည်နှင့် လိုက်ဖက်သည်။

အနက်ရောင် စတိုင်ပင်ကို ဝတ်ဆင်ထားတာ သေသေသပ်သပ် မနိမ့်မမြင့် အရပ်အမောင်းနှင့်မို့ တစ်မျိုးကြည့်ကောင်း၏။

ပြောင်လက်နေသော ရှူးဖိနပ်က ဖုန်တစ်စက်မတင်။ ကိုယ့်ကိုယ်ကို အမြဲတမ်း သနေသူတစ်ယောက်ဟု တွေးမိသည်။

သူ့ရှေ့ရောက်တော့ မျက်နှာတစ်ဖက် ဖုံးနေသော တစောင်းဆံပင်ကို ခါထုတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မင်းထက်ခန့်ချောပါ"

အသံက ဆွဲငင်မှုတစ်မျိုးပါနေတာ သတိထားမိသည်။ ခေါင်းညိတ်ပြပြီး ထိုင်ခုံမှာထိုင်ဖို့ ညွှန်ပြလိုက်၏။

"စိတ်တော့ မရှိပါနဲ့ဗျာ၊ ကျွန်တော်က အလုပ်တွေများတော့ ခင်ဗျားကိစ္စကို မသိလိုက်ဘူး၊ ဒါကြောင့် ခင်ဗျားကို ခေါ်လိုက်တာ၊ ဆောက်လုပ်ရေး လုပ်ငန်းရဲ့ သဘောသဘာဝဆိုတာက အချိန်အကန့်အသတ်ရှိတယ်လေ၊ ဒါကြောင့် ကျွမ်းဝင်တဲ့ လူမျိုးကိုပဲ ကျွန်တော် လိုချင်တယ်"

"ဟုတ်ကဲ့ ပွင့်ပွင့်လင်းလင်းပဲပြောပါ၊ ကျွန်တော် နားလည်ပါတယ်"

အညိုရောင်မျက်ဝန်း စူးစူးတွေနှင့်ကြည့်ပြီး ပိုရဲရဲ နှုတ်ခမ်းတွေ တွန့်ကွေးသွားပုံက မထီတရီဟန်အပြည့်။

စိတ်ကြီးဝင်နေသူတစ်ယောက်ဟု မှတ်ချက်ပြုမိရင်း

"ခင်ဗျားရဲ့ ကိုယ်ရေးဖိုင်မှာ လုပ်ငန်းအတွေ့အကြုံနဲ့ပတ်သက်ပြီး ဘာမှ ဖြည့်စွက်ထားတာ မတွေ့ရဘူး"

"ဟုတ်ပါတယ် ကျွန်တော် ဘယ်မှာမှ မလုပ်ခဲ့ဖူးပါဘူး၊ သူငယ်ချင်းတစ်ယောက်နဲ့ပဲ တွဲလုပ်ခဲ့ဖူးတာ"





"ဒါကတော့ လူတိုင်း ပြောလို့ရတဲ့ စကားလို့ ကျွန်တော်ထင်တယ်၊ ကျွန်တော့်အနေနဲ့က ရယ်ဒီမိတ်ကို လိုချင်တာလေ"

ခန့်ချောမျက်နှာမှာ အလိုမကျမှုတွေကို တွေ့လိုက်ရ၏။ ဒါပေမဲ့ ချက်ချင်း မျက်နှာအမူအရာကို ဖြင်လိုက်တာ သတိထားမိသည်။

ဒါက ဟန်ဆောင်ကောင်းတာလား။

ခန့်ချောက ညီညာဖြူဖွေးသော သွားတွေပေါ်အောင် ပြုံးလိုက်ပြီး

"ကျွန်တော့်အရည်အချင်းနဲ့ပတ်သက်လို့ ဘာမှမပြောချင်ပါဘူး။ ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်"

ပြီးသွားပြီ။

တံကောင်ကို ဆားနဲ့တို့သလို ဆွေ့ဆွေ့ခုန်နေမည့် ဝိုင်းကို မြင်ယောင်ရင်း ပြုံးမိသည်။ ခန့်ချောအတွက် အယဉ်ကျေးဆုံးစကားလုံးတွေကို ရွေးချယ်နေစဉ်မှာပဲ

"နေတာ အချိန်တွေကြာလေ x x တွယ်တာတာတွေ x x ပိုလာလေ x x ကိုယ်တို့ တစ်ဦးပေါ် x x တစ်ဦးမှာလေ"

စားပွဲပေါ်ရှိ ဟန်းဖုန်းထဲမှ ငြိမ့်ညောင်းသော သံစဉ်လေးက ထွက်ပေါ်လာသည်။

ဒီအချိန်ဆက်သော ဖုန်းဆိုလျှင် ဝိုင်း ဆီမှပဲ ဖြစ်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



တွေးမိသည်။ စိတ်ထဲမှာ နည်းနည်းခုသွားရ၏။

ဖုန်းကိုကောက်ကိုင်လိုက်ပြီး ခန့်ချောကို ခဏဟု လက်ပြကာ အခန်းအပြင်သို့ ထွက်ခဲ့သည်။

ခန့်ချောရှေ့မှာ ဝိုင်းနှင့် စကားမပြောချင်။

"ဟဲလို ပြော ဝိုင်း"

"ကိုကိုလား ခန့်ချောနဲ့ ကိုကို တွေ့ပြီးသွားပြီလားဟင်"

စိတ်လှုပ်ရှားမှု ကင်းစင်နေသလို တည်ငြိမ်စွာ ပြောနေပေမယ့် ဝိုင်း၊ အသံက စိုးရွံ့နေသလို။

ဒီကောင်မလေး ဘာတွေလိုက်နှောင့်ယှက်ဦးမလဲ မသိ။ ဒီတစ်ခါ ပြတ်ပြတ်သားသား ပြောပစ်မည်ဟု တွေးရင်း

"ဟုတ်တယ် ငါ့အခန်းထဲမှာ ရောက်နေပြီ၊ ငါ့မှာ အလုပ်ကိစ္စတွေ အများကြီးရှိသေးတယ်၊ နင် အားတိုင်းယားတိုင်း ဖုန်းဆက်မနေနဲ့"

"ကြီးကျယ်လိုက်တာ၊ ဆက်တော့ ဘာဖြစ်လဲ၊ ဝိုင်းလည်း အလုပ်ရှုပ်နေတဲ့ကြားက အရေးကြီးလို့ ဆက်ရတာ"

"မိဝိုင်း နင် အဓိပ္ပါယ်မရှိတာတွေ လျှောက်လုပ်မနေနဲ့"

ဒေါသနှင့် စိတ်ရှုပ်ထွေးမှုကြောင့် အသံက ကျယ်လောင်သွားသည်။ အနားမှာသာရှိနေလျှင် ဆွဲကိုင်ဆောင့်ပစ်မိမှာ သေချာ၏။ ဒီ လောက်အထိ အသိတရားမရှိတော့တာ မုန်းသည်။





"ဒီမှာ ကိုကို ဝိုင်းကို ပြောင်းပြန်တွေ ကိုကို လာပြောမနေနဲ့၊ ဘာကယ်ဆို တမင် ကိုကို လိုက်နှောင့်ယှက်နေတာ"

"နင် ဘာကိုဆိုလိုလဲ၊ ငါက ဘာနှောင့်ယှက်လို့လဲ"

"ခန့်ချောကို ဝိုင်း အလုပ်ခန့်ပြီးသားဆိုတာကို သိရက်နဲ့ ကိုကို ဘာသဘောနဲ့ ထပ်ပြီး ခေါ်တွေ့ရတာလဲ"

"မနေ့တစ်နေ့ကမှ ဒီလောကထဲ ဝင်လာပြီး နင် ထင်ရာ လျှောက်လုပ်မနေနဲ့ နင့်အဆင့်က အခုမှ နုပ်ချေးတွဲလောင်းအဆင့်ပဲ ရှိသေးတယ်"

သာသာနဲ့နာနာလေး ခေါ်ထည့်လိုက်တော့ ဝိုင်း အသံတွေ ရှားရှားရှား ဖြစ်သွားတာ အတိုင်းသား ကြားနေရသည်။

"နေပါဦး ခန့်ချောအကြောင်း ဘာမှမသိဘဲနဲ့ ကိုကိုက ခါးခါး သီးသီး ဖြစ်နေရတာလဲ၊ ဝိုင်း ခန့်လိုက်တဲ့သူမို့လို့ တမင် လိုက်နှောင့်ယှက် နေတာ မဟုတ်ဘူး။ ခန့်ချော လုပ်ရည်ကိုင်ရည်ကို မတွေ့ရသေးဘဲနဲ့ အတင်း လိုက်ပိတ်နေတာ မကောင်းပါဘူး။ ယောကျ်ားဆန်သင့်ပါတယ် ကိုကိုရယ်"

ဖုန်းထဲမှ ချက်ချင်းတုန့်ပြန်လိုက်သော ဝိုင်း စကားက သူ့ကို ဒီလည်လည် ဖြစ်သွားစေသည်။

ဒီကောင်မလေးနှင့် စကားဆက်ပြောနေလျှင် သူ့ကို ရဝ့လည်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပတ်လုပ်နေမှာ သေချာ၏။

"ကဲ မိုင်း ငါ လုပ်စရာတွေ အများကြီးရှိသေးတယ်၊ ဖုန်းခ

လိုက်ပြီ"

"နေဦး ကိုကို ၊ အခု ခန့်ချောကို အလုပ်ခန့်လိုက်ပါ ပိုင်းရဲ့

မျက်နှာနဲ့ဖြစ်ဖြစ်ပေါ့"

"မဖြစ်နိုင်တာကို မတောင်းဆိုနဲ့ ပိုင်း။ ကဲ ဒါပဲဆို ငါ ဖုန်းခ

လိုက်ပြီ"

သူ့ဘက်က လိုက်လျောဖို့ လုံးဝ စိတ်မကူးမိ။ အနိုင်ပိုင်းဖြ

ဖုန်းချလိုက်သည်။

သူ့ဘက်က မှန်နေသည့်ကိစ္စကို ကလေးဆန်စွာ ဖွတ်တရွတ်

အတိုက်အခံလုပ်နေသော ပိုင်း နှုတ်ခမ်းစူနေမှာ သေချာ၏။

အတွေးမဆုံးသေးခင် ဖုန်းသံက ထပ်မြည်လာသည်။ ဒီတစ်ခါ

တော့ အပြတ်ကောပစ်မည်ဟု ကြံရွယ်ပြီး ဖုန်းကို နားထောင်လိုက်သ

ပိုင်း အသံစူးစူးကလေးက အရင်ပေါ်လာသည်။

"ကိုကို ခန့်ချောကို အလုပ်ခန့်လိုက်ပါ။ ပိုင်း ပြောတဲ့အတိုင်း

မလုပ်ရင် ရတယ်၊ ပိုင်း အနားမှာ ပိုင်းရဲ့ စက္ကူထရီးအဖြစ် ခန့်ချောကို

အမြဲတွေ့နေရလိမ့်မယ်"

"ပိုင်း နင်"





သွားပြီ ပိုင်း သူ့ကို အနိုင်ယူသွားပြန်ပြီ၊ ဘာမှမပြောရသေးခင်

ဖုန်းချပစ်လိုက်သည်။

အခန်းထဲရောက်တော့ ခန့်ချောရှေ့မှာ စိတ်မသက်သာစွာ ဝင်

ထိုင်လိုက်သည်။

"ကဲ မင်းထက်ခန့်ချော ခင်ဗျားက ဘာသက်သေ အထောက်

အထားမှ မပြနိုင်တော့ ခက်နေတယ်"

"ရပါတယ် ကျွန်တော့်ကို အားမနာပါနဲ့"

"ကောင်းပြီလေ ကျွန်တော့်ညီမကလည်း စကားကျံထားတော့

ခင်ဗျားကို သုံးလ အစမ်းခန့်လိုက်မယ်၊ ဒီကာလအတွင်းမှာ ခင်ဗျားရဲ့

စွမ်းရည်ကို ကြည့်ပြီး ဆုံးဖြတ်တာပေါ့"

သူ့စကားကို မင်းထက်ခန့်ချော သဘောပေါက်မှာ သေချာပါ

သည်။ မနှစ်မြို့ဟန် ရောယှက်နေတဲ့ အကြည့်နဲ့ ကြည့်ရင်း ပြုံးတော့

ခန့်ချောကလည်း သူ့ကို ကြည့်နေသည်။

ခန့်ချောက ထိမထင်ဟန်ဖြင့် ဝဲကျနေသော ဆံပင်ကို နောက်

သို့ လှန်တင်လိုက်ပြီး

"ကောင်းပါပြီ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အိုကေ အိုကေ"

သူ့ကိုနှုတ်ဆက်ပြီး ဟန်ပါပါ လှည့်ထွက်သွားပုံက ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



ကျိုး။ ခန့်ချောရဲ့ ကျောပြင်ကို ဝေးရှင်း အံကြိတ်မိသည်။

ဒါတွေ အားလုံး မိပိုင်ကြောင့်. . .။

■ ■ ■



## အခန်း (၄)

"မိုင်းကြောင့် အဖျော်ပေးလိုက်ရပေမယ့် တို့ကို လုံးဝ မကြည် ...သေချာတယ်"

ပိုင်းက ပခုံးကလေးကို ချစ်စဖွယ် တွန့်လိုက်ပြီး

"သူ သဘောမကျတော့ရော ဘာအရေးလဲ ပိုင်းကို သူ ကျော် ...မရတာ"

ပိုင်းက အေးဆေးနေသလောက် စိုးရိမ်နေသူက ခန့်ချော။

စဉ်းစားကြည့်လေ ကြံတိုင်း သူ့ကို ပြောဆိုဆက်ဆံနေတာတွေ ...အလိုက်အထိုက်။ သူကလည်း အောက်က ရှိ၍ ဝင်ချင်သူမှ မဟုတ်

"ခန့်ချောရယ် ပိုင်း တာဝန်ထားစမ်းပါ၊ ပိုင်း ရှိသောရင်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ငြိမ်းသွားစေရမယ်''

လက်သည်းတွေကို ပုံဖော်ထားသည့် လက်ချောင်းသွယ်သွ
လှလှလေးတွေက ခန့်ချောရှေ့သို့ ဝေ့ဝဲသွားသည်။

ပကတိတည်ငြိမ်အေးဆေးလွန်းတဲ့ မျက်နှာလေးမှာ ပူပ
ကင်းစင်နေ၏။ ခန့်ချောမှာတော့ ရတက်မအေးနိုင်။ ဝိုင်း သင်ကြား
သလို လုပ်နေရပေမယ့် သူက တကယ့်လုပ်ငန်းကျွမ်းကျင်သူ မဟုတ်

"သူ့ပုံစံကို ကြည့်ရတာ သုံးလအတွင်းမှာ တို့ကို အလဲထိုးပ
သေချာတယ်''

"အဟင်း ဟင်း အဲဒီလို ဘယ်တော့မှ လုပ်လို့ရမှာ မဟုတ်
ခန့်ချော၊ အားလုံးကို ဝိုင်းက ကြိုတွက်ပြီးသားလေ''

စတော်ဘယ်ရီဖျော်ရည်ကို စုပ်ယူသောက်သုံးလိုက်တဲ့ 
အသွင်က ပေါ့ပေါ့ပါးပါးလေ။

အနီးကပ်မြင်နေရသော ဝိုင်းကို ခန့်ချော ငေးမောနေမိသ
မျက်နှာနုနုလေးကို ပန်းနုရောင်ပြေပြေလေး ခြယ်ထာ
နှုတ်ခမ်းနီ ဆိုးမထား။

အနီရောင် ဂါဝန်ပွပွလေးကို ခါးမှာ ခါးပတ်အကြီးကြီး 
ထားလျက် ဒေါက်မြင့်ဖိနပ်ကိုလည်း အနီရောင် ဆင်မြန်းထားသ

အဖိုးတန် လက်ဝတ်ရတနာတွေ ဆင်မြန်းထားခြင်း မရှိ





ည်တိုင်ထက်မှာ ပလက်တီနမ်ကြိုးပျော့လေး တစ်ကုံးသာ ဝိုင်း ဆွဲထား


နားမှာတော့ ဖန်စီနားကွင်း အကြီးကြီးတွေကို ပန်ထားသည်။

ဖြူဥသော အသားအရည်နှင့် ထိုအရာအားလုံး ယှဉ်တွဲလိုက်
တော့ ဝိုင်းရဲ့အလှက ထင်းနေသည်။

"ဘာဖြစ်လို့ ငေးလောက် ကြည့်နေရတာလဲ''

ရုတ်တရက် သတိထားမိသွားပြီး ဝိုင်းက ရှက်ရွံ့စွာဆိုတော့
ကြည့်ကို လွှဲပစ်လိုက်သည်။

ခန့်ချောက ပြုံးစစနှင့်မို့ ဝိုင်း မနေတတ်အောင် ဖြစ်ရသည်။

သူမနှင့်ခန့်ချောက ကျောင်းတက်တုန်းက အရမ်းခင်မင်ရင်းနှီး
ကြသူများ မဟုတ်။ ရင်းရင်းနှီးနှီး မပေါင်းဖြစ်ကြပေမယ့် မေးထူးခေါ်ပြော
ဆင့်တော့ ရှိသည်။

ခန့်ချောက သူမတို့မေဂျာမှာ ကင်းဖြစ်သလို သူမကလည်း
ငင်း ဖြစ်သည်။

ထို့ကြောင့် တစ်ယောက်အကြောင်းတော့ တစ်ယောက် ကောင်း
ကောင်း သိကြပါသည်။

ခန့်ချောက မိဘနှစ်ပါးစလုံး မရှိကြတော့။ ဦးလေး လူပျိုကြီး
တစ်ယောက်၏ အကူအညီဖြင့် ကျောင်းတက်နေရသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့လို မချမ်းသာပေမယ့် ပညာရေးမှာ ထူးချွန်သော

ခန့်ချောကို ဝိုင်း လေးလည်းလေးစား သနားလည်း သနားမိ၏။

ဘွဲ့ယူပြီးသွားကြတော့ ခန့်ချောအကြောင်းကို မကြားတော့

ကိုကို မုဂ်သို့ ခရီးသွားနေစဉ် တစ်ရက်မှာ ပလာဇာသို့ ဈေးဝယ်ထွက်

ရင်း ခန့်ချောနှင့် အမှတ်မထင် ဆုံတွေ့ခဲ့သည်။

ရုတ်တရက်မို့ သူမ မမှတ်မိ ခန့်ချောက စတင် နှုတ်ဆက်ခြင်း

ဖြစ်၏။

"ဝိုင်း ဝိုင်းစုမြတ်နိုး ဟုတ်ပါတယ်နော်"

"အင်း ဟုတ် ဟုတ်ကဲ့ ရှင် ရှင်က"

"ကျောင်းတုန်းက သူငယ်ချင်းတွေကို မေ့သွားပြီနဲ့တူတယ်

အဟွန်း တို့ ခန့်ချောလေ၊ မင်းထက်ခန့်ချော"

"အြော် သိပြီ ခန့်ချော၊ ရှင် အခု ဘယ်ကုမ္ပဏီမှာလုပ်နေလဲ"

"အင်း ဝိုင်းတို့ကတော့ ကိုယ်ပိုင် ကုမ္ပဏီရှိပြီးသားဆိုတော့

လွယ်တာပေါ့၊ တို့ကတော့ အခုထိ အလုပ်ရှာတုန်းပဲ"

ရက်ရွံ့ဟန်ဖြင့် ပြောလိုက်သော ခန့်ချောကြောင့် သူမ သနား

သွားသည်။ တဆက်တည်းမှာပင် သူမတို့ ဆိုဒ်ထဲတွင် လူလိုနေတာ

အမှတ်ရသွားပြီး

"ဒါဆို အတော်ပဲ ဝိုင်းတို့ ကုမ္ပဏီမှာ လာလုပ်ပါလား။ အခ





ဆကြီး လူလိုနေလို့"

သူမ စကားကြောင့် ခန့်ချော မျက်နှာချက်ချင်း ဝင်းပသွား၏။

ခန့်ချောကို ကူညီလိုက်ရသဖြင့် သူမလည်း ပျော်ရွှင်မိသည်။

"ဟုတ်လား ဒါဆို သိပ်ကောင်းတာပေါ့ ဝိုင်းရဲ့"

"ခန့်ချော အလုပ်စဆင်းဖို့သာ ပြင်ထားလိုက်တော့"

ခန့်ချောကို ကူညီလိုက်ရသလို သူမကို ဂရုမစိုက်သော ကိုကို့

ကိုပါ တိုက်ခိုက်ပြီးသား ဖြစ်မှာ သေချာသည်။

"ဝိုင်း ပျော်ရည်တွေ ပူကုန်ပြီ ဘာတွေ တွေးနေတာလဲ"

ဝိုင်း လန့်သွားပြီး အတွေးစ ပြတ်သွားသည်။

"အြော် ခန့်ချောအတွက် အဆင်ပြေမယ့် နည်းကို စဉ်းစားနေ

တာပါ၊ ဘာမှ မဟုတ်ပါဘူး"

ခန့်ချော မျက်နှာတည်သွားပြီး ခေါင်းကို ခါရမ်းလျက်

"တို့အတွက် သိပ်ခေါင်းစားမနေပါနဲ့ ဝိုင်းရယ်၊ ဝိုင်း ပင်ပန်း

ပါတယ်"

သူမကို စာနာ နားလည်ပေးနိုင်သလို ဆိုနေပြန်တော့ ကိုကို့

မျက်နှာကို မြင်ယောင်ရင်း ဝိုင်း ခံပြင်းမိ၏။ သူမဘက်က အလျှော့ပေးဖို့

အစီအစဉ်မရှိတာက သေချာသည်။

"ခန့်ချော ဘာကြောင့် ဒီလောက် ပျော့ညံ့နေတာလဲ၊ ဒီကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



က ဝိုင်း အပိုင်ပါ၊ ဆိုဒ်လေးက လူတွေ ဝိုင်းကို မငြင်းဆန်နိုင်ပါဘူး။ သူတို့ကို ဝိုင်း ကြိုပြောထားမယ်၊ ခန့်ချော ကိုယ့်အလုပ်သာ ကိုယ်ဆက်လုပ်"

သူမ ကတိပေးလိုက်တော့ ခန့်ချောက အထင်ကြီး လေးစားသည့် မျက်ဝန်းတွေနှင့်ကြည့်ပြီး

"တို့အပေါ် ထားတဲ့ ဝိုင်းရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး၊ ဝိုင်းတို့က သူငယ်ချင်းတွေလေ"

နီရဲပါးလျသော ခန့်ချော် နှုတ်ခမ်းတွေ တွန့်ကွေးသွားပြီး

"တို့အတွက်တော့ ဝိုင်းက သူငယ်ချင်းကောင်းတစ်ယောက်ပါပဲ၊ တို့ ပြန်တော့မယ် ဝိုင်း"

ခန့်ချော ပြန်သွားတော့ အအေးမျိုးစုံပါရသော စနက်တံထဲမှာ ဝိုင်း တစ်ယောက်တည်း ကျန်ခဲ့သည်။

သူမနှင့်ကိုကိုရဲ့ အားပြိုင်မှုမှာ ခန့်ချောကို အသုံးချလိုက်သလို ဖြစ်သွား၏။ ခန့်ချောသာ သိသွားခဲ့လျှင် သူမကို ဘယ်လို သတ်မှတ်မလဲ။

ဒါက အရေးတော့ မကြီး။

ကစားပွဲက အခုမှစတာ။

ဝိုင်းရဲ့ အစီအစဉ်က တစ်ချက်ခုတ် နှစ်ချက်ပြတ် အစီအစဉ်





လေ။ ခန့်ချောရဲ့ အခက်အခဲကို ကူညီရာလည်းရောက်၊ ကိုကို့ကိုလည်း အမင် ဆန့်ကျင်ပြုမိတာ။

ဒါ ဝိုင်းရဲ့ အကြံအစည်လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကုတ်အင်္ကျီကို ဆပ်ဝတ်လိုက်ပြီး အိတ်ကပ်ချိုကျော့စ်ကို ဆွဲကာ သွားဖို့ ပြင်လိုက်သည်။

ဒီနေ့ရုံးကို စောစောရောက်မှ ဖြစ်မည်။ အိမ်ခြံနေရာ တစ်ခုကို ကန်ထရိုက်တိုက် ဆောက်ဖို့အတွက် အိမ်ရှင်နှင့် စာချုပ်ချုပ် ငွေချေဖို့ ဖြစ်သည်။

"ကိုကို သွားတော့မလို့လား။ ခဏနေဦး ဒီနေ့ ဝိုင်း ကိုကို့ ကားနဲ့လိုက်မလို့"

နားတစ်ခုလုံး ထူပူသွားသည်။ အရေးကြီးပါတယ်ဆိုသည့်နေ့မှ ပယောဂက ဝင်ပြီ။ နေရာတကာမှာ သူနဲ့ထိပ်တိုက်တိုးနေတဲ့ ဝိုင်းကို စိတ်တိုတိုဖြင့်





"ဘာလိုက်ရှုပ်ဦးမလို့လဲ မိဝိုင်း။ နင့်ကားရှိတာပဲ၊ ဒီမှာ ငါ့ အလုပ်ကိစ္စ ချိန်းထားတာ အရေးကြီးနေတယ်"

"ဝိုင်း ကားတစ်စီးလုံးကို စစ်ဆေးဖို့ ဝပ်ရှော့ပို့ထားတယ် ကိုကို၊ ဝိုင်း ကိုကို့ကားနဲ့ လိုက်မှဖြစ်မယ်"

"ကျွတ် နင်ဟာလေ ရေးကြီးခွင်ကျယ် လုပ်စရာမရှိတာကို ကြံဖန်လုပ်တတ်တယ်"

"ဘာမှအပန်းမကြီးတာကို အဖြစ်သည်းနေလိုက်တာ"

ကြည့် ပြောပုံကိုက သူဖြစ်ချင်တာပဲ သိသည်။ တစ်ဖက်လူရဲ့ အခြေအနေကို နည်းနည်းလေးတောင် မစဉ်းစား။

မှတ်လောက်သားလောက်အောင် ပညာပေးဖို့ တွေးရင်း

"အလုပ်ကိစ္စ အရေးကြီးနေတယ် ဝိုင်း၊ နင် Taxi ငှားသွား လိုက်ပါလား"

ဝိုင်းက အလိုမကျစွာ နှုတ်ခမ်းဖူးဖူးလေးကို စူထားပြီး ခြေဆောင့်ဆောင့်သည်။ အလိုမကျလျှင် မြူနေကျ မိဝိုင်း အပြုအမူ။

ဝိုင်းကို ဥပေက္ခာပြုပြီး သူ လှမ်းထွက်လိုက်တော့ အပေါ်ထပ် လှေကားမှ ဆင်းလာသော မေမေက

"ဟဲ့ သား သမီးလေးကို ခေါ်သွားဦးလေ၊ တစ်ယောက်တည်း သွားလို့ ဘယ်ဖြစ်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စ အရေးသိမ်ကြီးနေတယ် မေမေ"

"မင်းကိစ္စက နည်းနည်းနောက်ကျလို့ ဘာမှမဖြစ်ပါဘူးကွယ်"

သူ ဘာမှဆက်မပြောဖြစ်တော့။ မေမေ့စကားကိုတော့ မငြင်းပယ်ဝံ့။ ဝိုင်းကို မေမေ မမြင်အောင် အံကြိတ်ပြလိုက်သည်။

"ကဲ လိုက်မှာဆိုရင်လည်း မြန်မြန်လုပ်၊ ဒီမှာ ချိန်းထားတာက အကြာကြီး နောက်ကျလို့ မဖြစ်ဘူး"

သူ့စကားကို မသိကျိုးကျွံပြုကာ ဧလင်းဘက်အိတ်ကို လေးကန်စွာ ယူနေသေးသည်။

ကားဆီရောက်တော့ နောက်ခန်းတံခါးကို ဖွင့်ပြီး ဝိုင်း ဝင်ထိုင်၏။ မခံချင်စိတ်က ရင်ထဲမှာ ရှန်းကြွလာသည်။

မသိရင် ကိုယ်က သူ့ ဒရိုင်ဘာလိုလို။

တင်းထားသော မျက်နှာကြောင့် ပါးစပ်တွေတောင် ယားလာ၏။ ကားပြတင်းဆီ လျှောက်သွားပြီး လက်ထောက်ရပ်လိုက်သည်။

"မိဝိုင်း ဒါက ဘာလုပ်တာလဲ၊ ငါ မကြိုက်မှန်းသိလို့ တမင်လုပ်တာလား။ ငါက နင့်ရဲ့ဒရိုင်ဘာ မဟုတ်ဘူး။ ရှေ့မှာ လာထိုင်"

"အသားလွတ်ကြီးပါလား။ ကိုယ့်ဘာသာ ထိုင်ချင်တဲ့နေရာထိုင်မှာပေါ့"

"ပေတေတေ ကပ်တပ်တပ် လုပ်မနေနဲ့၊ ရှေ့မှာလာထိုင်"





"မထိုင်ပါဘူး ရှေ့မှာဆို လွတ်လွတ်လပ်လပ် ထိုင်ရမှာ မဟုတ်ဘူး"

"အဲဒီလို အကျင့်ဆိုးတွေကြောင့် နင့်ကိုငါ ကြည့်မရတာ"

"ကြည့်မရအောင် ဝိုင်းက ဘာများလုပ်နေလို့လဲ"

"ဘာလုပ်ရမှာလဲ မသိရင် နင့်ဒရိုင်ဘာလို့ထင်အောင် လုပ်နေတာ မဟုတ်လား"

ကားကူရှင်ကို မှီ၍ လက်ပိုက်ထားသည့် ဝိုင်းက ပါးလေးတွေ ရွဲ့သွားအောင် ရယ်ရင်း

"ခစ် ခစ် ခစ် မဆိုင်လိုက်တာ ကိုယ့်ဘာသာ မှလုံမလဲဖြစ်ပြီး သူများကို လာစွပ်စွဲနေတယ်"

"တောက်"

ဒီကောင်မလေးနှင့်ဆက်ပြောနေလျှင် အားလုံး လွဲချော်ကုန်တော့မည်။ ဒေါကန်ကန်ဖြင့် ကားတံခါးကို ဆောင့်ပိတ်ပြီး မောင်းထွက်လိုက်သည်။

ကားမောင်းရင်း နောက်ကြည့်မှန်ထဲမှ ဝိုင်းနှင့် အကြည့်ချင်းဆုံတော့ ဘုဆတ်ဆတ် ကြည့်ပစ်လိုက်သည်။

ဝိုင်းက သီချင်းညည်း၍ပင် နေသေး၏။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ကိုကို ခန့်ချောကို ဘာဖြစ်လို့ အစမ်းခန့်လုပ်လိုက်တာလဲ၊ တမင် ညစ်ပတ်လိုက်တာလား"

လာပြန်ပြီ တစ်မျိုး။

ဒီကောင်မလေး အတွေးထဲမှာ ပြဿနာကို စီးရီးလိုက် မှတ်သားထားသလား မသိ။ ကားမောင်းရတာတောင် မဖြောင့်ချင်တော့။

"ဖြစ်သင့်တာကို လုပ်လိုက်တာလေ၊ နင့်ဆန္ဒအတိုင်း ငါ လုပ်ပေးခဲ့တာပဲ"

"စကားကို ပြီးစလွယ်မပြောပါနဲ့ ကိုကို၊ ဝိုင်းနဲ့မတ်သက်နေလို့ တမင်လုပ်လိုက်တာ မဟုတ်လား"

"ဝိုင်း နင်သိထားဖို့က ဘာမှန်းမသိတဲ့ လူတစ်ယောက်ကို အသာလွတ် အလုပ်မခန့်နိုင်ဘူးဆိုတာပါ"

"ခန့်ချောအတွက် ဝိုင်း အာမခံပြီးသားကို အယုံအကြည်မဲ့နေတာ ဝိုင်းကို စော်ကားတာပဲ ကိုကို"

တဖြည်းဖြည်း ဇာတ်ရှိန်မြင့်လာသော ဝိုင်းကြောင့် ကြိုတိုင် ဘယ်လိုမှ သည်းမခံနိုင်တော့။

"ဝိုင်း ငါ ကားမောင်းနေတယ်မှာ၊ နှစ်ယောက်စလုံး သေသွားစေချင်လို့လား"





ဝိုင်းက မသိကျိုးကျွံပြုရင်း ဆက်ပြောနေပြန်သည်။

"မှန်နေလို့ ကိုကို ပြန်မဖြေနိုင်တော့ဘူးလား"

"နားမလည်ဘဲ လျှောက်ပြောမနေနဲ့ ဝိုင်း၊ သုံးလပြည့်လို့ နင့်လူသာ တကယ် အရည်အချင်းရှိရင် ငါ့ဘက်က ဘာမှပြောစရာ မရှိဘူး"

တိကျသော အပြောကြောင့် ဝိုင်း ဘာမှဆက်မပြောနိုင်တော့။ အစ်ခုခု ကြံစည်နေတာလည်း ဖြစ်နိုင်သည်။

"ကျွီ"

ကားဘရိတ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး သူတို့ Mark II ကားလေး ထိုးရပ်သွားသည်။

မြင်းထန်သော အရှိန်ကြောင့် ဝိုင်း ခန္ဓာကိုယ်လေး ယိမ်းထိုးသွားကာ ပုံပျက်ပန်းပျက် ဖြစ်သွားသည်။

တမင်လုပ်လိုက်တာလား ဟူသော အတွေးဖြင့် ကြည့်လိုက်မိသော ကားဘေးတွင် ရပ်လျက် အနေအထားနှင့် ကိုကို့အတွင်းရေးမှူးလေး စန္ဒီ ကို တွေ့လိုက်ရသည်။

"ဟေ့ စန္ဒီ တက္ကစီ စောင့်နေတာလား"

"ဟုတ်ကဲ့ ဆရာ ဒီနေ့မှ တက္ကစီက တစ်စီးမှ ပေါ်မလာသေးဘူး ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီက အပြုံးချိုချိုလေးဖြင့် ဝိုင်းကိုပါ ပြုံးပြပြီး ဆိုလိုက်၏

"တစ်ခါတည်း လိုက်ခဲ့လေ စန္ဒီ လာ တက်"

စန္ဒီက ကားကိုပတ်၍ နောက်ခန်းသို့သွားဖို့ပြင်တော့

"ဟော့ ရှေ့မှာထိုင်လေ နောက်မှာဆို စိတ်ကျဉ်းကျပ်နေလိမ့်

မယ်"

စန္ဒီက နားမလည်နိုင်စွာဖြင့် ကိုကို့ကို တစ်လှည့် ဝိုင်းကို

တစ်လှည့် ကြည့်နေသည်။

"ရှေ့မှာထိုင်လိုက်လေ စန္ဒီ တို့ လွတ်လွတ်လပ်လပ် ထိုင်ချင်

လို့"

ဝိုင်း ဝင်ပြောလိုက်တော့မှ မဝံ့မရဲဖြင့် စန္ဒီ ရှေ့ခန်းတွင် ဝင်ထို

သည်။ ပြီးတော့ ကိုကိုက ကားတံခါးကို လှမ်းပိတ်ပေးလိုက်သေး၏

"ကျေးဇူးပဲ ဆရာ"

"ဆရာတပည့်ချင်းကို ဘာတွေ အရေးအခံနေ လုပ်ပြီး ကျေ

ဇူးတင်နေတာလဲ စန္ဒီရယ်၊ သူစိမ်းတွေမှ မဟုတ်တာ"

ထူးဆန်းနေသလို စန္ဒီ ပြောလာတော့ အလိုက်သင့်မင် ဖော်

လိုက်လိုက်သည်။ အမြင်ကပ်ကပ်နှင့် ဝိုင်းရှေ့မှာ စန္ဒီကို ဂရုစိုက်ပြနေခြ

ဖြစ်၏။

တစ်လမ်းလုံး စန္ဒီနှင့် စကားတွေ ဖောင်ဖွဲ့ရင်း ကားမောင်





သာလိုက်၏။ နောက်ကြည့်မှန်မှတဆင့် တစ်ခါတစ်ရံ ဝိုင်းကို အကဲခတ်

ခဲ့သည်။

ဝိုင်းက မျက်ဝန်းအကြည့်တွေကို လမ်းဘေးမြင်ကွင်းတွေဆီသို့

ပို့လွှတ်ထား၏။ သူနှင့်စန္ဒီကို ရှိတယ်လို့တောင် သတ်မှတ်ပုံမရ၊

တမင်ဟန်ဆောင်နေတာလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မွေ့ရာထက်တွင် ကြောင်တွေသော မျက်ဝန်းတွေနှင့် လှဲ

နေတာ အချိန်အတော် ကြာခဲ့ပြီ။

မနက်က အကြောင်းတွေ ခေါင်းထဲရောက်လာတော့ နာကျ

ဝေဒနာက အခံရခက်စွာဖြင့်။

စက္ကူထရိုမလေးနှင့် သူမရှေ့တွင် အကဲပိုပြနေတာ အသ

ယားစရာ ကောင်းသည်။

ဟန်ဆောင်အကြည့်လွှဲနေရတဲ့ ဝိုင်းရဲ့ ဒုက္ခက မသေးလ

ကိုကိုကတော့ ဝိုင်းကို ရှိတယ်လို့တောင် သတ်မှတ်ရဲ့လ

မသိ။ မိုးမမြင် လေမမြင် ဖြစ်နေလိုက်တာများ တစ်လောကလုံး သူ

နှစ်ယောက်တည်းရှိသည့်အလား။





မျက်လုံးတွေကို ဖွင့်အတင်းပိတ်ပြီး အိပ်ပျော်အောင် ကြိုးစား ကြည့်မိပေမယ့် မရ။ အတွေးတွေက အတိတ်ဆီသို့။ အိမ်ကို ကိုကိုတို့ သားအမိ မိသားစုဝင်တွေအဖြစ် ရောက်လာခဲ့တော့ အပျော်ရွှင်ဆုံးသူက ဝိုင်းပါ။ အဖော်မရှိသော ဝိုင်းအတွက် ဒါက ကြည်နူးစရာ မဟုတ်လား။

"ဒါဆို ဆရာမနဲ့ကိုကိုက ဝိုင်းနဲ့အတူတူ နေမှာပေါ့နော်"

"ဟုတ်တာပေါ့ သမီးရဲ့၊ ဒယ်ဒီတို့နဲ့ တစ်ဆက်လုံး အတူတူ နေမှာ"

ဒယ်ဒီ၊ ဘွားဘွားနှင့်ဝိုင်းစုတို့ သုံးယောက်သာရှိသော အိမ်ကြီး သို့ ဆရာမနှင့် ရောက်ရှိလာခြင်းက ဝိုင်းအတွက် ဆိုးနွဲ့စရာ အဖော်တွေ ရောက်လာသလိုပါပဲ။

ဆရာမက မေတ္တာတရားအပြည့်ဖြင့် ဂရုစိုက် အလိုလိုက်တတ် သလို ကိုကိုကလည်း ဝိုင်းရဲ့ ကစားဖော်။

ဆရာမနှင့်ကိုကိုက လိုအပ်နေသော ဝိုင်းရဲ့ ကွက်လပ်တွေကို ဖြည့်ဆည်းပေးလိုက်သလိုပါပဲ။

အမြဲတစေ အလုပ်ရှုပ်နေတတ်သော ဒယ်ဒီနှင့်ဘွားဘွားတို့သာ ရှိသည့် ဝိုင်းစု ဘဝက အရင်က အထီးကျန်ဆန်ခဲ့သည်။

ဝိုင်းဘဝမှာ မရဘူးခဲ့တဲ့ ကြင်နာယုယမှုတွေကို ဆရာမတို့ သားအမိရောက်လာမှ ခံစားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ရေချိုးပြီး သနပ်ခါးလိမ်းမယ်နော်"

"ဟုတ်ကဲ့ မေစံ"

ချောကလက်ကြိုက်နှစ်သက်သော ကိုကိုက သူ စားတို
ဝိုင်းကို တစ်ခု အမြဲတမ်း ကျွေးတတ်၏။

"ဖြည်းဖြည်းစား ညီမလေး နင်နေမယ်"

"ဟုတ်ကဲ့ ကိုကို"

ကြာတော့ ဝိုင်းလည်း ချောကလက်ကို ကြိုက်နှစ်သက်ခဲ့သ
သုံးနှစ်ကျော်ကွာသော ကိုကိုနှင့်လက်ပွန်းတတီးနေခဲ့ရ
ပျော်ရွှင်စရာ ဘဝလေးက အချိန်မကြာမြင့်ခဲ့။

အထက်တန်းကျောင်းသားကြီး ဖြစ်သွားသော ကိုကိုက သူ
အရင်လို မဆော့တော့။ အမြဲတစေ ကျောင်းစာတွေနဲ့ လုံးထွေးနေခဲ့သ

"ကိုကို ဝိုင်းနဲ့ လာဆော့နော်၊ ဝိုင်း ပျင်းလို့"

"ဝိုင်း မရှုပ်နဲ့ကွာ၊ ဒီမှာ ကိုကို စာလုပ်နေတယ်"

"ဟာ မရဘူး ဝိုင်းနဲ့ဆော့ရမယ် လာပါ ကိုကိုရာ"

"စာမရသေးလို့ စိတ်ညစ်ရတဲ့အထဲ နင်က တစ်မျိုး"

အရင်က နူးညံ့ခဲ့သည့် ကိုကို့စကားသံတွေက မယုံကြည်
အောင် ပြောင်းလဲသွားခဲ့သည်။

"စာမရသေးလည်း ကစားပြီးမှ ပြန်ကြည့်ပေါ့"





ဒယ်ဒီကလည်း ကိုကို့အက်မှ အမြဲတစေ ကာကွယ်ပေးတတ်
သည်။ သူ့မထက် ကိုကိုကို ပိုဂရုစိုက်တတ်သော ဒယ်ဒီကို ဝိုင်း နားမလည်
ခဲ့။

"ဟုတ်သားပဲ သမီးရယ်၊ ကိုကိုက စာကြည့်နေတာကို သွား
နှောင့်ယှက် ကိုယ့်ဘာသာ သွားဆော့နေနော်"

ဝိုင်း မကျေနပ်သော်လည်း လှည့်ထွက်ခဲ့ရ၏။

သူ့စိမ်းဆန်ဆန်ဖြစ်သွားသော ကိုကို့ကြောင့် ဝိုင်း တိတ်ဆိတ်စွာ
ခဲ့ရသည်။

ဒယ်ဒီက ကိုကို့ကို ကုမ္ပဏီမှာ ဦးဆောင်ဖို့ ရည်မှန်းထားခဲ့ခြင်း
သည်။ ကိုကိုကလည်း ကြိုးစားခဲ့ပါ၏။

"ကြိုးစားကွာ သား ဒယ်ဒီ မင်းကို အများကြီးမျှော်လင့်ထား
တယ်"

ကိုကို ဆယ်တန်းရောက်တော့ သူမနှင့်ပို၍ စိမ်းသွားခဲ့ရသည်။
ခဲ့ ဝိုင်း ရင်ထဲမှာတော့ မပြောင်းလဲခဲ့ပါ။

မိန်းကလေး သူငယ်ချင်းတွေထားသော ကိုကိုက သူမကိုတော့
ညီဟုပင် ထင်ပုံမရတော့။

တစ်ပတ်တွင် နှစ်ရက်ခန့်လောက်က အိမ်တွင် ကိုကို့ သူငယ်
ချင်း မိန်းကလေးတွေ ရှိနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းနဲ့တွေ့လျှင် မျက်နှာတင်းသလောက် သူ့ သူငယ်ချင်းမှတွေ ကြားမှာ ပြုံးရွှင်နေတတ်တာကို ဝိုင်း မကျေနပ်။

"ဟဲလို သဇ္ဈာလား ခြောက် အေး လာခဲ့မယ် လာခဲ့မယ် ဆယ်နာရီနော်"

"..."

"စိတ်ချပါဟာ နင်စောင့် နောက်ကျချင် နောက်ကျနေဦးမယ် အမှန်"

"..."

"ကောင်းပါပြီ ကောင်းပါပြီ စောင့်ကြည့်ရသေးတာပေါ့၊ [illegible] ဒါဆို ငါ ဖုန်းချလိုက်တော့မယ် ဂွတ်လပ် သဇ္ဈာ ဂွတ်လပ်"

ဖုန်းခွက်ကို မချသေးဘဲ နမ်းရှုံ့လိုက်သော ကိုကိုကို တိတ်[illegible] တဆိတ် ကြည့်နေမိ၏။ သဇ္ဈာဆိုသော ကောင်မလေးနှင့် ကိုကို[illegible] ပတ်သက်မှုကို သူမ သဘောပေါက်မိ၏။

ကြာတော့ ကိုကိုကို နာကျည်းလာပြီး တဖြည်းဖြည်း မုန်းတီး[illegible] တတ်အောင် နေခဲ့သည်။

ကိုကို ဆယ်တန်းကို ထူးချွန်စွာ အောင်ခဲ့ပြီး သူ ရည်မှန်းထား[illegible] သည့်အတိုင်း အင်ဂျင်နီယာ တစ်ယောက် ဖြစ်ခဲ့၏။

"ဝမ်းသာလိုက်တာကွာ ဒယ်ဒီ မျှော်မှန်းထားတာတွေ တက[illegible]





[illegible]လာခဲ့ပြီ"

ဒယ်ဒီက ကိုကို့ထက်ပင် ပျော်ရွှင်နေခဲ့သည်ဆိုလျှင် မလွန်ပါ။

ဝိုင်း ကိုကို့ကို မုန်းတီးနေမိပေမယ့် အောင်မြင်မှုအတွက်တော့ [illegible]ဖြစ်မိခဲ့သေးသည်။

ကိုကို ဘွဲ့ရပြီးတော့ ဒယ်ဒီနှင့် လိုက်၍ လုပ်ငန်းခွင်ဝင်သည်။ [illegible]မြင့်လာသော အချိန်တိုအတွင်းမှာ ကိုကိုက ကျွမ်းကျင်နေပြီ။

သမီးအရင်းထက် ကိုကို့ကို ဦးစားပေးလွန်းသော ဒယ်ဒီကြောင့် [illegible]မဲ့ မာနတွေက အဆိပ်တက်ခဲ့သည်။

တစ်ချိန်ချိန်မှာ ကိုကို့ထက် ပိုထူးချွန်တဲ့ အင်ဂျင်နီယာတစ် [illegible]တ် ဖြစ်ဖို့ ကြိတ်၍ ကြိုးစားခဲ့၏။

ဆယ်တန်းတွင် ကိုကို့ထက် မြင့်သော ဘာသာစုံဂုဏ်ထူးဖြင့် [illegible]မြင်ခဲ့သည်။ ကိုကို့ထက် သာသွား၍ ဝိုင်း ကျေနပ်ခဲ့သည်။

"ဒါမှ ငါ့မြေး"

"ဒယ်ဒီ့သမီးက ခေသူမှ မဟုတ်တာ"

"မေစံဖြင့် ဝမ်းသာလွန်းလို့ ရင်တွေတောင် တုန်တယ်"

"ဂုဏ်ယူပါတယ် ဝိုင်း"

ချီးကျူးစကားတွေကြားမှာ ကိုကို့အသံက သိသိသာသာ ပျေး[illegible] [illegible]နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်လုပ်ရန် အမှတ်မီသော်လည်း အင်ဂျင်နီယာလိုင်းကို ရွေးချယ်ခဲ့သည်။

ဘွားဘွားနှင့်မေမေစံက ပိုင်း စိတ်ကူးကို မနှစ်သက်ပေမယ့် ဒယ်ဒီကတော့ သဘောကျနေခဲ့၏။

"ဖွား ဟား ကောင်းတယ်ကွာ၊ သားရော သမီးရော ခြေရာကို နင်းမယ့်သူတွေချည်းပဲ"

ဒါပေမဲ့ သူမ ဘွဲ့ယူတာကို ဒယ်ဒီ မြင်မသွားခဲ့ရရှာပါ။ သူ နောက်ဆုံးနှစ်မှာပဲ ဦးနှောက်သွေးကြောပြတ်၍ ဒယ်ဒီ ကွယ်လွန်ခဲ့သည်

ဒယ်ဒီအတွက် ထိခိုက်ကြေကွဲခဲ့ရသည်။ ဘွဲ့ယူတော့ ဒယ်ဒီ သတိရစိတ်ဖြင့် မျက်ရည်ပင်ကျမိ၏။

ကိုကို့ကို မုန်းတီးခဲ့ပေမယ့် လက်တွေ့မှာတော့ ပိုင်းစု မလွယ် ပါ။ ကိုကို့နှင့် လုပ်ငန်းခွင် အတူဝင်ရမည်ဆိုတော့ ရှောင်ရှားခဲ့မိသေးသည်

ဒါပေမဲ့

ကိုကို့လုပ်ရပ်တွေက နှလုံးသားမှာ ဒဏ်ရာအနာတရ ဖြစ်စေ သည်။ မနက်က အဖြစ်ကို ပြန်တွေးရင်း ကိုကို့ကို နာကျည်းလာမှ ပိုရင့်လာသလို

သူမရဲ့ ဆုံးရှုံးမှုအတွက် ကိုကို ပေးဆပ်ရမှာက...။

■ ■ ■



## အခန်း (၈)

"သမီး ရေချိုးမလို့လား သမီး ကိုကို ချိုးနေတယ်"

ပိုင်း အခန်းထဲက ခြုံလွှာသဘက်လေး ခြုံပြီး ထွက်လာတော့ မေစံက ပြောသည်။ ပိုင်း ခေါင်းကလေးညိတ်ပြရင်း

"ရတယ် မေစံ၊ ပိုင်းပြီးမှ ချိုးတော့မယ်"

"အေး အေး မေစံနဲ့ မေမေခိုင်တို့ ကော်ဖီပိုင်းကပဲ စောင့်မယ် နော် သမီး၊ သမီးလေး ကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲ ဝယ်ထားတယ်"

မေစံက အဲဒီလို အလိုက်တသိ ဂရုစိုက်တာလေးတွေကြောင့် ပိုင်း ချစ်ရတာ ဖြစ်သည်။

အမေရင်းချာမဟုတ်ပေမယ့် မေစံသည် ပိုင်းအတွက်တော့ မိခင်ရင်းတစ်ယောက်လိုပဲ ပိုင်း လက်ခံမိသည်။

မေစံ မီးဖိုခန်းဘက် လှမ်းဝင်သွားတော့ ပိုင်း ကိုကို့အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်နေဖို့ ဆုံးဖြတ်စာ ပြန်အလှည့်

သဲ့သဲ့မျှ ကြားလိုက်ရသည့် သီချင်းသံလေး ကိုကို့အခန်းထဲက ထွက်လာတာမို့ ခြေလှမ်းတို့ တုံ့ခနဲ ရပ်တန့်သွားသည်။

ဒါ ကိုကို့ဟန်းဖုန်းက အသံဆိုတာ ဝိုင်း သိသည်။ ရေချိုးခန်း ထဲဝင်နေပြီး ဖုန်းပိတ်ဖို့ မေ့သွားသည် ထင်၏။

ဝိုင်း ပွင့်နေသော ကိုကို့အခန်းထဲ သုတ်ခနဲ လှမ်းဝင်လိုက်မိသည်။

အိပ်ရာ ခုတင်နံဘေး စားပွဲပေါ်က ဖုန်းကလေးက မြည်နေဆဲ ဝိုင်း ဖုန်းလေးကို ကောက်ယူ နားထောင်လိုက်တော့

"ကြော့တိုင်းလား ဒီနေ့ ဆန်းဒေးနော်"

ကြားလိုက်ရသည့်အသံက အမျိုးသမီး တစ်ယောက်အသံမို့ ဝိုင်း မျက်မှောင်ကလေး ကျုံ့သွားမိသည်။

"ဟေး ငေ့လည်လည် မလုပ်နဲ့နော်၊ ဆန်းဒေး တို့နဲ့တွေ့မယ် လို့ ကြော့တိုင်း ကတိပေးထားတာ မှတ်မိပါတယ်နော်"

ဝိုင်း ဖုန်းကိုင်နေတာကို မသိဘဲ ပြောသည့်အသံက မှုန့်နွဲ့နွဲ့မို့ စိတ်ထဲကတော့ တင်းခနဲ အမြင်ကပ်သွားမိသည်။

"ကြော့တိုင်း"

"မဟုတ်ဘူး"





"ဟင်"

စိတ်တိုတိုနဲ့ စူးစူးကလေး အော်ဝစ်လိုက်တာမို့ တစ်ဖက်က ...းထောင်နေတဲ့သူ နားတွေ ဆူသွားမှာ သေချာသည်။

"နေ နေပါဦး တို့ ဖုန်းမမှားတာ သေချာပါတယ်၊ မင်းက ...ယ်သူလဲ၊ မင်းကြော့တိုင်း ဖုန်းက မင်းလက်ထဲ ဘယ်လိုရောက်နေတာလဲ"

"ဒီမှာ ရှင်မေးတာတွေကို မဖြေနိုင်ဘူး၊ ကြော့တိုင်းတွေ ဘာတွေ ...ည်း မသိဘူး မရှိဘူး ဒါပဲ"

ဝိုင်းပြောချင်တာတွေ ပြောပစ်ပြီး ဖုန်းကို ပိတ်ပစ်လိုက်သည်။ ...ည့်မိန်းမ ခေါ်ချင်သလောက် ခေါ်စမ်း။

ဝိုင်း ဖုန်းလေးကို စားပွဲပေါ် ပြန်တင်ပြီး အခန်းထဲက ထွက်ခဲ့ ...ည်။ စိတ်ထဲက အလိုမကျမှုကတော့ ရင်ထဲမှာ တနုံ့နုံ့ ဖြစ်နေဆဲရှိသည်။

သင်းက ကိုကို့ကိုချိန်းထားသည်ဆိုတော့ ကိုကိုနှင့် ဘယ်မျှအထိ ...က်နေသည်လဲ။

"ဝိုင်း ရေချိုးမလို့လား"

ရေချိုးခန်းထဲက ထွက်လာသော မင်းကြော့တိုင်း အသံကြားမှ ... သတိကြည့်မိ၏။

ခေါင်းလျှော်လာသည်မို့ မွေးပွသဘက်ကြီးနှင့် ဆံပင်တွေကို ...သုတ်နေသော မင်းကြော့တိုင်းကတော့ ဘာမှသိပုံမပေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုကိုချီးနေလို့ စောင့်နေတာ"

"ပြီးပါပြီကွာ ဟဲ ဝိုင်း သွားချီးတော့"

ဝိုင်း ခေါင်းလေးညိတ်ကာ မင်းကြီးတိုင်း ရှေ့ကခပ်သုတ်သုတ် လေး ထွက်ခဲ့မိသည်။

ရေချိုးအဝတ်လဲပြီး ကော်ဖီဝိုင်းကိုရောက်တော့ ဘွားဘွား မေစံနှင့် ကိုကိုတို့ စားသောက်နေကြပြီ။

"လာ သမီးလေး ပူပူနွေးနွေးလေး စားရအောင်"

မေစံက မီးဖိုပေါ်မှာ တင်နွေးထားသော အုန်းနို့ဟင်းရည်အိုး လေးကို ကိုယ်တိုင်ထယူပြီး ခူးခပ်ပေးသည်။ အုန်းနို့ခေါက်ဆွဲ မကြိုက် တတ်သော ကိုကိုကတော့ ပေါင်မုန့် ကြက်ဥကြော်နှင့် ကော်ဖီကို သောက် နေသည်။

ကိုကို့ကို ကြည့်ရတာ စောစောက ဖုန်းကိစ္စကို မသိသေးတာ သေချာ၏။

"ဩော် ကိုကို ဒီနေ့ ဝိုင်းကို ပလာဇာလိုက်ပို့ပေးစမ်းပါ ဝယ်စရာလေးတွေ ရှိလို့"

မင်းကြီးတိုင်း ဖျတ်ခနဲ မော့ကြည့်ရင်း တစ်စုံတစ်ခုကို ပြောဖို့ ကြိုးစားပေမယ့် မေစံ ကြားက ဝင်ပြော၏။

"သား ဘယ်မှသွားစရာမရှိဘူး မဟုတ်လား။ ပို့ပေးလိုက်ပါ





သားရယ်"

"မြေးတို့နှစ်ယောက် ဝယ်ချင်တာ ဝယ်ကြပေါ့၊ လိုတဲ့ငွေ သမီးပဲ ထုတ်ပေးလိုက်ကွယ်"

ဘွားကပါ ဝင်ပြောတော့ မင်းကြီးတိုင်း ငြင်းခွင့်မရဘဲ ခေါင်း ညိတ်ရတော့သည်။

"ခဏလေးစောင့် ကိုကို၊ ဝိုင်း အဝတ်အစားလဲလိုက်ဦးမယ်"

မေစံ ငှဲ့ပေးထားသော ကော်ဖီကို တစ်ငုံမော့သောက်ပြီး ဝိုင်း ကော်ဖီဝိုင်းက ထသွားသည်။

"သားလည်း အဝတ်အစား သွားလဲတော့လေ"

"ဟုတ်ကဲ့ မေမေ ဘွားနဲ့မေမေအတွက် သား ဘာဝယ်လာရ မလဲ၊ မှာချင်တာ မှာလေ"

"ဘွားတို့အတွက် ဘာမှမလိုဘူး သား၊ လွတ်လွတ်လပ်လပ် သွားကြ ရတယ်"

ဒေါ်မိုးမိုးခိုင် ကျေနပ်စွာ ပြုံးပြုံးကြီး ပြောသည်။

သွေးရင်းချာ မဟုတ်ပေမယ့် ဘွားသည် သူနှင့်မေမေအပေါ် မှာတော့ အပြည့်အဝ ကြင်နာယုယမှုရှိ၏။

ဒါကြောင့်လည်း ဘွားကို သူကော မေမေပါ ခင်မင်တွယ်တာ နေတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရဲ့အသွားအပြန်သဘောဟု ဆိုရမည်လား။

■ ■ ■

ဝတ်ဆင်ထားသည်က ပန်းနုရောင် ခါးရှည်အင်္ကျီ ပွယောင်း ယောင်းကလေးကို ဂျင်းအကျပ် ဘောင်းဘီရှည်လေးနှင့်မို့ ဝိုင်းအသွင်ပို ပိုပြီး ကလေးဆန်သွားသလိုဟု သူ မှတ်ချက်ပြုမိသည်။

မျက်နှာပြေပြေလေးမှာ ပြင်ဆင်ထားသည်ကလည်း ပါးလျ လျပ်လေးမဲ ဖြစ်သည်။ နှုတ်ခမ်းဖူးဖူးလေးမှာ ပန်းသွေးရောင် ဖျော့ဖျော့ ကလေးသာ ခြယ်သထား၏။

မပြင်မဆင်ဘဲနှင့်တောင် လှပသော မျက်နှာလေးက ပိုလို ချစ်စရာကောင်းနေသည်။

"ကိုကို သွားမယ်လေ"

ဝိုင်းဆိုမှ သူ ခေါင်းညိတ်ပြီရင်း ညှော်ခန်းထိုင်ခုံမှ ထရပ်သည် အပြာနုရောင် စပို့ရှပ်လက်တိုနှင့် ဘောင်းဘီနက်ကို ဝတ်ဆင်ထားသော မင်းကြီးတိုင်း အရပ်က မြင့်မြင့်မားမား။

ကျစ်လစ်တောင့်တင်းသော အချိုးအဆစ်နှင့် အမြဲတမ်း ဝတ် ကျ သပ်ရပ်နေသော ကိုကို့အနောက်မှ ဝိုင်း ကပ်လိုက်ခဲ့သည်။

ဆင်ဝင်အောက်မှာ ရပ်ထားသော ကားပေါ် သူတို့နှစ်ဦး တက်ကာ ကားလေးမောင်းထွက်သွားသည်အထိ ဒေါ်စုစုစံ ရပ်ကြည့်





ခဲ့၏။

သည်သားလေးနှင့်သမီးလေး လိုက်ဖက်ညီလွန်းသည်ဟု သူမ စိတ်မှာ တွေးမြင်ကြည်နူးမိသည်။

ဟိုးငယ်စဉ်ကတည်းက သံယောဇဉ် နှောင်တွယ်ခဲ့ကြသူ နှစ်ဦး မို့လည်း သမီးလေးနှင့် သားလေးတို့ အနာဂတ်ဘဝလေး အဆင်ပြေ ငြိမ်းချမ်းမည်ဟု သူမ ယုံကြည်မိသည်။

"သမီး ဘာတွေငေးပြီး ပြုံးနေတာလဲ"

ကိုယ့်အတွေးနှင့်ကိုယ်မို့ မေမေခိုင် အနားရောက်နေတာကို ဆောင် ဒေါ်စုစုစံ မသိလိုက်ပါ။

"ဘာမှမဟုတ်ပါဘူး မေမေခိုင်၊ သားနဲ့သမီးလေးတို့ကို ကြည့် နေတာပါ"

"အင်း သူတို့လေးတွေ ဒီလို ချစ်ချစ်ခင်ခင် ရှိကြတာကိုပဲ မေမေ ဝမ်းသာကျေနပ်နေတာ၊ သမီးကို မေမေ ပြောထားတဲ့ကိစ္စကော သားကို အသိပေးပြီးပြီလား"

မေမေခိုင် စကားဆိုလိုချက်ကို သူမ သိသည်။ သားနှင့်သမီးတို့ ဆောင်ရေးကိစ္စကို မေမေခိုင် ရည်ရွယ်ပြောတာ ဖြစ်၏။

"ဟင့်အင်း အသိမပေးရသေးဘူး မေမေခိုင်"

"သမီး သားကို အသိပေးသင့်ပြီထင်တယ်၊ မေမေကတော့



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးကို အသိပေးမယ်လို့ စဉ်းစားထားတယ်"

"ကောင်းပါတယ် မေမေနိုင်၊ သမီးလေးကို မေမေနိုင်ပဲ အသ

ပေးလိုက်ပါ၊ သမီးက သားကို အသိပေးထားပါ့မယ်"

သူမ အနေနှင့် သားကို အသိပေးဖို့ မခက်ခဲပေမယ့် သမီးလေ

ကိုတော့ ကိုယ်တိုင် အသိမပေးချင်ပါ။ သမီးလေးစိတ်က မိထွေးဟူသေ

အမြင်ကြီးနှင့် မြင်မှာကို စိုးရိမ်သည်။

"မေမေတော့ ယုံတယ်၊ သမီးလေးကလည်း ငြင်းမှာမဟုတ်

ပါဘူး။ သား မင်းကြီးတိုင်းအပေါ် သံယောဇဉ်ကြီးမားတာ မေမေ သိတ

ပေါ့"

မေမေနိုင်ကတော့ စိုင်းလေးကို အကြွင်းမဲ့ ယုံကြည်စွာ ဆိုေ

ခဲ့သည်။

သူမကလည်း ယုံပါသည်။ သားနှင့်သမီးတို့ အနာဂတ်

နောင်ကြီးတွေနှင့် ခိုင်မာစေချင်၏။

သည်မိသားစုလေး ဥမကွဲသိုက်မပျက် ရှိစေချင်သည့် မေ

နိုင်ရဲ့ ဆန္ဒနှင့် သူမ ဆန္ဒကလည်း ထပ်တူ မဟုတ်လား။

■ ■ ■



## အခန်း (၉)

အလုပ်စားပွဲပေါ်က ဖုန်းမြည်သံကြောင့် ကောက်ယူ နားထောင်

တော့ ကိုကို့ဖုန်းခေါ်သံ ဖြစ်နေသည်။

"ပြော ကိုကို ဝိုင်းပါ"

"ဝိုင်း-ဌါရုံးခန်းထဲကို နင် ခဏလာခဲ့ဦး"

သည်စကားတစ်ခွန်းပဲ ပြောပြီး ကိုကို ဖုန်းချသွားခဲ့သည်။

ကိစ္စ ဘာအရေးကြီးပြန်ပြီလဲ မသိ။

တော်ရုံကိစ္စဆိုလျှင် ကိုကို ဖုန်းထဲကပဲ ပြောတတ်သည်။ အခု

ခန်းထဲအထိ ခေါ်တာမို့ ဝိုင်း ထထွက်ခဲ့ရသည်။

ကိုကို့ရုံးခန်းက သိပ်ဝေးလှတာတော့ မဟုတ်ပါ။ အပေါ်ထပ်

ထပ်မို့ လှေကားထစ်တွေအတိုင်း ဝိုင်း တက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှုံးခန်းတံခါးမှာ တပ်ဆင်ထားသည့် လျှပ်စစ်ဘဲလ်လေး
ဝိုင်း ဖိနှိပ်လိုက်တော့

"ဝင်ခဲ့ ဝိုင်း"

မာဆတ်ဆတ် လေသံနှင့် အခေါ်အဝေါ်ကြောင့် ဝိုင်း မျက်
မှောင်လေးတွေတော့ စုကျုံ့သွားခဲ့သည်။ အခန်းတံခါးကို တွန်းဖွင့်ဝင်
တော့ စားပွဲအနောက် ဆိုဖာထိုင်ခုံကြီးမှာ ထိုင်နေသော ကိုကို့ကို တွေ့
သည်။

"ထိုင် မိဝိုင်း စန္ဒီ မင်းခဏလောက် အပြင်ထွက်ပေးစမ်းပါ"

အခန်းထောင့်က ကွန်ပျူတာရှေ့မှာ အလုပ်လုပ်နေသော
ကို မင်းကြာတိုင်း တမင်ရှောင်ခိုင်းလိုက်မှန်း ဝိုင်း သိသည်။

မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်နေသည့် ဝိုင်းကို ကို
မကြည့်ဘဲ စန္ဒီ အခန်းအပြင် ထွက်သွားသည်အထိ လှမ်းကြည့်နေသည်

စိမ်းညို့သော မျက်ခုံးတွေအောက်က မျက်ဝန်းတွေထဲမှာ
တစ်ခုကို အလိုမကျရိပ် ထင်နေမှန်း ဝိုင်း သိသည်။

ဘာကြောင့်လဲ။ ဝိုင်းနှင့်ပတ်သက်နေတာကြောင့်လား။ ခန္ဓ
ရဲ့ ပြဿနာလား။ အတွေးတွေ ဝိုင်း ခေါင်းထဲမှာ ဆင့်ကဲနေသည်

"မိဝိုင်း မနေ့က နင် ငါ့ဖုန်းကို ကိုင်သေးသလား"

သည်မေးခွန်းကို ကြားလိုက်ရတည်းက ဝိုင်း ချက်ချ





သည်။ ဒါပေမဲ့ အံ့သြသလို မျက်ခုံးမှောင်ကလေးတွန့် ဟန်ဆောင်ကြည့်
ခင်ရင်း

"မနေ့က မနေ့က ကိုကိုနဲ့ဝိုင်း ပလာဇာသွားကြတာလေ၊ ညနေ
မှ ပြန်ရောက်ကြတာပဲ"

"အေး ငါပြောတာ ပလာဇာမသွားခင် အတိအကျ ပြောရရင်
ငါ ရေချိုးခန်းဝင်နေတုန်း ငါ့ဖုန်းလာတာ နင်ကိုင်သလား"

အချိန်အတိအကျနှင့် အပိုင် ပြောနေပြီဆိုတော့ ဝိုင်း မငြင်းနိုင်။
ဘာဖြစ်လဲ ခပ်တည်တည်ပဲပေါ့။

"ဪ ဟုတ်တယ် ကိုကို ရေချိုးခန်းဝင်နေတုန်း ဖုန်းမြည်
နေလို့ ကိုင်လိုက်တယ်"

"အဲဒါ ဘာလို့ မင်း ငါ့ကို မပြောတာလဲ"

"ဘာပြောရမှာလဲ ဖုန်းထဲမှာ အဲဒီ အမျိုးသမီးက ကိုကို့ကို
ခေါ်တယ်လေ၊ ဖုန်းကိုင်တာ ကြာတိုင်လားတဲ့၊ မဟုတ်ဘူးလို့ ပြောလိုက်
တယ် ဒါပဲ"

"ဟ ဘာပဲဖြစ်ဖြစ် မင်း ငါ့ကို ပြောရမှာပေါ့၊ ဘာမှမပြောဘဲ
နေတာကိုက မဟုတ်တာ"

"မဟုတ်တာက အဲဒီမိန်းမ၊ လူကို မုလိပ်စစ်သလို လျှောက်
မေးနေလို့ တမင် ဖုန်းချပစ်လိုက်တာ၊ ဘာအရေးကြီးတာ မှာလို့"



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတယ်ကွ၊ ထိပ်ထားကို ငါကတိပေးထားတာ မေ

လို့ မင်း ဒီလိုလုပ်တော့ ပိုဆိုးကုန်တာပေါ့"

ထိပ်ထား တွဲ၊ နာမည်ကြားရုံနှင့် ပိုင်း နာခေါင်းရှုံ့ မျက်နှာ

မဲ့ပစ်မိသည်။

"မိပိုင်း နင် အဲဒီလို မလုပ်သင့်ဘူး၊ အခု ဟိုက ဖုန်းဆက်

ငါ သိတာ"

"ကိုကိုနော် အဲဒီလောက်ထိ ဒေါသဖြစ်နေရအောင် အဲဒီမိ

က ဘာမို့လဲ၊ ဘယ်လောက် အရေးပါတဲ့သူမို့လဲ"

မကြိုက်ပါဘူးဆိုသော မိပိုင်း ဆိုသည့် နာမ်စားကိုလည်း အ

ခါသုံးကာ ပြောနေတော့ ပိုင်း ဘုဆတ်ဆတ် ပြန်အော်မိသည်။

"နင် မအော်နဲ့ ထိပ်ထားက ငါ့အတွက်ရေးပါတယ်၊ ငါ့ချစ်

မို့ပဲ"

ကိုကို့စကားက ပိုင်းရင်ထဲအထိ ရှုးရှုးနစ်နစ် တိုးဝင်သည်

ဒါပေမဲ့ ခံစားရသည့် ဝေဒနာနှင့် ဆန့်ကျင်စွာ ပိုင်း နှုတ်ခမ်းလေး

လှောင်သလို မဲ့ပစ်ရင်း

"ကိုကို့ရဲ့ ဘာကြီးပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး၊ စိတ်လည်း မဝင်

ဘူး၊ အဲဒီမိန်းမကို ပြောထားလိုက်၊ ပိုင်းကို ဒီလို မဆက်ဆံနဲ့လို့"

"အံမယ် နင်က ဘာမို့လဲ၊ ဟိုက နင့်ဆီဆက်တာ မဟုတ်





ဆီဆက်တာလေ"

"အဲဒါတွေ မသိဘူး၊ ပိုင်း ပိုင်တဲ့အိမ်ထဲမှာ ပိုင်းနေတာ၊ ဒီ

အကြောကြီးနဲ့ ဟိုမေး ဒီမေး လာမလုပ်နဲ့"

ကိုကို့မျက်နှာ မာတင်းသွားတာ ပိုင်း မြင်သည်။ သည်ခြံ

သည်အိမ်ကို ပိုင်း ပိုင်ဆိုင်တာဆိုသည့် စကားက ကိုကို့ကို ခံရခက်အောင်

ပြောသောစကားဟု သိမှာမလွဲ။

"မိပိုင်း နင့်စကားက ဘာလဲ၊ ငါက နင့်အိမ်မှာ ခိုတွယ်ကပ်ရပ်

နေတဲ့ကောင်လို့ ဆိုချင်တာလား"

"ကိုကို့ကို ဒီစကား ပြောမိသလား၊ ဒီမှာကိုကို မိန်းမတစ်

ယောက်ကြောင့် ပိုင်းကို ဘလိုင်းကြီး လာရမ်းမနေနဲ့၊ ဒါပဲ"

စကားအဆုံးမှာ ပိုင်း ချာခနဲ လှည့်ထွက်ခဲ့သည်။

"မိပိုင်း နေဦး"

ကိုကို လှမ်းတားတာကိုလည်း ပိုင်း ဥပေက္ခာပြုလိုက်သည်။

ဒေါသသင့်နေသော ခြေလှမ်းတွေက ရုံးခန်းထဲအထိ တန်းတန်းမတ်မတ်

ထဲခဲ့ရင်း

"သစ္စာ ငါပြန်တော့မယ်၊ လုပ်စရာရှိတာ နင်ပဲ ဆက်လုပ်ထား

ထိတ်"

"ဟုတ်ကဲ့ မမပိုင်း"



www.burmeseclassic.com

www.burmeseclassic.com



မေသစွာ ခေါင်းကလေးညိတ်ကာ ဖြေရင်း သူမကို နားမလည်...
နိုင်သလို ကြည့်သည်။ ဘာမှတော့ ဆက်မမေးရဲ။

အလုပ်စားပွဲပေါ်က ဆေလင်းဘက်အိတ်ကို ဆွဲပြီး ဗိုင်း ...
စတောင်းကို ထွက်ခဲ့၏။

ရပ်ထားသော ကားပေါ်တက်ပြီး မောင်းထွက်ခဲ့ချိန်မှာ ...
တွေအစား ရင်ထဲမှာ လှိုက်ဖိုဝမ်းနည်းလာမိသည်။

ကိုကို ရည်းစားများတာ ရှုပ်တာတော့ ဗိုင်း သိပါသည်...
ကျောင်းတုန်းကတည်းက ကိုကို့သတင်းတွေကို ဗိုင်း ကြားပြီးသား ဖြစ်...

ဒါပေမဲ့ အခုလို ကိုကို့နှုတ်က ဖွင့်ပြောတာတော့ မကြား...
ချစ်သူဆိုတာ ရည်းစားဆိုသော အဓိပ္ပါယ်ထက် အများကြီး လေး...
လွန်းသည်။

ကိုကို့ရဲ့ ချစ်သူတဲ့လား။

ဒါကြောင့် ဗိုင်းကို ရုံးခန်းထဲထိခေါ်ကာ မာန်မဲတာပေါ့။

တနုံ့နုံ့တွေးရင်း မျက်ရည်တွေတောင် ဝဲလာရသည်။ ဒေါသ...
ထက် ခံစားရသော နှလုံးသားကို ကိုကို မြင်နိုင်မည် မဟုတ်။

ဗိုင်း ရင်ထဲမှာသာ ••။

■ ■ ■



## အခန်း (၁၀)

ကိုကို့ကို တမင် စကားမပြောဘဲ ဗိုင်း နေပစ်ခဲ့တာ နှစ်ရက်ရှိပြီ။
...ထိရုံးခန်းမှာလည်း စကားမပြော ဖုန်းမဆက်ဘဲ နေသည်။

လုပ်ငန်းကိစ္စအတွက် ပြောစရာ မှာစရာရှိလျှင်တောင် ဗိုင်းရဲ့
...ွင်းရေးမှူးမလေး မေသစွာကိုပဲ တစ်ဆင့် ပြောဆိုခိုင်းသည်။

မိသားစုလေးယောက် အတူစုံညီစွာ ဆုံဖြစ်သည့် ထမင်းဝိုင်းမှာ
...ည်း ဗိုင်း ဘယ်သူမှ မစားခင် အရင်စားသောက်ပြီး မဆုံအောင်
...ြီးသည်။

ဗိုင်း ပြုမူနေတာကို ကိုကိုကတော့ သိမှာသေချာသည်။ မေမေနှင့်
...ကတော့ ရိပ်မိကြပုံ မရသေးပါ။

ကိုကို့ဘက်က ဗိုင်းအပေါ် အရင်ဆုံး စကားပြောလာမှ ဗိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောမည် ဆုံးဖြတ်ထားခဲ့ပေမယ့် ကိုကိုက ဂရုမစိုက် ဘာသိဘာ
နေတော့ ဝိုင်း အလိုလို စိတ်တိုလာမိသည်။

အခုတော့

"ဟယ် မမဝိုင်း ဒီမှာ လာကြည့်ပါဦး"

ရုံးခန်းပြတင်းတံခါးမှ ရပ်နေသည့် မေသစ္စာ အသံကြေ
ဝိုင်း လှည့်ကြည့်မိသည်။

"ဘာလဲဟဲ့ နင်ကလည်း အလန့်တကြား"

"ဆရာတို့ စုံတွဲကို ပြမလို့ မမဝိုင်းရဲ့"

"ဟင်"

ဝိုင်း အံ့ညြသွားမိတာတော့ အမှန်။ ကိုကိုကို သစ္စာက ဆ
ပဲ ခေါ်ခေါ်သုံးတတ်သည်။

ဝိုင်း အလုပ်စားပွဲက ထပြီး သစ္စာအနားကို ဘယ်လိုရော
သွားသည်မသိလိုက်ပါ။

မြင်ကွင်းက အထင်အရှား။ ကုမ္ပဏီရဲ့ ကားပါကင်ဆီကို
တွဲလျှောက်လာသော ကိုကိုနှင့် အမျိုးသမီးတစ်ယောက်။

ပြတင်းတံခါးက ရပ်ကြည့်နေသော ဝိုင်းတို့ကို မြင်
မဟုတ်။ နှစ်ယောက်သား အပြုံးမျက်နှာတွေနှင့် စကားတွေ ပြော
ကြသည်။





အနက်ရောင် ထက်အောက်ဝတ်စုံနှင့် အမျိုးသမီးအလှက
တော့ ပိုလို့ ထင်းရှင်းနေသည်။

ဝင်းဝါနေသော အသားအရည်က အနက်ရောင် လက်ပြတ်
အင်္ကျီလေးကြောင့် ပေါ်လွင်သည်။ ခေါက်မြင့်ဖိနပ်လေးက အဖြူရောင်။
ဆလင်းဘက်အိတ်ကလေးကလည်း အဖြူရောင်။

ကျောလယ်ခန့်အထိ ဆံပင်ညှိညှိတွေ ဝန်းခထားသော
မျက်နှာကလေးကလည်း လှပါသည်။

ဝိုင်း ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရတာ အမှန်။

"ဒီကို တစ်ခါမှ မလာဘူးတဲ့ မမပဲ၊ ချောတယ်နော်၊ ဆရာနဲ့
လိုက်ဖက်တယ်"

သစ္စာကတော့ မြင်သည့်အတိုင်း ဝေဖန်သည်။ ဝိုင်း အံကို
တင်းတင်း ကြိတ်နေတာတောင် မသိ။

ရပ်ထားသော ချောကလက်ရောင် ပါရာဒိုကားကြီးအနားထိကို
ကိုကို လိုက်ပို့ပေးနေသည်။ ကားတံခါးကိုတောင် ကိုယ်တိုင် ဖွင့်ပေးသည့်
မြင်ကွင်းကို ဝိုင်း မမိုတ်မသုန် ရပ်ကြည့်နေမိဆဲ။

အမျိုးသမီးက ကားကို မောင်းထွက်ရင်း လက်ကလေး လှုပ်ခါ
ပြီး နှုတ်ဆက်တော့ ကိုကိုကပါ လက်ပြနှုတ်ဆက်၏။

ဝိုင်း ဆက်ပြီး ရပ်မကြည့်ချင်တော့တာမို့ ပြတင်းတံခါးက



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ထွက်ခဲ့သည်။

မေသစ္စာကလည်း ပြတင်းတံခါးကို ကျောခိုင်းလိုက်ရင်း အ
လိုက်ကမ်းဆိုးမသိ။

"မမဝိုင်းတော့ အစ်မချောချော တစ်ယောက် ရတော့မယ်
ထင်တယ် အဟင်း ဟင်း"

"သစ္စာ ကိုယ့်အလုပ်ကို လုပ်စမ်း"

ဝိုင်း မာဆတ်ဆတ် အော်ပစ်လိုက်တော့မှ ဇက်ကလေးပုကာ
သစ္စာ စားပွဲမှာ ပြန်ဝင်ထိုင်သွားသည်။

စားပွဲပေါ်က ဖိုင်တွေကို ဝိုင်း ကြည့်နေပေမယ့် အာရုံထဲမှာ
မြင်နေမိတာ ကိုကိုတို့နှစ်ယောက်ရဲ့ အရယ်အပြုံး မျက်နှာတွေ ဖြစ်နေ
သည်။

ဟိုတစ်နေ့က ဖုန်းဆက်သည့် ဇီဇီထားဆိုသော မိန်းမလေး
ကိုကိုနှင့်ပတ်သက် ရင်းနှီးနေပုံက အတော့်ကို ကျွမ်းဝင်မှန်းတော့ သေချာ
သည်။

ကားပေါ်အထိတောင် လိုက်ပို့ပေးရသည်ဆိုတော့

"တောက်"

မကျေမနပ် နှုတ်က ထွက်သွားသည့် တက်ခေါက်သံကြောင့်
သစ္စာ လှမ်းကြည့်သည်။





ဝိုင်းကတော့ ကိုယ့်ဒေါသနှင့်ကိုယ် တွေးရင်း တနုံ့နုံ့ဖြစ်နေရ
သည်။ သည်အချိန်မှာပဲ ဖုန်းလေးက မြည်လာတာမို့ ဝိုင်း ကောက်ယူ
နားထောင်လိုက်သည်။

"ဝိုင်းလား ကိုယ် ခန့်ချောပါ"

ခန့်ချော အမည်ကို ကြားလိုက်တာမို့ ဝိုင်း မျက်နှာလေးတွေ
ဝင်းပသွားခဲ့ရင်း

"ခန့်ချော ပြောလေ ဘာကိစ္စရှိလို့လဲ"

"ကိုယ် ဆိုဒ်ထဲမှာ ပြဿနာလေးရှိလို့ အဲဒါ ဝိုင်းကို အကူအညီ
တောင်းရင်း တိုင်ပင်စရာလေးရှိလို့၊ ဒီညနေ ဝိုင်းနဲ့တွေ့လို့ရမလား"

ခန့်ချော စကားကြောင့် ဝိုင်း တွေတွေလေး ဖြစ်သွားခဲ့သည်။
ကိုကိုသာ သိလျှင် ဘာပြောမည်လဲ။

"ဝိုင်းဘက်က အဆင်မပြေရင်လည်း ရပါတယ်"

"အို အဆင်ပြေပါတယ် ခန့်ချောရဲ့၊ စိတ်ချ ညနေ လေးနာရီ
ခွဲလောက်ဆို ဖြစ်မလား"

"ဖြစ်တယ် ဝိုင်း၊ ကိုယ် ဘယ်ကစောင့်ရမလဲဟင်"

"ခန့်ချော အဲဒီကပဲစောင့်လေ၊ ဝိုင်း လာခေါ်မယ်"

"ဟာ မဟုတ်တာ အားနာစရာ"

"ဝိုင်းလာလို့ အဆင်ပြေပါတယ် ခန့်ချော စောင့်ပါ၊ ကဲ ဒါပဲ



www.burmeseclassic.com

www.burmeseclassic.com



နော်"

ဝိုင်း ဖုန်းလေးကို ချရင်း ကျေနပ်စွာ ပြုံးလိုက်သည်။ အာ

ထဲမှာ မြင်လိုက်မိတာ ကိုကို့မျက်နှာ။

ထိုညနေမှာပဲ ဝိုင်းကိုယ်တိုင် ကိုကို့ဆီ ဖုန်းဆက်အသိပေ

လိုက်တော့

"ဘာရယ် ဝိုင်း အိမ်ပြန်နောက်ကျရအောင် ဝိုင်းမှာ ဘာအလု

ကိစ္စတွေ အရေးကြီးနေလို့လဲ"

"အလုပ်ကိစ္စမဟုတ်ပါဘူး ခနဲ့ချောနဲ့ ချိန်းထားလို့"

"ဘာရယ် ဘာကိစ္စလဲ ဘာအတွက်လဲ ဝိုင်း"

ကိုကို့လေသံက မာထန်ထန်။ ဝိုင်း ကျေနပ်စွာ ကြိတ်ပြုံးလို

မိရင်း

"ဝိုင်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စလေ၊ ကိုကို မေးစရာ မလို

မေစံနဲ့ဘွားကို ပြောလိုက်ပါ"

"ဟော့ မိဝိုင်း နေဦး"

ကိုကို့အသံကို ကြားပေမယ့် ဝိုင်း တမင်ပဲ ဖုန်းချပစ်လိုက်သ

ခုလောက်ဆို ကိုကို ဝိုင်းဆီကို ရုံးခန်းထဲက ကသောကမျော ထွက်

မည်လား။

ဝိုင်းကတော့ ကားလေးပေါ် ရောက်နေခဲ့ပြီမို့ မောင်းထွ





မ်သည်။

ဝိုင်းကိုတော့ စည်းတွေဘောင်တွေနှင့် ချုပ်ချယ်။ သူကျတော့

ချင်သလိုနေ ရမတဲ့လား။

ဝိုင်စုမြတ်နိုးပဲလေ

တမင်ကို ဆန့်ကျင်ပြလိုက်ဦးမှာ။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မမလေး ဟို ဟိုလေ ဘွားဘွားက မမလေး ပြန်လာရင် သူ့ဆီ လာခဲ့ပါဦးတဲ့"

ညှော်ခန်းထဲ လှမ်းဝင်ဝင်မိခြင်း လုံးလုံးက မရဲတရဲနှင့် ဗိုင်းကို လာပြောဏ်။ ဗိုင်းစိတ်ထဲမှာ ကြိတ်ပြုံးလိုက်မိသည်။

ထင်တော့ ထင်ပါသည်။ ကိုကို ဘွားကို အတို့အထောင် လုပ် လိမ့်မည်ဟု ဗိုင်းတွေးထားမိပြီးသား ဖြစ်သည်။

"ကိုကိုကော ဘယ်အချိန်ပြန်ရောက်သလဲ လုံးလုံး"

"ခါတိုင်းရောက်တဲ့အချိန်ပဲ မမလေး၊ လေးနာရီခွဲလောက် ကတည်းက ရောက်နေတာ"

ဗိုင်း ခန့်ချောဆီသွားသည့်ကိစ္စကို ကိုကို မကျေနပ်တာ သိ





သည်။ ဘယ်လောက်အထိ ဘွားကို တိုင်ချင်နေသည်မသိ။ လေးနာရီခွဲ ကတည်းက ပြန်လာသည်တဲ့။

ဗိုင်း အခန်းထဲဝင်ကာ အဝတ်အစားလဲပြီး ဘွားရှိသည့် အပေါ် ထပ်အခန်းဆီသို့ တက်ခဲ့မိသည်။

"ဘွား"

အခန်းတံခါးကို ညင်သာစွာ နှစ်ချက်ခေါက်ရင်း ဗိုင်း အသံ သေးလေးတော့ အထဲမှ ဘွားအသံကို ကြားသည်။

"မြေးလေး ဝင်ခဲ့လေ သမီးရဲ့"

အခန်းတံခါးကို တွန်းဖွင့်ကာ ဗိုင်း ဝင်ခဲ့သည်။ ဘွားက ဒရင်း ခက်ပေါ်မှာ ကျောကလေး မှီထိုင်နေ၏။

ဘွား မျက်ဝန်းတွေကို ဗိုင်း အကဲခတ်ကြည့်တော့ ဘွားမျက်ဝန်း များ ဘာအရိပ်မှမရှိဘဲ ဗိုင်းကို ငေးငေးလေး ကြည့်နေသည်။

ဘွားရဲ့ရှေ့မှာ ဗိုင်း ဒူးကလေးထောက် ထိုင်ချရင်း

"ဘွား သမီးကို ဘာပြောမလို့လဲဟင်"

ဘွားက ဗိုင်း နဖူးပြင်လေးပေါ်က ဆံနွယ်တွေကို ညင်သာစွာ ပွတ်သပ်တင်ပေးရင်း နွေးနွေးကလေး ပြုံးသည်။

ဗိုင်း မျက်မှောင်လေးကျုံ့ကာ စဉ်းစားရခက်ခက် ဖြစ်သွား၏။ ဘွားရဲ့ အကြောင်းကို ဗိုင်း အသိဆုံး။ ဗိုင်းကို ဆူပူတော့မည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဘွားက အမြဲတမ်း မျက်နှာကို တည်တည်နေတတ်သည်။

အခုတော့ ဘွားမျက်ဝန်းတွေအထိတောင် နူးညံ့မှုတွေက အရိပ် ထင်နေသည်။

"အင်း အသိပေးစရာရှိလို့ သမီး၊ ဘွား စကားကို သမီးလေး အသေအချာ နားထောင်နော်"

"ဟုတ်ကဲ့ ဘွား"

"အင်း တခြားတော့ မဟုတ်ပါဘူးကွယ်၊ သမီးလေးရဲ့ အိမ် ထောင်ရေးကိစ္စအတွက်ပါ"

"ရှင်"

ဝိုင်း အံ့ဩသွားမိ၏။ ဘယ်လိုမှ ထင်မှတ်မထားသည့်ကိစ္စ ဘွား အစီအမံတွေက ဘာတွေလဲ။ သိချင်စိတ်တို့ ဝိုင်း ရင်ထဲမှာ ပြင်းထန်လာ၏။

"ဘွားအသက်ကလည်း မငယ်တော့ဘူး သမီး၊ ဘွား လောက ကြီးထဲမှာရှိနေတုန်း သမီးလေးအတွက် စိတ်ချသွားချင်တယ်၊ ဒါကြောင့် ဘွားရဲ့ မြေးလေး အနာဂတ်ကို စီစဉ်ခဲ့ချင်တာပေါ့"

"နေ နေပါဦး ဘွား ဘွားအစီအစဉ်က ဟို ဘယ်သူနဲ့လဲဟင်"

"တခြားသူ မဟုတ်ဘူး သမီး၊ သားလေး မင်းကြီးတိုင်းနဲ့ပေါ့"

"ဟင်"





ရုက်ရှုံ့ထူပူစိတ်တွေနှင့် ဝိုင်း မျက်နှာလေး နီမြန်းထူပူသွားခဲ့ ...တော့ သေချာသည်။ ဘွားမျက်နှာကိုတောင် မကြည့်ရဲတဲ့ ဝိုင်း ခေါင်း ...လေး ငုံ့ထားမိ၏။

"ဒီကိစ္စကို ဘွား သမီးရဲ့မေစံနဲ့တောင် တိုင်ပင်ထားပြီးပြီ ...မီး မေစံကလည်း ကျေနပ်ဝမ်းသာနေတယ်၊ မေမေတို့ရဲ့ အစီအမံကို ...မီး သဘောတူပါတယ်တဲ့"

ဝိုင်း ရင်တွေ တလှပ်လှပ် ခုန်နေသည်။ ဘွား သဘောတူ ...ကြည်ဖြူနေသူက ကိုကိုဆိုတာ သိလိုက်ရတော့ ဝမ်းသာကြည်နူးသွားမိ ...တာ အမှန်။

"ဘယ်လိုလဲ မြေး ဘွား အစီအစဉ်ကို သဘောတူရဲ့လားဟင်"

ဝိုင်း ဘာဖြေရမှန်း မသိပါ။ ရှက်စိတ်နှင့်အတူ ရင်ခုန်သံတွေ ...က တလှပ်လှပ် တုန်ခါနေတာ ကိုယ်တိုင်ပဲ သိသည်။

"မြေး ဘွားမေးတာ ဖြေဦးလေ"

"ဟို ဟို ဒီကိစ္စကို ကိုကို သိသလားဟင် ဘွား"

ဝိုင်းမေးတော့ ဘွား ယဲ့ယဲ့ကလေး ပြုံးသည်။ ပြီးမှ ခေါင်း ...လေးညိတ်ပြရင်း

"သမီးရဲ့ မေစံက သားကို အသိပေးမှာပါ၊ ဘွား ယုံပါတယ် ...သားက ငြင်းမှာမဟုတ်ပါဘူး၊ သမီးတို့ကြားမှာ သံယောဇဉ်က ရှိမှာ



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲကွယ်''

ဘွားပြောသလို ကိုကိုတက်က လက်ခံသည်ဆိုလျှင်တော့ ပိုင်

ဘာလို့ ငြင်းရမှာလဲ။ တကယ်ဆို ပိုင်း ရင်ထဲမှာ သံယောဇဉ်

နှိုင်မာရစ်နှောင်စွာနှင့် ကိုကိုကို မျှော်လင့်ခဲ့ရတာပဲလေ။

''ဘွားကတော့ မြေးကို ယုံတယ်၊ ဘွားအစီအစဉ်ကို မြေးလေ

ငြင်းမှာမဟုတ်ပါဘူး ဟုတ်တယ်မို့လား''

ပိုင်း မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်ပြီး ခေါင်းကလေ

ငုံ့ပစ်ရင်း

''ဘွားစကားကို သမီး မပယ်ရှားပါဘူး ဘွားရယ်''

''ဝမ်းသာလိုက်တာ မြေးလေးရယ်''

ဘွားက ပိုင်း မခုံးလေးကို ထွေးပွေ့ထားရင်း ကျေနပ်

ဆို၏။

ဘွားရင်ခွင်ထဲမှာ ခေါင်းကလေး တိုးဝင်ရင်း ပိုင်းလည်း

ကြည်နူးပီတိတွေ ဝေနေခဲ့သည်။

ဟိုးယေယေကတည်းက ပိုင်း နှောင်တွယ်ခဲ့ရတဲ့ ကိုကိုရင်ခွ

မှာ တစ်သက်လုံး ခိုလှုံခွင့်ရမည့် အဖြစ်က ဘယ်လောက် ကြည်နူးစ

ကောင်းလိုက်ပါသလဲ။

မထင်မှတ်ဘဲ သိခွင့်ရလိုက်သော ဘွား၏ အစီအမံတွေ





င်း အတွက်တော့ အနိုင်းအဆမဲ့ ပျော်ရွှင်ခဲ့ရတဲ့ နေ့ကလေးပါပဲ။

ဒီတစ်ခါ ကိုကိုနဲ့ဆုံရင် ပိုင်း ရင်ခုန်သံတွေ လှပချိုမြိန်နေမှာ

ဘော့ အသေအချာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မေမေ့စကားတွေ ကြားတော့ သူ အံ့ညသြခြင်းတော့ မဖြစ်မိပါ။ ဝ်နေ့ကျလျှင် ဒီလို စကားတွေ ကြားရမည်ဟု စိတ်မှာ ကြိုတွေးပြီးသား ၌စ်သည်။

"မေမေ ပြောတာကို သား ဘယ်လိုသဘောရသလဲ ပြောပါဦး"

မေမေက တည်ငြိမ်လွန်းနေသော သူ့ကိုကြည့်ကာ မေးသည်။ သူ မေမေ့ကို လှည့်ကြည့်ရင်း

"သားသဘောထက် ဘွားနဲ့ဝိုင်းတို့ ဆန္ဒကို သားအရင်သိချင် ဘယ် မေမေ"

"သားရဲ့ဘွား ကိုယ်တိုင်က ဒီကိစ္စကို ကြည်ဖြူစွာ စိစဉ်တာ မေမေ့ကို အရင်တိုင်ပင်တယ်၊ မေမေ့အနေနဲ့ ငြင်းစရာ မရှိဘူးလေ





ဒါကြောင့် သားကို အသိပေးတာပါ"

"ဝိုင်းကော သိပြီးပြီလား မေမေ"

"အင်း မေမေက သူ့မြေးကို သူ အသိပေးမယ်တဲ့၊ သားကို အသိပေးဖို့ မေမေ့ကို ပြောတယ်"

မေမေက ပြောရင်း သူ့ကို အကဲခတ်ကြည့်နေသည်။ သူ့ဆီက စကားတစ်ခွန်းကို မေမေ နားစွင့်နေဟန်ရှိ၏။

"သားအဖြေကို မေမေ သိချင်တယ် သား"

"သား မေမေနဲ့ဘွားဆန္ဒကို မငြင်းပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ် မေမေ၊ ဒီကိစ္စမှာ ဝိုင်းဆန္ဒမပါဘဲ မဖြစ်စေချင်ဘူး"

သူ့စကားကို မေမေ နားလည်နိုင်မည် ထင်ပါသည်။ ကျေးဇူး တရားနှင့် အခြားသော အခြေအနေကြောင်းတရားများစွာကြောင့် ဝိုင်းကို သူ လက်ထပ်ရတာမျိုးလည်း မဖြစ်စေချင်ပါ။

တကယ်ဆိုလျှင် ဝိုင်းနှင့်သူက ဟိုးငယ်စဉ်ကတည်းက မောင်နှမ တွေလို အတူနေထိုင်ခဲ့ကြတာ ဖြစ်သည်။ သူ့ထက် သုံးနှစ်ကျော် ငယ် သော ဝိုင်းကို ညီမရင်းချာလို သူ သံယောဇဉ်ပိုခဲ့သည်။

အစစ အလိုလိုက် စောင့်ရှောက်ပေးခဲ့၏။ ဒါပေမဲ့

ဆယ်တန်းအောင်ပြီး သူ အင်ဂျင်နီယာကြီး ဖြစ်ချင်သည်ဆို တော့ အန်ကယ် ဦးဝိုင်စိုးကျော်က ကျေနပ်အားရစွာ လက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တယ်ပိုင်ရဲ့ ဆန္ဒက သူ အင်ဂျင်နီယာကြီးဖြစ်လျှင် သူ့ရဲ့ လုပ်ငန်းမှာ ဦးစီးစေချင်သည်။

သည့်တော့ သူလည်း ကြိုးစားခဲ့သည်။

ပညာရေးကို အားစိုက်အရေးပေးရင်း ဝိုင်းအပေါ်မှာ အရင်လိုလည်း နီးနီးကပ်ကပ် မနေဖြစ်ခဲ့ပါ။

မောင်နှမရင်းချာတွေ မဟုတ်ဟူသော အသိကြောင့် ခပ်ခပ်ခြွင်ခြွင် နေထိုင်ခဲ့တာလည်း ပါသည်။

ဒါကို တစ်ခါတစ်ရံမှာ ဝိုင်းက စိတ်ဆိုးတတ်သေး၏။ ကျောင်းပြီးတော့ လုပ်ငန်းခွင်ထဲဝင်ကာ သူ့မှာ အချိန်ပိုမရှိသလောက် ဖြစ်ခဲ့၏။

သူ့ဘက်က သူစိမ်းဆန်သည်ထင်ကာ ဝိုင်းကလည်း အရင်လိုရင်းရင်းနှီးနှီး မနေတော့ပါ။ ပညာရေးကို အားစိုက်ကြိုးစားရင်း ဆေးအမှတ်မီပေမယ့် အင်ဂျင်နီယာ ဖြစ်ချင်သည်တဲ့။

သည့်ကတည်းက ဝိုင်းကို သူ သံသယဝင်ခဲ့တာ ဖြစ်သည်။

ဝိုင်း ဘာကြောင့် ဆရာဝန်ဘဝကို စွန့်ခဲ့တာလဲ။ ဖခင်ဖြစ်သူရဲ့ စီးပွားရေးလုပ်ငန်းတွေကို သူ ဦးဆောင်နေတာကို မကြည်ဖြူလို့လား။

ဒါပေမဲ့ သံသယတွေကို ဖျောက်ကာ ဝိုင်းကို မိသားစုအရင်းအချာလိုပဲ သူ စိတ်ထားခဲ့သည်။

ဘွဲ့ရပြီး လုပ်ငန်းခွင်ထဲဝင်တော့လည်း ဖေးမကူညီစွာ အတူတွဲခေါ်ခဲ့သည်။

ဒါပေမဲ့ တစ်ခါတစ်ရံမှာတော့ ဝိုင်းရဲ့ အတ္တဆန်စွာ အနိုင်ယူမှုတွေကို သူ ကြုံတတ်သေးသည်။

ခန့်ချောကိုစွမှာပဲ ကြည့်။

ဝိုင်းစိတ်ထဲမှာ ဒါ ငါ့အဖေကျွေးမွေးထားတာ၊ ငါ့အဖေအိမ်ဟူသော စိတ်ကြီး ဝင်နေသည်လား။

"သား မေမေပြောတာ ကြားရဲ့လား"

သူ့ပခုံးကို ပုတ်ပြီး မေမေ မေးမှ အတွေးတွေထဲက သူ ရုန်းထွက်နိုင်၏။

"ဗျာ မေမေ ဘာပြောလိုက်တာလဲ"

"ဟြော် ဝိုင်းလေး သဘောတူခေါင်းညိတ်ရင် သားလက်ခံမယ်ဟုတ်လားလို့ မေမေ မေးတာပါ"

ဝိုင်းဘက်က ခေါင်းညိတ်သည်ဆိုလျှင် သူ့ဘက်က ငြင်းစရာမရှိဘာမို့ ခေါင်းညိတ်ပြမိ၏။ မေမေ မျက်နှာကျေနပ်သွားခဲ့ရင်း

"အင်း မေမေ ဝမ်းသာတယ် သား၊ သားနဲ့သမီးကို မေမေ အသည်း နီးစပ်စေချင်ပါတယ်"

မေမေ့ရဲ့စိတ်ကို သူ မြင်နိုင်ပါသည်။ လက်ရှိဘဝလေးမှာ အေးချမ်းစွာ ရှိနေချင်တာ မေမေ့ဆန္ဒ ဖြစ်လိမ့်မည်။ ဒါပေမဲ့ သူ့ရင်ထဲ







www.burmeseclassic.com

www.burmeseclassic.com



မှာ စိုးရိမ်နေတာကိုတော့ မေမေကို ပြောပြချင်၏။

"တစ်ခုတော့ ရှိတယ် မေမေ၊ ဝိုင်းက ဘွားရဲ့တိုက်တွန်းမှု ကြောင့် ခေါင်းညိတ်တာ မဖြစ်စေချင်ဘူး"

"ဘာဖြစ်လို့လဲ သား၊ သားစိတ်ထဲမှာ ဘာတွေဖြစ်နေတာလဲ မေမေ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"တခြားတော့ မဟုတ်ပါဘူး မေမေ၊ ဝိုင်းက ငယ်သေးတယ်၊ သူ့စိတ်ထဲမှာ မေမေ့ကို မိတွေး၊ သားကိုလည်း သူစိမ်းလို့ အစွဲကြီးရှိနေရင် မကောင်းဘူးလေ၊ ဒါကြောင့်ပါ"

သူ့စကားကြောင့် မေမေ့မျက်နှာပေါ်က အပြုံးရိပ်တွေ ကွယ်ပျောက်သွားကာ တွေတွေလေး ဖြစ်သွား၏။

"သားက သဘောပြောတာပါ မေမေ"

"အင်း မေမေ နားလည်ပါတယ်၊ ဒါပေမဲ့ သမီးလေးက ကလေးမှ မဟုတ်တော့ပဲကွယ်၊ စဉ်းစားတတ်ပါတယ်၊ မေမေတို့ရဲ့ စေတနာနဲ့ မေတ္တာကိုလည်း နားလည်မယ်ထင်တယ်"

မေမေ့စကားကိုတော့ သူ မငြင်းနိုင်ပါ။ ဝိုင်းသည် သူတို့ သားအမိ ပေါ်မှာ ငယ်စဉ်ကတည်းက သွေးသားရင်းချာလို ချစ်ခဲ့တာ ဖြစ်သည်။

ဒါပေမဲ့





လွန်ခဲ့သည့် သုံးရက်လောက်က မိဝိုင်းနှုတ်က ဆိုခဲ့သော စကားကို သူ မမေ့သေးပါ။ ထိပ်ထားရဲ့ ဖုန်းကိစ္စ ပြောရင်း ဝိုင်းက သူပိုင်သော အိမ်ဟု သုံးခဲ့တာကို သူ ခံစားခဲ့ရသည်။

ဒါကြောင့် စကားမပြောဖြစ်ခဲ့တာတောင် သုံးရက်ရှိပြီ။

မေမေ့ကို ကလေးဆန်စွာ ပြောမပြချင်တော့ပါ။ မိဝိုင်းက တစ်ခါတလေ သူ့ကို ကလန်ကဆန် ပြုတတ်သည့် ညာဉ်ကလေးရှိသည် ပဲ။

ထိပ်ထားကိစ္စဆိုတော့ ခံရခက်ပြီး တုံ့ပြန်တာ ဖြစ်နိုင်၏။ တွေးရင်း သူ ပြုံးမိကာ မိဝိုင်း မျက်နှာလေးကို မြင်ယောင်မိပြန်သည်။

ဘုဆတ်ဆတ်နှင့်ကောင်မလေး။

ချစ်စရာကောင်းတာတော့ မငြင်းနိုင်ပါ။

ဒီကောင်မလေး ဒီတစ်ခါ သူနှင့်တွေ့လျှင် ရက်နေမည့်လား မသိ။ အတူနေကာ မောင်နှမလို နေခဲ့ကြတာဆိုတော့လည်း မျက်နှာချင်း ဆိုင်ရမှာတောင် ထူထူပူပူ ဖြစ်မိသေးရဲ့။

သံယောဇဉ်တွေကို ချစ်ခြင်းအဖြစ် ပြောင်းလဲပစ်လိုက်ရမည့် အဖြစ်မှာ လွယ်ကူနိုင်ပါ့မလား။

သူ အသေအချာ အဖြေတော့ ရှာမရသေးပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ညတုန်းကလည်း ကိုကိုနှင့် မျက်နှာချင်းမဆိုင်ရဲအောင် ရှက်နေတာမို့တော့မို့ ဝိုင်း ကိုယ့်အခန်းထဲမှာကိုယ် စောစောစီးစီး ဝင်နေခဲ့သည်။

မနက် ကော်ဖီဝိုင်းမှာလည်း ကိုကို့မျက်နှာကို ဝိုင်း မကြည့်ရဲပါ။ ဘွားပြောလိုက်သည့် ကိစ္စက ခေါင်းထဲမှာ ရောက်နေတာမို့ လူက ထူပူရှိန်းဖြနေဆဲ ရှိတာတော့ အမှန်။

"သမီးလေး ဘာမှမစားပါလား။ စားလေကွယ်"

မေစံက ဝိုင်းကို အကဲခတ်ကြည့်ကာ ပြောနေတော့ ဝိုင်း ပိုလို့တောင် မနေတတ် ဖြစ်မိသည်။

"ဝိုင်း ရင်ပြည့်နေလို့ပါ မေမေ"

"ဟင် ဟုတ်လား သမီး နေမကောင်းတာလား။ ဆေးသောက်





မလား"

မေစံ စိုးရိမ်သွားဟန်နှင့် ဝိုင်းကို အရိပ်ကြည့် ပြောနေတော့ ဝိုင်း ခေါင်းကလေးကို ကသောကမျော ခါရမ်းရင်း

"ဟင့်အင်း အဲဒီလောက်ထိ မဖြစ်ပါဘူး။ ညက တစ်ရေးနိုးထပြီး ထမင်းစားလိုက်သေးတယ် အဲဒါကြောင့်ပါ"

ညတုန်းက ဝိုင်း တော်တော်နှင့်အိပ်မပျော်တာ မှန်သည်။ ဒါပေမဲ့ ထမင်းတော့ ထပြီးမစားဖြစ်ပါ။ မေစံကို တမင် ညာပြောလိုက်မိတာ ဖြစ်သည်။

"ညဉ့်နက်ကြီး ထမင်းစားတော့ အစာမကြေ ဖြစ်တာနေမှာပေါ့၊ အစာကြေဆေးလေးတော့ သောက်လိုက်ဦးနော် သမီး၊ သိပ်နေမကောင်းရင် အလုပ်မသွားပါနဲ့လား သမီးရဲ့"

"ရတယ် မေစံ အဲဒီလောက် မဟုတ်ပါဘူး။ ဝိုင်း အလုပ်တော့ သွားနိုင်ပါတယ်"

မေစံ ဂရုစိုက် စိုးရိမ်နေတာ မြင်တော့ ဘွားက ကော်ဖီကို အရသာခံပြီး သောက်နေရင်းက ကျေနပ်စွာ ပြုံးနေသည်။

ကိုကိုကတော့ ကြက်ဥပေါင်မုန့်ကြော်ကို စားရင်း တိတ်ဆိတ်စွာပဲ ရှိနေသည်။ မျက်ဝန်းတွေက ဝိုင်းကိုတစ်ချက် မော့မကြည့်ပါ။ ဝိုင်း စိတ်ထဲမှာ နည်းနည်းတော့ သံသယ ဖြစ်ချင်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘွားပြောတော့ မေစံက ကိုကိုကို အသိပေးလိမ့်မည်တဲ့။ ကိုကို ပုံစံက မသိသေးတာလား။ တမင် ဟန်ဆောင်နေခြင်းလား။ တကယ်ပဲ ရင်ခုန်ရှက်ရွံ့တာမျိုး မရှိလို့လား။

ဝိုင်းမှာသာ ဘွားပြောတဲ့ကိစ္စကြောင့် တစ်ညလုံး အိပ်မပျော်နိုင်ဘဲ ရင်တွေ တလှပ်လှပ် ကြည်နူးနေခဲ့ရတာ။ ကိုကိုကတော့ ဒီလို ခံစားရပုံလည်း မရှိ။

အင်းလေ ကိုကိုက အချစ်နှင့်ပတ်သက်လျှင် ဝိုင်းလို အစိမ်း သက်သက် မဟုတ်တာကြောင့်လည်း ဖြစ်နိုင်သည်။

မင်းကြီးတိုင်း ဆိုတဲ့ ကိုကိုရဲ့ ဘဝမှာ ချစ်သူရည်းစားတွေ ရှိလို့ ပေါ်တာ ဝိုင်း သိပါသည်။ ရှင်းသန့်ပြီး ချောမောသော ကိုကို့အနား မှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေခဲ့တာ ဟိုးအရင်ကတည်းကပဲလေ။

ကိုကို့အခန်းထဲမှာ ရည်းစားစာတွေ၊ ဓာတ်ပုံတွေဆိုတာ ဝိုင်း ဟိုးကျောင်းသားဘဝကတည်းက ခိုးဝင်ကြည့်ရင်း တွေ့ခဲ့ဖူးတာ မကြာ ခဏ။

"အလကားပါကွာ သူတို့ အမှတ်တရ ပေးထားကြတာတွေပါ၊ မကောင်းတတ်လို့ ယူထားလိုက်တာ"

"ဘယ်လို မိန်းမတွေလဲ ကိုကိုရာ၊ ရည်းစားစာတွေကကော အဲဒီမိန်းမတွေပဲ လိုက်ပေးတာလား ဟင်"





"ဟား ဟား ဝိုင်းကတော့ ပြောရေ့မယ်၊ အဲဒါ ကိုကိုရဲ့ ရည်းစားတွေ ပေးတာကွ၊ ဘာရယ်မဟုတ်ဘူး ပျင်းလို့ထားတာပါကွာ"

အလယ်တန်းကျောင်းသူ ဘဝပဲရှိသေးသော ဝိုင်းအတွက် ဗိသုကာအင်ဂျင်နီယာ ပထမနှစ်ကျောင်းသားကြီး ကိုကို့စကားကို နား မလည်နိုင်ခဲ့ပါ။

"မေမေ သားသွားတော့မယ် ဘွား သားသွားမယ်နော်"

ကိုကို နှုတ်ဆက်စကားကြားမှ ဝိုင်းအတွေးတွေ ပြတ်ကာ ကော်ဖီဝိုင်းလေးဆီ အာရုံပြန်ရောက်သည်။

ကိုကို စားသောက်ပြီးလို့ ဘွားနှင့်မေစံကိုတောင် နှုတ်ဆက် ကာ အလုပ်သွားဖို့ ထရပ်နေပြီ။ ကိုကိုက ဝိုင်းကို လှမ်းကြည့်ရင်း

"ဝိုင်း နေမကောင်းရင် ဒီနေ့ နားချင်နားလေ"

"ဟင့်အင်း ဝိုင်း နေကောင်းပါတယ် ကိုကိုရဲ့"

"အိုကေ ဒါဆို ကိုကိုသွားနှင့်မယ်၊ ဆိုဒ်တွေကို ဝင်ကြည့်ရဦး မှာမို့ ကိုကို ရုံးခန်းကို နောက်ကျမှရောက်မယ်"

"ဟုတ်ကဲ့ ကိုကို"

ကိုကို စားသောက်ခန်းထဲက ထွက်သွားတော့ ဘွားက ဝိုင်းကို ပြုံးကြည့်ရင်း

"မြေးတို့နှစ်ယောက် ချစ်ချစ်ခင်ခင်ရှိတာကို မြင်ရတော့ ဘွား



www.burmeseclassic.com

တို့ အရမ်း ဝမ်းသာတယ် မြေး"

"ဟုတ်တယ် သမီး သားနဲ့သမီးကိစ္စကို သမီး လက်ခံတယ် ဆိုတော့ မေစံ အရမ်းဝမ်းသာသွားတာ အဟင်း"

ပိုင်း ကျန်ရစ်ခဲ့မှ ဘွားနှင့်မေစံတို့ ပိုင်းပြောနေကြတာ ပိုင်း မျက်နှာနီကာ ရှက်ရွံ့စေ၏။

"သားကလည်း သမီးလေးလိုပဲ မေစံနဲ့ဘွားတို့ အစီအမံကို မငြင်းပါဘူးတဲ့ သိလား သမီး"

ကိုကိုကလည်း ခေါင်းညိတ်သည်ဆိုတော့ ပိုင်း ရင်ထဲမှာ ကြည်နူးချမ်းမြေ့လိုက်တာ။ မေစံက ဝမ်းသာအားရ ပြောပြနေပေမယ့် ကိုကို့ရဲ့ နှုတ်က ပြောတဲ့စကားကို ပိုင်း ကြားချင်သေးတာ အမှန်။

ကိုကို့ရဲ့ ရှေ့မှာ ဒီစကားတွေကို နားထောင်ခွင့်ရရင် ပိုင်း ရင်ခုန်လွန်းလို့ ရင်ဘတ်ကြီးတောင် ပေါက်ကွဲမလား မသိ။

ကိုကိုရယ် ရင်ထဲက နှလုံးသားကို ဖြူစင်စွာနဲ့ ဖြူစင်စွာနဲ့ သိမ်းဆည်းထားခဲ့တာ တစ်ယောက်တည်းအတွက်ပါ။

အဲဒီတစ်ယောက်ကလည်း ပိုင်း နှလုံးသားမှာ နှောင်ကြိုးတွေနဲ့ နှောင်တွယ်ချစ်ခဲ့ရသူ ကိုကိုပဲဆိုတာ

ကိုကို သိစေချင်လိုက်တာ။

■ ■ ■



## အခန်း (၁၄)

စေ့ရုံပိတ်ထားသော ရုံးခန်းတံခါးက ဘဲလ်တီးခွင့်တောင်းခြင်း မရှိပါဘဲ ပွင့်သွားတာမို့ ပိုင်း ဖျတ်ခနဲ မော့ကြည့်မိသလို စားပွဲမှာ အလုပ်ရှုပ်နေသော သစ္စာလည်း ခေါင်းမော့ကြည့်၏။

တံခါးဖွင့်ပြီး ပိုင်း စားပွဲအထိ တန်းတန်းမတ်မတ် လျှောက်လာသူက ကိုကို ဖြစ်နေတာမို့ ပိုင်း အံ့ဩသွားရသည်။

"ဟင် ကိုကို အခုမှ ရောက်တာလား"

"ဟုတ်တယ် မိပိုင်း တစ်မနက်လုံး ကုမ္ပဏီရဲ့ လုပ်ငန်းခွင်ဆိုဒ်တွေကို ငါ လိုက်စစ်နေတာ အခုပဲ ပြန်ရောက်တာ"

"ဟုတ်လား ကိုကို ထမင်းမစားရသေးဘူးလား။ ဘာစားမလဲ ဒါကို ပိုင်း စီစဉ်ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း စေတနာနှင့်လိုလားစွာ ဆိုမိတော့ ကိုကို အခန်းထောင့် စားပွဲက သစ္စာကို လှမ်းကြည့်ရင်း

"သစ္စာ မင်းကိုယ်တိုင် ကိုယ့်အတွက် ကြေးအိုးဆီချက်တစ်ပွဲ လောက် သွားဝယ်ပေးပါလား ကိုလှဦးကို ခေါ်သွားပြီး ကားနဲ့မောင်း ပို့နိုင်းလိုက်"

"ဟုတ်ကဲ့ ဆရာ"

သစ္စာ ခေါင်းကလေးညိတ်ကာ အခန်းထဲက ထွက်သွားခဲ့သည်။ ကိုကို့အကြည့်တွေက ဝိုင်း မျက်နှာဆီ စူးစူးစိုက်စိုက် ကြည့်ရင်း

"မိဝိုင်း ဆိုဒ်လေးက မင်းထက်ခန့်ချောကိစ္စမှာ မင်း ငါ့ကို ဘာမှအသိမပေးဘဲ ဘာတွေလုပ်ပစ်ခဲ့သလဲ ပြောစမ်း"

ဝိုင်း မျက်နှာပေါ်က အပြုံးရိပ်လေးတွေ ကွယ်ပျောက်ကုန်သလို တလှုပ်လှုပ်ခုန်နေသော ရင်ခုန်သံလေးတွေလည်း ရပ်ဆိုင်းသွား၏။

မထင်မှတ်ဘဲ ဝိုင်းအခန်းထဲအထိ ကိုကို ရောက်လာတာ ဝိုင်း နှင့်ကိုကိုကိစ္စကို ပြောလာမည်ဟု ရင်ခုန်ရှက်ရွံ့နေခဲ့မိတာ ဖြစ်သည်။

အခုတော့ ဝိုင်းထင်တာတွေ မလွဲ။

"မင်းထက်ခန့်ချောရဲ့ ဆိုဒ်က အလုပ်သမားခေါင်းဆောင် ကိုမင်းစိုး ဆိုဒ်သုံးရောက်သွားတာ မင်းအစီအစဉ်လား"

ဒေါသတွေကို မျိုသိပ်ထားပုံရသည့် ကိုကို့လေသံတွေက တင်း





နေသလို အသံတွေကလည်း မာပြတ်ပြတ်ပါပဲ။

"ဟိုတစ်ရက်က ခန့်ချောနဲ့ဝိုင်း ဆုံခဲ့တာ အဲဒီကိစ္စပဲ ကိုကို သူနဲ့ ကိုမင်းစိုးနဲ့ အဆင်မပြေဘူး၊ လက်တွဲမရဘူးဆိုလို့ အဆင်ပြေအောင် ကိုမင်းစိုးကို ဆိုဒ်သုံး ပြောင်းပေးလိုက်တာ"

"အဲဒါ မင်းလုပ်ချင်သလို လုပ်လို့မရဘူးကွ၊ ကိုမင်းစိုးက အတွေ့အကြုံ လုပ်သက်ကအစ အားကိုးယုံကြည်ရတယ်၊ မင်းထက် ခန့်ချောက ဘာဝန်ခံ အင်ဂျင်နီယာဆိုပေမယ့် အတွေ့အကြုံမရှိဘူး၊ ဒါကြောင့် အတူ တွဲပေးထားတာ"

"ခန့်ချောနဲ့မှ အဆင်မပြေတာဘဲ ကိုကိုရဲ့ ဆိုဒ်သုံးက ဦး တောက်ထိန်ကလည်း တော်ပါတယ် ဒါကြောင့်"

"နေစမ်းပါဦး ဝိုင်း၊ မင်းထင်သလို လုပ်နေတာတွေ ငါ သည်း ခံနိုင်တော့ဘူးနော်၊ မင်းထက်ခန့်ချောဆိုတဲ့ကောင်ကိစ္စမှာ မင်း လုပ်ချင် သလို လုပ်ပိုင်ခွင့်မရှိဘူး။ ဒီကောင့်ကို ငါ အလုပ်ခန့်ထားတာကလည်း အစမ်းခန့်သဘောပဲ၊ လုပ်ငန်းမှာ အရည်အချင်းမရှိတဲ့သူ့မို့ ငါ ဘာမှ အခွင့်အရေး မပေးနိုင်ဘူး"

မင်းတွေ ငါတွေနှင့် ပြောရင်း ဒေါသတွေနီမြန်းနေသည့် ကိုကို့ကိုကြည့်ကာ ဝိုင်း မျက်ရည်လေးတွေတောင် ရစ်ဝဲလာသည်။

တကယ်ဆိုလျှင် ဝိုင်း ခန့်ချော ဖုန်းဆက်သည့်နေ့က သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာတော့ ကိုကို့ကို တမင် အရွဲ့တိုက်ပြီးသွားခဲ့ခြင်းဖြစ်သည်။

ခန့်ချောနှင့်ဆုံတော့ ထိုပြဿနာနှင့်ပတ်သက်ပြီး ခန့်ချောက အကူအညီတောင်းဆိုလာသည်။

"အလုပ်သမားခေါင်းဆောင် မင်းစိုးနဲ့ကိုယ် ဘယ်လိုမှ အဆင်မပြေဘူး။ အဲဒီအတွက် ဝိုင်း ကူညီပေးနိုင်မလား။ ကိုယ့်ကို တခြားဆိုဒ် မြန်မြန်ပြောင်းပေးပါလားဟင်"

ဆိုဒ်တစ်ခုမှာ တာဝန်ခံ အင်ဂျင်နီယာနှင့်အမြဲတမ်း ထိတွေ့ဆက်ဆံနေရသော အလုပ်သမား အဖွဲ့ခေါင်းဆောင် အဆင်မပြေတာတော့ မဖြစ်သင့်သောကိစ္စဖြစ်သည်။

ခန့်ချော တောင်းဆိုသလို ဆိုဒ်ပြောင်းပေးဖို့ဆိုတာက မဖြစ်နိုင်တာမို့ ဝိုင်း အဆင်ပြေအောင် မင်းစိုးနှင့် အခြားဆိုဒ်မှ ခေါင်းဆောင်ပြောင်းပေးခဲ့တာ ဖြစ်သည်။

"မင်း ငါပြောတာ သဘောပေါက်ပါတယ် နော် ဝိုင်း"

ကိုကို့ လေသံက အမိန့်သံဆန်လွန်းသည်။ ဝမ်းနည်းဖို့ကောင်းစွာ ဝဲတက်လာသော မျက်ရည်စတွေကို ဝိုင်း မျက်တောင်လေးပုတ်ခတ်ပြီး သိုဝှက်ရင်း ကိုကို့ကို စူးစူးနစ်နစ် ပြန်ကြည့်ပစ်လိုက်၏။

"ဝိုင်းကို အမိန့်ပေးနေတာလား ကိုကို"

"မင်းထင်ချင်သလို ထင်နိုင်တယ် ဝိုင်း။ လုပ်ငန်းပိုင်းကို ထိခိုက်





လာတာမျိုးတော့ ကိုယ် သည်းမခံနိုင်ဘူး"

"နေပါဦး ကိုကို ဝိုင်းကပဲ ထင်ရာစိုင်းနေတဲ့ ပုံစံမျိုး ကိုကို မပြောပါနဲ့၊ အခု ဝိုင်းလည်း ဒီကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့သူဆိုတာ ကိုကို မေ့နေတာလား"

"မင်းမှာ သင်ယူစရာတွေ အများကြီးရှိသေးတယ် ဝိုင်း။ ကိုယ်လည်း အနက်ကယ်ဆီမှာ ဒီလိုပဲ သင်ယူခဲ့ရတာလေ"

ဝိုင်း နှုတ်ခမ်းလေးတွေကို တမင်မဲ့ပစ်လိုက်ရင်း လှောင်ပြုံးပြုံးတော့ မင်းကြီးတိုင်း မျက်မှောင်ကြီးကုပ်ကာ ကြည့်သည်။

ဝိုင်း ရင်ထဲက မခံချင်စိတ်တွေ ရုန်းကြွလာရင်း

"ခန့်ချောကိစ္စက ဘာမှကြီးမားတဲ့ ပြဿနာကြီး မဟုတ်ဘူး ကိုကို၊ ဒါကို မဟာပြဿနာကြီးလို့ ဝိုင်းကို လာမပြောနဲ့ ဝိုင်းက ကိုကို့ရဲ့ လက်အောက်က ဝန်ထမ်းမဟုတ်ဘူး သိလား"

ဝိုင်းအသံလေးတွေ တုန်ကာ မျက်နှာလေး နီနေမှာတော့ သေချာသည်။ ရင်ထဲမှာဒေါသစိတ်ကလေးလည်း ဆူဝေနေမိတာ အမှန်။

"ဟုတ်တယ် မင်းက ကိုယ့်ရဲ့ဝန်ထမ်းမဟုတ်ပါဘူး ဒါပေမဲ့ မကြာခင်မှာ ကိုယ့်ရဲ့ ဇနီးမယား ဖြစ်လာတော့မယ့်သူမို့ ကိုယ် သဘောမကျတာတော့ ပြောရမှာပဲလေ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့စကားကြောင့် ဝိုင်း ပါးစပ်လေး အဟောင်းသား မင်သက်သွားသည်။

ကိုကို သိနေပြီပေါ့။ ဘွား ဝိုင်းကို အသိပေးပြီးသလို မေးလည်း ကိုကို့ကို အသိပေးလိုက်ပြီးပြီ ထင်သည်။

"ဝိုင်းကိုလည်း ဘွား အသိပေးပြီးလောက်ပြီ ထင်တယ်"

ကိုကိုမေးတော့ ဝိုင်း ရှက်သွေးကလေးစို့ကာ ခေါင်းကလေး ငုံ့သွားခဲ့၏။ ဝိုင်း ဘာမှမပြောနိုင်ခင်မှာဘဲ ကိုကို ထပ်ပြောသည်။

"ဘွားနဲ့မေမေကတော့ ကိုယ်နဲ့ဝိုင်းကို သဘောတူ စီစဉ်နေကြတယ်၊ ဒါ လူကြီးတွေရဲ့ဆန္ဒပေါ့၊ အရေးကြီးတာက ကိုယ်တို့ရဲ့ သီးသန့်ဆုံးဖြတ်ချက်ပါပဲ"

ကိုကို ဘာကိုဆိုလိုတာလဲ။ ဝိုင်း နားမလည် ဖြစ်သွားသည်။ မျက်မှောင်ကလေးကုပ်ကာ ကိုကို့ကို ဝိုင်း မော့ကြည့်မိသည်။

"ကိုယ် ဆိုလိုတာ ဝိုင်းနဲ့ကိုယ် ညှိနှိုင်းဆုံးဖြတ်ခွင့်ရှိတယ်၊ ဒီကိစ္စက ချက်ချင်းကြီး စီစဉ်မှာ မဟုတ်တော့ အချိန်လည်းရတယ်"

ကိုကို့စကားတွေ ဝေ့လည်ကြောင်ပတ် ဖြစ်နေသည်ဟု ဝိုင်း ထင်သည်။ ဝိုင်း ရင်ထဲမှာ မာနစိတ်ကလေး တင်းခနဲ ဖြစ်သွား၏။

"အဲဒီကိစ္စ ဝိုင်းကို ဘွားပြောလို့ သိတယ်၊ ကိုကို ဘာဖြစ်ချင်တာလဲ ပွင့်ပွင့်လင်းလင်း ပြောပါ"





"ရှင်းနေတာပဲကွာ လူကြီးတွေကြောင့် မျက်စိမှိတ် ခေါင်းညိတ်လိုက်တာမျိုး မဖြစ်ချင်ဘူး။ ရေရှည်လက်တွဲပြီး ဘဝတစ်ခုလုံး တည်ဆောက်ကြရမှာက ကိုယ်နဲ့ဝိုင်း၊ ဒီတော့ ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားရမှာပေါ့"

ဝိုင်း မျက်မှောင်ကုပ်ကာ ကိုကို့ကို စူးစူးနစ်နစ် စိုက်ကြည့်နေလိုက်သည်။

"မင်း အရင်ကလို ကလေးဆန်ဆန်နဲ့ ထင်ရာစိုင်းနေလို့တော့ မဖြစ်ဘူး ဝိုင်း၊ ကိုယ့်စကားကို နားထောင်မှဖြစ်မယ်"

"ဝိုင်းက ဘာတွေလုပ်နေလို့လဲ"

"ဘာတွေလုပ်နေသလဲဆိုတော့ အခု ဖြစ်သွားတဲ့ မင်းထက်ခန့် ချောက်စွမျိုးပေါ့ မင်းထင်ရာစိုင်း လုပ်ခွင့်မရှိဘူး"

ဝိုင်း တစ်ခုခုပြန်ပြောလိုက်ဖို့ ကြံစည်ပေမယ့် အခန်းထဲကို လှမ်းဝင်လာသော သစ္စာကြောင့် နှုတ်ဆိတ်နေလိုက်ရသည်။

ကိုကိုက ထိုင်ခုံမှထရပ်ရင်း သစ္စာ ဝယ်လာသော စားစရာတွေကို လှမ်းယူသည်။

"ကျေးဇူးပဲ သစ္စာ"

"သစ္စာ ပြင်ဆင်ပေးရမလား ဆရာ"

"ရတယ် ကိုယ့်အခန်းထဲမှာပဲ စားလိုက်တော့မယ် ဝိုင်း ကိုကို



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်”

နှုတ်ဆက်ပြီး ကိုကို ထွက်သွားသည်။ ဝိုင်း ခွန်းတုံ့မပြန်နိုင်ဘဲ ကျန်ရစ်ခဲ့သည်။

မျှော်လင့်ထားမိတာ ကိုကို့ဆီက ရင်ခုန်စရာကောင်းမည့် စကားတွေဟု ထင်ခဲ့၏။ အခုတော့

ကိုကို့စကားတွေက ဘာလဲ။

ဝိုင်းကို ဖိနှိပ်ချုပ်ချယ်ဖို့ ကြိုးရှယ်နေခဲ့တာလား။ တကယ်ဆို ဖြူပြင်သင့်တာက ကိုကိုပဲ ဖြစ်သည်။

ဝိုင်း နှလုံးသားလေးက အရောင်မဲ့စွာ အဖြူရောင်ပဲ နေထိုင်ပြခဲ့တာ ကိုကို အသိ။

ကိုကို့မှာသာ ချစ်သူလိုလို ရည်းစားလိုလို မိန်းကလေးတွေ ရှုပ်ယှက်ခတ်နေတာ ဝိုင်း အသိ။

ဒါတွေကိုကော ကိုကို ဘယ်လိုပြင်ဆင် ဆင်ခြင်မှာလဲ။ ဝိုင်း စောင့်ကြည့်ချင်သေးရဲ့။

■ ■ ■



## အခန်း (၁၅)

ပြီးခဲ့သော ရက်က ကိုကို့နှင့်ဝိုင်း ကတောက်ကဆ စကားများထားပေမယ့် အရင်ကလို ဝိုင်း ကိုကို့ကို စိတ်ဆိုးစိတ်ကောက်ပြီး စကားမပြောတာမျိုး မလုပ်ဖြစ်ပါ။

မကြာခင် လက်ထပ်ပေါင်းသင်းရတော့မည့် ခင်ပွန်းတစ်ယောက်ဟူသော အသိနှင့် ကိုကို့အပေါ် ဝိုင်း ကလေးဆန်စွာ အနိုင်မယူချင်တော့ဟု ဆုံးဖြတ်ထားခဲ့မိသည်။

ကိုကို့ကို ဝိုင်း ဟိုးငယ်ငယ်ကတည်းက ချစ်ခဲ့တာကိုလည်း ကိုကို သိစေချင်သည်။ ဒါပေမဲ့ ကိုကို့ဘက်က ဖွင့်မပြောမချင်း ဝိုင်းမှာ ပြောပြခွင့်မရှိတာ ခက်သည်။

တနင်္ဂနွေပိတ်ရက်မှာတော့ ကိုကို့နှင့်အတူ အပြင်မှာ လွှတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ရွာ ဆုံတွေ့ခွင့်ကိုတော့ ဝိုင်း တောင့်တမိသည်။ သို့ပေမယ့် စနေနေ့ည အထိ ကိုကို့ဘက်က ဖွင့်ပြောတောင်းဆိုလာတာမျိုး မရှိတော့

တနင်္ဂနွေမနက်မှာ ဝိုင်း ကိုကို့ကို တောင်းဆိုမိသည်။

"ကိုကို ဝိုင်း ဒီနေ့ မြို့ထဲသွားချင်လို့ ကိုကို လိုက်ပို့ပေးပါလား ဟင်"

ဝိုင်း စကားကြောင့် ကိုကို တွေခနဲ ဖြစ်ကာ တုဒင်္ဂတော့ မင်သက်သွားသည်။ ပြီးမှ

"ဝိုင်းကလည်း ကြိုပြောပါလားကွာ၊ ကိုကို ချိန်းထားတာ တစ်ခုရှိလို့ကွ"

ကိုကိုဆိုတော့ ဝိုင်း စိတ်ထဲမှာ ထစ်ခနဲတော့ ဖြစ်ရှသည်။ ဝိုင်းအပေါ်မှာတော့ ကိုကို အရင်ကထက်တော့ လိုက်လျောသင့်သည် ထင်၏။

မကြာခင်မှာပဲ အိမ်ထောင်ဘက်တွေ ဖြစ်ကြတော့မည့်သူ နှစ်ဦးကြားမှာ ကိုကို့ဘက်က လိုက်လျောမှုတော့ ပေးသင့်သည်။ တစ်ဖက်မှာ ဒီလို တနင်္ဂနွေတစ်ရက်သာ ဝိုင်းနှင့်ကိုကို အလုပ်နားခွင့်ရတာလေ။

"ဒီလိုလုပ်ကွာ နောက်အပတ် အားရက်တစ်ရက်ရက်မှပဲ ကိုကို လိုက်ပို့ပေးမယ်"

မရေမရာ ကိုကို့စကားကြောင့် ဝိုင်း အရင်ကလို မကျေမနပ်





စိတ်ကလေး တိုးဝင်လာရင်း

"ဒီနေ့ တနင်္ဂနွေရက်ပဲဟာ ကိုကို ဘယ်သွားစရာရှိလို့လဲ"

"တနင်္ဂနွေရက်ပေမယ့် လုပ်ငန်းကိစ္စချိန်းထားတာ ရှိတာတယ်ကွ၊ ဒါကို ဝိုင်း မသိပါဘူး ကဲ အချိန်မရှိတော့ဘူး ကိုကို သွားတော့မယ် နော် ဝိုင်း နောက်မှကွာ"

တောင်းဆိုမိတဲ့ ဝိုင်းကို ကသောကမျော နှုတ်ဆက်ပြီး ကိုကို အိမ်ထဲက လှမ်းထွက်သွားတော့ ဝိုင်း မကျေမနပ် နှုတ်ခမ်းလေး စူကာ ကျန်ရစ်ခဲ့သည်။

ကိုကို့ရဲ့ ကားလေး မောင်းထွက်သွားတာကိုကြည့်ရင်း ဝိုင်း ရင်ထဲမှာ ဝမ်းနည်းလာမိတာလည်း အမှန်။

ဝိုင်းကို ကိုကို အရေးမစိုက်တာတော့ စိတ်ဆိုးသည်။

တစ်နေကုန် အိမ်မှာနေရင်း ဝိုင်း စိတ်တွေ တိုနေတာ အမှန်။ မနက်ကတည်းက ထွက်သွားသော ကိုကို မနက်စာ ထမင်းစားချိန်လည်း ပြန်မလာတော့ စိတ်က ပိုလို့ မကြည်လင်ချင်တော့ပါ။

အိပ်လို့လည်း မရ၊ စာဖတ်ချင်စိတ်ကလည်း မရှိ။ အရင်လို ဂိမ်းလည်း မကစားချင်တာမို့ အခန်းထဲက ထွက်ခဲ့ရင်း ကိုကို့ရဲ့ အခန်းရှေ့ရောက်တော့ ဝိုင်း ခြေလှမ်းတွေ ကိုကို့အခန်းထဲ လှမ်းဝင်မိသည်။

သင့်တာ မသင့်တာ ဝိုင်း မတွေးတော့ဘဲ ကိုကို့ရဲ့အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကာ ရှိသမျှ စားပွဲအံဆွဲတွေ ဝိုင်း မွှေပစ်မိ၏။

"ဟင်"

စားပွဲအံဆွဲထဲမှာ လွယ်ကူစွာ ထားထားသော ဓာတ်ပုံတွေကို မြင်မိတော့ ဝိုင်း ဒေါသတွေ ပိုလို့မြင့်ထန်သွားခဲ့၏။

ကိုကိုနှင့် ပတ်သက်ခဲ့ဖူးသော မိန်းကလေးတွေ၏ ရောင်စုံ အလှဓာတ်ပုံတွေက ဆယ်ပုံလောက်ရှိသည်။

ပိုဆိုးသည်က ထိုမိန်းမတွေက ဓာတ်ပုံနောက်ကျောမှာ ကိုကို့ အတွက် ရည်စူးရေးထားသော စာတွေကြောင့်ပါပဲ။

"အခင်မင်ရဆုံး ကြိုတိုင်းအတွက်" တဲ့။

"မင်း သတိရတိုင်း ကြည့်ပါ" တဲ့။

"ဘယ်တော့မှ မမေ့ကြေးနော်" တဲ့။

ဝိုင်း သူတို့ရေးထားတဲ့ စာတွေကို ဖတ်ရင်း ဒေါသတွေ တလိပ် လိပ် တက်လာရတာ အမှန်။

"မင်းရဲ့ ထားရ" ဆိုတဲ့ လက်ရေးနဲ့အတူ ထိပ်ထားလို့ လက်မှတ်ထိုးထားတဲ့ ဓာတ်ပုံကို တွေ့ရတော့ ဝိုင်း ပိုလို့တောင် ဒေါသတွေ ဆူဝေလာသည်။

ကိုကို မိန်းကလေး အပေါင်းအသင်းများတာတော့ သိပါသည်။ ဒါပေမဲ့ ဒီမိန်းမကိုတော့ ပိုလို့တောင် ဝိုင်းစိတ်က မကြည်ဖြူပါ။





ကမ္ဘာထိရောက်လာပြီး ကိုကို ကိုယ်တိုင် ကားနားအထိ ပြန်ပို့ ပေးသည့် မိန်းမ။ သစ္စာတော်င် မြင့်ဖူးသည့် မိန်းမ။

တလိပ်လိပ်တက်လာသော ဒေါသတွေနှင့်အတူ ဝိုင်း စိတ်ထဲမှာ သံသယတွေက ပိုလို့ကြီးမားလာ၏။

နံဘေးက ဖုန်းကို လှမ်းယူပြီး ကိုကို့ရဲ့ ဟန်းဖုန်းနံပါတ်ကို ဝိုင်း ဖိနှိပ်ပစ်လိုက်သည်။

ကိုကို အခုချိန် ဘယ်မှာရှိနေသလဲ ဝိုင်း သိချင်သည်။

"ဟဲလို ကိုကိုလား"

"ဘယ်က ကိုကိုလဲ မင်းကြိုတိုင်းကို ပြောတာလား"

တစ်ဖက်က ကြားရသည်က မိန်းကလေးအသံ။ ကိုကို့ရဲ့ ဖုန်းက ဒီမိန်းကလေးလက်ထဲ ဘယ်လိုရောက်နေတာလဲ။

"ဟုတ်တယ် ကိုကို့ဖုန်းက ရှင့်လက်ထဲ ဘယ်လိုရောက်နေတာ လဲ၊ အခု ဆက်နေတာ ဝိုင်း ကိုကို ဘယ်မှာလဲ"

ဝိုင်း ဒေါသတွေနှင့် မာထန်ထန် ပြောပစ်လိုက်သည်။ တစ်ဖက် က တုံ့ပြန်သံက

"တို့နာမည် ထိပ်ထား၊ ကြိုတိုင်း လက်ထဲရိုက်သွားနေတယ် မင်း ဆက်ချင်ရင် ပြန်ခေါ် ဒါပဲ"

ယတိပြတ် ပြောပြီး ဖုန်းကိုပိတ်ပစ်လိုက်တာမို့ ဝိုင်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



တံ့ပြန်ခွင့် မရလိုက်ပါ။

နောက်ထပ် ထပ်ခေါ်လို့မရအောင် ထိုမိန်းမက ဖုန်းကို ပိတ်ပစ်လိုက်တာ ပိုဆိုးသည်။

ဝိုင်းရင်ထဲမှာ ဒေါသတွေ တလှိုက်လှိုက်တက်လာသည်။ ကိုကို့အတွက် အရေးကြီးတဲ့ ကိစ္စဆိုတော့ ဒီမိန်းမနဲ့ ဆုံတွေ့ဖို့တဲ့လား။ ရက်စက်လိုက်တာ ကိုကိုရယ်။

ဝိုင်း မျက်ရည်လေးဝဲရင်း စားပွဲပေါ်မှာ ပြန့်ကျဲနေသည့် ဓာတ်ပုံကို ငုံ့ကြည့်တော့ ထိပ်ထားဆိုသည့် မိန်းမက အလှပဆုံး ပြုံးပြီး ကြည့်နေသည်။

"တောက်"

ဝိုင်း ဒေါသတွေ ဓာတ်ပုံလေးဆီရောက်သွားသော လှမ်းယူပြီး အစိတ်စိတ် အပိုင်းပိုင်း ဆုတ်ဖြဲပစ်လိုက်မိသည်။

ကျန်ရှိနေသော ဓာတ်ပုံတွေလည်း ဝိုင်း ဆွဲယူလွှင့်ပစ်တာမို့ ကိုကို့အခန်းထဲမှာ ပြန့်ကျဲကုန်သည်။

"အဟင့် ဟင့် ကိုကို ရက်စက်တယ်"

ရှိုက်သံတွေနှင့် ဝိုင်း ရေရွတ်ပြီး အခန်းထဲက ပြေးထွက်ခဲ့၏။ ကိုကို အခန်းထဲက ဝိုင်းပြေးထွက်ခဲ့တာကို မထင်မှတ်ဘဲ မြင်တွေ့သွားသည့် မေစံကိုလည်း ဝိုင်း သတိမထားမိပါ။





မေစံကတော့ တအံ့တသြ အထိတ်တလန့်နှင့် ဝိုင်း ပြေးထွက်သွားတာကိုကြည့်ရင်း မင်းကြီးတိုင်း အခန်းဆီသို့ ကသုတ်ကရိုက် လှမ်းဝင်မိသည်။

"ဟင်"

အခန်းထဲမှာ မြင်လိုက်ရသော မြင်ကွင်းကြောင့် မေစံ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ပြန့်ကျဲနေသော ဓာတ်ပုံတွေကို အသာကောက်ယူရင်း မေစံ နားလည်လိုက်သည်။

"အင်း သမီးလေး ဝိုင်း သားကို စိတ်ဆိုးသွားပြီ ထင်တယ်"

ဒေါ်စုစုစံ တစ်ကိုယ်တည်း ရေရွတ်ရင်း မင့်သက်ရှိုက်မိ၏။

သမီးလေး ဒီဓာတ်ပုံတွေ တွေ့သွားကာ သားကို စိတ်ဆိုးသွားခဲ့တာပဲ ဖြစ်မည်။

သားကလည်း သားပါပဲ။ ဘာကြောင့်များ အလွယ်တကူ ထားခဲ့တာလဲ မသိ။

ဘာပဲဖြစ်ဖြစ် သားကိုတော့ သူမ ဆုံးမရဦးမည်ဟု တွေးရင်း . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"အဲဒီဓာတ်ပုံတွေကြောင့် သမီးလေး အတော်စိတ်ဆိုးသွားပုံရတယ်၊ သားအခန်းထဲက ငိုယိုပြီးတော့ကို ပြေးထွက်သွားတာ မေမေမြင်တယ်"

မေမေ့စကားကို နားထောင်ရင်း သူ မြုံးမိသည်။ ဒါကြောင့် ညနေ သူပြန်ရောက်တော့ ဧည့်ခန်းထဲမှာ မျက်နှာချင်းဆိုင် ဆုံမိလျက်နှင့် ဝိုင်း ဘာမှမပြောဘဲ အိပ်ခန်းထဲ ဝင်သွားခဲ့တာ ဖြစ်မည်။

ဝိုင်း မနက်က တောင်းဆိုသည့်ကိစ္စကို သူ မလိုက်လျောတာမို့ ဝိုင်း စိတ်ဆိုးပြခြင်းဟုပဲ သူ ထင်ခဲ့သည်။

"သားကို မေမေ မေးချင်းမယ်၊ အဲဒီ ဓာတ်ပုံတွေထဲက မိန်းကလေးတွေက သားနဲ့ပတ်သက်နေတုန်းပဲလား"





မေမေ့စကားကြောင့် သူ ယုံ့ယုံ့ပြုံးကာ ခေါင်းကို ခါရမ်းပြမိ၏။

"မဟုတ်ရဘူး မေမေရယ် အဲဒါ သားရဲ့ သူငယ်ချင်းတွေပါ၊ ဒီလိုပဲ ခင်မင်တော့လည်း ဓာတ်ပုံတွေ အမှတ်တရ ပေးကြတာပေါ့"

မေမေက သူ့ကို မသက်ာသလို ကြည့်ရင်း

"အင်း ရိုးရိုးသားသားပေးတာဆိုရင်တော့ ပြဿနာ မရှိဘူးလေ၊ ဒါပေမဲ့ ဓာတ်ပုံမှာ စာတွေရေး လက်မှတ်ထိုးထားတော့လည်း သမီးလေး အထင်လွဲနိုင်တာပေါ့ သားရယ်"

"သားဘက်က ရိုးသားပါတယ် မေမေရယ်၊ ဒါကြောင့်လည်း ဘာရယ်မဟုတ်ဘဲ အလွယ်တကူ ထည့်ထားတာပေါ့"

"အရင်က ပြဿနာမရှိပေမယ့် အခုချိန်မှာတော့ သား ဒီလိုမျိုး မလုပ်ပါနဲ့ကွယ်၊ ဘာလို့လဲဆိုတော့ သားနဲ့သမီးတို့က မကြာခင်မှာ အိမ်ထောင်ရှင်တွေ ဖြစ်တော့မှာဆိုတော့ သားဘက်က ဆင်ခြင်ခြင်တော့ နေပါကွယ်"

"ဟုတ်ကဲ့ပါ မေမေ၊ သား သဘောပေါက်ပါတယ်"

သူ ခေါင်းညိတ်နာခံတော့ မေမေ ခေါင်းညိတ်ရင်း စာကြည့်စားပွဲ ထိုင်ခုံက ထရပ်သည်။

"ဓာတ်ပုံတွေ သား အံဆွဲထဲမှာ မေမေ ပြန်ထည့်ပေးထားတယ်သား၊ အရေးမကြီးရင်လည်း သိမ်းမထားပါနဲ့တော့သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဆိုဆုံးမပြီး မေမေ အခန်းထဲက ထွက်သွားခဲ့သည်။ သည့်တော့မှ သူ စာကြည့်စားပွဲမှ အံဆွဲကို ဖွင့်ကြည့်လိုက်၏။

မေမေ အစီအရီ ပြန်သိမ်းဆည်းထားပေးခဲ့သော ဓာတ်ပုံတွေ အံဆွဲထဲမှာ အသင့်တွေ့သည်။

"ဟင်"

အစိတ်စိတ် အပိုင်းပိုင်း ဖြစ်ရတ်ထားသော ထိပ်ထားရဲ့ ဓာတ်ပုံကို မြင်တော့ သူ အံ့ဩသွားမိသည်။ ပြီးမှ သူ့နှုတ်ခမ်းမှာ အပြုံးရိပ်တို့ ထင်ဟပ်သွားခဲ့ရင်း ပိုင်း မျက်နှာလေးကို မြင်မိသည်။

ထိပ်ထားရဲ့ ဓာတ်ပုံကိုမှ ပိုင်း စုတ်ဖြဲထားတာကို သူ နားလည် ပါသည်။

ဓာတ်ပုံတွေကို သူ စာအိတ်ပောင်းတစ်ခုရှာကာ အားလုံးကို စုထည့်လိုက်သည်။ ပြီးတော့မှ အခန်းထောင့်က အမှိုက်ခြင်းထဲ သွား ထည့်ထားလိုက်၏။

ဓာတ်ပုံတွေကိုပဲ မိပိုင်းမြင်တွေ့သွားခဲ့၍ တော်သေးသည်။

ကျောင်းသားဘဝတုန်းက ပတ်သက်ဖူးသော ရည်းစားတွေ ပေးသည့် စာတွေကိုသာ ပိုင်း တွေ့သွားခဲ့လျှင် တကယ် မလွယ်။ ထိုစာတွေ တစ်ထပ်ကြီးကို သူ လွှင့်ပစ်ခဲ့ပြီးတာပဲ တော်ပါသေးရဲ့။

ဘာရယ်မဟုတ်ပါဘဲ ကျောင်းသားဘဝမှာ သူ့ ရည်းစားတွေ





အများကြီးထားခဲ့တာ အပျော်သဘောသာ ဖြစ်သည်။

နှလုံးသားမှာ အချစ်ဆိုတာကိုလည်း သူ လေးနက်စွာ မထားခဲ့ ပါ။ ကျောင်းပြီးသည်နှင့် အားလုံးကို မေ့ပစ်ကာ လုပ်ငန်းထဲမှာပဲ စိတ် အာရုံကို နှစ်မြှုပ်ခဲ့တာ ဖြစ်သည်။

ထိပ်ထားနှင့် အခုချိန်ထိ ပတ်သက် ဆက်နွယ်နေသည်က လုပ်ငန်းကိစ္စတွေကြောင့်ဆိုတာ ပိုင်း မသိ။

ကျောင်းတုန်းက ထိပ်ထားနှင့်သူသည် သူငယ်ချင်းမကျ ရည်းစားမကျ ရှိခဲ့ဖူးသည်။ ကျောင်းပြီးလို့ ပြန်ဆုံတွေ့ချိန်မှာတော့ ထိပ် ထားနှင့်သူသည် လုပ်ငန်းတူ မိတ်ဆွေတွေ ဖြစ်ခဲ့၏။

ဒါတွေကို ပိုင်း မသိတော့လည်း အထင်လွဲမည်ပေါ့။

ဘာပဲဖြစ်ဖြစ် သူနှင့်ပတ်သက်ပြီး ပိုင်း သဝန်တိုတတ်တာ တော့ သူ ကျေနပ်ပါသည်။

ဩော် သည့်လိုကျတော့လည်း ကလေးဆန်စွာ ချစ်စရာ ကောင်းသည့် ပိုင်း. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဘာရယ် သစ္စာ ဝိုင်း ရုံးခန်းထဲမှာ မရှိရအောင် ဘယ်သွားလို့လဲ"

"ဟို ဟို သစ္စာ မသိဘူး ဆရာ၊ ရုံးခန်းကိုတော့ ရောက်လာတယ်၊ သစ္စာကို အလုပ်ကိစ္စတွေ အကုန်မှာပြီး ထွက်သွားတာ သူ ဒီနေ့ ရုံးကိုပြန်မလာတော့ဘူးတဲ့"

သစ္စာ အဖြေကို ကြားတော့ သူ မျက်မှောင်ကြီးကုပ်ကာ အတန်ကြာအောင်တော့ မင်သက်နေမိသေးသည်။

မနက်က ဝိုင်း ကုမ္ပဏီရုံးခန်းကို သူ့ထက် စောစီးစွာ ထွက်သွားခဲ့တာကို သူ သိသည်။ ဓာတ်ပုံကိစ္စကြောင့် ဝိုင်း သူ့ကို စကားမပြောဘဲ စိတ်ကောက်နေတာဟု နားလည်သည်။





မနက် ကော်ဖီဝိုင်းမှာ အတူမဆုံအောင် ဝိုင်း ကြိုးစားနေတာသည်းက မေမေလည်း ရိပ်မိနေခဲ့၏။

"သား ဝိုင်းလေး ကျေနပ်အောင် သား ရှင်းပြလိုက်ဦးလေ၊ အဲဒီ ဓာတ်ပုံတွေ ကိစ္စကော"

"သား အားလုံးကို ရှင့်ပစ်လိုက်ပါပြီ မေမေ"

သူ့ကို ကားနားအထိ လိုက်ပို့ပေးရင်း မေမေ မေးစဉ်က သူ ဖြေတော့ မေမေ ကျေနပ်ဝမ်းသာသွားတာ အထင်အရှား။

"သမီးလေးကို သားချော့မော့လိုက်ပါကွယ်၊ တော်ကြာ အွား ရိပ်မိသွားရင် မကောင်းဘူး"

"ဟုတ်ကဲ့ပါ မေမေ"

မေမေ့ကို ကတိပေးခဲ့ပြီး သူ ကုမ္ပဏီကို ထွက်ခဲ့တော့ ဝိုင်းရဲ့ကားကို ကားပါကင်မှာတွေ့ခဲ့သေးသည်။

ရုံးခန်းမှာ စီစဉ်စရာကိစ္စတွေ စီစဉ် ညွှန်ကြားစရာတွေ ညွှန်ကြားပြီး ဘဏ်မှာ ငွေသွားသွင်းမည့်ကိစ္စကို သူ ကိုယ်တိုင်သွားဖို့ စီစဉ်နေခဲ့သည်။

ဒါက ဝိုင်းနှင့် အေးအေးဆေးဆေးစွာ ဆုံချင်တာကြောင့်ပဲ ဖြစ်သည်။

ဝိုင်းကို ဓာတ်ပုံကိစ္စတွေ ရှင်းပြလိုက်လျှင် နှစ်ဦးကြားမှာ အဆင်ပြေသွားမည်ဟု သူ တွေးထားခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဝိုင်းကိုခေါ်ကာ ဘယ်ကိုသွားမည်ဆိုကာ ရုံးခန်းထဲရောက်တော့ သစ္စာကိုပဲ တွေ့လိုက်ရခြင်း ဖြစ်သည်။

"ဆရာ ဟို ဆရာ ဘာခိုင်းစရာရှိလို့လဲမသိ၊ သစ္စာ လုပ်ပေးပါ့မယ်"

ရုံးခန်းတံခါးဝမှာ သူ အတန်ကြာအောင် မတ်တတ်ကြီး ရပ်နေတာကြောင့် သစ္စာ မဝံ့မရဲ ပြောသည်။ သည်တော့မှ အသိဝင်လာရင်း

"ရတယ် သစ္စာ ဝိုင်းကို ဘယ်ကို ခိုင်းစရာကိစ္စရှိလို့ ချီကိုယ်ကိုယ်တိုင်ပဲ သွားလိုက်တော့မယ်"

ပြောပြီးသည်နှင့် သူ ရုံးခန်းထဲက ပြန်လှည့်ထွက်ခဲ့သည်။ စိတ်ထဲမှာ မတင်မကျ ဖြစ်နေမိသည်ကတော့ အမှန်။

ဘာပဲဖြစ်ဖြစ် ဝိုင်း သွားလာစရာရှိလျှင် သူ့ကိုတော့ တောင်းဆိုသင့်သည်။ နောက်ဆုံး ဖုန်းကလေးဆက် အသိပေးလို့ရသည်။ ဒါကို ဘာမှမပြောဘဲ ထွက်သွားခြင်းက တမင်လုပ်သွားတာ ဖြစ်နိုင်သည်။

ကုမ္ပဏီရုံးခန်းအောက်က ကားစတင်းမှာ ရပ်ထားသော သူ့ကားအနီးရောက်မှ သတိရကာ ဝိုင်းရဲ့ ဖုန်းနံပါတ်လေးကို သူ လှမ်းဆက်သွယ် ခေါ်ကြည့်မိသည်။

"ဟဲလို ဝိုင်းပါ"

ဝိုင်း အသံချိုချိုလေးကို သူ ကြားလိုက်သည်။





"ဝိုင်း ကိုယ်ပါ သစ္စာပြောမှ ဝိုင်း ပြန်သွားတာ သိတယ်၊ အခု အိမ်မှာလား"

"ဩော် ကိုကိုလား။ မဟုတ်ပါဘူး ဝိုင်း အိမ်ပြန်တာ မဟုတ်ပါဘူး။ ဘာကိစ္စရှိလို့လဲ"

"ကိုယ်က ဘယ်သွားရင် မင်းနဲ့အတူသွားမလို့ စိစဉ်ထားတာ"

"ဘယ်သွားတော ကိုကို သွားလို့ရတဲ့ကိစ္စပဲ၊ အခု ဝိုင်း ခန့်ချောနဲ့အတူ ရှိနေတာ"

"ဟင်"

သူ ထောင်းခနဲ ဒေါသတော့ ဖြစ်သွားသည်။ ဒီကောင်နှင့် ဝိုင်း ဘာမှဆုံတွေ့စရာ မရှိပါ။

"ဝိုင်း အခု မင်း ဆိုဒ်လေးထဲမှာပေါ့"

"မဟုတ်ဘူး ကိုကို ဒီနေ့ ခန့်ချော မွေးနေ့မို့ ဝိုင်းကို နေ့လယ်စာကျွေးဖို့ ဖိတ်ထားလို့ပါ၊ ပြီးရင် ဘုရားတက်မယ်၊ အချိန်ရရင် ပလာဇာလည်း သွားဖြစ်မှာမို့ ရုံးခန်းကို ပြန်ရောက်မှာ မဟုတ်တော့ဘူး"

သူ အံကို တင်းခနဲ ကြိတ်ရင်း နားထောင်နေမိပေမယ့် ဘာမှ ချက်ချင်းတုံ့မပြန်နိုင်ပါ။

"ဒါပဲနော် ကိုကို"

သူ ချက်ချင်းတုံ့ပြန် စကားမဆိုနိုင်ခင်မှာဘဲ ဝိုင်း ဖုန်းပိတ်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တောက်"

မင်းကြီးတိုင်း ဒေါသနှင့် တက်ခေါက်မစ်ရင်း ကားတံခါး ဖွင့်တက်လိုက်သည်။

ပြီးတော့ ကားလေးက ရုံးခန်း အဆောက်အဦး ရှေ့မှာ အရှိန်ဖြင့် ဖြေးထွက်သွားသည်။

မိုဝိုင်း တမင် သူ့ကို ပညာပေးသွားခဲ့တာပဲ ဖြစ်သည်။ တနုံ့နုံ့တွေးရင်း တရိပ်ရိပ် တက်လာသော ဒေါသတွေကို တင်းတင်းဆုပ်ကိုင်ထားမိသော ကားစတီယာရင်ဘီးဆီ ပို့ထားမိ၏။

မင်းထက်ခန့်ချော ဆိုသည့်ကောင်နှင့်ပတ်သက်လျှင် မိုဝိုင်းလိုက်လျှော့ပေးနေတာတော့ ခံရခက်သည်။ ငယ်သူငယ်ချင်း မိတ်ဆွေဆိုသော အဆင့်ထက် လွန်နေပြီ ထင်သည်။

နားလည်စွာဖြင့် သူ့ဘက်က လက်ခံကြည့်ဖြေပေးတာကို မိုဝိုင်းအခွင့်အရေး ပိုမိုယူနေတာတော့ မဟုတ်သေးပါ။

ဒေါသစိတ်တွေကို ဘဏ်ရှေ့က ကားပါကင်မှာ ကားလေးထိုးရပ်မိတော့မှပဲ ဖြေလျှော့ပစ်လိုက်မိ၏။

ကားနောက်ခန်းထဲက သားရေအိတ်ကို ဆွဲကာ ဘဏ်ထဲဝင်ခဲ့သည်။ ဘဏ်မှာ ငွေအပ်ပြီးလျှင် ပိုင်းနှင့်အတူ တစ်ဆိုင်ဆိုင်မှာ မနက်စာ





ဝင်စားရင်း စကားတွေ ပြောမည့် စိတ်ကူးတွေက

"ကြီးတိုင်း"

အနောက်မှ ကပ်ပြီးခေါ်သံကြောင့် လှည့်ကြည့်တော့ ထိပ်ထားကို တွေ့ရသည်။

"ဘဏ်လာတာလား ထိပ်ထား"

"ဟုတ်တယ် ကြီးတိုင်း ငွေလာလွှဲတာ ကြီးတိုင်းကော"

"အင်း ကိုယ်လည်း ငွေလာအပ်တာပါ"

ထိပ်ထားက နှုတ်ခမ်းဖူးဖူးလေးတွေ လှပအောင် ပြုံးရင်း

"ချိန်းထားရင်တောင် ဆုံဖို့ခက်တယ်နော်၊ အတော်ပဲ ပြီးရင် တစ်ခုခုစားရအောင်၊ ကြီးတိုင်း အချိန်ရတယ်မို့လား"

ရုံးခန်းကို ညနေမှ ပြန်ဖို့ ရည်ရွယ်ထားပြီးပြီမို့ ထိပ်ထားစကားကို ကြီးတိုင်း ခေါင်းညိတ်လက်ခံမိ၏။

"ခဏလေးစောင့် ထိပ်ထား။ ငွေအပ်ပြီးတာနဲ့ တစ်ခုခု သွားစားတာပေ့ါ"

ထိပ်ထား အပြုံးလေးနဲ့ ခေါင်းညိတ်တော့ ကြီးတိုင်း ငွေသွင်းကောင်တာဆီ ထွက်သွားသည်။

ကြည့်ပြာရောင်ရှပ်နှင့် ဘောင်းဘီနက်ကို ဝတ်ဆင်ထားသော ကြီးတိုင်း တစ်လှမ်းချင်း လျှောက်သွားပုံက စွဲဆောင်မှု ပြည့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူသည်မဟုတ်ပါဘဲ ဝင်းမွတ်နေသော အသားအရည်နှင့် မြင့်မြင့်မားမား အရပ်အမောင်းက ကျစ်လစ်သော ခန္ဓာကိုယ်က လိုက်ဖက်လွန်း၏။ ကျောင်းမှာကတည်းက မိန်းကလေး အတော်များများ နှုတ်မှာ ရေပန်းစားခဲ့သော မင်းကြီးတိုင်း။

ထိုစဉ်တုန်းက ပန်းထိပ်ထားဆိုသော သူမသည်လည်း အလှဘုရင်မတစ်ပါးအဖြစ် ရည်းစားတွေ ထည်လဲတွဲခဲ့ဖူးသည်။

မင်းကြီးတိုင်းနှင့်ဆုံမိတော့ ထိပ်ထားဘဝမှာ အချစ်ဆိုတာကို တန်ဖိုးထား ရင်ခုန်တတ်ခဲ့သည်။

ထိပ်ထားနှင့် ခင်မင်ရင်းနှီးစဉ်မှာပင် ကြီးတိုင်းမှာက လက်ရှိအတွဲဖော် ရည်းစားနှင့်ဖြစ်သည်။ သည်တော့ ထိပ်ထားတို့ မိတ်ဆွေတွေအဖြစ်ပဲ ခင်မင်တွဲဖြစ်၏။

ဝန်တိုတတ်သော ကြီးတိုင်းရဲ့ရည်းစား မိန်းကလေးက ပြဿနာရှာ လမ်းခွဲသွားတော့ ကြီးတိုင်းက တည်ငြိမ်စွာပဲ မတုန်လှုပ်ခဲ့ပါ။

"ထိပ်ထားကြောင့် ယူတို့ ပြတ်သွားတာ စိတ်မကောင်းပါဘူး"

"ပြဿနာ မရှိပါဘူးကွာ၊ မိန်းမဆိုတာ သဝန်တိုတတ်တာ ကိုယ် လက်ခံပါတယ်၊ ဒါပေမဲ့ နေရီရီက သဝန်တိုတာထက် ကိုယ့်ရဲ့ သိက္ခာကို စော်ကားတော့၊ ဒါတော့ ကိုယ် လက်မခံဘူး။ ရည်းစားတွေ ထားရတာလည်း ခေါင်းရှုပ်တာနဲ့ အဆင်ပြေသွားတာပေါ့"





မင်းကြီးတိုင်း နှလုံးသားမှာလည်း အချစ်ကို လေးနက်စွာ မခံစားတတ်သေးမှန်း ထိပ်ထား သိခဲ့ပါသည်။

ရည်းစားများတာ ရှုပ်တာခြင်း တူညီသော သူနှင့်သူမတို့ ကျောင်းပြီးသည်အထိ ခင်မင်ရင်းနှီးစွာ အတွဲမပျက် ရှိခဲ့တာလည်း အံ့သြစရာတော့ ကောင်းသည်။

အားလုံးက သူမတို့နှစ်ဦးကို ချစ်သူရည်းစားတွေဟု ထင်မှတ်ခဲ့ကြ၏။ တကယ်တမ်းကျ အရင်းနှီးဆုံး မိတ်ဆွေတွေအဖြစ်သာ ရှိခဲ့ကြတာ သူမတို့ နှစ်ဦးပဲသိသည်။

"ဟိတ် ထိပ်ထား ဘာတွေတွေးနေတာလဲ"

သူမ အတွေးနှင့်သူမ လွင့်မျောရင်း နံဘေးကို ကြီးတိုင်း ပြန်ရောက်လာတာတောင် မမြင်မိလိုက်ပါ။

"ခြေ့ာ် ကြီးတိုင်း ဘာမှမဟုတ်ပါဘူး၊ ကျောင်းသားဘဝက အဖြစ်တွေ စဉ်းစားမိသွားလို့ပါ အဟင်း"

"ဘာလဲ ရည်းစားဟောင်းတွေ ပြန်သတိရနေတာလား"

မင်းကြီးတိုင်းက နောက်ပြောင်သလိုလေးပြောတော့ ထိပ်ထား သဘောကျစွာ တည်တည်ငြိမ်ငြိမ်လေး ပြုံးမိရင်း

"အင်း ကျောင်းသားဘဝတုန်းက အဖြစ်တွေက ပြန်တွေးရင်း ရယ်စရာလည်းကောင်းတယ်၊ ဘာရယ် ညာရယ် မစဉ်းစားဘဲ လုပ်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေက ကလေးဆန်လွန်းတယ်လေ"

နှစ်ဦးသား ဘဏ်ထဲက ယှဉ်တွဲထွက်လာရင်း ထိပ်ထား တွေးတွေးဆဆလေး ပြောနေတော့ ကြာတိုင်း လက်ခံချင်မိသည်။

ဟုတ်တော့လည်း ဟုတ်သည်။ ထိုစဉ်က အချစ်ဆိုတာ ဘာရယ်မှန်း နှလုံးသားက မသိဘဲ မိန်းကလေးတွေ ထည့်လဲတွဲ။ ခဏကြာတော့လည်း လမ်းခွဲ ပြတ်ဆဲကြနှင့် ပေါ့ပါးခဲ့သည့်အဖြစ်။

"ကြာတိုင်းလည်း ရည်းစားဟောင်းတွေ သတိရသွားမြန်ပြီထင်တယ် အဟင်း ဟင်း"

ထိပ်ထား သူ့ကို လှည့်ကြည့်ပြီး အရယ်လေးစွက်ပြောတော့ သူ ပြုံးမိသည်။

"သတိရတာထက် ကလေးဆန်ဆန် ပြုခဲ့တာတွေကို ထိပ်ထားပြောမှ ပြန်တွေးမိလို့ပါ"

"ကြာတိုင်း ဘာကိုဆိုလိုတာလဲ၊ ကျောင်းသားဘဝတုန်းက ရည်းစားတွေထားခဲ့တာ အချစ်မပါဘူးလို့ ပြောချင်တာလား"

"အင်း ဒါအမှန်ပဲ၊ တဒင်္ဂ ရင်ခုန်တိုင်း အချစ်မဟုတ်ဘူးလို့ ကိုယ် ထင်တယ်၊ ထိပ်ထား လက်ခံသလား"

"အကြွင်းမဲ့ လက်ခံတယ်၊ အချစ်ဆိုတာ ကျောင်းသူဘဝတုန်းက ထိပ်ထား ကြုံဆုံဖူးတာထက် လေးနက်ပါတယ်"





မျက်တောင်ကော့ကြီးတွေ ဝန်းရံထားသည့် မျက်နက်ဝန်းလေးတွေ တောက်ပစွာ ထိပ်ထား ပြောသည်။ အပြစ်ဆိုလို့ မြူတစ်မှုန်မျှ မထင်ရအောင် လှပသော ပန်းထိပ်ထားသည် အလှဘုရင်မဘွဲ့ ပိုင်ဆိုင်နိုင်အောင်ကို ကျောင်းမှာတုန်းက ပေါ်ပြူလာဖြစ်ခဲ့သည်။

လှသော မျက်နှာကို စွဲမက်အောင် ပြင်ဆင်တတ်သော ထိပ်ထားသည် အခုလို ရင့်ကျက်တော့လည်း တည်ငြိမ်စွာနှင့် ခေတ်ဆန်စွာ လှပချောမောဆဲရှိသည်။

"ဘယ်ဆိုင်သွားမလဲ ကြာတိုင်း"

"မနက်စာ စားရင်း အေးအေးဆေးဆေးစကားပြောလို့ရမယ့် ဆိုင်ပေါ့၊ ထိပ်ထား အချိန်ရတယ်မို့လား"

"အင်း ရပါတယ် ကြာတိုင်းရဲ့ ကဲ ကြာတိုင်းရှေ့က သွားပေါ့၊ ထိပ်ထားကားနဲ့ အနောက်က မောင်းလိုက်ခဲ့မယ်"

သူ့ကားလေးကို မောင်းထွက်ခဲ့တော့ ထိပ်ထားရဲ့ ပါရာဒိုကားလေးက အနောက်က ပါလာသည်။

ရုပ်ရည်ကော ငွေကြေးမနေပါ ပြည့်စုံသည့် ပန်းထိပ်ထားသည် ကျောင်းမှာတုန်းကလည်း ချစ်သူတွေ ပိုင်းပိုင်းလည်ခဲ့သူ။

အခုချိန်မှာလည်း ထိပ်ထား ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်အဖြစ် အောင်မြင်သော ဘဝကို ပိုင်ဆိုင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ထိပ်ထားဘဝအတွက် အဖော်မွန်မရှိသေးတာ ဘာကြောင့်လဲဟု သူ စဉ်းစားလို့မရပါ။

ငယ်သူငယ်ချင်းတွေ ပြန်ဆုံချိန်မှာ ကျန်သူအားလုံးက သားတွေ သမီးတွေနှင့် ပျော်စရာ မိသားစု ပိုင်ဆိုင်နေကြတာ များသည်။

သူနှင့်ထိပ်ထားတို့သာ အခုချိန်ထိ တစ်ကိုယ်တည်းဘဝ အဖြစ် ရပ်တည်နေခဲ့ကြတာ ဖြစ်သည်။

အိမ်ထောင်တစ်ခုကို ချစ်ခြင်းမေတ္တာမပါဘဲ မတည်ဆောက်ဟု ရည်ရွယ်ထားမိသော သူ မကြာခင်မှာ ဝိုင်းကို လက်ထပ်ရတော့မည်။

ထိပ်ထားကကော ဘာကြောင့် ခုချိန်ထိ အနာဂတ်ကို မတွေးသေးတာလဲ။ သူ မသိနိုင်တာတော့အမှန်။

■ ■ ■

အစားအသောက်ကောင်းပြီး အေးချမ်းတိတ်ဆိတ်သော သည် ဆိုင်ကလေးကို သူ ရွေးချယ်ခဲ့တာ ဖြစ်သည်။

ထိပ်ထားနှင့်အတူ ခန်းမထဲက စားပွဲဝိုင်းလေးတစ်ဝိုင်းမှာ ဝင်ထိုင်ပြီး သူ့စိတ်ကြိုက် ဟင်းလျာတွေကို မှာသည်။

"ထိပ်ထား ဘာမှာဦးမလဲ မှာလေ"

သူ လှမ်းပေးသော မီနူးကဒ်လေးကို ယူကာ ထိပ်ထားက ဟင်းတချို့ကို ထပ်မှာနေ၏။





သည်အခိုက်မှာပဲ ဆိုင်ထဲကို လှမ်းဝင်လာသော စုံတွဲကို သူ မထင်မှတ်ဘဲ မြင်လိုက်ရသည်။

"ဟင် မိဝိုင်း"

သူ့ကိုလည်း ဝိုင်းက မြင်တွေ့သွားခဲ့သည်။ မျက်ခုံးတန်းတန်းလေးတွေ စုကျုံ့သွားပြီး ထိပ်ထားကို တစ်ချက်ကြည့်၏။ ပြီးတော့ ဝိုင်းဖျတ်ခနဲ အကြည့်လွှဲကာ သူတို့နှင့် အဝေးဆုံးဝိုင်းမှာ သွားထိုင်၏။

သူ့ရင်ထဲမှာ ထောင်းခနဲ ဒေါသထွက်သွားပေမယ့် ထိပ်ထားရှိနေတာမို့ မျိုသိပ်ထားရ၏။

စားပွဲထိုး ချာတိတ်ကို ထိပ်ထား ဟင်းတွေ မှာနေတာမို့ သူ ဖြစ်ပျက်သွားခဲ့တာကို သိလိုက်ပုံမပေါ်ပါ။

ဝိုင်း တမင် သူနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်ပေမယ့် သူ့ကို ယောင်လို့တောင် လှည့်မကြည့်ခဲ့ပါ။

မင်းထက်ခန့်ချော ဆိုသည့်ကောင်နှင့်အတူ တစ်ဝိုင်းတည်း ထိုင်ပြီး ရယ်မောရွှင်ပြနေသော ဝိုင်းကို မြင်တွေ့နေရတာ ခံရခက်လှသည်။

"ကြီတိုင်း စားလေ"

ထိပ်ထားက သူ့ပန်းကန်ထဲကို ဟင်းတွေ ခပ်ထည့်ပေးရင်းဆိုမှ သူ ခေါင်းညိတ်ကာ ငုံ့စားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း အရသာ တွေ့ခဲ့သော ဟင်းတွေက သည်နေ့မှ အရသာ ကင်းမဲ့နေတာ မိုးဝိုင်းတို့ကြောင့်ပဲဆိုတာ သေချာ၏။

ကြည့်လေ သူ ရှိနေတာ သိရက်နဲ့ မိုးဝိုင်း ဟိုကောင့်ပန်းကန် ထဲ ဟင်းတွေ ခပ်ထည့်ပေးနေတာ။ ဘာတွေပြောကာ ဘာတွေ သဘော ကျနေမှန်းမသိ။ ရယ်မောနေတာ ဘယ်လိုမှ ကျေနပ်စရာ တစ်ကွက်မရှိ။

မင်း ငါ့ကို အရွဲ့တိုက်နေတာလား မိုးဝိုင်း။

ရတယ် မင်းကြီးတိုင်းဆိုတဲ့ ကိုယ်က မင်းအရွဲ့တိုက်ပြတိုင်း ပေါက်ကွဲပြရအောင် ချာတိတ်ကလေးမှ မဟုတ်တာပဲ။

"ထိပ်ထား စားနော်"

သူ ထိပ်ထား ပန်းကန်ထဲကို ဟင်းတွေ အပြန်အလှန် ခပ် ထည့်ပေးမိသည်။ မိုးဝိုင်း မမြင်စရာ မရှိ။ တမင်ကို သူ လုပ်ပြလိုက်တာ ပဲလေ။

ရယ်စရာတော့ အကောင်းသား။ မိုးဝိုင်း ချက်ချင်း မျက်စိ မျက်နှာပျက်သွားတာ အထင်အရှား။ မင်းထက်ခန့်ချောဆိုသော ကောင် လေးင် ရိပ်မိသွားကော လှည့်ကြည့်သည်။

သူ မမြင်ယောင်ဆောင်ကာ ဥပေက္ခာပြုလျက် ထိပ်ထားနှင့် ရယ်ရယ်မောမော စကားတွေ ပြောနေလိုက်သည်။

အရင်ဆုံး ဆိုင်ထဲက အရှုံးပေး ရှောင်ထွက်သွားကြတာ မိုးဝိုင်း





နှင့် မင်းထက်ခန့်ချောပဲ ဖြစ်သည်။

မင်းကြီးတိုင်း နှုတ်ခမ်းတွေ ယွဲ့ယွဲ့ကလေး ပြုံးမိပေမယ့် ရင်ထဲ မှာတော့ ခံရခက်ခက် ဖြစ်နေတာ ကိုယ်တိုင်ပဲ သိသည်။

တကယ် မလွယ်ပါလား မိုးဝိုင်းရယ်။ မင်းရဲ့ ကလေးဆန်ဆန် အရွဲ့တိုက်မှုတွေ များယွင်းနေတယ်။

တကယ်ဆို ဒီအချိန်မှာ ကိုယ်တို့ နားလည်မှုတွေနဲ့ ရှိသင့်ရော ပါ။ အခုတော့...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ပိုင်းနှင့်သူ ရှင်းရမည့် ပြဿနာသည် ဘွားနှင့်မေမေတို့ ရှေ့မှာ မဖြစ်ချင်တာမို့ နောက်တစ်နေ့ မနက်ရုံးခန်းကို သူ ပိုင်းထက် စောစီးစွာ ထွက်ခဲ့သည်။

ဒါပေမဲ့ ကားကို ရုံးခန်းသို့ မမောင်းဘဲ သူ ဦးတည်မောင်းခဲ့တာ ကော်ဖီဘားဆိုင်လေးကို ဖြစ်သည်။

ပိုင်းအိမ်က ကားထွက်လာလောက်ပြီဆိုမှ သူ ပိုင်းရဲ့ ဟန်းဖုန်းနံပါတ်လေးကို နှိပ်ကာ ဆက်သွယ်လိုက်၏။

သူ တွေးထင်ထားသည့်အတိုင်း ပိုင်းအိမ်က ထွက်လာစပဲ ရှိသေး၏။

"မိပိုင်း ကိုယ် မင်းနဲ့စကားပြောချင်လို့ (...)ကော်ဖီဆိုင်လေးကို လာခဲ့လို့ဖြစ်မလား"





"ဘာပြောစရာရှိလို့လဲ ကိုကို၊ ရုံးချိန်ကိုးနာရီ ထိုးနေပြီ ရုံးခန်းရောက်မှ ပြောလို့ မရဘူးလား"

သူ ကြိုတွေးထားသည့်အတိုင်း မိပိုင်းဆီက ဆန့်ကျင်ဘက်စကားတွေကို ကြားရသည်။

"ဒီစကားတွေက ရုံးခန်းထဲမှာ ပြောရမယ့် စကားတွေ မဟုတ်ဘူး၊ ပိုင်းနဲ့ကိုယ်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေလေ"

"ကောင်းပြီ ကိုကို သစ္စာဆိ ပိုင်း နောက်ကျမယ့်အကြောင်း ဖုန်းလှမ်းဆက်ဦးမယ်"

ပိုင်းထံမှ ဖုန်းအဆက်အသွယ် ပြတ်တောက်သွားပြီး ဆယ်မိနစ်လောက်အကြာမှာ ကော်ဖီဆိုင်ကလေးရှေ့ကို ပိုင်းရဲ့ကားလေး ရောက်လာသည်။

သူ စိုင်နေသည့် ပိုင်းဆီကိုပဲ ပိုင်း တန်းတန်းမတ်မတ် လှမ်းလျှောက်ဝင်လာပြီး မျက်နှာချင်းဆိုင် ထိုင်ခုံလေးမှာ ဝင်ထိုင်၏။

"ပိုင်း ဘာစားမလဲ"

"တင့်အင်း ပိုင်းစားခဲ့ပြီးပြီ၊ ကိုကို ပြောစရာရှိတာ ပြောပါ ဘာကိစ္စလဲ"

မိပိုင်း တမင် မသိဟန်ဆောင်ပေးတာကို သူ သိသည်။ ကော်ဖီသောက်ချိန်ကို သူ မော့သောက်နေတော့ တိတ်ဆိတ်စွာပဲ နားထောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မနေ့က မင်းနဲ့မိုကောင် စားသောက်ဆိုင်ထဲ အတူဝင်လာတာ ဘာသဘောလဲ မိဝိုင်း"

ဝိုင်း နှုတ်ခမ်းလေးတွန့်ကာ ပြုံးသည်။ ပြီးမှ သူ့ကို မျက်ခုံးလေးတွေ စုကျုံ့ ရင်ဆိုင်ကြည့်ရင်း

"ခန့်ချောမွေးနေ့အတွက် မနက်စာကျွေးလို့ စားတာပါ၊ ပြီးတော့ ဘုရားသွားတယ်၊ ညနေ ပလာဇာဝင်ပြီး ခန့်ချောအတွက် မွေးနေ့လက်ဆောင် ဝယ်ပေးတယ်၊ ဘာဖြစ်လို့လဲ"

မေးပုံက မထီတရီမို့ သူ ဒေါသတွေကို ပွင့်ထွက်မလာအောင် မနည်းမျိုသိပ်ထားရသည်။

"ဘာဖြစ်ရမှာလဲ မိဝိုင်း မင်းနဲ့ငါက မကြာခင် လက်ထပ်တော့မယ့်သူတွေလေ၊ မင်း ဒီလို တခြားယောကျ်ားနဲ့ တွဲသွားနေတာ ငါက မမြင်ဟန်ဆောင်နေရမှာလားကွ"

ဝိုင်း ဟက်ခနဲ အသံလေးထွက်ရယ်တော့ သူ ရှူးရှူးရှားရှား ဒေါသတွေ ပွင့်ထွက်လာ၏။

"ဘာရယ်တာလဲ ဝိုင်း။ မင်း ကိုယ့်ကို လှောင်တာလား"

"မဆိုင်ပါဘူး ဝိုင်းကို ကိုကို ချုပ်ကိုင်နေတာကို ရယ်ချင်လွန်းလို့ပါ"

"ဘာကွ"





"ဟုတ်တယ်လေ ဝိုင်း ခန့်ချောနဲ့ သွားတာ ရိုးသားတယ်၊ ပြီးတော့ ဝိုင်းနဲ့ခန့်ချောက ကျောင်းမှာကတည်းက ခင်မင်ကြတဲ့ သူငယ်ချင်းတွေ"

"ဒါဆို မင်း ငါ့ကိုတောင် ဘာလို့ မနှုတ်ဆက်ရဲတာလဲ ဝိုင်း"

"အဟင်း ကိုကို နှုတ်ဆက်စေချင်မှန်း မသိလို့ပါ၊ နံဘေးက ညှို့သည်အတွက် အနှောင့်အယှက်ဖြစ်မှာစိုးလို့ အဟင်း"

"ဝိုင်း ကိုယ့်ကို မရိုနဲ့၊ ထိပ်ထားက ကိုယ့်မိတ်ဆွေ ပြီးတော့ ကျောင်းမှာကတည်းက ခင်မင်ကြတာ၊ လက်ရှိလည်း သူက ကိုကိုနဲ့ စီးပွားဖက်တွေလို့ ပြောလို့ရတယ်"

သူ ဖြေရှင်းပြသမျှကို ဝိုင်း ပြုံးယဲ့ယဲ့လေး ငေးစိုက်ကြည့်နေသည့် မျက်နက်ဝန်းတွေက လှောင်ရိပ်တို့ မပြယ်သေးပါ။

"မင်း မယုံရင် စုံစမ်းကြည့် ဝိုင်း၊ ကိုယ့်ကို အဲဒီလို လှောင်သောင်တောင် မကြည့်နဲ့"

"ကိုကို့ဘာသာ ဘလိုင်းကြီးပေါက်ကွဲနေတာနော်၊ ဝိုင်း ဘာမှမေးဘူး"

"အေး ကိုယ်ကတော့ မေးစရာရှိတာ မေးရမှာပဲ မင်းနဲ့ခင်းထက်ခန့်ချောက ဘာလဲ၊ ပွင့်ပွင့်လင်းလင်း ပြော"

"ဘာကိုပြောရမှာလဲ ပြောပြီးပြီလေ ဝိုင်းတို့က ကိုကိုတို့လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတွေပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် မင်းဘက်က ဆင်ဆင်ခြင်ခြင်တော့နေသင့်တယ် ဝိုင်း"

"ဘုရားရေ ဝိုင်းတို့က ဘာဖြစ်နေလို့လဲ၊ ကိုကိုတို့လိုပဲ ရိုးရိုးသားသား စားသောက်ဆိုင်ထိုင်တာလေ၊ ကိုကို ပြောသလို ပြောစတမ်းဆို ဝိုင်းလည်း ပြန်မေးခွင့်ရှိတာပဲ"

"မေးပါ မင်း ကြိုက်တာမေး၊ ကိုယ် အမှန်ဖြေဖို့ ဝန်မလေးဘူး"

ဝိုင်း မျက်နှာကို စူးစိုက်ကြည့်ရင်း သူ ပြောမိသည်။ ဝိုင်းကလည်း သူ့မျက်နှာကို စူးစူးလေး စိုက်ကြည့်သည်။

"ခန့်ချောနဲ့ဝိုင်း ခင်မင်နေလို့ မသင့်ဘူးဆိုရင် ကိုကိုကတော့ ဝိုင်းရှေ့မှာ သူစိမ်းမိန်းမနဲ့ တွဲနေတာ ဝိုင်း မြင်မြင်ကြီး ကြည့်နေရမှာလား ပြော"

ဝိုင်း အသံစူးစူးလေးနှင့်ပြောတော့ သူ ခေါင်းကို ခါရမ်းရင်း

"မဟုတ်ဘူး ဝိုင်း၊ မင်း ထင်သလို လုံးဝ မဟုတ်ဘူး။ အဲဒီနေ့က ကိုကိုတို့ ဘဏ်ထဲမှာ မထင်မှတ်ဘဲ ဆုံကြတာ၊ တကယ်ဆို အဲဒီနေ့က ဝိုင်းနဲ့အတူ ဘဏ်သွားမလို့ သစ္စာဆီ ဖုန်းဆက်တော့မှ ဝိုင်းနဲ့ခန့်ချောကိစ္စ သိတာ"





သူ ရှင်းပြတော့ ဝိုင်းမျက်နှာ နီမြန်းမြန်းလေး အရောင်ဖျော့ကာ နှုတ်ဆိတ်နေသည်။

"ကိုယ် ပြောမယ် ဝိုင်း။ ဝိုင်းနဲ့ကိုယ့်ကိစ္စကို ဘွားနဲ့မေမေ စီစဉ်ထားတာကို ဝိုင်း မငြင်းပယ်ခဲ့သလို ကိုယ့်ဘက်ကလည်း မငြင်းခဲ့ဘူး။ ဒီတော့ ကိုယ်တို့ကြားမှာ နားလည်မှုတစ်ခုတော့ ရှိသင့်တယ်"

သူ့စကားတွေကို ခွန်းတုံ့မပြန်ဘဲ ဝိုင်း နားထောင်နေမှ သူ ဆက်ပြောသည်။

"ဝိုင်းနဲ့ကိုကိုက တကယ့်မောင်နှမတွေလို နေထိုင်လာခဲ့ကြတာဆိုတော့ မေမေ့ရဲ့ အစီအမံကို ကြားတော့ ကိုကို ချက်ချင်းလက်ခံလို့ရတာ အမှန်ပဲ၊ ဒါပေမဲ့ ဘွားနဲ့မေမေတို့ ဆန္ဒတွေကို ကိုကို မဖျက်ဆီးချင်ဘူး"

"ကိုကို ဘာကို ဆိုလိုချင်တာလဲ"

ဝိုင်း မချိုသိပ်နိုင်တော့ဘဲ မေးမိသည်။ တည်ငြိမ်စွာ ကြည့်နေသည့် ကိုကို့မျက်ဝန်းတွေထဲကိုလည်း ဝိုင်း မခန့်မှန်းတတ်ပါ။

"လူကြီးတွေရဲ့ဆန္ဒကို ကိုယ် လက်ခံခေါင်းညိတ်ပြီးပြီ၊ ဝိုင်းကိုလည်း ကိုကို သံယောဇဉ်ရှိတယ်၊ ဒါကို နားလည်ရင် ဝိုင်း ကိုကို့ကို ဆန့်ကျင်အရှုံးပေးတဲ့ကိစ္စမျိုး မလုပ်ပါနဲ့"

ဟင့်အင်း ဝိုင်း ကြားချင်တာ ဒီစကားမဟုတ်ဘူး ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



ဘွားတို့ မေစံတို့ကြောင့် လက်ခံလိုက်တာဆိုတဲ့ စကားထက် ကိုကို့ရင်ထဲက အချစ်ကို ဝိုင်း ပိုင်ဆိုင်ချင်တာပါ။

"ကဲ ကိုကိုတို့ ပြန်စို့ ဝိုင်း၊ ဒီနေ့ ညေ့သည်တွေနဲ့ တွေ့ပြီ ကိုကို ချိန်းထားတယ်"

ဝိုင်း ရင်ထဲက စကားတွေကို ပြောခွင့်မရခဲ့သလို ပြောဆိုခွင့်လည်း ကိုကို မပြုခဲ့ပါ။

ဝိုင်းရဲ့ နှလုံးသားကို အရုပ်ကလေးတစ်ရုပ်လို ကိုကို ထင်မှတ်နေခဲ့သည်လား။

ဝိုင်း ဝမ်းနည်းလိုက်တာ ကိုကိုရယ်။

■ ■ ■



အခန်း (၁၉)

"သမီးလေးနဲ့ မောင်ကြီးတိုင်းကို ဘွား စေ့စပ်ပေးချင်တယ်"

သည်လောက်အထိ ဘွား မြန်ဆန်စွာ စီစဉ်လိမ့်မည်ဟု ထင်မှတ်မထားမိတာမို့ ဝိုင်း အံ့သြသွားမိ၏။

မနက်ခင်း ကော်ဖီဝိုင်းမှာ ဘွားပြောလိုက်တာမို့ ကိုကိုလည်း အံ့သြသွားပုံနှင့် မော့ကြည့်သည်။

မေစံကတော့ တည်ငြိမ်စွာပဲ ကော်ဖီကို မော့သောက်နေသည်။ သည်ကိစ္စမှာ ဘွားက မေစံကို ပြောပြထားသည်တော့ သေချာနေသည်။

"ဘွားက အရင်ဆုံး စေ့စပ်ထားပေးချင်တယ်၊ လက်ထပ်ပွဲကိုတော့ ပြီးမှ ခမ်းခမ်းနားနား ကျင်းပပေးမယ်၊ မြေးတို့နှစ်ယောက် သဘောတူမယ်လို့ ဘွား ယုံတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘွားကတော့ သူ့ဆန္ဒအတိုင်း ပြောကာ ပိုင်းကို လှမ်းကြည့်သည်။ ပိုင်း ခေါင်းကလေးငုံ့ကာ ကော်ဖီကို မှုတ်သောက်နေလိုက်ပေမယ့် ရင်ခုန်နေခဲ့တာ အမှန်။

"သား ဘွားမေးနေတာ ဖြေလိုက်ဦးလေ"

မေစံက ကိုကို့ကို လှမ်းမေးတာမို့ ပိုင်း ဖျတ်ခနဲ ကိုကို့မျက်နှာကို မော့ကြည့်မိသည်။

ကိုကို အံ့ဩရိပ်တွေကို ဟန်ဆောင်ဖုံးကွယ်ရင်း

"ဟို အဲ သား ငြင်းစရာ မရှိပါဘူး ဘွား။ ဟို ဒါပေမဲ့ ဝုန်းဝုန်းဒိုင်းဒိုင်းကြီးဆိုတော့ အလောတကြီး ဆန်နေသလားလို့"

ကိုကို့စကားကို ဘွားက နားလည်စွာ ခေါင်းညိတ်လက်ခံဟန်ပြသည်။ ပြီးမှ စားပွဲပေါ်က လက်သုတ်ပဝါကို လှမ်းယူကာ နှုတ်ခမ်းတွေကို သုတ်လိုက်ရင်း

"ဟုတ်တယ် မြေး ဘွား အစီအစဉ်က အလောတကြီး စီစဉ်ဖို့ မရှိပါဘူး၊ ဒါပေမဲ့ အခြေအနေက ဖြစ်လာပြီလေ၊ ဘွားနဲ့ သမီးမေစံတို့ မရှိဘဲ ဒီအိမ်မှာကျန်ရစ်ခဲ့မယ့် သားနဲ့သမီးလေးအတွက် အခုလို စီစဉ်လိုက်ရတာကွဲ့"

ဘွား စကားကြောင့် ပိုင်းကိုယ်တိုင်တောင် မျက်လုံးလေး ဝိုင်း ကာ မနေနိုင်တော့ဘဲ မေးမိ၏။





"ဟင် ဘွားနဲ့မေစံက ဘယ်သွားကြမလို့လဲ"

"ဒီလထဲမှာ ဘွားတို့ အမေရိကား သွားကြမလို့ မြေးရဲ့၊ ဟိုက သမီးလေးအန်ကယ်က ဘွားကို လာခဲ့ဖို့ လှမ်းခေါ်နေပြီ"

အမေရိကားမှာနေသော အန်ကယ် ဦးမြတ်တင်က ပိုင်း ဖယ်ဒီရဲ့ညီတစ်ဝမ်းကွဲ တော်သည်။ အန်ကယ်မြတ် မြန်မာပြည်မှာ နေစဉ်တုန်းကတော့ ပိုင်းတို့မိသားစုနှင့် ရင်းနှီးခင်မင်သည်။

အန်ကယ်မြတ်က ဆရာဝန်ကြီးမို့ ဘွားရဲ့ကျန်းမာရေးကအစ စောင့်ရှောက်ပေးခဲ့သူပါပဲ။

အိမ်ထောင်ကျပြီးချိန်မှာ အန်ကယ်မြတ်တို့ အမေရိကားကို ပြောင်းရွှေ့သွားခဲ့ကြတာ ဖြစ်သည်။

"အဓိကကတော့ အလည်သဘော ဆိုတာထက် ဘွားရဲ့ ကျန်းမာရေးအတွက်ပဲ၊ ဘွား နှလုံးမကောင်းလို့ ခဏ ခဏ ချူချာတတ်တာ မြေးအသိပဲ၊ အခု မောင်မြတ်တင်က ဟိုကို လာခဲ့ပါတဲ့ ဘွား ကျန်းမာရေးကို သူ တာဝန်ယူသတဲ့လေ"

"မေမေခိုင်တစ်ယောက်တည်း သွားမှာကို မေစံ စိတ်မချဘူး သမီး၊ ဒါကြောင့် လိုက်သွားဖို့ ဆုံးဖြတ်လိုက်တာ"

မေစံကပါ ဘွားစကားကို ဖြည့်စွက်ပြီး ဝင်ပြောတော့ ပိုင်း ဘာမှမပြောနိုင်ဘဲ ကိုကို့ကို လှမ်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလည်း နှုတ်ဆိတ်စွာနှင့် ငြိမ်သက်နေ၏။

"ဘွားနဲ့သားမေမေပါ လိုက်ခဲ့မှာဆိုတော့ ဒီမှာ မြေးတို့နှစ်ယောက်တည်း ကျန်ခဲ့မှာ စိတ်မချဘူး။ အထူးသဖြင့် မြေးလေးပိုင်းကိုပဲ ဒါကြောင့် သားတို့ကို စေ့စပ်ပေးခဲ့မှာ၊ သားက သမီးလေးပိုင်းကို စောင့်ရှောက်ပေးပါ"

ခါတိုင်းဆိုလျှင် ဘွား စကားတွေကို ပိုင်း ခွန်းတုံ့ပြန်ကာ ပြောမိမှာ မလွဲ။ အခုတော့ မထင်မှတ်သော အစီအမံတွေကြောင့် ပိုင်း ဘာမှမပြောနိုင်ဘဲ ငြိမ်သက်နေ၏။

"ဘယ်လိုလဲ မြေး။ ဘွား စကားကို မြေးတို့ လက်ခံတယ် မဟုတ်လားဟင်"

"ဟုတ်ကဲ့ သားမငြင်းပါဘူး ဘွား"

ငြင်းပယ်ရခက်လောက်အောင် အခြေအနေမို့ ကိုကို ခေါင်းညိတ်လိုက်တာလား။ ပိုင်း အကဲခတ်ကြည့်မိသည်။ ကိုကို့မျက်ဝန်းတွေက ခန့်မှန်းရခက်လွန်းတာ အမှန်။

"ဒါဆိုရင်တော့ ဘွား ဝမ်းသာတယ် မြေး။ သမီး မေစံလည်း ကျေနပ်မယ် ထင်ပါရဲ့"

ဘွားက အပြုံးရိပ်တွေ ဝေနေသော အကြည့်နှင့် မေစံကို ကြည့်ကာ လှမ်းမေးသည်။ မေစံက ခေါင်းညိတ်ပြုံးရင်း





"မေမေနိုင် အစီအစဉ်တွေကို သမီး ငြင်းစရာမှ မရှိဘဲ မေမေ ရယ်၊ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ"

"ကိုင်း ဒါဆို ဘွားရဲ့မြေးလေးကကော လက်ခံတယ်နော်"

ပိုင်း မျက်နှာလေး မဖော်ရဲလောက်အောင် ထူပူရှိန်းမြှေ့ကာ ဘွား စကားကို ခေါင်းညိတ်ပြမိသည်။

"အင်း ဒါဆိုရင် ဘွားတို့ မသွားခင် တစ်ပတ်အလိုလောက်မှာ စီစဉ်တာပေါ့"

ဘွားနှင့်မေစံက အဆင်ပြေ ငြိမ်းချမ်းစွာ ပြီးဆုံးသွားသည့် စေ့စပ်ပွဲကိစ္စအတွက် အနိုင်းမဲ့ကျေနပ်နေခဲ့တာ ဖုံးဖိမရ။

ကိုကို့ရဲ့ ခံစားမှုအရိပ်ကိုပဲ ပိုင်း အကဲခတ်မတတ်ခဲ့တာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ကိုကို့ကို ပိုင်ဆိုင်ရမယ်ဆိုတဲ့ အသိက ဘယ်လောက် ကြည်နူးစရာကောင်းသလဲ။

ကိုကို့ကို ပိုင်း အဲဒီလောက်အထိ ချစ်ခဲ့တာပါ ကိုကိုရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဘွား အစီအစဉ်ကို ကိုကို လက်ခံလိုက်တာ ဝိုင်း နားလည်ပါတယ်နော်"

နှစ်ဦးဆုံမိသည်နှင့် ကိုကို ပြောလာတော့ ဝိုင်း ရှက်စိတ်မပြယ်နိုင်သေးဘဲ ခေါင်းကလေး ညိတ်မိ၏။

"အခြေအနေက ဝိုင်းကော ကိုကိုပါ ငြင်းဆန်ရခက်နေတာ ဝိုင်း သိမှာပါ၊ ဘွားက သူ အမေရိကား မသွားခင် စီစဉ်ချင်နေတာကိုး"

ကိုကို ဘာတွေပြောနေတာလဲ ဝိုင်း နားမလည်နိုင်တော့ပါ။ ကိုကို့စကားတွေက ငြင်းရခက်၍ ခေါင်းညိတ်ခဲ့သည့်သဘောလား။

"အမှန်ပြောရရင် ကိုကို့ဆန္ဒက ဒီလို အလောတကြီး မစီစဉ်စေချင်ဘူး ဝိုင်း၊ ဝိုင်းနဲ့ကိုကို့ကြားမှာ သံယောဇဉ်ဆိုတဲ့ အရာတစ်ခုပဲ





နှောင်တွယ်နေသေးတာ"

ဒါ အခိုင်မာဆုံး နှောင်ကြိုးတစ်ခုပဲ မဟုတ်ဘူးလားဟု ဝိုင်း မေးလိုက်ချင်ပေမယ့် မမေးဖြစ်ပါ။ ကိုကို့စကားတွေကိုပဲ ဆက်နားထောင်မိ၏။

"သေတဲ့အထိ အတူလက်တွဲသွားကြရမယ့် အိမ်ထောင်ရေးမှာ သံယောဇဉ် တစ်ခုတည်းနဲ့ မလုံလောက်သေးဘူးလို့ ကိုကို ထင်တယ်၊ ဒီထက် လေးနက်တဲ့ အရာတွေ လိုအပ်တယ် ဝိုင်း"

ကိုကို ဆိုလိုတာ အချစ်တဲ့လား။ ဝိုင်းရဲ့ နှလုံးသားက ကိုကို့ကို ချစ်နေတာ ကိုကို မသိဘူးလား။

ကိုကို မေးလာခဲ့ရင်တောင် ဝိုင်း ဖြေဖြစ်မှာပါ။ အခုတော့

"အင်းလေ ဝိုင်းနဲ့ကိုကိုနဲ့ အတွေးအခေါ် တူချင်မှ တူလိမ့်မယ်၊ ထားပါတော့ အခုလည်း စေ့စပ်တာမို့ ကိုကို ခေါင်းညိတ်လိုက်တာ လက်ထပ်ကြမှာ မဟုတ်သေးဘူး၊ ကိုကိုနဲ့ဝိုင်းတို့အတွက် အချိန်တွေ ရှိပါသေးတယ်"

"ကိုကို ဘာအချိန်တွေကို ပြောတာလဲ ဟင်"

ဝိုင်း နားမလည်နိုင်စွာ တုံ့ပြန်မေးတော့ ကိုကို တည်ငြိမ်စွာပဲ ကြည့်ရင်း

"တစ်ယောက်ကိုတစ်ယောက် လေ့လာ အကဲခတ်ဖို့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



တွေပေါ့ကွာ။ ဒါမှ ဘယ်သူမှ နှောင်မှ နှောင်တရစရာ အဖြစ်မျိုး မကြုံရမှာလေ"

ဝိုင်း မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်ရင်း ကိုကို့စကားအဓိပ္ပါယ်တွေကို အဖြေရှာနေဆဲမှာ ကိုကို နာရီကို ငုံ့ကြည့်ရင်း

"ဒီကိစ္စတွေ နောက်မှဆွေးနွေးကြတာပေါ့၊ ကိုကို အလုပ်ကိစ္စ သွားစရာလေး ရှိသေးတယ်၊ ရုံးခန်းကို ဆယ်နာရီလောက်မှ ရောက်မယ် ဝိုင်း။ ကဲ ကိုကို သွားမယ်"

စကားဖြတ်ကာ ကိုကို ဧည့်ခန်းထဲက လှမ်းထွက်သွားသည်။

ကိုကို့ရဲ့ စကားတွေကို ဝိုင်း တကယ်ပဲ နားမလည်နိုင်ခဲ့တာပါ။ တကယ်ဆို ဝိုင်းရင်ထဲက ဆန္ဒတွေကို ကိုကို ပွင့်လင်းစွာ မေးသင့်သည်။

ပြီးတော့ ကိုကို့ရင်ထဲက ခံစားချက်တွေကို ဝိုင်းသိအောင် ဖွင့်ဟသင့်သည်။

အခုတော့ ပဟေဠိဆန်လွန်းသော စကားတွေနှင့်သာ ဝိုင်းကို ရင်မောအောင် ကိုကို ပြုသွားခဲ့သည်။

ဝိုင်းကိုပဲ ကိုကို မယုံကြည်တာလား။ ဒါမှမဟုတ် ကိုကို့မှာ ဝိုင်းမဟုတ်သော ရည်ရွယ်ထားသူ ရှိနေခဲ့တာလား။

တွေးရင်း ဝိုင်း အာရုံထဲမှာ မြင်ယောင်မိတာ ပန်းထိုးထားဆိုတဲ့ မိန်းမမျက်နှာ။





ငေးကြည့်လောက်အောင် ချောတာ ဝိုင်း လက်ခံပါသည်။ ပြီးတော့ ကိုကို့လိုပဲ ဗိသုကာဘွဲ့ရ အင်ဂျင်နီယာတစ်ဦး။ အောင်မြင်သော ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်။

ကျောင်းမှာတုန်းကတည်းက ကိုကို့နှင့် ဇာတ်လမ်းတွေ ရှိခဲ့သည်လား။

သံသယတွေက ကိုကို့ရဲ့ စကားတွေကြောင့်ပဲ ဝိုင်း ရင်ထဲကို အလိုလို ဝင်ရောက်လာခဲ့တာ ဖြစ်သည်။

ကိုကိုရယ် ဝိုင်းကို မနှိပ်စက်ပါနဲ့။

ဝိုင်း နှလုံးသားက ကိုကို တစ်ယောက်တည်းကိုပဲ မြတ်နိုးခဲ့တာပါ။

ကိုကို ဘယ်လောက်ပဲ ရည်းစားတွေ အများကြီး ထားခဲ့ပါစေ ကိုကိုနဲ့ဝိုင်းရဲ့ နှောင်ကြိုးလို မခိုင်မြဲဘူးလို့ ယုံကြည်ခဲ့တယ်။

ယုံကြည်ပါရစေ ကိုကိုရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဝိုင်းရဲ့ ရုံးခန်းထဲအထိ ခန့်ချော ရောက်လာတော့ ဝိုင်း အံ့သြသွားမိသည်။ ဝိုင်းရဲ့ အလုပ်စားပွဲအထိ တန်းတန်းမတ်မတ် လျှောက်လာသော ခန့်ချောရဲ့ အသွင်ကတော့ မြင်တွေ့နေကျအတိုင်း အမြဲရှင်းသန့်နေသည်။

အပြာရင့်ရင့် စပို့ရှပ်ကို အနက်ရောင် ဂျင်းဘောင်းဘီနှင့် တွဲဖက်ဝတ်ဆင်ထားတာမို့ ဝင်းဝါစိုပြေသော အသားရောင်က ပေါ်လွင်နေ၏။

"အံ့သြသွားလား ဝိုင်း"

အပြုံးရိပ်တို့ လွှမ်းသော မျက်ဝန်းတွေနှင့် စိုက်ကြည့်ရင်း ခန့်ချော မေးသည်။





"အင်း ဘယ်က လှည့်လာတာလဲ ခန့်ချော၊ ထိုင်လေ၊ တစ်ခါမှ မလာဘူးတော့ အံ့သြနေတာပါ"

"မနက်က ဝိုင်းဆီ ကြိုပြီး ဖုန်းဆက်မလို့ပဲ၊ အံ့သြသွားစေချင်လို့ တမင် မဆက်တာပါ၊ ကိုမင်းကြီးတိုင်း ရုံးခန်းကိုလာတာ ဝိုင်းရဲ့"

ကိုကို့ရုံးခန်းကို လာသည်ဆိုတော့ လုပ်ငန်းကိစ္စအတွက်ဟု ဝိုင်း သိလိုက်သည်။

"ဟုတ်လား ဘာကိစ္စလဲ ခန့်ချော"

"ဆိုဒ်လေးက ကိုယ်တို့ဆောက်နေတဲ့ အဆောက်အဦး ပြီးဆုံးမှု လုပ်ငန်းအခြေအနေမေးလို့ ရီပို့လာတင်ပေးတာပါ"

"ကိုကိုနဲ့ တွေ့ခဲ့တယ်မို့လား ခန့်ချော"

"မတွေ့ခဲ့ဘူး ဝိုင်း အပြင်သွားတယ်တဲ့၊ နေ့လယ်မှပြန်ရောက်မယ်ဆိုလို့ ရီပို့ပဲတင်ပြီး ပြန်လာခဲ့တာ၊ ဝိုင်းနဲ့တွေ့ချင်လို့ ဒီကိုဝင်လာတာလေ"

"ဒါဆို အေးဆေးထိုင်ဦးလေ ခန့်ချော၊ ဘာသောက်မလဲ၊ ကော်ဖီလား အအေးလား ပြော ဝိုင်း စီစဉ်ပေးမယ်"

ခန့်ချော ခေါင်းကလေးကို ခါရမ်းပြသည်။ ပြီးမှ ဝိုင်းကို ပြုံးပြုံးလေး စိုက်ကြည့်ရင်း

"ဆိုင်မှာ တစ်ခုခုစားရင်း စကားပြောရအောင်နော် ဝိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ချော စကားကြောင့် ပိုင်း တွေခနဲ ဖြစ်သွားသည်။ ကိုကို သိလျှင် ကြိုက်သော ကိစ္စကို ပိုင်း ရှောင်ချင်သည်။

"ဒီအနီးအနားက ဆိုင်တစ်ဆိုင်မှာ ထိုင်ကြတာပေါ့ ပိုင်းရယ်၊ ကိုယ် ပိုင်းကို ပြောစရာလည်း ရှိလို့"

ပိုင်း ငြိမ်းရခက်နေသည်။ စားပွဲပေါ်က စာရင်းဖိုင်တွေကို ပိုင်း ငုံ့ကြည့်ပြီး

"ဒီနေ့ လချုပ်စာရင်းတွေ ဖြတ်နေရလို့ ပိုင်း မအားတာ အမှန်ပဲ ခန့်ချော"

ခန့်ချော မျက်နှာလေး ညှိုးကျသွားသည်။ သည်လိုဆိုတော့လည်း ပိုင်း သနားမိသည်။ ပိုင်းထက်စာလျှင် အရာရာနိမ့်ကျသော ခန့်ချောက အမြဲတမ်း သိမ်ငယ်တတ်တာ အမှန်။

"ခဏလေး ဖြစ်ဖြစ်လိုက်ခဲ့ပါလားဟင် ပိုင်း"

ခန့်ချော ထပ်ပြီးတောင်းဆိုနေတော့လည်း ပိုင်း မငြင်းရက်တော့ပါ။ စားပွဲမှ ထရပ်ရင်း သစ္စာကိုလည်း လှမ်းမှာ၏။

"သစ္စာ ငါ ခဏလိုက်သွားဦးမယ်၊ ဒီရှေ့က ဆိုင်ကလေးပဲ"

"ဟုတ်ကဲ့ မမပိုင်း"

ပိုင်း ခန့်ချောနှင့်အတူ ရုံးခန်းထဲက ထွက်ခဲ့သည်။ ကိုကို ရုံးခန်းထဲမှာ မရှိတာမို့ ပြဿနာတော့ မရှိပါ။ ပြီးတော့ ပိုင်းဘက်က





မရိုးသားသောကိစ္စမှ မဟုတ်ဘဲ။

ကုမ္ပဏီ အဆောက်အဦးနှင့် သိပ်မဝေးလှသော ဆီချက်ဆိုင်ကလေးမှာ ခန့်ချောနှင့်အတူ ထိုင်ဖြစ်ကြသည်။

ခန့်ချောက ဆီချက်တစ်ပွဲ မှာသည်။ ပိုင်းက အအေးပဲ မှာဖြစ်သည်။ ခန့်ချော မျက်ဝန်းတွေက ပိုင်းကို ငေးရီစွာ စိုက်ကြည့်နေတာမို့ ပိုင်း မော့ကြည့်ရင်း

"ခန့်ချော ပြောစရာရှိလို့ဆို ဘာပြောမလို့လဲ ပြောလေ"

ခန့်ချောမှာ အခက်အခဲ ပြဿနာ ရှိနေသည်ထင်၍ ပိုင်း မေးလိုက်မိသည်။ ခန့်ချော ခေါင်းကိုငုံ့ရင်း တိတ်ဆိတ်နေသည်။

အမြဲတမ်း မပွင့်မလင်း ရှိတတ်သည့် ခန့်ချောကို ပိုင်း စာနာသည့်စွာနှင့် စောင့်ပေးနေလိုက်၏။

အတန်ကြာမှ ခန့်ချော ပိုင်းကို မော့ကြည့်သည်။ ခန့်ချော မျက်ဝန်းတွေက ရွှန်းလဲ့နေသည် ထင်မိသည်။

"ပိုင်း"

"ပြောပါ ခန့်ချော"

"ဟိုလေ ကိုယ် ဒီစကားကို ပြောဖို့ အတော်အားယူခဲ့ရတာပါပဲပါတယ်၊ ပိုင်း စိတ်ဆိုးမှာလည်း ကြောက်မိတယ်"

"ဟင်"

၏



www.burmeseclassic.com

www.burmeseclassic.com



ခန့်ချော စကားနှင့် အမူအရာတွေကို မြင်ရုံနှင့် ဝိုင်း နားလည်လိုက်မိတာ အမှန်။ ကျောင်းမှာကတည်းက ဝိုင်းကို ခန့်ချော အရိပ်လို ရှိနေတတ်ခဲ့တာတွေကို ဝိုင်း မေ့မထားသင့်မှန်း အခုမှ နားလည်မိတော့သည်။

"ခန့်ချော"

"ဘာလဲဟင် ဝိုင်း"

"ခန့်ချော ဘာမှမပြောခင် ဝိုင်း အသိပေးပါရစေ၊ ဝိုင်း စကားကို ခန့်ချော အရင် နားထောင်ပေးပါနော်"

ခန့်ချော မျက်နှံထူထူကြီးတွေ တွန့်ကွေးကာ ဝိုင်းကို နားမလည်နိုင်စွာ ကြည့်သည်။

"တခြား မဟုတ်ဘူး ခန့်ချော၊ နောက်တစ်ပတ်မှာ ဝိုင်းနဲ့ကိုကိုတို့ရဲ့ စေ့စပ်ပွဲရှိတယ်"

"ဟင် ဘယ်လို ဝိုင်း ကိုမင်းကြွယ်ဝိုင်းနဲ့ ဟုတ်လား"

ခန့်ချော မျက်နှာ နီမြန်းသွားကာ အံ့ဩထိတ်လန့်သည့် မျက်ဝန်း တွေနှင့် မယုံနိုင်စွာ မေးသည်။

"ဟုတ်တယ် ခန့်ချော၊ ကိုကိုနဲ့ဝိုင်းတို့ စေ့စပ်ဖြစ်ကြလိမ့်မယ် မင်္ဂလာပွဲကျရင်တော့ ခန့်ချောကို ဖိတ်ဖြစ်မှာပါ"

ခန့်ချော ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်သွားခဲ့သည်။ ဝိုင်း ပင့်သက်





မောကိုပဲ ရှိုက်မိသည်။

မျှော်လင့်ချက်တွေနှင့် ခန့်ချောကို မရစ်နှောင်ထားချင်ပါ။ ပြီးတော့ ဝိုင်း ရင်ထဲမှာ အမြဲတမ်းရှိခဲ့တာ ကိုကို တစ်ယောက်တည်း။

ဒါကို ခန့်ချော သိပါစေတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

အမေရိကားခရီးစဉ်အတွက် ဗီဇာကိစ္စ၊ လေယာဉ်ခရီးစဉ်ကိစ္စတွေ စီစဉ်ပြီးသည်နှင့် ဘွားနှင့်မေစံတို့က စေ့စပ်ပွဲကိစ္စကို စီစဉ်ပေးခဲ့သည်။

ဘွားက အသိမိတ်ဆွေ လူကြီးတချို့နှင့် ရှေ့နေကြီးတွေ ရှေ့မှောက်မှာပဲ ဝိုင်းနှင့်ကိုကိုတို့ စေ့စပ်ပွဲလေးကို စီစဉ်ပေး၏။

သခွားနုရောင် ထက်အောက်ဆင်တူ ဝတ်စုံကလေးနှင့် ဝိုင်းရင်တသိမ့်သိမ့် လှိုက်ခုန်နေခဲ့မိသလို ကိုကိုသည်လည်း နို့နှစ်ရောင် တိုက်ပုံနှင့်အညီမှာ ချည်ဖြူ ခရေပွင့်လေးတွေ ရက်ဖောက်ထားသော ဝတ်စုံနှင့် ခန့်ညားနေ၏။

ဘွားမျက်နှာက ပီတိတွေနှင့် တည်ငြိမ်စွာ ပြုံးနေသလို မေစံ





ကလည်း ယှဉ်တွဲထိုင်နေသော ဝိုင်းနှင့်ကိုကိုတို့ကို ကြည့်ကာ တစိမ့်စိမ့် ကျေနပ်နေတာတော့ သေချာသည်။

ရှေ့နေကြီး ဦးသာကောင်းက စေ့စပ်ပွဲမှာ ဩဝါဒစကား ခြွေသည်။

"အင်း မင်္ဂလာရှိတဲ့ အချိန်အခါလေးပါပဲ၊ ဒေါ်မေမေခိုင်ရဲ့ မြေးမလေး ဝိုင်းစုမြတ်နိုးနဲ့ ဒေါ်စုစုစံတို့ရဲ့ သား မောင်မင်းကြဲတိုင်းတို့ရဲ့ စေ့စပ်မင်္ဂလာပွဲလေးမှာ အခုလို ဂုဏ်သရေရှိ လူကြီး ပုဂ္ဂိုလ်တွေ ရှေ့မှောက်မှာ အသိအမှတ်ပြု စေ့စပ်ပွဲလေး ဖြစ်မြောက်ခဲ့ပါပြီ၊ စာချုပ်စာတမ်းတွေနဲ့ လက်ထပ်ပွဲလေး မဟုတ်ပေမယ့် ဒါဟာလည်း မင်္ဂလာတစ်ပါးပါပဲ၊ ဒီပွဲကို အားလုံးကိုယ်စား ကျွန်တော် အသိအမှတ်ပြုပါတယ်"

ဧည့်ခန်းထဲက လူကြီးပုဂ္ဂိုလ်တွေအားလုံး အမြီးတွေနှင့် လက်ခုပ်ဩဘာပေး ဂုဏ်ပြုတော့ ဘွား မျက်နှာဝင်းပကြည်လင်သွားသည်။

ပြီးတော့မှ ဘွားက ထိုင်ခုံမှ ထရပ်ရင်း

"ဒီနေ့ စေ့စပ်ပွဲကို အသိအမှတ်ပြု စေ့စပ်လက်စွပ်လေးကို ကျွန်မကိုယ်တိုင် ဧည့်သည်များ ရှေ့မှောက်မှာ မြေးလေးတို့ကို ဆင်မြန်းပေးပါရစေ"

ဘွားဆိုတော့ မေစံက စားပွဲပေါ်က လက်စွပ်နှစ်ကွင်း ထည့်ထားသော ငွေလင်ပန်းလေးကို ယူကာ ထရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းနှင့်ကိုကို အလိုက်တသိ မတ်တပ်ထရပ်ပေးလိုက်သည်။

ဘွားက မေစံ ကိုင်ထားသော လင်ပန်းထဲက ယွန်းဘူးလေးကို ကိုယ်တိုင် ဖွင့်သည်။

စိန်ပွင့်လေးတွေ ဖြာလှဲနေသော စေ့စပ်လက်စွပ်တွေကို ဘွားကိုယ်တိုင် ဝိုင်းနှင့်ကိုကိုတို့ လက်တွေမှာ ဆင်မြန်းပေး၏။

"ဟောဒီ စေ့စပ်လက်စွပ်လေးတွေကို မြေးလေးတို့ အမြဲ ဆင်မြန်းထားပြီး တစ်ယောက်ကိုတစ်ယောက် ချစ်ချစ်ခင်ခင် သစ္စာရှိကြပါလို့ ဘွားက ပြောချင်တယ်ကွယ့်"

"ဟုတ်ကဲ့ပါ ဘွား"

ကိုကိုနှင့်ဝိုင်း တပြိုင်နက်ထဲ ခေါင်းညိတ်ဖြေလိုက်ကြသည်။ စေ့စပ်ပွဲ အခမ်းအနားလေးမှာ ဘွားက ကြွရောက်လာသူတွေကို ညနေစာ ထမင်းဝိုင်းဖြင့် ဧည့်ခံကျွေးမွေးသည်။

ဧည့်သည် ဆယ်ယောက်ကျော်မျှသာ ဖြစ်ပေမယ့် ဝိုင်း ရင်ထဲမှာ ကျေနပ်ကြည်နူးခြင်းတို့နှင့် ဖုံးလွှမ်းနေခဲ့သည်။

ကိုကိုနှင့်အတူ ယှဉ်တွဲထိုင်ရင်း ပြီးဆုံးခဲ့သော စေ့စပ်ပွဲလေးက ဝိုင်းအတွက် အိပ်မက်ဆန်သော အိပ်မက်လှလှလေး မက်နေရသလိုပါပဲ။

ဧည့်ပရိသတ်တွေ ပြန်သွားတော့ ဘွားနှင့်မေစံကို ဝိုင်းနှင့်ကိုကို





ထိုင်ကန်တော့ဖြစ်ကြသည်။

"မြေးနဲ့သားကို အခုလို မြင်ရတာ ဘွား ကြည်နူးလိုက်တာ၊ ဘွားပြန်လာတာနဲ့ အခမ်းနားဆုံး မင်္ဂလာပွဲကြီး စီစဉ်ပေးပါ့မယ်"

ဘွားက ကြည်နူးအပြုံးတွေနှင့် ကတိပေးသည်။ မေစံသည်လည်း မျက်ရည်လေးတွေ ဝဲအောင် ငေးကြည့်နေရင်းက

"မေမေတို့ မိသားစုလေး ဥမကွဲသိုက်မပျက် ဆက်ရှိနေကြတဲ့အတွက် မေမေ ပြောမပြတတ်အောင် ဝမ်းသာပါတယ် သားရယ်၊ မေစံရဲ့ သမီးလေးကိုလည်း မေစံ ကျေးဇူးလည်းတင်တယ်၊ ချစ်လည်း ချစ်ပါတယ် သမီးလေးရယ်"

ဘွား ကိုယ်တိုင်လည်း ဆင်မြန်းပေးထားသော စေ့စပ်လက်စွပ်လေးကို ငုံ့ကြည့်ရင်း ဝိုင်း အနိုင်းမဲ့ ပျော်နေမိတာပါ ကိုကို။

ဒါပေမဲ့ ဝိုင်း အရမ်းကြားချင်လှတဲ့ ကိုကို့ရဲ့ နှုတ်က စကားတွေတော့ ကြားခွင့်မရသေးတာ ဝိုင်းအတွက် မပြည့်စုံသေးသလိုပါပဲ။

ဘာပဲဖြစ်ဖြစ် ကိုကို့ရဲ့ နှုတ်က စကားတွေကို ဝိုင်း တစ်နေ့တော့ ကြားရမယ်လို့ ယုံကြည်ဆဲပါ ကိုကို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဝိုင်းတို့ စေ့စပ်ပွဲအတွက် ကိုယ် ဂုဏ်ယူပါတယ် ဝိုင်း"

ရှုံးခန်းအထိရောက်လာကာ ခန့်ချော စေ့စပ်ပွဲအတွက် ဂုဏ်ယူစကား ပြောလာတော့ ဝိုင်း အားနာမိပြန်သည်။

ခန့်ချော ရင်ထဲက ခံစားချက်တွေကို မြင်သိခဲ့ပြီမို့ ဝိုင်း စိတ်မကောင်းတာ အမှန်။ တကယ်ဆို ကိုကို့ကို အရွဲ့တိုက်ကာ ခန့်ချောနှင့် အတူသွား အတူလာ ပြုခဲ့မိတာ ဝိုင်း အသုံးချသလို ဖြစ်သွားခဲ့သည်လား။

"ကျေးဇူးတင်ပါတယ် ခန့်ချော၊ စေ့စပ်ပွဲဆိုတော့ ဘယ်သူ့မှ မဖိတ်ဖြစ်ဘူးလေ၊ မင်္ဂလာပွဲကျရင်တော့ ခန့်ချောကို ဖိတ်ပါ့မယ်"

ဝိုင်း အလိုက်သင့် ပြောမိတော့ ခန့်ချော ပင့်သက်လေးရှိုက်ကာ ပြုံးပြသည်။ အပြုံးရိပ်တွေ အသက်မဲ့နေတာ သိပေမယ့် ဝိုင်း မသိဟန်ဆဲ





ဆောင်နေလိုက်သည်။

"ကိုယ် မဖြစ်မနေ လာမှာပါ ဝိုင်း၊ ဘာပဲဖြစ်ဖြစ် ဝိုင်းက ကိုယ့်ရဲ့ ငယ်သူငယ်ချင်း မိတ်ဆွေပါ၊ ပြောရရင် ဝိုင်းရဲ့ကျေးဇူးကြောင့် ကိုယ် အလုပ်အကိုင်နဲ့ အဆင်ပြေနေတာပါ"

ခန့်ချောရဲ့စကားတွေကို ကြားတော့ ခန့်ချောရဲ့ ဖြူစင်သော စိတ်ဓာတ်ကို ဝိုင်း လေးစားမိပြန်သည်။

"ရပါတယ် ခန့်ချောရယ်၊ ခန့်ချောကို ဝိုင်းရဲ့ အကောင်းဆုံး မိတ်ဆွေတစ်ယောက်လို့ ဝိုင်း အမြဲတမ်း သတ်မှတ်ထားပါတယ်"

"ကျေးဇူးတင်တယ် ဝိုင်း၊ ကိုယ် အခုလာတာ ကိုမင်းကြီးတိုင်း ခေါ်လို့လေ"

"ဟုတ်လား ကိုကိုနဲ့ တွေ့ပြီးပြီလား ခန့်ချော"

"တွေ့ပြီးပြီ ဝိုင်း၊ ဟိုတလောက ဝိုင်းကို ပြောပြထားတဲ့ ဆိုဒ်လေးက ကွန်ဒိုအိမ်ရာကိစ္စလေ၊ ကိုယ်နဲ့ကိုကြီးတိုင်း အငြင်းအခုန် ဆွေးနွေးခဲ့ကြရသေးတယ်"

"ဘာတွေဖြစ်လို့လဲ ခန့်ချောရဲ့"

"ပြဿနာက သတ်မှတ်ရက် သုံးလအတွင်းမှာ ကိုယ့်အောင်အောင် မပြီးစီးနိုင်ဘူး။ အဲဒီအတွက် ကိုမင်းကြီးတိုင်း စိတ်ဆိုးနေတယ်"

ခန့်ချောနှင့်ကိုကို့ပြဿနာဆိုတော့ ဝိုင်း မနေနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ချောဘက်က ဘာပြဿနာတွေ ရှိနေလို့လဲ၊ ဆိုဒ်လေးက အဲဒီအဆောက်အဦးက သုံးလနဲ့ပြီးပြတ်ရမယ့် စီမံကိန်းပဲလေ"

"ဟုတ်ပါတယ် အင်း ပြောရရင် ကိုယ့်အမှားလည်း ပါတယ်၊ အလုပ်သမားခေါင်းဆောင်က အပြောင်းအလဲ ဖြစ်သွားတော့ လုပ်ငန်းတွေ ကြန့်ကြာကုန်တာ အမှန်ပဲ"

ဝိုင်း ခေါင်းရှုပ်သွားမိသည်။ ခန့်ချော တောင်းဆို၍ ဆိုဒ်လေးက အလုပ်သမားခေါင်းဆောင် ကိုမင်းစိုးကို ဆိုဒ်သုံးမှ ခေါင်းဆောင် ဦးတောက်ထိန်နှင့် လဲလှယ်ပေးခဲ့သည်။

ထိုတုန်းက ကိုကိုနှင့်ဝိုင်းတောင် အချေအတင် စကားတွေ များခဲ့ရသည်။

"ဒုက္ခပါပဲ ခန့်ချောရယ်၊ ခန့်ချော စိတ်တိုင်းကျ ဝိုင်း စီစဉ်ပေးခဲ့တာပဲလေ၊ ဒါတောင် ထပ်ပြီး ပြဿနာ ထပ်ဖြစ်တယ်ဆိုတော့ ဘယ်လိုလုပ်မလဲ"

ဝိုင်း ညည်းညည်းညူညူလေး ပြောတော့ ခန့်ချော စိတ်ညစ်ညူးသလို ဆံပင်တွေထဲ လက်ချောင်းတွေ ထိုးနှိုက်ဖွပစ်၏။

"ဟုတ်ပါတယ် ဝိုင်း ကိုယ်ဝန်ခံပါတယ်၊ ကိုယ်လည်း အင်ဂျင်နီယာတစ်ယောက်ဆိုပေမယ့် လုပ်ငန်းအတွေ့အကြုံမရှိတော့ မလွယ်ဘူးလေ၊ နောက်ထပ်ရောက်လာတဲ့ အလုပ်သမား ခေါင်းဆောင် ဦးတောက်





ထိန်နဲ့ ဆိုဒ်လေးက အလုပ်သမားတွေ အဆင်မပြေဘူး။ တစ်ယောက်နဲ့ တစ်ယောက် တွယ်ကပ်ကြတော့ အလုပ်တွေ နှောင့်နှေးကုန်တာပေါ့"

ခန့်ချော ရှင်းပြတာကို ဝိုင်း နားထောင်ရင်း စိတ်ပျက်မိသည်။ တကယ်ဆို တာဝန်ခံ မန်နေဂျာ ရာထူးနှင့် အင်ဂျင်နီယာဖြစ်သော ခန့်ချောမှာပဲ တာဝန်အပြည့်ရှိသည်ပဲ။

အခုတော့ ခန့်ချောက ပြဿနာတွေကိုပဲ ညည်းညူပြတော့ အခက်။

"ကိုယ် ဝိုင်းကိုညည်းပြနေတာ မဟုတ်ပါဘူး၊ ကိုယ် မှားတာလည်း ဝန်ခံပါတယ်"

"ခန့်ချော ကိုယ်တိုင် ကိုကို့ကို တောင်းပန်ပြီး အခြေအနေတွေ တင်ပြသင့်တယ် ထင်တယ်"

"ကိုယ် ရှင်းပြတယ်၊ ကိုကြီးတိုင်းက လက်မခံဘူး၊ သတ်မှတ်ထားတဲ့ သုံးလအတွက် ရက်ကလည်း တစ်လတောင် မလိုတော့ဘူး။ [illegible]ကိုလည်း အကူအညီ မတောင်းချင်တော့ပါဘူး။ ကိုကြီးတိုင်းက ကိုယ့်ကို အလုပ်ဖြုတ်ရင်လည်း ကိုယ် ခံရတော့မှာပေါ့"

ခန့်ချော မျက်နှာငယ်လေးနှင့်ပြောတော့ ဝိုင်း စိတ်မကောင်းဖြစ်မိ၏။ အလုပ်ကို တိကျစွာ လုပ်တတ်သော ကိုကိုကတော့ ခန့်ချော အကြောင်းချက်ကို ခွင့်ပြုလက်ခံမှာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ခန့်ချော် စိတ်ကြိုက် အလုပ်သမား ခေါင်းဆောင်ကအစ ပြောင်းလဲပေးခဲ့ပြီးပြီ။ ဒါတောင် ခန့်ချောဘက်က တာဝန်မယူနိုင်ခဲ့သည့် ကိစ္စက။

"ကဲ ကိုယ်ပြန်တော့မယ် ပိုင်းရယ်၊ ကိုယ် အလုပ်က ထွက်ရရင်လည်း ပိုင်း ကျေးဇူးကို သတိရနေမှာပါ၊ ကိုယ့်ကံကိုက ဆိုးတာပါ"

ခန့်ချောကိုကြည့်ရတာ စိတ်ဓာတ်ကျနေပုံမို့ ပိုင်း မိတ်ဆွေတစ်ဦး စိတ်ဓာတ်နှင့် ဥပေက္ခာမပြုရက်ပါ။

"နေဦး ခန့်ချော ဒီကိစ္စ ကိုကို့ကို ပိုင်း ဆွေးနွေးကြည့်ဦးမယ်"

"လွယ်ပါ့မလား ပိုင်းရယ်"

"တစ်ခုခုတော့ အဆင်ပြေအောင် ပိုင်း စီစဉ်ပေးပါ့မယ်၊ ဘာပဲဖြစ်ဖြစ် ခန့်ချော ဒုက္ခမရောက်စေချင်ဘူး"

ရင်ထဲက စေတနာစိတ်နှင့် ပိုင်း ပြောတော့ ခန့်ချော ပိုင်းကို ငေးစိုက်ကြည့်နေခဲ့သည်။ ပြီးမှ

"ကျေးဇူးတင်ပါတယ် ပိုင်း"

အားကိုးမျက်ဝန်းတွေနှင့် ခန့်ချော ထွက်သွားတော့ ပိုင်း ပင့်သက်ရှိုက်ရင်း ကျန်ရစ်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ကိုကို့ကို ဆုံတွေ့က ခန့်ချော ဘက်က ပိုင်း ရပ်တည်ပေးချင်တာ မိတ်ဆွေကောင်းတစ်ယောက်ရဲ့ စိတ်နဲ့ဆိုတာ ကိုကို





နားလည်လက်ခံစေချင်သည်။

■ ■ ■

"နေစမ်းပါဦး ပိုင်း ဘာဖြစ်လို့ ပိုင်း ခန့်ချောကိစ္စကို လာပြောနေရတာလဲ"

"အထင်မလွဲပါနဲ့ ကိုကို၊ ပိုင်းက ခန့်ချော အခက်အခဲကို မိတ်ဆွေကောင်းတစ်ဦးလို ကူညီပေးချင်တာပါ"

ပိုင်း လေသံကို အနူးညံ့ဆုံး သိမ်မွေ့စွာ ပြောတော့ ကိုကို ဒေါသတွေကို ပင့်သက်ရှိုက် မျိုသိပ်လိုက်ပုံရ၏။

"ကောင်းပြီ အဲဒီကိစ္စ ကိုကို ရှင်းပြတာ မင်းအရင်နားထောင်ပေးပါ ပိုင်း"

ပိုင်း ခေါင်းကလေးညိတ်ကာ ငြိမ်သက်နေလိုက်သည်။ ကိုကိုက တည်ငြိမ်စွာနှင့်ပဲ ခန့်ချော ပြဿနာတွေကို ချပြသည်။

"ဆိုဒ်လေးက ကွန်ဒိုအိမ်ရာ စီမံကိန်းက နောက် လေးလအတွင်း အပြီးဖြတ်ရမှာ၊ သတ်မှတ်ရက်အတွင်း လွဲချော်မှုဖြစ်ခဲ့ရင် ဆုံးရှုံးရမယ့် ငွေကြေးက သိန်းထောင်ချီတယ်ဆိုတာ ပိုင်းအသိ၊ ငွေကြေး ခိုင်းထားဦး ကိုကိုတို့ကုမ္ပဏီသိက္ခာ အောင်မြင်မှုတွေပါ ကျဆင်းထိခိုက်နိုင်တယ်၊ ပြောရရင် မင်းထက်ခန့်ချောကို ကိုကို မယုံလို့ ပြောတာ ဒုက္ခလိုလ်ရေးကြောင့် မဟုတ်ဘူး၊ လုပ်ငန်းအတွေ့အကြုံ မရှိသေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ စကားရပ်က ဝိုင်းကို ကြည့်သည်။ ဝိုင်း ခွန့်တုံ့မပြန်ဘဲ ငြိမ်သက်နေမှ ဆက်ပြောသည်။

"ဝိုင်းရဲ့ မိတ်ဆွေဆိုတာကြောင့် ကိုကို လက်ခံပေးလိုက်တယ်၊ အစအဆုံး တာဝန်ယူရတဲ့ လုပ်ငန်းကြီးကိုတောင် မခိုင်းဘဲ နှစ်လလောက် တာဝန်ယူ ဖြတ်ရင် ပြီးမယ့် လုပ်ငန်းမှာ တာဝန်ယူခိုင်းတယ်၊ အခုသူ့ရဲ့ လုပ်ငန်းပြီးစီးမှု ရီးပို့စ်ကို ကိုကို ယူကြည့်တော့ နောက်တစ်လနဲ့တောင် ကျန်တဲ့အပိုင်းတွေ ပြီးမှာ မဟုတ်ဘူး"

"ဝိုင်း၊ သိပြီးပြီ ကိုကို၊ အလုပ်သမားကိစ္စ"

"ခဏလေး ဝိုင်း၊ အဲဒီ အလုပ်သမားကိစ္စမှာလည်း ကိုယ်နဲ့ ဝိုင်းတို့ အတိုက်အခံဖြစ်ခဲ့သေးတယ်လေ၊ ဆိုဒ်တစ်ခုက အသားကျ အတွဲညီနေတဲ့ အလုပ်သမား ခေါင်းဆောင်ကို ခန့်ချောက သူနဲ့ဆက်ဆံရေး မပြေလည်လို့ လဲလှယ်ချင်တယ်လေ၊ အခုတော့ ဆိုးကျိုးက ရှင်းနေပြီ၊ သူ ကတိပေးထားတဲ့အတိုင်း သုံးလအတွင်း မအပ်နိုင်ဘူး၊ အဲဒါ ဘယ်သူ့မှာ တာဝန်ရှိသလဲဆိုတာ ဝိုင်း တွေးကြည့်လေ"

"ဝိုင်းသိပါတယ် ကိုကို၊ ခန့်ချောလည်း သူ့အပြစ်ကို ဝန်ခံပါတယ်၊ ဝိုင်း ကိုကို့ကို ပြောချင်တာက ကိုကို အလုပ်ထုတ်လိုက်ရင် ခန့်ချော ဒုက္ခရောက်မှာ စိုးလို့ပါ"

ဝိုင်း စကားကြောင့် ကိုကို ပင့်သက်ရှိုက်ကာ ဝိုင်းကို ကြည့်နေ





ခဲ့၏။ ပြီးမှ

"သူငယ်ချင်း မိတ်ဆွေအပေါ် စာနာပေးတတ်တဲ့ ဝိုင်းရဲ့ စိတ်ဓာတ်ကိုတော့ ကိုကို လေးစားပါတယ်"

ကိုကို့စကားက ဝိုင်းကို လှောင်သံစွက်နေသည်လား ဝိုင်း အကဲခတ်ကြည့်ပေမယ့် ကိုကို မျက်နှာက တည်ငြိမ်နေသည်။

"ခန့်ချောကိစ္စကို ကိုကို အကောင်းဆုံး စဉ်းစားပေးမယ် ဝိုင်း။ တစ်ခုခုတော့ စီစဉ်ပေးမယ်၊ ဒါဆို ဝိုင်း ကျေနပ်ပြီလား"

"ဟုတ်ကဲ့ ကိုကို"

ကိုကို့ရဲ့ ကတိစကားကို ဝိုင်း ယုံပါသည်။ ဘာပဲဖြစ်ဖြစ် ခန့်ချောအတွက် ကိုကို စီမံပေးတာကို ခန့်ချော နားလည်လာနိုင်မည် ထင်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

လေယာဉ်ကွင်းအထိ ဘွားနှင့်မေစံကို လိုက်ပို့ပေးရသော နေ့က ဝိုင်း မျက်ရည်လေး ရစ်ဝဲမိတာ အမှန်။

တကယ်ဆို ဘွားကို ဝိုင်း တစ်ခါမှ ခွဲဖူးတာ မဟုတ်။ ဒယ်ဒီ မရှိတော့ကတည်းက ဘွားနှင့်မေစံတို့ အရိပ်အောက်မှာ ဝိုင်း နေထိုင်ခဲ့ရတာ ဖြစ်၏။

"သမီးလေး မျက်ရည်ဝဲနေတာလား"

ဝိုင်း မျက်နှာကို အရိပ်ကြည့်နေသော ဘွားမေးတော့ ဝိုင်း မျက်တောင်ကြီးတွေ ပုတ်ခတ်ကာ မျက်ရည်စတွေကို သိမ်းဆည်းကြည့်သည်။

သည်တော့မှပဲ မျက်ရည်တွေက ပေါက်ခနဲ လိမ့်ဆင်းလာ၏။





"အို မငိုပါနဲ့ သမီးလေးရယ်၊ ဘာဖြစ်လို့လဲ မေစံကို ပြောပါဦး"

မေစံက ဝိုင်း၊ ပခုံးလေးကို ပွေ့ဖက်ကာ စိုးရိမ်စွာ မေးသည်။

"ဝိုင်း ဘွားနဲ့မေစံကို မခွဲနိုင်ဘူး၊ ဝိုင်း ရင်ထဲမှာ ဝမ်းနည်းလာလို့ပါ မေစံရယ်"

"အို သမီးရယ် တစ်သက်လုံး ခွဲသွားတာမှ မဟုတ်တာဘဲ၊ အခု ဘွားနဲ့မေစံ သွားတာ ဘွားရဲ့ကျန်းမာရေးအတွက်လေ၊ ဟိုမှာ ဆေးကုသမှု ခံယူပြီးရင် ပြန်လာမှာပေါ့"

"ဟုတ်သားပဲ သမီးရဲ့ အလွန်ဆုံး သုံးလပေါ့ကွယ်"

မေစံနှင့်ဘွားတို့က နှစ်သိမ့်လေလေ ဝိုင်း မျက်ရည်တွေ ဆီးသားမရနိုင်လေလေ။

မေစံက ဝိုင်း ပါးပြင်ပေါ်က မျက်ရည်စတွေကို ယုယကြင်နာစွာ သုတ်သုတ်ပေးရင်း

"ဘွားနဲ့မေစံက အမြဲ ဖုန်းဆက်ပါ့မယ် သမီးရယ်၊ ဒီမှာ သမီး ကိုကိုလည်း ရှိနေတာပဲကွယ်"

"ဟုတ်သားပဲ ဝိုင်းကလည်း ဘွားတို့သွားခါနီး စိတ်ဆင်းရဲအောင် မျက်ရည်တွေနဲ့ မနှုတ်ဆက်နဲ့လေ"

ကိုကိုက ဝိုင်းကိုနှစ်သိမ့်စကားဆိုတော့ ဝိုင်း ခေါင်းကလေးညိတ်ကာ မျက်ရည်တွေကို ပွတ်သုတ်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘွား သမီးကို နေ့တိုင်း ဖုန်းဆက်နော်"

"ဆက်မှာပေါ့ မြေးရဲ့၊ မြေးလည်း အရင်လို မဆိုးနဲ့နော်၊ ကိုကို့စကားကို နားထောင်၊ သားကလည်း မြေးလေးကို စောင့်ရှောက်ပါ"

"ဟုတ်ကဲ့ပါ ဘွား"

ကိုကိုက ဘွားကို ကတိပေးခေါင်းညိတ်တော့ ဘွားပြုံးရင်း ဝိုင်းကို ဖွဖွလေး သိုင်းဖက်သည်။

"မေမေခိုင် သမီးတို့ စစ်ဆေးရေးဂိတ်ဘက် ခဏသွားဦးမယ် နော်"

မေစံက ကိုကို့ကိုခေါ်ဆောင်ကာ ထွက်သွား၏။ ကိုကို့ကို မေး ဘာတွေမှာဦးမည် မသိပါ။

ဘွားကတော့ ဝိုင်း ဆံနွယ်လေးတွေကို ပွတ်သပ်ပေးရင်း

"လိမ္မာနော် မြေးလေး၊ သမီးလေးတို့နှစ်ယောက်ကြားမှာ ခိုင်မြဲတဲ့ သံယောဇဉ်တွေ ရှိတာ ဘွား သိတယ်၊ အခုလို နှစ်ယောက်တည်း နေခဲ့ရင် ဒီသံယောဇဉ်တွေ ပိုလို့တောင် ခိုင်မာလာဦးမှာပါ"

"ဟုတ်ကဲ့ပါ ဘွားရယ်"

ဘွားရင်ထဲက ဆန္ဒတွေကို ဝိုင်း မြင်သိနေခဲ့သည်။ ဝိုင်းအတွက် အလုံခြုံဆုံးသော ရင်ခွင်အဖြစ် ကိုကို့ကိုပဲ ဘွား ယုံကြည်ထားသော အသေအချာ။





ဘွား ဆုံးမစကားတွေကို နားထောင်ရင်း ဝိုင်း လှမ်းမျှော်ကြည့်တော့ ကိုကိုနှင့်မေစံ ဝိုင်းတို့ဆီ လှမ်းလျှောက်လာတာ မြင်သည်။

နို့သာရောင်စပို့ရှပ်နှင့် ဂျင်းပြာနုနုနှင့် ကိုကို့အသွင်သည် ဝိုင်း မျက်ဝန်းထဲက ခန့်ညားနေသည်။

နှမ်တ်အောင် ချောသော ကိုကိုသည် ယောကျ်ားပီသ ခန့်ညား အောင်လည်း အဘက်ဘက်က ပြည့်စုံပါသည်။

ကိုကို့ကို ပိုင်ဆိုင်ခွင့်ရခြင်းက ဝိုင်းအတွက် အကောင်းဆုံးသော ဆုလဒ်တစ်ပါးပါပဲကွယ်။

■ ■ ■

"ဘယ်လိုလဲ အငိုမလေး မျက်ရည်တွေ ခမ်းသွားပြီလား"

အပြန်လမ်းမှာ တိတ်ဆိတ်စွာ ပြတင်းတံခါး အပြင်ဘက်ကို ငေးနေသော ဝိုင်းကို ကိုကိုက ကားမောင်းနေရာက လှမ်းမေးသည်။

ဝိုင်း ရှက်ရိပ်လေး လွှမ်းကာ ကိုကို့ကို လှည့်ကြည့်ရင်း

"ဝိုင်း တစ်ခါမှ ဘွားနဲ့မေစံကို မခွဲဘူးတာဘဲ"

"အင်း မခွဲဘူးဘဲ ခွဲရလို့ တစ်ရက်နှစ်ရက်လွမ်း၊ ပြီးရင် သွတ်လပ်ပြီဆိုပြီး ထင်ရာလုပ်နေရင်တော့ ကိုယ်က ဆုံးမမှာနော်၊ ဘွားက အာဏာအပြည့်အဝ ပေးသွားပြီးသား"

"အံမယ် အာဏာအပြည့်ပေးတယ်ဆိုပြီး အနိုင်ကျင့်လို့ ရမတဲ့



www.burmeseclassic.com

www.burmeseclassic.com



လား ဖွန်း''

"ကြည့်စမ်း ဘွားတို့ လေယာဉ်တောင် အခုမှ မြန်မာပြည် နယ်နိမိတ် မလွန်သေးဘူး ပိုင်းက ကလန်ကဆန် လုပ်နေပြီလား''

ကိုကို့စကားကြောင့် ပိုင်း သဘောကျစွာ ရယ်မောလိုက်မိသည်။ ကိုကိုကတော့ ပိုင်းကို မကျေမနပ်ဟန်နှင့် မျက်မှောင်ကြီးကျုံ့ ကြည့်နေပေမယ့် ကိုကို့ အပြုံးတွေက ဒေါသတို့ ကင်းစင်နေတာ သေချာသည်။

ပိုင်းရင်ထဲမှာ ကြည်ကြည်နူးနူးလေး ဖြစ်မိသည်။

ကိုကိုနှင့်ပိုင်းကြားမှာ ဒီလို နွေးထွေးသော ဆက်ဆံမှုလေးတွေ ကင်းဝေးနေခဲ့တာ ကြာပြီလေ။

စောစောက ငိုထားသော မျက်နှာလေးက အခုတော့လည်း အပျော်ရိပ်တွေနှင့် တောက်ပရွှန်းလဲ့နေသည်။

အပြစ်ကင်းစင်သော မျက်နှာလေးကို နောက်ကြည့်မှန်ထဲက သူ လှမ်းကြည့်မိ၏။

သည်ကောင်မလေး သည်လိုအသွင်နှင့်ကျတော့လည်း တကယ့်ကို ကလေးလေးအတိုင်းပါပဲလား။

ဟိုးငယ်ငယ်တုန်းက သူ အလိုလိုက် စောင့်ရှောက်ခဲ့ရသော ကောင်မလေးမျက်နှာကို သူ့အာရုံထဲမှာ ပြန်မြင်ယောင်လာမိသည်။

သွေးရင်းချာတွေ မဟုတ်ပေမယ့် ညီမလေးတစ်ဦးလို သူ အငဲ





လိုက် ဂရုစိုက်ခဲ့သည်။ ချစ်စရာ မျက်နှာဝန်းလေးတွေနှင့် ညီမလေး အပေါ် အစ်ကိုတစ်ဦးလို သူ ချစ်ခင်ကြင်နာခဲ့သည်။

အရွယ်လေးရောက်လာတော့ သွေးသားရင်းချာ မဟုတ်ဟူသော အသိနှင့် သူ ဆင်ခြင်နေခဲ့ပေမယ့် ပိုင်းကတော့ ငယ်သူပီပီ ကလေးဆန်စွာ သူ့ကို အရင်လိုကျွမ်းဝင်စေချင်၏။

ပိုင်းလေးရဲ့ ဖခင် ဆုံးသွားတော့ ပတ်ဝန်းကျင်က အပြော လွှတ်အောင် သူ ပိုပြီးရှောင်ခဲ့သည်။ ကိုယ်တိုင်ကလည်း လုပ်ငန်းတွေထဲ မှာ နစ်မြုပ်နေတာမို့ အရင်လို ကျွမ်းဝင်စွာ မရှိခဲ့ပါ။

အခုတော့ သည်ကောင်မလေးကို သူ့တစ်ဘဝအဖော်အဖြစ် ဆက်တွဲရတော့မည်ဆိုသော အသိက

လက်ခံရဖို့ ခက်နေပေမယ့် သံယောဇဉ်နှောင်ကြိုးက ရစ်နှောင် ပြီးသားဆိုတာ သူ မငြင်းနိုင်။

"သားအတွက် အကောင်းဆုံးပါ သားရယ်၊ ပိုင်းလေး ဖေဖေ အသည်း သားကို သားအရင်းလို ချစ်ခဲ့တယ်၊ ဘွားကလည်း သားကို ကြည့်ပြီးတယ်၊ သား ဘာမှမငြင်းပယ်သင့်ဘူး ထင်တယ်''

မေမေ့ရဲ့ စကားတွေနှင့် ပိုင်းဖေဖေရဲ့ ကျေးဇူးတရားတွေ အားလုံးကို တွက်ဆပြီး သူဦးနှောက်က လက်ခံပြီးခဲ့ပြီ။ လိုအပ်နေတာ ကတော့ နှလုံးသားက လက်ခံဖို့သာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဝိုင်း ခေါ်နေတာ မကြားဘူးလား"

"ဟင်"

ကိုယ့်အတွေးနှင့်ကိုယ် ဝိုင်း ခေါ်သံကို မကြားမိပါ။ ဝိုင်း နှုတ်ခမ်းလေး ဆူကာ သူ့လက်ကို လှမ်းပုတ်မှ အလန့်တကြား ကားကို ထိုးရပ်လိုက်ရ၏။

"ဟိုမှာလေ ပလက်ဖောင်းမှာ ရောင်းနေတဲ့ ဝက်သားတုပ်ထိုး စားရအောင်နော်"

"ဟာကွာ မစားပါနဲ့၊ ဝိုင်းစားချင်ရင် မနက်ဖြန်ကျရင် မအေး ကို စီစဉ်ခိုင်းလိုက်ပေါ့"

"ဟာ ကိုကိုကလည်း အိမ်မှာ လုပ်စားတာနဲ့ အပြင်မှာ ဝယ် စားတာ မတူဘူးလေ လုပ်ပါ"

"အချဉ်ရည်တွေ မသန့်ရင် ဝမ်းပျက်တတ်တယ် ဝိုင်းရဲ့"

"အချဉ်ရည်တွေ အရမ်းမစားပါဘူး ကိုကိုရဲ့၊ လုပ်ပါနော်၊ ဝိုင်း အရမ်းစားချင်လို့ပါ နော် ကိုကို နော်"

ညုနွဲ့နွဲ့လေးနှင့် တောင်းပန်သလို ပြောနေတော့ သူ ကား လေးကို နောက်ပြန်ဆုတ်ပေးလိုက်သည်။

တစ်ခါတလေမှာတော့ ဒီကောင်မလေးရဲ့ ဖြူစင်ရိုးသားမှုလေး





တွေက ချစ်စရာကောင်းနေပြန်သည်။

သံယောဇဉ် ဖြူဖြူလေးတွေ အရောင်ပြောင်းဖို့ အတွက် တော့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ဘွားနှင့်မေစံတို့ မရှိတော့သည့် အိမ်ကြီးက တိတ်ဆိတ် ခြောက်ကပ်သွားခဲ့ပေမယ့် ဝိုင်း အတွက်တော့ ပျင်းရိစရာ မကောင်းခဲ့ပါ။

မနက်တိုင်းကို ကိုကိုနှင့်အတူ ကျွတ်သွားသည်။ ကိုကိုနှင့်ဝိုင်းအတွက် ထမင်းဟင်းတွေကို ဝိုင်း ကိုယ်တိုင် အပင်ပန်းခံကာ လေးဆင့်ချိုင့်ကြီးနှင့် ထည့်ယူသည်။

ထမင်းစားချိန်မှာ ကိုကို့ရဲ့ ရုံးခန်းအထိ အတူသွားကာ လက်ဆုံစားဖြစ်သည်။

"ဝိုင်းကလည်းကွာ အပင်ပန်းခံ ယူနေသေးတယ်၊ ကိုကို့ဘာသာ အရင်ကလို အပြင်မှာ ဝယ်စားလည်း အဆင်ပြေသားနဲ့"

"မတူဘူးလေ ကိုကိုရဲ့၊ အိမ်ထမင်းဟင်းက ပိုအဆင်ပြေ





တာပေါ့၊ ဒီမှာ ကိုကို ကြိုက်တတ်တဲ့ ဝက်သားနဲ့မျှစ်ချဉ်ချက်၊ ပုစွန်ထုပ်ဆီပြန်ဟင်းလည်း ပါတယ်၊ မအေးက ငါးပိကြော်နဲ့ တို့စရာတောင် ထည့်ပေးလိုက်သေးတယ်"

"ဘာလဲ မအေး အစောကြီး ထချက်ပေးလိုက်တာလား"

"အံမယ် မအေး တစ်ယောက်တည်း ချက်တာ မဟုတ်ပါဘူးနော်၊ ဝိုင်းပါ မနက်ငါးနာရီထဲက စပြီး မအေးနဲ့ မီးဖိုထဲ ဝင်ကူညီချက်ပေးနေတာပါ"

ဘယ်တုန်းကမှ အစောကြီးထပြီး မီးဖိုထဲ မဝင်တတ်သော ဝိုင်းကို ကိုကို အံ့ဩသွားမှာ သေချာသည်။

"အလို့ ဝိုင်းက ဘယ်ဆိုးလို့တုန်း၊ ဟင်းတွေဘာတွေ ချက်တတ်နေပြီပေါ့ ဟုတ်လား"

"အကုန်မချက်တတ်သေးပါဘူး ကိုကိုရဲ့၊ မိအေး ချက်တာကြည့်ပြီး သင်သင့်တာ သင့်၊ မေးသင့်တာ မေးပေါ့ အဟင်း ဟင်း"

ဝိုင်း စကားကို သဘောကျစွာ ကိုကို ခေါင်းညိတ်သည်။ ဒါပေမဲ့ ထိုထက်ပိုပြီး ကိုကို ဘာမှမပြောတာတော့ ဝိုင်း အလိုမကျချင်ပါ။

တကယ်ဆို ဝိုင်း ဘာကြောင့် ဒီလို ပြောင်းလဲသွားတာလဲ၊ အပင်ပန်းခံနေတာလဲဘာညာ ကိုကို မေးစေချင်သည်။

ဒါပေမဲ့ ဝိုင်း ထည့်ယူလာသော ထမင်းနှင့်ဟင်းတွေကို ကိုကို



www.burmeseclassic.com

www.burmeseclassic.com



အားငယ်တာရ စားနေတာမြင်တော့ ဝိုင်း ကျေနပ်မိတာ အမှန်။

ကိုကို့ကို ချစ်တဲ့စိတ်နှင့် ဝိုင်း ပြောင်းလဲပစ်လိုက်တာ ကိုကိုတော့ သိနိုင်ပါသည်။

မနက် ကော်ဖီဝိုင်းမှာ ကိုကို့အကြိုက် ပေါင်မုန့် မီးကင်ကို ဝိုင်း ကိုယ်တိုင် ကင်သည်။ မီးအေးအေးမှာ ပေါင်မုန့်ချပ်လေး နီညိုညိုလေး ဖြစ်သွားရုံမျှပဲ ကိုကို ကြိုက်သည်။

မည်းပြီး ကျွမ်းသွားလျှင် ကိုကို မကြိုက်တတ်ပါ။ မေစံ မနက်တိုင်း ကိုကို့အတွက် ပေါင်မုန့်မီးကင်ပေးတာ ဘာမှ မခက်ခဲဟု ဝိုင်း ထင်မိခဲ့သမျှ ပထမဆုံးနေ့မှာတော့ ရွှေပြန်အောင် ခက်ခဲသည့်အလုပ်ဟု နားလည်လိုက်ပါသည်။

တစ်ချပ်ကင်ပြီး တူးသွားလို့ လွှင့်ပစ်ရသည့် ပေါင်မုန့်တွေတောင် ဆယ်ချပ်ထက် မနည်းပါ။

နှစ်ရက် သုံးရက်လောက်ကြာတော့ ဝိုင်း ကျွမ်းကျင်သွားသည်။ ပြီးတော့ ကိုကို နှစ်သက်သော စတော်ဘယ်ရီယိုကို ခပ်ပါးပါးလေး သုတ်ပေးတတ်အောင်လည်း ဝိုင်း ကျွမ်းကျင်ခဲ့၏။

မေစံနှင့်ဘွားတို့ ပြန်လာလျှင် အတော် အံ့သြသွားမှာ သေချာ၏။ ကိုကိုကတော့ ဝိုင်း စီစဉ်ပေးတာကို ပြုံးပြုံးကြီးစားကာ ဘာမှမပြော။ မချီးမွမ်းဘဲ နေသည်။





ဘာပဲဖြစ်ဖြစ် ကိုကို ကျေနပ်နေတာကို မြင်လျှင် ဝိုင်း ပျော်ရွှင်မိတာ ကိုကို့ကို ချစ်သည့်စိတ်တစ်ခုတည်းနှင့်ပါ။

"ဝိုင်းဆီ ခန့်ချော ဖုန်းဆက်ပြောသေးသလား"

"ခန့်ချော ဟင့်အင်း မဆက်ပါဘူး ကိုကို ဘာဖြစ်လို့လဲ"

ဝိုင်းကို ကိုကို မေးလာတော့ ဝိုင်း ရိုးသားစွာပဲ ပြောမိသည်။ တကယ်လည်း ခန့်ချော ဖုန်းမဆက်တာမို့ ဝိုင်းတောင် မေ့တော့တော့ ဖြစ်နေခဲ့၏။

"ခန့်ချောကို ကိုကို အင်ဂျင်နီယာ ကိုမျိုးဝင်းနဲ့ တွဲပေးထားတယ်၊ ကိုမျိုးဝင်းတို့ ဆိုဒ်ဝမ်းက ပုဂံမှာ ဟိုတယ်တွေ ဆောက်ဖို့ အစီအစဉ်ရှိတယ်၊ ခန့်ချောကို အဲဒီဆိုဒ်မှာ အတွေ့အကြုံရအောင် ပို့ပေးထားတာ"

ခန့်ချောအပေါ် ကိုကို သည်လို စေတနာထားမှန်း ဝိုင်း မသိခဲ့ပါ။ ဝိုင်းတို့ ကုမ္ပဏီမှာ ဆိုဒ်ဝမ်းက အကောင်းဆုံး ဖြစ်သည်။ အတွေ့အကြုံရင့်သော အင်ဂျင်နီယာတွေ ငါးယောက်ရှိ၏။

ကိုမျိုးဝင်းက အင်ဂျင်နီယာတွေထဲမှာ ပညာရော သမ္မာပါ အတော်ဆုံးမို့ ခန့်ချောအတွက် တိုးတက်လာမှာ သေချာသည်။

"ခန့်ချောရဲ့ ဆိုဒ်လေး ၂နှိဒိုစီမံကိန်းကိုတော့ အချိန်မှီပြီးအောင် ကိုကို စီစဉ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေရဲ့လား ကိုကို"

"ပြေမှာ သေချာပါတယ် အဲဒီမှာ လိုအပ်တဲ့ အလုပ်သမားအဖွဲ့ကို ကိုကို့မိတ်ဆွေဆီက အကူအညီတောင်းရတာပေါ့၊ အချိန်မီပြီးစီးဖို့ အလုပ်သမား အင်အားဖြည့်ရတယ်လေ"

အဆင်ပြေသွားသည့်အတွက် ဝိုင်း စိတ်အေးသွားခဲ့သည်။ ကိုကိုက လုပ်ငန်းကိစ္စတွေကို အရင်လိုမဟုတ်ဘဲ ဝိုင်းကို အသိပေးတိုင်ပင်လာတာမို့ ဝိုင်း ကျေနပ်မိသည်။

"ကိုကို တနင်္ဂနွေ ပိတ်ရက်ကျရင် ဝိုင်းတို့ ပလာဇာသွားရအောင်နော်၊ ဝိုင်း ဝယ်စရာလေးရှိလို့"

"ဟာ အဲဒါ ဝိုင်းကို ပြောမလို့ကွ၊ ကိုကို အဲဒီနေ့ ပုဂံကို သွားရမှာ၊ အနည်းဆုံး သုံးရက်တော့ ကြာမယ် ဝိုင်း"

"ဟင် ဘာအတွက်လဲ ကိုကို"

"ဟိုတယ်တစ်ခု ဆောက်ဖို့ ကိုကို စိစဉ်နေတာ၊ စီမံကိန်းကကြီးတယ်၊ နိုင်ငံတကာ အဆင့်မီ ဟိုတယ်ဆောက်လုပ်မှာ၊ အဲဒီကိစ္စ ဆွေးနွေးညှိနှိုင်းရမှာလေ၊ သေချာရင် ကိုကို ဝိုင်းကို ပြောပြမှာပေါ့"

အလုပ်ကိစ္စနှင့် ပတ်သက်သည်ဆိုတော့လည်း ဝိုင်း ဘာမှ မပြောနိုင်ပါ။

ဘာပဲဖြစ်ဖြစ် ကိုကိုနှင့် အခိုက်အတန့်လေး ခွဲရမည့်အရေး





တွေးကာ ဝိုင်း ရင်ထဲ လွမ်းချင်သလိုလို ဖြစ်မိသည်။

ကိုကိုကတော့ ပုဂံမသွားခင် ရက်ပိုင်းမှာ အလုပ်တွေ ရှုပ်ထွေးနေတာမို့ ပုံမှန်ထက် အိပ်ပြန်ချိန် မမှန်ပါ။

အလုပ်ကို ကြိုးစားစိတ်နှစ်ထားတတ်သော ကိုကို့ကို ဝိုင်းနားလည်တတ်အောင် ကြိုးစားပေးမိသည်။

ကိုကိုရယ် ကိုကို့အတွက် ပါရမီဖြည့်ဘက်ဖြစ်အောင် ဝိုင်း ပြုပြင် ကြိုးစားနေသမျှကား. . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ကိုကို ပုဂံကို ခရီးထွက်သွားသည့်နေ့မှာပဲ ခန့်ချော တစ်ယောက် ဝိုင်းရဲ့ ရုံးခန်းအထိ ပေါက်ချလာ၏။

"ဟယ် ခန့်ချော လာလေ ထိုင်ရလေ"

"ဝိုင်း အလုပ်တွေ ရှုပ်နေသလား"

"မဟုတ်ပါဘူး ခန့်ချောရဲ့၊ ကိုကို့ဆီ လာတာတော့မဟုတ်ပါဘူး နော်"

ခန့်ချောက ထိုင်ခုံမှာ ဝင်ထိုင်ရင်း ခေါင်းကို ခါရမ်းပြသည်။ ပြီးမှ

"ကိုကြီးဝိုင်း ပုဂံကို ခရီးသွားတာ ကိုယ် သိပါတယ် ဝိုင်းရဲ့"

"ဟုတ်တယ် ခန့်ချော ဟိုတယ်ကိစ္စအတွက်တဲ့၊ အဲဒီဟိုတယ်





ဆောက်ဖြစ်ရင် ဆိုဒ်ဝမ်းက တာဝန်ယူရမှာဆိုတော့ ခန့်ချောပါ လိုက်သွားရမယ် ထင်တယ်"

"ဟုတ်တယ် ကိုကြီးဝိုင်း စီစဉ်လိုက်တာ ဝိုင်း သိတယ်ပြီပေါ့"

ခန့်ချော မေးတော့ ဝိုင်း အပြုံးနှင့် ခေါင်းညိတ်ပြရင်း

"ကိုကိုပြောလို့ ဝိုင်း သိထားပါတယ် ခန့်ချော၊ ဘာပဲဖြစ်ဖြစ် အဲဒီအဖွဲ့နဲ့ဆို ခန့်ချောအတွက် အတွေ့အကြုံတွေနဲ့ တိုးတက်လာမှာ သေချာပါတယ်"

ခန့်ချော နှုတ်ခမ်းထောင့်စွန်းလေး တွန့်ကွေးပြီး ပြုံးသည်။

"ကိုယ် တိုးတက်လာ မလာတော့ မသိဘူး ဝိုင်းရယ်၊ ကိုယ့်အတွက်တော့ မဲဖာကိုအပို့ခံလိုက်ရသလိုပဲ"

"ဘာရယ် ခန့်ချော"

"ဟုတ်တယ် ဝိုင်း ဝိုင်းပဲ စဉ်းစားကြည့်လေ၊ ဘာအကြံနဲ့ ကိုကြီးဝိုင်း စီစဉ်လိုက်သလဲ မသိဘူး၊ အဲဒီ အဝေးကြီးမှာ ကိုယ် တစ်နှစ်နီးပါး သွားနေရမယ့်အဖြစ်က တကယ့် ငရဲပဲ"

ခန့်ချော စကားတွေကြောင့် ဝိုင်း မျက်ခုံးလေးတွေ စုကျုံ့ပြီး ကြည့်မိသည်။ ကိုကို့ကို ခန့်ချော အထင်လွဲနေတာလား။ ဘာကြောင့်များ ဒီတာဝန်ကို ခန့်ချော နားမလည်ရတာလဲ။

"အမှန်ပြောရရင် အဲဒီဆိုဒ်ကို ကိုယ် မသွားချင်ဘူး ဝိုင်း။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲဆိုတော့ တခြားကုမ္ပဏီနဲ့ ပူးပေါင်းဆောက်လုပ်မယ့် စီမံကိန်းဆိုတော့ ပိုဆိုးတာပေါ့၊ ပိုင်း သိလားမသိဘူး၊ ဒေါ်ပန်းထိပ်ထားရဲ့ ထိပ်ထား ကုမ္ပဏီနဲ့ ကိုကြီးတိုင်း အကျိုးတူဆောက်ကြမှာလေ''

''ဟင်''

ပိုင်း ဘယ်လိုမှ မသိသော ကိစ္စကို ခန့်ချော ပြောနေတာမို့ မယုံမရဲ ဖြစ်မိသည်။ ပန်းထိပ်ထားဆိုသည့် အမည်ကြောင့် ပိုင်း မျက်နက်ဝန်းလေးတွေ တောက်ပသွားတာကိုလည်း ခန့်ချော သတိထားမိမှာပါ။

''ခန့်ချော ဒီသတင်းက အမှန်ပဲလား။ သေ သေချာရဲ့လားဟင်''

''မနေ့က အင်ဂျင်နီယာအဖွဲ့တွေ ပြောနေလို့ ကိုယ်သိခဲ့ရတာလေ ပိုင်းရဲ့၊ ကိုကြီးတိုင်းနဲ့ ဒေါ်ပန်းထိပ်ထားတို့ ဖုန်းကို အတူထွက်သွားကြတာ အဲဒီကိစ္စလို့ ပြောတာပဲ''

ထိပ်ထား ဆိုသည့် မိန်းမနှင့် ကိုကိုတို့ အတူထွက်သွားကြတာတဲ့။ ပိုင်း ရင်ထဲမှာ ထိုစကားက ပဲ့တင်သွားခဲ့၏။

''ဆိုဒ်လေးက ကိုယ့်ရဲ့အိမ်ရာ အဆောက်အဦးမှာ အချိန်မီပြီးအောင် ဝင်ကူညီကြတာလည်း ထိပ်ထား ကုမ္ပဏီက အလုပ်သမားအဖွဲ့ပဲလေ ပိုင်းရဲ့''

မသိ ပိုင်း ဘာမှမသိသော ကိစ္စတွေ။ ကိုကိုနှင့်ထိပ်ထားကုမ္ပဏီသည်လောက်အထိ ရင်းနှီးပတ်သက်နေတာ ခန့်ချောပြောမှပဲ သိရတော့





သည်။

''ပိုင်း ဘာဖြစ်သွားတာလဲဟင်''

ခန့်ချော မေးမှ ပိုင်း သတိပြန်ဝင်လာရတာ အံကြိတ်မျိုသိပ်ထားသော ဒေါသတွေကို ပင့်သက်နှင့် မှုတ်ထုတ်ပစ်ရင်း

''ဘာ ဘာမှမဖြစ်ပါဘူး ခန့်ချော၊ ပိုင်း ညှော်သည်တွေနဲ့ ချိန်းထားတာ မေ့နေလို့၊ နောက်မှ တွေ့ကြစို့နော် ခန့်ချော''

ယဉ်ယဉ်ကလေးနှင့်ပဲ ခန့်ချောကို နှင်ထုတ်လိုက်မိသည်။ ခန့်ချော နှုတ်ဆက်ပြန်သွားတော့မှ ပိုင်း ကျောမှီ ဆိုဖာထိုင်ခုံမှာ ထိုင်ချပစ်လိုက်ရင်း

''တောက်''

ဒေါသနှင့်ခေါက်မိသော တက်ခေါက်သံကြောင့် သစ္စာ အလန့်တကြား လှည့်ကြည့်ရင်း

''မ မမပိုင်း ဘာဖြစ်လို့လဲဟင်''

''ဘာမှမဖြစ်ဘူး သစ္စာ၊ နင့်ဘာသာ နေတတ်သလိုနေ ရတယ်''

သစ္စာ ခေါင်းကလေးညိတ်ကာ ကွန်ပျူတာရှေ့ ပြန်ဦးလှည့်သွားခဲ့၏။ ပိုင်း ရင်ထဲမှာ ဝမ်းနည်းစိတ်တွေ တလိပ်လိပ် တက်လာသည်။

ဘာကြောင့်များ ကိုကို သို့ဝှက်သွားခဲ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပိုင်း မသိအောင် လိမ်ညာလို့ဝှက်ထားခဲ့တာတွေက ကိုကို့ရဲ့ မရိုးသားမှုတွေပဲပေါ့။

ရက်စက်လိုက်တာ ကိုကိုရယ်။ တကယ်ဆိုရင် ပိုင်းဘက်ကသာ ကိုကို့အပေါ် မြတ်နိုးစုံမက်ခြင်းတွေနဲ့ အလျှော့ပေး ပြောင်းလဲပစ်ခဲ့ရတာပါ။

ကိုကိုကတော့ ပိုင်းအပေါ် ဟန်ဆောင်ခြင်းတွေနဲ့ ဆက်ဆံခဲ့တာပဲ။

ပိုင်းကို ကစားစရာ အရုပ်ကလေးလို ကိုကို သတ်မှတ်ခဲ့တာ ပိုင်း ဝမ်းနည်းလိုက်တာ ကိုကိုရယ်။

■ ■ ■

အိမ်ပြန်ရောက်သည်အထိ ပိုင်း ရင်ထဲမှာ ပြည့်နှက်နေသော နာကျည်းဒေါသတွေက ဝမ်းနည်းမျက်ရည်တွေအဖြစ် အခန်းထဲမှာ ကျဆင်းခဲ့သည်။

ပိုင်းအဖြစ်က ကိုကို့ရဲ့ မေတ္တာအရိပ်ကို မရနိုင်မှန်း သိရက်နဲ့ ရူးသွပ်စွာ တောင့်တနေသူလို ဖြစ်နေပြီလား။

တနုံ့နုံ့တွေးရင်း ပိုင်း မခံရပ်နိုင်သည့်အဆုံးမှာ အခန်းထဲက သုတ်ခနဲ ထွက်ကာ ကိုကို့အခန်းဆီ ရောက်ခဲ့သည်။

ရှင်းလင်းသေသပ်နေသော ကိုကို့အခန်းလေးက ပိုင်းကို ဆီးကြို





နေသည်။

ပိုင်း ခြေလှမ်းတွေက ခုတင်ဘေးမှ ကိုကို့ရဲ့ စာကြည့်စားပွဲဆီ လှမ်းခဲ့သည်။ အံဆွဲတွေကို ဆွဲဖွင့်ကာ ပိုင်း လိုချင်သော အရာကို ရှာဖွေသည်။ စာအုပ်စာတမ်းတွေနှင့် ကုမ္ပဏီက စာရင်းဇယားဖိုင်တွေပဲ ရှိသည်။

တစ်ခါက ပိုင်းတွေ့ခဲ့ဖူးသော ဓာတ်ပုံတွေကိုတောင် မတွေ့ရတော့ပါ။ ဘယ်တွေရောက်ကုန်တာလဲ။ ကိုကို ဖျောက်ဖျက်ပစ်လိုက်တာလား။

ပိုင်း အတွေးသံသယတွေနှင့် ခုတင်ပေါ် ထိုင်ချလိုက်မိသည်။ ပိုင်းကို ကိုကို ညာရက်လေခြင်းဟူသော အသိက ရင်ထဲမှာ လှိုက်ဖိုတက်လာပြန်သည်။

ခုတင်ပေါ် ပိုင်း လှဲအိပ်ပစ်လိုက်မိစဉ်မှာ အိပ်ရာခင်းအောက်က အထိအတွေ့ကြောင့် ဆတ်ခနဲ ပြန်ကုန်းထမိသည်။

အိပ်ရာခင်းကို စမ်းကြည့်တော့ ခပ်မာမာ အရာတစ်ခုမှန်း သိလိုက်တာမို့ ပိုင်း ဆွဲလှန်ပစ်လိုက်သည်။

အပြာရောင် အဖုံးနှင့် စာအုပ်ပြာလေးက ကိုကို့မှတ်တမ်းစာအုပ်ပဲ ဖြစ်ရမည်ဟု ပိုင်း တွက်ဆပြီးဖြစ်သွားခဲ့သည်။

သိချင်စိတ်တို့ ပြင်းပြစွာနှင့် စာအုပ်ပြာလေးကို ပိုင်း ယူနေလှော



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရှုလိုက်တော့ ကိုကို့ရဲ့ ခံစားချက် စကားလုံးတွေက အထင်အရှား။

"မိဝိုင်းကို လက်ထပ်ဖို့ မေမေ ပြောတော့ အံ့ဩသွားတာ အမှန်ပဲ၊ တစ်သက်လုံး ညီမလေးလို သတ်မှတ်ခဲ့တဲ့ မိဝိုင်းကို ကိုယ့်ဇာတရဲ့ အဖော်အဖြစ် သတ်မှတ်ဖို့ဆိုတာ.."

ဒိုင်ယာရီ မှတ်တမ်းထဲမှာတောင် ကိုကို သည်ခံစားချက်တွေကို သိုဝှက်ထားတတ်သည်ထင်ရဲ့။ ဝါကျတွေက အဆုံးမသတ် ရှိနေသည်။

ဝိုင်း သိချင်စိတ်နှင့် နောက်ထပ် စာရွက်တွေကို လှန်လှော ကြည့်မိပြန်သည်။

"မေမေ့ရဲ့ စကားတွေက အမှန်တရားတွေပါပဲ၊ ငါတို့ သားအမိ အပေါ်မှာရှိခဲ့တဲ့ မိဝိုင်း ဖေဖေရဲ့ ကျေးဇူးတရား၊ ပြီးတော့ ဘွားရဲ့ မေတ္တာတရား အားလုံးအတွက် ငါ ခေါင်းညိတ်သင့်တာ သေချာတယ်"

ကိုကိုရယ် ကျေးဇူးတရားအတွက် ဝိုင်းကို လက်ထပ်ဖို့ ဘွား ရှေ့မှာ ခေါင်းညိတ်ခဲ့တာပေါ့။

ဝိုင်း ဝမ်းနည်းစွာ ရေရွတ်ရင်း ဒိုင်ယာရီစာအုပ်လေးကို လှန် လှောကြည့်မိပြန်သည်။

"နှစ်ယောက် တစ်ဘဝ တည်ဆောက်ဖို့အတွက် သံယောဇဉ် ဆိုတဲ့ အရာတစ်ခုတည်းနဲ့ ပြီးပြည့်စုံသလား၊ အချစ်ဆိုတာက အရေး မပါတော့ဘူးလား ငါ သိချင်လိုက်တာ"





ဝိုင်း နားလည်လိုက်ပါပြီ ကိုကိုရယ်။ ကိုကို့နှလုံးသားက ဝိုင်း မြတ်နိုးချစ်ခဲ့သလို ဝိုင်းအပေါ် မတိမ်းညွတ်ခဲ့ဘူးဆိုတာ ဝိုင်း သိခွင့်ရပြီပဲ။

ဝမ်းနည်းစွာ စီးကျလာသည့် မျက်ရည်တွေကို ဝိုင်း လက်ဖမိုး နဲ့ ပွတ်သုတ်ပစ်လိုက်မိသည်။

ဝိုင်း ရှုံးသွပ်စွာ တောင့်တနေမိတဲ့ ကိုကို့ရဲ့ အချစ်ဆိုတာ ဝိုင်း ဘယ်တော့မှ မရနိုင်တဲ့ အရာဆိုတာ သေချာနေခဲ့ပြီပေါ့။

ကိုကို့ရဲ့ ခံစားချက် ဒိုင်ယာရီ စာအုပ်လေးကို ဝိုင်း အိပ်ရာ ခင်းအောက်မှာပဲ အသေအချာ ပြန်သိမ်းဆည်းထားလိုက်ပါသည်။

ပြီးမှ ကိုကိုရဲ့ အခန်းလေးထဲက ဝိုင်း ရှိုက်ငိုရင်း ပြေးထွက် ခဲ့မိတော့၏။

ထိုနေ့က ဝိုင်း ကြေကွဲဝမ်းနည်းစွာ ငိုခဲ့တဲ့ မျက်ရည်တွေကို ကိုကိုတော့ မမြင်တွေ့နိုင်တာ သေချာပါတယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ကိုကို့ဆီ ဖုန်းမဆက်တော့ဟု ရည်ရွယ်ထားပေမယ့် မနက်မိုးလင်းတော့ ဝိုင်း မနေနိုင်ဘဲ ဖုန်းခေါ်မိသည်။

ကိုကို ဖုန်းပိတ်ထားသည်ထင်သည်။ ဝိုင်း ဘယ်လိုမှ ဆက်သွယ်လို့ မရခဲ့ပါ။

ကိုကို့ဆီက ဖုန်းကိုပဲ မျှော်မိပြန်တော့လည်း ကိုကို သတိတရ ဆက်ဖော်တောင် မရပါ။

ပန်းထိပ်ထား ဆိုသော မိန်းမနှင့်ကိုကို ကျေနပ်ပျော်ရွှင်နေခဲ့သည်လား။ ဝိုင်း ပိုင်ဆိုင်ခွင့်မရသော ကိုကို့အချစ်က ပန်းထိပ်ထားအတွက်လား။

ဝိုင်း ငိုမိပြန်ပြီ ကိုကိုရယ်။





ကျေးဇူးတရားတွေနဲ့ ကိုကို့ကို ဝိုင်း မချုပ်နှောင်ချင်ပါဘူး။ ဝိုင်း ကိုကို့ကို ဖြူစင်စွာ ချစ်ခဲ့တာဆိုတာ ကိုကို သိစေချင်လိုက်တာ။

သုံးရက်ကြာမည်ဆိုသော ကိုကို့ဆီမှ သုံးရက်မြောက်နေ့ မနက်မှာ ဖုန်းဝင်လာသည်။

ကံကောင်းထောက်မစွာ ဝိုင်း အလုပ်သွားဖို့ ပြင်ဆင်နေတုန်းမှာ ဖုန်းဝင်လာတာမို့ ဝမ်းသာသွားမိသည်။

"ဟဲလို"

"ဟာ ဝိုင်းလား အတော်ပဲ၊ ဝိုင်း ရုံးထွက်သွားပြီ ထင်နေတာကွ"

ကိုကို့အသံကို ကြားလိုက်တော့ ဝိုင်း အရာရာကိုမေ့ကာ ပျော်ရွှင်သွားမိသည်။

"ကိုကိုလား ဝိုင်း ကိုကို့ဆီ ဖုန်းဆက်တာ နှစ်ရက်ရှိပြီ ဘယ်လိုမှ ခေါ်လို့မရဘူး"

"ကိုကို ဖုန်းပိတ်ထားတာကိုး ဝိုင်းရဲ့"

"ဟင်"

"ဟုတ်တယ် ဒီက အလုပ်ကိစ္စတွေနဲ့ ရှုပ်ထွေးနေချိန်မှာ ရန်ကုန်က အလုပ်တွေ အကြောင်း မကြားချင်လို့ ဖုန်းပိတ်ထားတာကွ"

ကိုကို့အကြောင်းပြချက်ကတော့ ဟုတ်နေသည်။ ဒါပေမဲ့ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



တိုတော့ သတိရခွင့် ပေးသင့်သည်။ ဝိုင်းဘက်က ဆက်ခွင့်မရှိတောင် ကိုကို သတိရဆက်နိုင်ရက်နဲ့ သုံးရက်တိုင်တိုင် နေရက်တာတော့ လွန်သည်။

ဝိုင်း ရင်ထဲက ခံစားချက်တွေကို ရင်ထဲမှာပဲ သိမ်းကာ ကိုကို့ကို မပြောဖြစ်တော့ပါ။

"ကိုကို ဒီနေ့ပြန်လာမယ် မဟုတ်လား။ ဘယ်အချိန်လောက် ရောက်မလဲဟင်"

"အဲဒါ ပြောမလို့ ဝိုင်းရဲ့၊ ကိုကို နောက်ထပ် နှစ်ရက်လောက် ကြာဦးမယ်၊ အဲဒါ ဝိုင်းကို သတိပေးတာ"

"ဟင် နောက်ထပ် နှစ်ရက် ဟုတ်လား ကိုကို"

"ဟုတ်တယ် ဝိုင်းရဲ့ လုပ်ငန်းကိစ္စတော့ ပြီးသွားပြီ၊ အဆင်ပြေပါတယ်၊ ဒါပေမဲ့ အခု ကိုကို့ရဲ့ ပါတနာမိတ်ဆွေက ပုပ္ပါးဘက်ကို ကြို့တုန်း ဘုရားဖူးခရီး ထွက်ချင်လို့တဲ့လေ၊ ငြင်းလို့ မသင့်လို့ ကိုကို အဖော်လိုက်သွားပေးရမှာ"

ငြင်းလို့ မသင့်လို့တဲ့လား ကိုကို။ ကိုကို့ရဲ့ မိတ်ဆွေပါတနာ ဆိုတာ ပန်းတိမ်ထားလို့ ဘာကြောင့် ဝိုင်းကို သိဝှက်ထားခဲ့တာလဲ။

"ဝိုင်း ကိုကို ပြောတာ ကြားတယ်နော်"

"ဟုတ်ကဲ့ ကိုကို"





"ကိုကို့ကို မျှော်မနေနဲ့ဦး နောက်နှစ်ရက်လောက်မှ ပြန်ရောက်မယ်၊ ကိုကို လုပ်ငန်းကိစ္စတွေကို ဆက်ပြီးတာဝန်ယူထားပေးဖို့ ဦးညွှန့်ကို ပြောလိုက်ဦးနော် ကဲ ဒါပဲ ဝိုင်း"

ပြောချင်တာတွေပြော မှာချင်တာတွေ မှာပြီးတော့ ကိုကို ဖုန်းချသွားခဲ့သည်။

ဝိုင်း ဝဲတက်လာသော မျက်ရည်တွေကို သိမ်းဆည်းရင်း ဖုန်းခွက်ကို ပြန်ချလိုက်ရသည်။

"မမလေး အစ်ကိုလေးဆီက ဖုန်းလားဟင်၊ အစ်ကိုလေး ပြန်လာပြီတဲ့လား"

အနောက်မှာ ရပ်နားထောင်နေဟန်တူသည့် မိအေးက သိချင်စိတ် ပြင်းပြစွာနှင့် ဝိုင်းကို မေးသည်။ ဝိုင်း အံကို တင်းခနဲ ကြိတ်ရင်း

"သူ ပြန်မလာဘူး မိအေး"

"ဟင် ဘာဖြစ်လို့လဲ မမလေး"

"နင် ဘာမှထပ်မမေးနဲ့ ငါလည်း မသိချင်ဘူး၊ ကိုယ့်အလုပ် ကိုယ် သွားလုပ်စမ်းဟာ"

ဝိုင်း ဒေါသသံလေးနှင့် ဆိုမိတော့ မိဝိုင်း နားမလည်နိုင်စွာ ခေါင်းကလေးညိတ်လို့ လှည့်ထွက်သွားသည်။

ဝိုင်း ရုံးကိုလည်း သွားချင်စိတ် မရှိတော့ပါ။ အခန်းထဲကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ခြေဝင်ကာ အားပါးတရ ငိုချလိုက်မိသည်။

ကိုကို့ကို ဝိုင်း ချစ်ခဲ့မိတာ ဝိုင်းအတွက် နောင်တနှင့်ကြေကွဲရာတွေချည်းပဲဟု ဝိုင်း သေချာစွာ သိလိုက်ရပြီပဲ။

ကိုကို့ရဲ့ ဒိုင်ယာရီထဲက စကားလုံးတွေနှင့် ကိုကို့ရဲ့ အပြုအမူတွေက သက်သေပဲလေ။

ဝိုင်း အရှုံးပေးပါပြီ ကိုကို။ ကိုကို့ကို ပိုင်ဆိုင်ဖို့ ဝိုင်း ဘယ်တော့မှ မကြိုးစားတော့ဘူး။

အရာအားလုံးကို နားလည်စွာနဲ့ ဝိုင်း ကိုကို့ကို စွန့်လွှတ်လိုက်ပြီဆိုတာ ဝိုင်း သစ္စာ စကားပါ ကိုကို။ တကယ်ဆို ပွင့်ပွင့်လင်းလင်းပြောပြီး ဝိုင်းကို ကိုကို ငြင်းခဲ့သင့်ပါတယ်။

အခုတော့ မာယာတွေနဲ့ ကိုကို လိမ်ညာမှုတွေက ဝိုင်း နှလုံးသားကို နာကျင်ခံရခက်စေတယ်။

ယုံလိုက်စမ်းပါ ကိုကို။

ဝိုင်း ကိုကို့ကို သိပ်ချစ်ပေမယ့် မာယာတွေနဲ့ မလှည့်စားပါဘူး ဝိုင်း နှလုံးသားထဲက အချစ်ကို ဖြူစင်စွာနဲ့ပဲ ရှိစေရမယ် ကိုကို။

ကိုကို့ရဲ့ တွေဝေနေမှုတွေကို ဝိုင်း အဆုံးသတ်ပေးပါ့မယ်။ အဲဒီအတွက် ကိုကို ကျေနပ်ရင် ဝိုင်း ပျော်ရွှင်ပေးပါ့မယ်။

■ ■ ■



## အခန်း (၂၈)

"ဝိုင်း ဝိုင်း တကယ်ပြောတာလားဟင်"

ခန့်ချော မယုံနိုင်သလို ထပ်မေးနေသည်။ ဝိုင်း တည်ငြိမ်လေးနက်စွာပဲ ခေါင်းညိတ်ပြမိရင်း

"ဒါ နောက်စရာမှ မဟုတ်ဘဲ ခန့်ချောရဲ့၊ ခန့်ချောပဲ ပြောခဲ့တယ်လေ၊ ပုဂံက ဟိုတယ်ဆောက်မယ့် အင်ဂျင်နီယာအဖွဲ့မှာ မလိုက်ချင်ဘူးဆို၊ ဒါကြောင့် ကုမ္ပဏီရုံးချုပ်မှာ ခန့်ချောအတွက် ဝိုင်း တစ်နေရာစီစဉ်ပေးတာ"

"ဟို ကိုကြီးတိုင်းက ကြည်ဖြူပါ့မလားဟင် ဝိုင်း"

ခန့်ချော စိုးရိမ်စွာနှင့်မေးသည်။ ဝိုင်း နှုတ်ခမ်းလေးတွေ တွန့်ကွေးပြုံးသည်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စက ဝိုင်းကိစ္စပဲလေ၊ အခု ခန့်ချောကို ခန့်တာလည်း ကိုကိုနဲ့မသက်ဆိုင်ပါဘူး။ ဝိုင်းရဲ့ ဌာနမှာ လိုအပ်တဲ့ စာရင်းကိုင် မန်နေဂျာ ရာထူးလေ"

"မဟုတ်ဘူးလေ ကိုယ့်ကြောင့် ဝိုင်းတို့ ပြဿနာဖြစ်မှာ မလို လားဘူး"

"ဩော် ခက်ပါလား ခန့်ချောရယ် ဒီမှာ ဟောဒီကုမ္ပဏီက တို့ ဒယ်ဒီပိုင်ဆိုင်တဲ့ ကုမ္ပဏီ၊ တို့နာမည်နဲ့ ပိုင်ဆိုင်ခွင့်ရထားတာ၊ တို့ စိတ်ကြိုက်စီမံခွင့်ရှိတယ် ကဲ"

ဝိုင်း ယတိပြတ်ဆိုတော့မှ ခန့်ချော လက်ခံခေါင်းညိတ်ရင်း

"အင်း ဒါဆိုရင်တော့ ဝိုင်းကို ကိုယ် အရမ်းကျေးဇူးတင်ပါ တယ်"

"မလိုအပ်ပါဘူး ခန့်ချောရယ် ခန့်ချောအတွက် ဝိုင်း ဘာသာ ဆုံးဖြတ်လိုက်တာ၊ ခန့်ချော အဆင်ပြေရင် ပြီးပြီပေါ့"

"ဝိုင်းရဲ့ ဌာနမှာပဲ အတူ အလုပ်လုပ်ရမှာ ကိုယ် အဆင်မပြေဘဲ ရှိပါ့မလား ဝိုင်းရယ်၊ ကိုယ် တစ်ခု စိုးရိမ်တာက ကိုယ့်ကြောင့် ဝိုင်းတို့ ပြဿနာဖြစ်မှာကိုပါ"

"မဆိုင်လိုက်တာ"

"အဲဒီလိုတော့ ဝိုင်း မပြောနဲ့လေ၊ ကိုကြီးတိုင်းနဲ့ဝိုင်းက စေ့စပ်





ထားတဲ့သူတွေ"

ခန့်ချော စကားက ဝိုင်း နှလုံးသားကို ဆစ်ခနဲ နာကျင်စေ သည်။ ဒါပေမဲ့ ဝိုင်း ဝေဒနာကို သိုဝှက်ပြုံးလိုက်ရင်း

"စေ့စပ်တာ လက်ထပ်တာ မဟုတ်ဘူးလေ ခန့်ချောရယ်၊ ပြီးတော့ အဲဒီကိစ္စက ဘွားနဲ့သူ့အမေတို့ စီစဉ်တဲ့ကိစ္စပါ၊ ဝိုင်းနဲ့သူ့ကြားမှာ ဘာမှ မဆွေးနွေးရသေးတဲ့ ပုစ္ဆာတစ်ခုပဲ"

"ဘယ်လို ဝိုင်း ဝိုင်း ဆိုလိုတာက"

"ရှင်းပါတယ် ခန့်ချောရယ် လူကြီးတွေ ကျေနပ်အောင်ပဲ ဝိုင်းတို့ ခေါင်းညိတ်ခဲ့ကြတာ ကျန်တာ ဘာမှမလိုဘူးပေါ့"

ဝိုင်း စကားကို ခန့်ချော ခေါင်းတညိတ်ညိတ် နားထောင်နေရင်း က လှစ်ခနဲ ပြုံးသည်။

"အိုကေ ကိုယ် သဘောပေါက်ပြီ ဝိုင်း၊ အင်း ထဝ်တော့ ထင်ပါတယ်၊ ဝိုင်းနဲ့စေ့စပ်ထားရက်နဲ့ ကိုကြီးတိုင်း ဘာကြောင့် ဒေါ်ပန်း ထိပ်ထားနဲ့ ပတ်သက်နေတာလဲလို့"

ခန့်ချော စကားတွေက ရင်ထဲအထိ ထိရှစွာ ရူးနစ်စေသည်။ ဝိုင်း ဘာမှမတုံ့ပြန်နိုင်ဘဲ အံကိုတင်းခနဲ ကြိတ်ထားမိသဲ။

"အင်းလေ ပန်းထိပ်ထားကလည်း ပေါ့သေးသေးမှ မဟုတ်တဲ့ ထိပ်ထား ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်တစ်ယောက်၊ ကိုယ် တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရှုတယ်၊ လှတာတော့ အတော်လှတယ်"

ခန့်ချော ထင်မြင်ချက်တွေ ဝေဖန်ချက်တွေကို ပိုင်း ဆက်ပြီး နားထောင်နိုင်စွမ်း မရှိတော့တာ အမှန်ဖြစ်သည်။

"ခန့်ချော တော်ပါတော့ အဲဒီအကြောင်းတွေ ပိုင်း ဘာမှ မကြားချင်ဘူး။ စိတ်လည်း မဝင်စားဘူး။ အဲဒီလူကိစ္စ ပိုင်းနဲ့ မသက်ဆိုင်ဘူး ခန့်ချော"

"ဆောရီး ပိုင်း ပိုင်း နားမထောင်ချင်ရင် ကိုယ်မပြောတော့ပါဘူး။ အခုချိန်မှာ ကိုယ် ဝမ်းသာနေတာ တစ်ခုပဲရှိတယ်၊ ပိုင်းနဲ့အတူ ပိုင်းရဲ့ကုမ္ပဏီအတွက် အလုပ်လုပ်ပေးခွင့်ရတဲ့ဘဝကိုပဲ၊ ပိုင်းကို တကယ် ကျေးဇူးတင်ပါတယ် ပိုင်း"

ရွှန်းလဲ့သော မျက်ဝန်းတွေနှင့် ကြည့်ကာ ခန့်ချော ဆိုသည်။ ပိုင်းနှင့်ပတ်သက်ပြီး ခန့်ချော မျှော်လင့်တောင့်တနေသော အရာကိုလည်း ပိုင်း မြင်သိနေခဲ့သည်။

ဒါပေမဲ့ ခက်တာက ပိုင်း နှလုံးသားမှာ ရှိခဲ့သူက တစ်ယောက်တည်း။ အဲဒီ တစ်ယောက်တည်းကလည်း ပိုင်း ပိုင်ဆိုင်ခွင့်မရနိုင်တော့

အချစ်မှာ ပိုင်း ကံဆိုးခဲ့ပြီ ထင်ရဲ့။

■ ■ ■



## အခန်း (၂၉)

"ပိုင်း မင်းဘာတွေလျှောက်လုပ်နေတာလဲ"

"ဘာကို ပြောတာလဲ ကိုကို"

"ဟာ မင်း မသိချင်ယောင်ဆောင်မနေနဲ့ ငါ မေးနေတာ ခန့်ချောကိစ္စ အခု ဒီကောင်က"

ကိုကို ဒီကိစ္စသိလျှင် ဒေါသတွေပေါက်ကွဲမည်ဆိုတာ ပိုင်း သိပြီးသား ဖြစ်သည်။

ရန်ကုန် ပြန်ရောက်ရောက်ချင်း အိမ်ကို မပြန်သေးဘဲ ကုမ္ပဏီ ရုံးခန်းကို အရင်ဝင်ခဲ့သော ကိုကို့ကို သတင်းပေးလိုက်ကြတာ ဖြစ်မည်။

ပြဿနာတော့ မရှိ။ ဒီလို သတင်းပေးအောင်လည်း ပိုင်းက တခင်စီစဉ်ထားခဲ့တာပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခန့်ချောကို ဝိုင်းတို့ ကုမ္ပဏီဌာနမှာ စာရင်းကိုင် မန်နေဂျာအဖြစ် ခန့်အပ်ကြောင်း အားလုံးသိအောင် ဝိုင်း ကြေညာချက်ထုတ်ခဲ့သည်။

ဒီသတင်းက ကိုကို့အတွက် ကျေနပ်စရာ တစ်ချက်လေးတောင် မရှိနိုင်သော သတင်းဖြစ်သည်။

"ပြောစမ်း ဝိုင်း မင်း ဒီကိစ္စကို ဘာရည်ရွယ်ချက်နဲ့ လုပ်လိုက်တာလဲ၊ ဒါ လုံးဝမရိုးသားတာတော့ သေချာတယ်"

ကိုကို့မျက်နှာကြီး ရဲရဲနီမြန်းလျက် ပေါက်ကွဲဒေါသဖြစ်နေတာကို ကြည့်ရင်း ဝိုင်း အံ့ဩနေမိသည်။

စွပ်စွဲချက်တွေက မြင်းထန်လိုက်တာ။ တကယ်ဆို ကိုကို ဒီလောက်အထိ ပေါက်ကွဲစရာ မရှိပါ။

"ပြောလေ ဝိုင်း မင်း တမင်လုပ်လိုက်တဲ့ ကိစ္စ မဟုတ်လား"

"ဘာတွေဖြစ်နေတာလဲ ကိုကို၊ ဝိုင်း လုပ်လိုက်တဲ့ကိစ္စက ကိုကို့ကို ဘာများ ထိခိုက်နစ်နာစေခဲ့လို့လဲ"

"ဘာကွ"

"ဟုတ်တယ်လေ ဝိုင်းရဲ့ လုပ်ငန်းဌာနမှာ ခန့်ချောကို ဝိုင်း အလုပ်ခန့်လိုက်တယ်၊ ဒါ မရိုးသားမှုလား"

ဝိုင်းရဲ့ မာထန်ထန် တုံ့ပြန်စကားကြောင့် ကိုကို မယုံနိုင်သလို





မျက်လုံးပြူးပြီး ကြည့်သည်။ ဝိုင်းထံမှ ဒီလိုတုံ့ပြန်မှုတွေ ရရှိလိမ့်မည်ဟု ကိုကို ထင်မြင်ထားပုံမရခဲ့တာ သေချာသည်။

"ဝိုင်း အခု ဖြစ်သွားတဲ့ ခန့်ချောကိစ္စမှာ ဘယ်လိုမှ မင်းဘက်က မရိုးသားတာ သေချာတယ်၊ ငါ့ဘက်က စီစဉ်ပေးထားတဲ့ကိစ္စကို မင်း လုပ်ပစ်လိုက်တာ ငါ့ကို စိန်ခေါ်တာလား"

ကိုကို ဒီလောက်ထိ ဒေါသဖြစ်နေတာမျိုး ဝိုင်း မမြင်ဘူးပါ။ ဖြူသော အသားအရည်က ရဲရဲနီကာ အံကိုတင်းတင်းကြိတ်ထားပုံက ထင်ရှားသည်။ ကိုကို့ရဲ့ ဒေါသတွေကို ကြည့်ရင်း ဝိုင်း ရင်ထဲမှာလည်း ဒေါသစိတ်တွေ တလိပ်လိပ် တိုးလာရ၏။

"ကောင်းပြီ ဝိုင်း မင်းထင်ရာ လုပ်ခွင့်ရှိတယ်၊ ဒါတွေအားလုံးက မင်းရဲ့ အကျိုးစီးပွားတွေပဲ၊ ဒီနေ့ကစပြီး ကုမ္ပဏီရဲ့ လုပ်ပိုင်ခွင့်အားလုံး မင်းစိတ်ကြိုက် စီစဉ်တော့"

စကားအဆုံးမှာ ကိုကို ဝိုင်းကို ရှုးရှုးနစ်နစ် စိုက်ကြည့်ရင်း

"ဝိုင်း မင်းနဲ့ကိုယ်ရဲ့ စေ့စပ်ထားတဲ့ကိစ္စကို မေ့ထားလိုက်တာ အကောင်းဆုံးပဲ၊ မင်းထင်ရာလုပ်နေတာကို လက်ပိုက်ခေါင်းငုံ့ကြည့်နေရအောင် ငါ လူပေါ့မဟုတ်ဘူးကွ၊ လူကြီးတွေ ပြန်လာရင် ဒီကိစ္စကို ဖျက်သိမ်းဖို့ ကိုယ် တောင်းဆိုမယ်"

ဝဲတက်လာသော မျက်ရည်တွေကို ဝိုင်း အံကလေးတင်း သိုဝှက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း နှာကျင်စွာ ပြုံးသည်။

"ဝိုင်းဘက်ကလည်း လက်ခံတယ် ကိုကို့ မဖြစ်သင့် မဖြစ်အပ်တဲ့ ကိစ္စကို ဝိုင်းဘက်က ဖျက်သိမ်းဖို့အသင့်ပါပဲ"

"မင်းစိတ်ထဲက ဒီလို သတ်မှတ်ထားရင် မင်းငြင်းခဲ့သင့်တယ် ဝိုင်း။ ကိုယ် ဘာလို့ ခေါင်းညိတ်ခဲ့သလဲ မေးခွန်းမထုတ်နဲ့၊ ကျေးဇူးတရားတွေဆိုတဲ့အသိနဲ့ ခေါင်းညိတ်ခဲ့တာ"

"အဟင်း ဘာကျေးဇူးတရားမှ ကိုကိုနဲ့ဝိုင်းကြားမှာ မရှိခဲ့ဘူး ကိုကို၊ မေစံကလည်း ဒယ်ဒီရဲ့ တရားဝင် မိန်းမတစ်ယောက်ပဲလေ၊ ထိုက်သင့်တာတော့ ခံစားခွင့်ရှိပါတယ်၊ ဒါကို ဝိုင်း နားလည်တယ်"

"ဝိုင်း မင်းဘာမှထပ်မပြောနဲ့တော့"

ကိုကို ပေါက်ကွဲစွာ ဟစ်အော်သည်။ ဝိုင်း ပြန်တုံ့ပြန်ခွင့် မရလိုက်ခင်မှာဘဲ ဖုန်းက ထမြည်သည်။

ဝိုင်း တမင်သွားမကိုင်ဘဲ နေတော့ ကိုကို တက်တစ်ချက်ခေါက်ကာ ဖုန်းကို သွားကိုင်၏။

"ဟဲလို မင်းကြီးတိုင်းပါ"

"..."

"ပြော် မေမေ ဟုတ်ကဲ့ ပြောပါ"

ကိုကို့ရဲလေသံမှာ ဒေါသတွေ သိုဝှက်သွားသည်။ ဘွားတို့ဆီက ဖုန်းဟု နားလည်မိတာမို့ ဝိုင်း ဆိုဖာထိုင်ခုံမှာ ဆက်ထိုင်ရင်း နားစွင့်နေမိ၏။





ကိုကိုက မေစံ ပြောသမျှကို ငြိမ်သက်စွာ နားထောင်နေသည်။ ပြီးမှ

"ဟုတ်လား ဘွား အခြေအနေက စိုးရိမ်ရသလား မေမေ"

"..."

"ဟုတ် ဟုတ်ကဲ့ မေမေ စိတ်ချပါ"

"..."

"သူ အပြင်ခဏသွားတယ် မေမေ၊ မေမေ ဘာမှမပူပါနဲ့ ဘွားကိုလည်း ပြောပြလိုက်ပါ"

"..."

"ဟုတ်ကဲ့ သား ကတိပေးပါတယ် မေမေ"

ဟန်ဆောင်ကောင်းစွာနှင့် ကိုကို ဘာတွေပြောနေတာလဲဟု ဝိုင်း သိချင်လာသည်။ ကိုကိုက ဖုန်းကို အသာချပြီး ဧည့်ခန်းထိုင်ခုံတွေဆီ ပြန်လျှောက်လာသည်။

ပြီးတော့ ဝိုင်းနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ထိုင်ချရင်း

"ဘွားရဲ့ ကျန်းမာရေး အခြေအနေအရ ဟိုမှာ မေမေတို့ ဆက်ပြီး ကြာမယ့်သဘောရှိတယ် ဝိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘွား ဘာဖြစ်လို့လဲ"

"ဘွားက နလုံးသွေးကြောကျဉ်းနေတာတဲ့၊ အဲဒါကို ခွဲစိတ်ကုသဖို့လိုမယ်တဲ့"

"ဟင်"

"ဘာမှမစိုးရိမ်ဖို့ မေမေ မှာလိုက်တယ် ဝိုင်း။ ဘွားက အသက်ကြီးတော့ အရင်ဆုံး အင်အားရှိအောင် အချိန်ယူပြီးမှ ခွဲစိတ်ကုသမှုကို လုပ်လို့ရမယ့်သဘောရှိတယ်"

ကိုကို့စကားကို နားထောင်ရင်း ဝိုင်း မျက်ရည်တွေဝဲနေပြီ။ ဘွား တစ်ခုခုဖြစ်သွားခဲ့လျှင်ဟူသော အတွေးက ဝိုင်းကို ခြောက်ချားစေသည်။

"ဘွားအတွက် သူတို့ အကောင်းဆုံး စီစဉ်ကုသပေးကြမှာပါ ဝိုင်း။ မင်းကို ကိုယ်တစ်ခုတော့ ပြောချင်တယ်၊ မင်းနဲ့ကိုယ်ရဲ့ ခံစားချက်တွေကို မေမေတို့ ဘွားတို့ မသိဖို့လိုတယ်၊ ကိုယ်တို့ကြောင့် ဘွား စိတ်ဆင်းရဲလို့ မဖြစ်တာ မင်း သိမှာပါ"

ဝိုင်း ဘာမှမပြောနိုင်ဘဲ နှုတ်ဆိတ်ရင်း မျက်ရည်တွေ ရစ်ဝဲလို့နေသည်။ ရေခြားမြေခြား အဝေးမှာ ရောက်နေသည့် ဘွားအတွက် စိုးရိမ်ပူပန်စိတ်က ရင်မှာ ကြီးမားနေခဲ့သည်။

"လတ်တလောမှာ မင်းနဲ့ကိုယ်တို့ ကိစ္စတွေ မေမေ ဖုန်းဆက်





ရင် လုံးဝ မပြောမိပါစေနဲ့ ဝိုင်း။ ဘွား ကျန်းမာပြီး ပြန်လာတော့မှ ဆုံးဖြတ်စီစဉ်တာပေါ့၊ မင်း နားလည်မှာပါ"

စကားအဆုံးမှာ ကိုကို ညှို့ခန်းထဲက ထကာ အိမ်ခန်းထဲ လှမ်းဝင်သွားခဲ့သည်။

ဝိုင်းတစ်ယောက်တည်း အထီးကျန်စွာ ကျန်ရစ်ခဲ့သလို ခံစားနေရတာ အမှန်။ ဘွားသာ တစ်ခုခုဖြစ်လျှင် ဝိုင်းအတွက် အားကိုးရာ မရှိတော့မှာ သေချာသည်။

ကိုကိုကလည်း ဝိုင်းကို ဥပေက္ခာပြုသွားမှာ သေချာသည်။ မေစံကကော သွေးရင်းချာ သားအနောက်ကိုပဲ ပါသွားမှာ ခန့်မှန်းလို့ ရသည်။

တွေးမိကာမှ ကြေကွဲစိတ်က ဝိုင်း ရင်ထဲရှိုက်တက်လာသည်။

ကိုကိုရယ်

ဝိုင်း ခံစားချက်တွေကို ကိုကို ဥပေက္ခာပြုလိုက်တာပါပဲ။ ဘွားရဲ့ ကျန်းမာရေးအတွက် တခဏ်အချိန်လေးအထိ ကိုကို သည်းခံပေးမယ်ဆိုတဲ့ သဘောပဲ မဟုတ်လား။

ဝိုင်း ကုသိုလ်ကံတရားက ဆိုးဝါးလိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

သည့်နောက်ပိုင်းမှာ ကိုကို့ဘက်က ယတိပြတ်စွာ ဆုံးဖြတ်ခဲ့တာတော့ သေချာပါသည်။

ကုမ္ပဏီလုပ်ငန်းနှင့်ပတ်သက်သမျှ ရှိမှန်အားလုံးကို နောက်တစ်နေ့မှာပဲ ဝိုင်း ရုံးခန်းထဲက စားပွဲပေါ်ကို ကိုကို အရောက်ပို့လိုက်သည်။

လက်ရှိ ကိုကို့ရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ စီမံထားသည့် လုပ်ငန်းစီမံကိန်းတွေနှင့်အကျိုးအမြတ် စာရင်းဇယားအားလုံးကို ဝိုင်းဆီ ကိုကို ပို့ပေးခဲ့တာ ဖြစ်သည်။

ဒါ ကိုကို ဝိုင်းကို ပြောခဲ့သည့်အတိုင်း လုပ်ဆောင်ပြလိုက်တာဟု ဝိုင်း သိလိုက်ပါသည်။

ကိုကို့ရဲ့ လုပ်ရပ်ကြောင့် ဝိုင်း ရင်ထဲမှာ ဝမ်းနည်းကြေကွဲခဲ့ရတာ





တော့ ကိုကို သိနိုင်မှာ မဟုတ်ပါ။

တကယ်ဆို ကုမ္ပဏီလုပ်ငန်းအားလုံးနှင့် လည်ပတ်နေသော ငွေကြေးပိုင်ဆိုင်မှု အသားတင်အမြတ်ငွေ အားလုံးကို ဝိုင်း ဘာတစ်ခုမှ ရေရေရာရာ မသိခဲ့ပါ။ သိအောင်လည်း ဝိုင်း မကြိုးစားခဲ့သလို စိတ်လည်း မဝင်စားခဲ့ပါ။

ဝိုင်း ဒီကုမ္ပဏီမှာ အလုပ်လုပ်ဖြစ်ခဲ့တာက ကိုကိုနှင့်အတူ အနီးဆုံးမှာ ရှိနေချင်တာကြောင့်ပဲ ဖြစ်သည်။

အခုတော့ ကိုကိုက ဝိုင်းကို ကုမ္ပဏီကြီးလည်ပတ်နေသော အခြေအနေ အားလုံးကို ရီပို့စ်တင်ခဲ့သည်ဆိုတော့

ဝိုင်း နားလည်လိုက်ပါပြီ ကိုကိုရယ်။

ဝိုင်းနဲ့ပတ်သက်သမျှ အရာအားလုံးကို ကိုကို ဥပေက္ခာပြုလိုက်ပြီလို့ ဆိုလိုလိုက်တာပဲပေါ့။

ဝိုင်းနှင့်ဆက်နွယ်ပတ်သက်သမျှ အားလုံးကို ကိုကို မမက်မောဘူးဆိုတာ ဝိုင်း သိပါတယ် ကိုကို။

ပန်းထိပ်ထားဆိုတဲ့ မိန်းမတစ်ယောက်က ဝိုင်းထက် အစစ ပြည့်စုံသာလွန်တာ ဝိုင်း သိပါတယ်။ ပန်းထိပ်ထားရဲ့ ပိုင်ဆိုင်မှုတွေကလည်း ဝိုင်းထက် အဆပေါင်းများစွာ သာလွန်တယ်။

ကိုကို့နံဘေးမှာ ထိပ်ထား ရှိနေမှတော့ ဝိုင်းဆိုတဲ့ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကိုကို့အတွက် အလေးထားစရာ ဖြစ်မလာနိုင်မှန်း ဝိုင်း နားလည်လိုက်ပါပြီ ကိုကို။

ဝိုင်းက အမြဲတမ်း ရှုံးနိမ့်ခဲ့သူပဲဟာ။

"ဝိုင်း ဘာဖြစ်နေတာလဲဟင် နေမကောင်းဘူးလား"

အခန်းထဲကို ဝင်လာတဲ့ ခန့်ချောအမေးကြောင့် ဝိုင်း မျက်ရည်စတွေကို မုတ်ခတ်သိမ်းဆည်းလိုက်ရတယ်။

"အင်း ခေါင်းနည်းနည်းကိုက်နေလို့ပါ ခန့်ချော၊ ဘာမှမဖြစ်ဘူး"

"ဟာ ဒါဆို ဆေးတော့ သောက်လိုက်လေ၊ ကိုယ် သွားဝယ်ပေးမယ်"

ခန့်ချောက ပျာပျာသလဲနှင့်ပြောသည်။ ဝိုင်း ခန့်ချောကို လက်ကာပြမိရင်း

"နေ နေ ခန့်ချော အခုပဲ ဝိုင်း သောက်ပြီးပြီ"

"သက်သာရဲ့လား ဝိုင်း မသက်သာရင် အိမ်ပြန်နားလိုက်မလားဟင်၊ ကိုယ် လိုက်ပို့ပေးမယ်"

"ရတယ် ခန့်ချော ဝိုင်းဘာသာ အိမ်ပြန်လို့ရတယ်၊ ခန့်ချော လိုက်မပို့ပါနဲ့၊ ခဏနေရင် နေသူရိန် ကုမ္ပဏီက ဧည့်သည်တွေ ရောက်လာမှာ၊ သစ္စာနဲ့ခန့်ချောတို့ပဲ တွေ့ပြီး စီစဉ်လိုက်ကြပါ"





ဝိုင်း စားပွဲပေါ်က ဆလင်းဘက်အိတ်ကို ကောက်ကိုင်ပြီး ထွက်ခဲ့တော့ ခန့်ချောက အနောက်က ကပ်ပါလာရင်း

"ကားနားအထိ ကိုယ် လိုက်ပို့ပေးမယ်နော် ဝိုင်း"

ဝိုင်းငြင်းရခက်စွာနှင့်ပဲ ခေါင်းညိတ်လိုက်ရသည်။ ခန့်ချောက စိုးရိမ်ပူပန်စွာနှင့်ကုမ္ပဏီ ကားစတင်းမှာ ရပ်ထားသော ကားလေးအနားထိ လိုက်ပို့ပေးသည်။

"ဝိုင်း ဖြစ်ရဲ့လားဟင်"

"ရတယ် ခန့်ချော၊ သက်သာနေပါပြီ ဆေးသောက်ထားတာပဲ"

ဝိုင်း ခန့်ချောကို ပြောရင်း ကိုကို့ရဲ့ရုံးခန်းရှိရာ တတိယထပ်ကို အကြည့်ရောက်တော့ မှန်ပြတင်းတံခါးမှာ ရပ်ကြည့်နေသော ကိုကို့ကို မြင်သည်။

ချက်ချင်းပဲ ပြတင်းတံခါးမှန်က လိုက်ကာတွေကို ကိုကို ဆွဲပိတ်လိုက်တာလည်း ဝိုင်း တွေ့သည်။

ဝိုင်းကို မျက်နှာချင်းမဆိုင်ချင်လောက်အောင် မုန်းတီးနေပြီလား ကိုကိုရယ်။

"ဝိုင်း ကားကို ဂရုစိုက်မောင်းသွားနော်"

ခန့်ချော စိုးရိမ်ပူပန်စွာ မှာသော စကားကိုတောင် ခွင့်ပြုမပြန်နိုင်ဘဲ ဝိုင်း ကားလေးကို မောင်းထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းတစ်လျှောက်လုံး ဝိုင်း ရင်ထဲမှာ ဝမ်းနည်းစွာ ခံစားနေခဲ့ရသည်က သည်မနက် လုပ်ခဲ့သော ကိုကို့ရဲ့ လုပ်ရပ်တွေကြောင့်ပဲဖြစ်သည်။

ဝိုင်းကို အပြီးတိုင် သံယောဇဉ် ဖြတ်ဖို့ ကိုကို ကြိုးစည်နေခဲ့တာတော့ သေချာနေခဲ့ပြီပဲ။

ကိုကို့အချစ်ကို ပိုင်ဆိုင်ခွင့်မရနိုင်တော့တာ သိနေပြီး ဖြစ်ပေမယ့် ကိုကို့ရဲ့ ဥပေက္ခာပြုမှုကို ဝိုင်း မခံရဲသေးတာတော့ သေချာသည်။

ဟိုး ငယ်စဉ်ကတည်းက နှောင်တွယ်ခဲ့သော သံယောဇဉ်ကို ကိုကို လွယ်ကူစွာ ဖြတ်တောက်နိုင်ခဲ့ခြင်းက

ထိပ်တားဆိုတဲ့ အမျိုးသမီးကြောင့်လား။ ဒါဆိုရင် ပန်းထိပ်ထားကို ကိုကို ချစ်နေခဲ့တာ သေချာပြီပေါ့။

ဝိုင်း နားလည်လိုက်ပါပြီ ကိုကိုရယ်။

■ ■ ■

ညနေ လေးနာရီခွဲလောက်မှာ ကိုကို့ရဲ့ ကားလေး ခြံထဲ မောင်းဝင်လာတာကို ဝိုင်း မြင်လိုက်သည်။

ခြံဝင်းထဲက ခုံတန်းလေးမှာ ဝိုင်း မသိစိတ်က ကိုကို့ကို မျှော်နေခဲ့မိတာ ဖြစ်သည်။

အလုပ်က အစောကြီး ပြန်ခဲ့ကာ ဝိုင်း သောက်ဆေးတွေ





သောက် အနားယူခဲ့ရပေမယ့် ကိုကို့ဆီက ပူပန်စွာ ဖုန်းဆက်သွယ်လာမှုလေးတောင်မှ မရှိပါ။

ခန့်ချောသည်သာ ဝိုင်းဆီကို ဖုန်းဆက်ခဲ့သည်။ ဝိုင်း ပြန်ရောက်မရောက် စိုးရိမ်တာကြောင့်တဲ့လေ။ ခန့်ချောကသာ မဆီမဆိုင် ဝိုင်းအတွက် စိုးရိမ်နေခဲ့တာပါ။ ကိုကိုကတော့

ဝိုင်း ကြည့်နေဆဲမှာ ကိုကို့ရဲ့ကားလေးက ဆင်ဝင်အောက်မှာ ထိုးရပ်သွားသည်။ ပြီးတော့ ကားပေါ်က ဆင်းလာသည့် ကိုကို ခြေလှမ်းတွေက ဧည့်ခန်းထဲကို မဟုတ်ဘဲ ဝိုင်းဆီကို ဖြစ်သည်။

ဝိုင်း အံ့သြစွာနှင့် ကိုကို့ကို ငေးကြည့်နေမိသည်။ အပြာနုရောင် ရှပ်လက်ရှည်နှင့် ဘောင်းဘီနက်ကို ဝတ်ဆင်ထားသော ကိုကိုသည် ဝိုင်းမျက်ဝန်းထဲမှာ အမြဲတမ်း စမတ်ကျ ခန့်ထည်နေစမြဲ။

ဝိုင်းဆီကို တစ်လှမ်းချင်း လျှောက်လာသော ကိုကို့ခြေလှမ်းတွေက ဝိုင်း ထိုင်နေသည့် ခုံတန်းလေးအနားမှာ ရပ်တန့်သွား၏။

"မနက်က ပို့ပေးလိုက်တဲ့ ရီပို့စ်တွေ ရတယ်မို့လား ဝိုင်း"

ဝိုင်း မော့မကြည့်ဖြစ်ဘဲ ခေါင်းကို ညိတ်ပြမိသည်။ ရှင်းသန့်တောက်ပြောင်နေသော ကိုကို့ရဲ့ ရှူးဖိနပ်ကိုပဲ ဝိုင်း စူးစိုက်ကြည့်နေမိ၏။ စိတ်အာရုံကတော့ ကိုကို့ရဲ့ ချောမောသော မျက်နှာပေါ်က မာထည်နေသော ပုံရိပ်ကိုပဲ မြင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကုမ္ပဏီနဲ့ပတ်သက်သမျှ အားလုံးပဲ နောက်ရက်တွေကျရင် ဆိုဒ်ငါးခုက ဝန်ထမ်း စာရင်းတွေကအစ အတိအကျ ကိုယ်ထပ်ပို့ပေးမယ်"

ကိုကို ဝိုင်းကို ဥပေက္ခာပြုဖို့ ကြိုးစားနေတာလားဟု မေးလိုက်ချင်ပေမယ့် ဝိုင်း မျက်ရည်တွေကို မမြင်စေချင်တာမို့ အံကြိတ်တင်းခံထားရသည်။

"ဆိုဒ်ဝမ်းက အဖွဲ့နဲ့ ထိပ်ထား ကုမ္ပဏီ ပူးပေါင်းပြီး မုဂံကဟိုတယ်ကြီးဆောက်ဖို့ လုပ်ထားတဲ့ စီမံကိန်းကို မင်းစိတ်တိုင်းမကျရင်ဖျက်သိမ်းလို့ ရတယ် ဝိုင်း။ အဲဒီ စီမံကိန်းက ကိုယ်တစ်ယောက်တည်းမနိုင်လို့ ထိပ်ထားကုမ္ပဏီနဲ့ ပူးပေါင်းလက်ခံလိုက်တာ"

ကိုကို ရှင်းပြနေတာလား။ ဘာကိုရည်ရွယ်တာလဲ သိချင်တာမို့ ဝိုင်း ဆက်ပြီး နားစွင့်ထားမိသည်။

"ကုမ္ပဏီအတွက် ငွေကြေးအရကော အောင်မြင်မှုအရပါ အကျိုးရှိမယ့် အလုပ်မို့ ကိုယ် လက်ခံလိုက်တာ၊ မင်း သဘောမကျရင်တော့ ဒီချိန်မှီ ဖျက်လို့ ရသေးတယ် ဝိုင်း"

ကိုကို့စကားတွေက ဝိုင်းကို ထိုးနှက်တိုက်ခိုက်နေသလို ခံစားရသည်။ ပြင်းပြင်းထန်ထန် နာကျင်အောင် မျက်နှာကို ဖြတ်ရိုက်လိုက်တာမျိုး မဟုတ်ဘဲ အပ်ဖျားနှင့် ဆတ်ခနဲ အကြိမ်ကြိမ် ထိုးစိုက်နေသလို





ပါပဲ။

"လုပ်ပိုင်ခွင့်အားလုံး မင်းကို ကိုကို လွှဲပေးလိုက်ပြီ ဝိုင်း"

"နေပါဦး ကိုကို ဘာလို့ ဒီအကြောင်းတွေကို ကိုကို ရှင်းပြနေရတာလဲ"

ဝိုင်း မခံရပ်နိုင်တော့သည့်အဆုံးမှာ ကိုကို့ကို ရင်ဆိုင်မော့ကြည့်ပြီး မေးမိသည်။

"တစ်ချိန်မှာ ဒီကုမ္ပဏီကို ကိုကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားလို့ပဲ ဝိုင်း။ ဘွားတို့ ကျန်းမာစွာနဲ့ ပြန်ရောက်လာပြီးရင်ပေါ့၊ အခုချိန်မှာတော့ ဒီကုမ္ပဏီမှာ ဝန်ထမ်းတစ်ဦးလို ကိုယ် ရှိနေပေးမှာပါ"

"မဟုတ်ဘူး ကိုကို၊ ဝိုင်းဘက်က ရည်ရွယ်ထားတာက ကိုကို ဝိုင်းတို့နဲ့ လမ်းခွဲသွားရင်တောင် ကိုကို့အတွက် ဒယ်ဒီရဲ့ အမွေတစ်ဝက်ကို ပေးလိုက်မှာပါ၊ နောက်ဆုံး ဒီကုမ္ပဏီလုပ်ငန်းကြီးကို ဝိုင်း ကိုကို လောက် စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး"

"နေဦး ဝိုင်း အဲဒီ အရာတွေကို ကိုယ် ဘာမှ မမက်မောပါဘူး။ ဒီတော့ ဝိုင်း ဘာမှပေးစရာ မလိုပါဘူး။ ဘွားနဲ့ဝိုင်း ဒယ်ဒီတို့ရဲ့ ကျေးဇူးတွေကြောင့် ကိုယ် ဒီဘဝကိုတောင် ရခဲ့ပြီးပြီပဲ၊ ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တယ်"

ယတိပြတ်နိုင်သော ကိုကို့စကားတွေကြောင့် ဝိုင်း ကိုတိုတို



www.burmeseclassic.com

www.burmeseclassic.com



ရူးနှစ်စွာ ငေးစိုက်ကြည့်နေမိသည်။

"ဝိုင်း ဒီကုမ္ပဏီကြီးကို ဆက်ပြီး ဟန်မပျက်ဦးဆောင်သွားနိုင်အောင် ကိုယ် စီစဉ်ပေးခဲ့မှာပါ"

ဝိုင်း ဘာမှ တုံ့ပြန်ခွင့်မရလိုက်ဘဲ ကိုကို လှည့်ထွက်သွားခဲ့သည်။ ဝိုင်း ဝမ်းနည်းလှိုက်ဖိုမှုတွေကို တင်းကြပ်စွာ ခံစားရင်း ကျန်ရစ်ခဲ့သည်။

ဝိုင်း ထင်မှတ်ထားသည်ထက်တောင် ကိုကို့ဘက်က ပြတ်သားလွန်းနေသည်လား။

ဝိုင်း ထိုင်ခုံမှာ ထိုင်နေမိတာ မည်မျှကြာသွားခဲ့သည် မသိပါ။ ဆင်ဝင်အောက်မှာ ရပ်ထားသော ကိုကို့ကားလေး ငြိမ့်ခနဲ ပြန်မောင်းထွက်လာမှ သတိဝင်လာသည်။

ကားကို နောက်ပြန်ဆုတ်ပြီး ကိုကို အပြင်ကို မောင်းထွက်သွားသည်။

သည်တော့မှ ဝိုင်း ထိုင်ခုံလေးက ထကာ အိမ်ထဲလှမ်းဝင်ခဲ့သည်။ ခြေလှမ်းတွေက မီးဖိုခန်းဘက် ဦးတည်ခဲ့စဉ်မှာပဲ အခန်းဝမှာ မအေးနှင့်ဆုံသည်။

"ကိုကို ထမင်းစားသွားပြီလား မိအေး"

"ဟင့်အင်း မစားဘူး မမလေး။ ရေမိုးချိုး အဝတ်အစားလဲပြီး





ပြန်ထွက်သွားတာပဲ"

"ဟင်"

"မိအေး ပြောပါသေးတယ် အစ်ကိုလေးအတွက် ထမင်းဝိုင်း အသင့်ခူးထားတယ်လို့"

"သူ ဘာပြောလဲ မိအေး"

"မစားတော့ဘူးတဲ့ ဒီနေ့ကစပြီး သူ့အတွက် ဘာမှမစီစဉ်နဲ့တဲ့ မနက်စာကော ညနေစာပါ အပြင်မှာပဲ စားတော့မယ်တဲ့"

မိအေး စကားကြောင့် ဝိုင်း ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။ မိအေး မျက်နှာလေးသည် ဖိုးရွက်မျှသာရှိနေ၏။

"ဟို အစ်ကိုလေးနဲ့ မမလေးတို့ ဘာတွေဖြစ်ကြတာလဲဟင်"

မိအေး မဝံ့မရဲလေး မေးသည်။ မိအေး မျက်နှာကို ဝိုင်း လှမ်းကြည့်တော့ မိအေး ကြောက်ရွံ့နေတာ အထင်အရှား။

"မသိချင်ပါနဲ့ မိအေးရယ်"

ဝိုင်း မိအေးကို သနားသွားမိတာမို့ တည်ငြိမ်စွာပဲ ပြောပြီး ပင့်သက်ရှိုက်မိသည်။

"ဟုတ်ကဲ့ ဟို မမလေးကော ထမင်းစားတော့မလားဟင်၊ အဖော်မရှိရင် မိအေးပါ အတူဝင်စားပေးမယ်လေ"

"ငါ မစားချင်သေးဘူး မိအေးရယ်၊ နင်ပဲ စားလိုက်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသည်နှင့် မိအေးရှေ့က ထွက်ခဲ့သည်။ ပိုင်းကို ငေးကြည့်ရင်း မိအေး တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။

ကိုကိုနှင့် ပိုင်းကြားက ပြဿနာကို မသိပေမယ့် အခြေအနေတွေကို မြင်တွေ့ကာ မိအေးကော ဒရိုင်ဘာ မောင်တာပါ စိတ်မကောင်းဖြစ်နေတာတော့ ပိုင်း သိပါသည်။

အိမ်ရှေ့ကအပူ အိမ်နောက်အထိ မချမ်းမသာဖြစ်စေတတ်သည်ပဲ။

တကယ်ဆို ကိုကို့ကို ဒီလို ရှင်းပြတ်အောင် ပိုင်းပဲ စီစဉ်ခဲ့တာဖြစ်သည်။ အခုတော့ ကိုကို့ရဲ့ စိမ်းကားမှုတွေက ပိုင်းထက်တောင်မှ ဆိုးလွန်းနေသည်။

ကိုကို တမင်ရက်စက်ပြနေတာလား။ ပိုင်းမှာတော့ သံယောဇဉ်တွေနှင့် ကိုကို့ကို မပြတ်တောက်နိုင်ခဲ့။

ဝရန်တာလေးကနေ ကိုကို ပြန်လာမည့်အချိန်ထိ ပိုင်း စောင့်ကြည့်ရင်း မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

ခြံထဲကို ဝင်လာသော ကားသံလေးကြားမှ ပိုင်း ဖျတ်ခနဲ လန့်နိုး၏။ ဘယ်အချိန်ရှိပြီလဲ မသိ။ ခြံထဲက မီးရောင်အောက်မှာ ကိုကို့ ကားလေးဆင်ဝင်အောက်အထိ မောင်းဝင်လာတာကို ပိုင်း မြင်နေရသည်။





မိအေး အိပ်ပျော်နေသည့်ထင်၏။ ပိုင်း ဝရန်တာလေးမှ ထကာ ညည်ခန်းဆီသို့ ဆင်းခဲ့သည်။

"ဂျိမ်း"

ကားတံခါးကို ကိုကို ဆောင့်ပိတ်လိုက်သံကို ကြားသည်။ ဆိုဖာထိုင်ခုံမှာ မှီကာ အိပ်ငိုက်နေသော မိအေး လန့်နိုးလာ၏။

"အစ် အစ်ကိုလေး"

"နင် ဘာလုပ်နေတာလဲ မိအေး"

"ဟို ဟို အစ်ကိုလေးကို စောင့်နေတာပါ"

"မလိုဘူး ငါ့ကိုစောင့်မနေနဲ့ ကဲ နင်အိပ်တော့၊ နောက်နေ့ညတွေကျရင် အိမ်တံခါးကို စေ့ထားလိုက် ဟုတ်လား"

"ဟုတ်ကဲ့ အစ်ကိုလေး"

မိအေးနဲ့ကိုကို ပြောနေသံတွေကို ပိုင်း ကြားနေသည်၊ လှေကား ထိပ်မှာ ရပ်ရင်း ပိုင်း နားစွင့်နေမိသေး။

"ဟဲ့ ဘာလုပ်နေတာလဲ"

"ဟို အစ်ကိုလေး ထမင်းစားရင် ပြင်ဆင်ပေးမလို့ပါ"

"ကျွတ် ငါ့အတွက် ဘာမှမလိုဘူးလို့ နင့်ကို ပြောခဲ့တယ်လေ၊ ကဲ သွားအိပ်တော့၊ နင့်စိတ်ထဲမှာ ငါ့ကို ဒီနေ့ကစပြီး ငါ့အတွက် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာ မလိုဘူးလို့ မှတ်ထားလိုက် ဟုတ်ပြီလား"

"ဟုတ် ဟုတ်ကဲ့"

မိအေး တုန်တုန်ယင်ယင်လေးနှင့် လှေကားအတိုင်း ပြေးတက်လာတော့ ဝိုင်းနှင့်ထိပ်တိုက်ဆုံသည်။

"ဟင် မမလေး"

"ရှူး တိုးတိုး ကားသံကြားလို့ ငါ ဆင်းလာတာ"

"ဟို ဟို အစ်ကိုလေး မူးလာတယ်ထင်တယ် မမလေး"

ဝိုင်း ခေါင်းညိတ်ရင်း မိအေး ပခုံးကို ဆုပ်ကိုင်နှစ်သိမ့်ပေးလိုက်သည်။

"သွားအိပ်တော့ မိအေး သူ့ကို ခွင့်လွှတ်ပေးလိုက်နော်"

မိအေး ခေါင်းကလေးညိတ်ကာ နောက်ဘက်ခန်းထဲ လှမ်းဝင်သွားတော့မှ ဝိုင်းလည်း အိပ်ခန်းထဲ လှမ်းဝင်ခဲ့သည်။

ကိုကို ဘာတွေဖြစ်နေတာလဲ။

ဝိုင်း တစ်ညလုံး မျက်ဝန်းတွေကြောင်တွေကာ အိပ်မရတော့ပါ။

■ ■ ■



အခန်း (၃၀)

"ဟင်"

တိတ်ဆိတ်နေသော ရုံးခန်းလေးထဲက တိုးလျှလျှ သူမ သက်ပြင်းချသံလေး ပေါ်ထွက်လာ၏။

တစ်စ တစ်စ အေးစက် သူစိမ်းဆန်လာသော ကိုကို့အပြုအမူတွေက သူမအတွက် မခံရပ်နိုင်စရာပင်။

တစ်အိမ်တည်း အတူနေကြသည် သို့သော်လည်း မျက်နှာချင်းဆိုင် စကားပြောဖို့ အခွင့်အရေး နည်းပါးလွန်းလောက်အောင် ကိုကိုက ရှောင်ဖယ်တတ်လွန်းပြန်သည်။

ကုမ္ပဏီမှာလည်း အလုပ်ကိစ္စအကြောင်းပြချက် အမျိုးမျိုးနှင့် သူမ ဘေးမှာ ရှိမနေတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြည်သံလေးကြောင့် ခပ်လျော့လျော့ မှိုတိုင်နေမိသော သူမ ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်ယင်သွားရသည်။

"ဟဲလို"

"ကိုကိုပါ"

ရုတ်တရက် ကြားလိုက်ရသော ကိုကိုအသံကြောင့် သူမ ထိတ်ခနဲ ဝမ်းသာသွားမိ၏။

"ပြောလေ ကိုကို ဝိုင်း နားထောင်နေပါတယ်"

"ဒီနေ့ည မြနဂါးကုမ္ပဏီက ဖိတ်ထားတဲ့ ဒင်နာပွဲကို မင်း သွားရလိမ့်မယ် ဝိုင်း"

"ကိုကိုရောဟင်"

မျှော်လင့်ကြီးစွာ အလောတကြီး မေးလိုက်မိသည်။

"ကိုယ်လည်း တက်မှာပါ ဝိုင်း ဒါပေမဲ့"

ဝိုင်း သိလိုက်ပါပြီ။ ဒါပေမဲ့ရဲ့နောက်ကွယ်က ရှောင်လွှဲလိုသည့် ကိုကို့ရဲ့ စကားလုံးတွေကို

"ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့ ကိုကို၊ ကိုကို မပါဘဲ အဲဒီ ဒင်နာပွဲကို ဝိုင်း မတက်ဘူး ဒါပဲ"

"နေဦး ဝိုင်း ဖုန်းမချလိုက်နဲ့ဦး"

သူမ အကြံအစည်ကို သိနေသော ကိုကိုက





"မင်း ကလေးမဆန်ချင်စမ်းနဲ့ ဝိုင်း မြနဂါးကုမ္ပဏီဆိုတာ မင်း ဖေဖေလက်ထက်ကတည်းက အလုပ်အတူ တွဲလုပ်လာတဲ့ ပါတနာတွေကွ၊ ကုမ္ပဏီကို ဦးစီးဆောင်ရွက်နေတဲ့ မင်း မသွားချင်ဘူးဆိုရင်လည်း မင်းသဘောပဲ ဝိုင်း၊ ကိုယ် အတင်းအကျပ် မတိုက်တွန်းတော့ဘူး"

အေးစက်ပြတ်သားစွာ ဆိုရင်း သူမထက် ဦးအောင် ဖုန်းချသွားလေသည်။ လက်ထဲက ဖုန်းလေးကို အမိပ္ပါယ်မဲ့စွာ ကိုင်တွယ်ငေးမောမိသည်က သူမပင်။

အေးစက်လိုက်တာ ကိုကိုရယ်။

ဒီကုမ္ပဏီတင် မဟုတ်ပါဘူး။ ဝိုင်းတို့ ပိုင်ဆိုင်မှုတွေ အားလုံးက ကိုကိုနဲ့လည်း သက်ဆိုင်တာပဲ။

အခုတော့

ဝိုင်းနဲ့တွဲသွား တွဲလာလုပ်ဖို့တောင် ကိုကို မနေချင်လောက်အောင် ဥပေက္ခာပြုနိုင်နေပြီလား ကိုကိုရယ်။

ခံပြင်းသော မာနတရားတွေက ကိုကို့ရဲ့ ဥပေက္ခာတရားတွေအောက် ရှုံးကြွလာခဲ့သည်။

"ဟဲလို ခန့်ချောလား"

"အော် ဝိုင်းလား ပြောလေ ကိုယ်လည်း အခုပဲ သတိရလို့



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဆီကို ဖုန်းဆက်တော့မလို့”

“နောက်မနေပါနဲ့ ခန့်ချောရယ်၊ ဒီနေ့ည ဒင်နာပွဲတစ်ခု တက်စရာရှိလို့၊ အဲဒါ ခန့်ချော ပိုင်းနဲ့အဖော်လိုက်ပေးနိုင်မလားလို့”

“ရတယ်လေ ပိုင်း ကိုယ် လက်ခံပါတယ်၊ တဒင်္ဂပဲဖြစ်ဖြစ် ပိုင်းဘေးမှာ အဖော်အဖြစ် ရှိနေခွင့်ရတာကို ကိုယ် ကျေနပ်”

“ဒါပဲနော် ခန့်ချော ပိုင်း လာခေါ်လိုက်မယ်”

ကျွံထွက်လာမည့် သံယောဇဉ် စကားသံတွေကို အဆုံးသတ်စကားဆိုရင်း သူမ ဖုန်းပိတ်လိုက်သည်။

မင်းထက်ခန့်ချော၏ မျက်ဝန်းနှင့် စကားသံတွေကို သူမ ရိပ်မိနေခဲ့ပြီပဲ။

ခံစားနားလည်မှု မပေးနိုင်ပေမယ့် လတ်တလောအတွက်တော့ သူမ အသုံးချရပေဦးမည်။

ကိုကိုရေ

ခန့်ချောနဲ့အတူ တွဲလာတာကို ကြည့်နေမယ့် ကိုကို့မျက်ဝန်းတွေကို ကျွန်မ မြင်တွေ့ချင်ပါတယ်။

စူးစမ်းရှာဖွေ ကြည့်ချင်ပါသေးတယ်။

ကိုကို့ရဲ့ ဥပေက္ခာ တရားတွေကို တုန့်ပြန်မယ့် ပိုင်း အစီအစဉ်တွေက မလွန်လောက်ဘူး ထင်ပါရဲ့နော်။





သူမတို့ ကားလေး ခြံကျယ်ကြီးထဲ ချိုးကွေ့လိုက်စဉ်မှာ ရောင်စုံမီးလုံးလေးတွေ ချိတ်ဆွဲထားသော မြက်ခင်း စိမ်းစိမ်းလေးထက်က ဒင်နာပွဲက ဆီးကြိုနေသည်။

ချိုသာသော အပြုံးတွေနှင့် အလိုက်သိစွာ တံခါးဖွင့်ပေးသော ခန့်ချောကို ပြုံးပြရင်း သူမ ကြွကြွလေး ဆင်းလိုက်သည်။

အနီရဲရဲ ကိုယ်ကြပ်ဝတ်စုံနှင့်ဂါဝန်ကို ဝတ်ဆင်ထားသော သူမ အလှတရားတွေက စီးထားသော ဒေါက်မြင့်ဖိနပ်အချွန်လေးကြောင့် မြင့်မားဝင့်ကြွားလို့ နေသည်။

“လှလိုက်တာ ပိုင်းရယ်”

ခန့်ချောရဲ့ အသိအမှတ်ပြု ရေရွတ်ခြင်းကို ရယ်မောရင်းဖြင့် သူမ မသိသလို နေလိုက်သည်။

“ပိုင်း ဟိုမှာ ကိုကြီးတိုင်း”

ခန့်ချော ညွှန်ပြရာ ကြည့်လိုက်မိတော့ သူမတို့ထံ လှမ်းလာနေသော ကိုကို့ကို တွေ့လိုက်ရသည်။

အနောက်တိုင်း ဝတ်စုံနှင့် သေသပ် စတိုင်ကျလှသော ကိုကို့ကို သူမ ငေးကြည့်နေမိသည်။

“လာစမ်း ပိုင်း”

ခပ်တင်းတင်း ဆုပ်ကိုင်ကာ ဆွဲခေါ်မည်ပြုသော ကိုကို့လက်မှ



www.burmeseclassic.com

www.burmeseclassic.com



သူမ ရှန်းထွက်ဖို့ ကြိုးစားမိသော်လည်း အချည်းအနှီးပင်။

"ကိုကို ဒီမှာ ခန့်ချောနဲ့"

"ဝိုင်း ကျန်တဲ့အချိန်တွေမှာ မင်း ဘာပဲလုပ်လုပ် ကိုယ် ဂရုမစိုက်ဘူး ဝိုင်း။ ဒါပေမဲ့ အခုလို ကိုယ်တို့အသိုင်းအဝိုင်းရဲ့ ပါတနာတွေရှေ့မှာတော့ ကိုယ်လုံးဝ ခွင့်မပြုနိုင်ဘူး"

ဒေါ်သတွေလား သဝန်တိုမှုကြောင့်လား ဝေခွဲမရပေမယ့် ရူးလက်နေသော ကိုကို့မျက်ဝန်းတွေကို သူမ စူးစူးစိုက်စိုက် ကြည့်နေလိုက်သည်။

"မင်း ဒါတွေ ဂရုမစိုက်လည်း အကြောင်း မဟုတ်ဘူး။ အရေးကြီးဆုံးအချက်က အခု ဒင်နာပွဲမှာ ရှေ့နေကြီး ဦးသာကောင် ရှိနေတယ်ဆိုတာကို မင်း ခေါင်းထဲ ထည့်ထားလိုက်ပါ ဝိုင်း"

"ခန့်ချော ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်နေလိုက် ဝိုင်း လာခဲ့မယ်"

စကားသံအဆုံးမှာ ကိုကို့ရဲ့ ခပ်ကြမ်းကြမ်း ဆွဲခေါ်ရာနောက်သို့ သူမ ယက်ကန်ယက်ကန် လိုက်ပါခဲ့ရသည်။

"မင်း အမူအရာတွေကို ပြင်လိုက်စမ်း ဝိုင်း"

ခပ်ကြိတ်ကြိတ် သတိပေးသံကို သူမ နှုတ်ခမ်းဆူကာ မဲ့ရွဲ့ပစ်လိုက်သည်။

"မောင်မင်းကြီးတိုင်းတို့ပါလား"





"ဟုတ်ကဲ့ အန်ကယ်၊ ဝိုင်း ထိုင်လေကွာ"

စူပုတ်ပုတ် သူမမျက်နှာလေးကို ပြင်ရင်း ကိုကို့ဘေးမှာ သူမ ဝင်ထိုင်ဖြစ်သည်။

ရှေ့နေကြီး ဦးသာကောင်နှင့် တစ်ဝိုင်းတည်းမို့ သူမ အရင်လို ကိုကို့ကို ဂျစ်ကန်ကန် အရွဲ့တိုက်မှုမျိုး မလုပ်ရဲချေ။

ဒါကို တမင်သိလို့ ကိုကို လုပ်တာ။ ဟင်း ပြောတော့ သူမနှင့် ဒင်နာအတူ မတက်ချင်သလိုနဲ့။

"မောင်မင်းကြီးတိုင်း ဒေါ်မေမေခိုင်ရဲ့ ကျန်းမာရေးအခြေအနေ ပုံမှန်ရှိရဲ့လား"

"သိပ်မကောင်းဘူးလို့ဆိုရပေမယ့် စိုးရိမ်စရာတော့ မရှိပါဘူး အန်ကယ်၊ အခု အမေရိကား ရောက်နေတယ်လေ၊ ဟိုမှာ ဝိုင်းရဲ့ ဦးလေး ဦးမြတ်တင်လည်း ရှိတော့ စိတ်ချရတာပေါ့"

သူမ ပန်းကန်ထဲ စားစရာတွေ ထည့်ပေးရင်း တည်ငြိမ်အေးဆေးစွာ ပြောနေသော ကိုကို့ကို သူမ မယုံနိုင်စွာ ငေးကြည့်နေမိသည်။

ဒါ တမင်သက်သက် ဟန်ဆောင်နေခြင်းသာ။

ယခုလို အရေးတယူ လုပ်ကိုင်ပေးခြင်းမျိုး ရှိခဲ့ဖူးတာ မဟုတ်ထာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းတို့နှစ်ယောက်တည်း ကျန်နေခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်၊ ဝိုင်း မေမေပါ လိုက်သွားတာ ဆိုတော့ ဝိုင်းနဲ့ကျွန်တော်နဲ့ နှစ်ယောက်တည်းကျန်ခဲ့တာပါ၊ ကုမ္ပဏီကိစ္စတွေကြောင့်လည်း ပါတာပေါ့ အန်ကယ်ရယ်"

နှစ်ယောက်သား အပြန်အလှန် ပြောဆိုနေသော စကားသံတွေကြားမှာ ဝိုင်း ပြုံးပြလိုက် ခေါင်းညိတ်လိုက်လုပ်ရင်း ငြိမ်ချက်နှုတ်ဆိတ်စွာ နေနေမိသည်။

ခပ်လှမ်းလှမ်း စားပွဲတွင် တစ်ယောက်တည်း ထိုင်နေသော ခန့်ချောကို အားနာစွာ လှမ်းကြည့်မိလိုက်သေးသည်။

ရွှေနေကြီးကလည်း စကားကောင်းနေပြန်သည်မို့ သူမ ထသွားလို့လည်း မဖြစ်သေး။

"ဝိုင်း စားလေ ဘာဖြစ်လို့လဲဟင် နေမကောင်းလို့လား"

"ကောင်းပါတယ် ကိုကို"

နဖူးပေါ်က ကိုကို့လက်ကလေးကို ဖယ်ရင်း စားပွဲဝိုင်းအောက်က ဒေါက်ဖိနပ်ချွန်ချွန်လေးက ကိုကို့ ရှူးဖိနပ်ပေါ်သို့ ခပ်ဖိဖိလေး နင်းလိုက်သည်။

"အ"

ခပ်ကြိတ်ကြိတ် ညည်းညူသံ ထွက်လာပေမယ့် ကိုကို့မျက်နှာ





ပြင်ပေါ်က အပြုံးတို့က ပျောက်ကွယ်မသွားပါ။

"သြော် ဒါနဲ့ မောင်ကြီးတိုင်း အန်ကယ် ဒီတစ်ရက် နှစ်ရက်အတွင်း အမေရိကားသွားမှာဆိုတော့ မောင်ကြီးတိုင်း မိဘနဲ့အဘွားဆီ ဘာမှာချင်သေးလဲ သမီးလေးကော"

"မမှာတော့ပါဘူး အန်ကယ်၊ မေစံနဲ့ဘွားတို့က တစ်ရက်ခြားလောက် ဝိုင်းတို့ဆီ ဖုန်းဆက်ကြပါတယ်၊ ဝိုင်းတို့ ဒီမှာ အားလုံး အဆင်ပြေပါတယ်လို့သာ ပြောပေးပါ အန်ကယ်"

သူမလည်း ကိုကို့လို ဟန်ဆောင်ပြုံးတွေနှင့် ပြောလိုက်သည်။

"ကောင်းပါပြီကွယ်၊ စေ့စပ်ထားလို့ လင်မယားအရာ မမြောက်သေးပေမယ့် အခုလို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိတာ မြင်ရတော့ အန်ကယ် ဝမ်းသာပါတယ်၊ မင်းတို့ မေမေနဲ့အဘွားကိုလည်း အန်ကယ် အသိပေး ပြောလိုက်ပါ့မယ်၊ အန်ကယ့်ကို ခွင့်ပြုကြပါဦး"

မတိုင်ပင်ထားပေမယ့် နှစ်ယောက်စလုံး ဟန်ဆောင်ပြုံးတွေနှင့် ပြိုင်တူ ခေါင်းညိတ်မိခဲ့ကြသည်။

"ဒီမှာ ဝိုင်း ရွှေနေကြီး ဦးသာခေါင်ရှေ့မှာမို့ မင်းကို ဂရုစိုက်ပြနေတာ မင်း သိပ်ဂုဏ်ယူမနေနဲ့၊ မေမေနဲ့ ဘွားဆီကို အဆင်မပြေဘူးဆိုတဲ့ သတင်း မရောက်ချင်လို့ လုပ်နေရတယ်ဆိုတာ မင်း နားလည်ထားပါ ဝိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ခုနက သူမ ဒေါက်ဖိနပ်ချွန်လေးနှင့် နင်းလိုက်မိသည်ကို ကိုကို မကျေနပ် ဒေါသဖြစ်နေဟန်တူသည်။

"ကဲ ရှေ့နေကြီးလည်း မရှိတော့ဘူးဆိုတော့ မင်း ကြိုက်သလို နေလို့ရပြီ ဝိုင်း"

ဝိုင်းကို နှုတ်ဆက်ခြင်းတောင် မပြုတော့ဘဲ ထွက်သွားသော ကိုကို့ ကျောပြင်ကိုသာ သူမ ငေးကြည့်နေခဲ့သည်။

ဒါ ဂရုမစိုက်တဲ့ အမူအရာလား။

သဝန်တိုတာလား ကိုကိုရယ်။

■ ■ ■



## အခန်း (၄၂)

ဒီနေ့ ကမ္ဘာ့ပိတ်ရက်မို့ ကိုကို ကြိုက်တတ်သည့် ဟင်းလျာတွေကို ချက်ပြုတ်နေမိသည်။

တစ်နေရာရာ လိုက်ပို့ခိုင်းဖို့ မဝံ့ရဲသည်မို့ အိမ်မှာပဲ ကိုကို ကျေနပ်စေနိုင်လောက်အောင် သူမ ချော့မော့နေပြုရပေဦးမည်။

ဒင်နာပွဲက အဖြစ်အပျက်တွေက ကိုကို စိတ်ဆိုးနေသည်လား မသိ။

ယော်စဥ်ကတည်းက ကိုကို့အပေါ် ဆိုးနွဲ့လာခဲ့သည်မို့ ကိုကို စိတ်ကသိကအောက် ဖြစ်နေတာကိုလည်း သူမ မြတ်မြတ်နိုးနိုးနဲ့ ကြည့်နေခဲ့သည်ပဲလေ။

"အင်း ကိုယ်လာခဲ့မယ်လေ၊ အခုမှ အိပ်ရာက နိုးတာ၊ ရေမိုး



www.burmeseclassic.com

www.burmeseclassic.com



ချိုးပြီး ထွက်လာခဲ့မယ် စောင့်နေနော်”

ဧည့်ခန်းထဲက ကိုကို ဖုန်းပြောသံကြောင့် သူမ စိုးရိမ်စွာ ခိုးနားထောင်နေမိသည်။

ကိုကို ဘယ်သွားမလို့ပါလဲ။

အလုပ်ပိတ်ရက်တောင် အိမ်မှာ ရှိမနေချင်ဘူး။

“အင်းပါကွာ နောက်နာရီဝက်လောက် ရောက်အောင် ကိုယ်လာခဲ့မယ်၊ ဟုတ်ပြီလား ဒါပဲနော် ဘိုင်ဘိုင်”

မြူးမြူးကြွကြွ ပုံစံလေးဖြင့် ဖုန်းပြောဆိုနေသော ကိုကို့ကို ကြည့်ရင်း သူမ အခြေအနေကို သဘောပေါက်လိုက်မိသည်။

ဒါ ပန်းထိပ်ထားဆိုသော မိန်းမနှင့် အချိန်းအဆက် လုပ်နေတာမှလွဲ၍ တခြားတော့ မဖြစ်နိုင်။

ဖူးကြွကြွ နှုတ်ခမ်းလေးမဲ့ကာ သူမ ရေချိုးခန်းထဲ အလျင်အမြန် ပြေးဝင်လိုက်သည်။

မွေးပွသဘက် အဖြူရောင်ကို ခြုံ၍ ရေချိုးရန် ထွက်လာသော မင်းကြဲတိုင်း ရေချိုးခန်းထဲမှ အသံတွေကြောင့် ခြေလှမ်း တုံ့ခနဲ ရပ်သွားမိသည်။

အရေးထဲ သွားစရာရှိနေကာမှ သူ့ထက်အရင် ရေချိုးခန်းထဲ ဝိုင်း ရောက်နေပြန်သည်။





ဆယ့်ငါးမိနစ်ကြာမျှ စောင့်နေသော်လည်း ဝိုင်းက ရေချိုးခန်း ထဲမှ ထွက်မလာသေး။

“ကျွတ်”

စိတ်ပျက်စွာ ညည်းညူရင်း ရေချိုးခန်းဆီသို့ ထထွက်လာခဲ့သည်။ ချိန်းထားသည့်အချိန်က နီးကပ်နေပြီ။

“ဒုန်း ဒုန်း”

“ဝိုင်း ရေချိုးနေတာ ကြာပြီ၊ အခန်းထဲ မင်းဘာလုပ်နေတာလဲ ကိုယ် သွားစရာရှိတယ် ရေချိုးမလို့ မြန်မြန်ထွက်ခဲ့”

အောင့်အီးမကျေနပ်သံကို ရေချိုးခန်းတံခါး ခပ်ဖွဖွထုရင်း ပြောလိုက်မိသည်။

“ဝိုင်း ချိုးတာ မကြာသေးဘူး ကိုကို၊ ဝိုင်း ရေစိမ်ချိုးတတ်တာ ကိုကိုသိသားနဲ့၊ နောက် နာရီဝက် လေးဆယ့်ငါးမိနစ်လောက် စောင့်ဦး”

အခန်းထဲက ဝိုင်းရဲ့ တုံ့ပြန်စကားသံက သူ့ရဲ့ မကျေနပ်မှုကို ဒေါသအဖြစ် ပြောင်းလဲကုန်သည်။

“ဝိုင်း ဒါ ကိုယ် အပြင်သွားစရာရှိမှန်းသိလို့ မင်း တမင်ညှစ် ပတ်တာမလား၊ အခုချက်ခြင်း ထွက်ခဲ့”

မကျေနပ်သံကို ဝိုင်းကြားသည်လား။ မကြားချင်ယောင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်လား မသိ။

ရေမန်းခရားမှ ရေကျသံမှလွဲ၍ ဘာသံမှ မကြားရချေ။

"ဝိုင်း ထွက်ဆို ထွက်ခဲ့စမ်း။ မင်း ထွက်မလာရင် ကိုယ် ဝင်လာမှာနော်"

သူ့ရဲ့ ခြိမ်းခြောက်သံတွေက အချည်းအနှီးပင်။

စိတ်မရှည်စွာ ရေချိုးခန်းတံခါးကို တွန်းဖွင့်လိုက်မိသည်။ တံခါးဖွင့်လိုက်မှုကြောင့် ရေပန်းအောက်တွင် ငုတ်တုတ်လေး ထိုင်နေသော သူမ ထရပ်ကာ လှည့်ကြည့်၏။

"ဝိုင်း"

ထဘီရင်ရှားနှင့် ရူးစိုက်စွာ ငေးကြည့်နေသော ဝိုင်းဆိုသော ကောင်မလေး ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိသည်။

ရေစို ထဘီနှင့် ချပ်ယပ်စွာ ဝင်းထင်းလှပနေသည့် ဝိုင်းက မျက်လုံးကလေး အပြူးသားနှင့် သူ့ကို ကြောင်ကြည့်နေသည်။

ရေစိုထဘီနှင့် တင်းရင်းချပ်ယပ်စွာ တည်ရှိနေသော ဝိုင်း ခန္ဓာကို ဝင်းဝင်းလေးကို တအံ့ငေးမောကြည့်နေမိသည်က ဝန်ခံမိပါသည်။

ဖူးငုံလုပသည့် နှုတ်ခမ်းဖူးဖူးလေးထက် ရေစက်တို့ တွဲခိုစီးကျ နေသော်လည်း အနည်းငယ် ပြာနှမ်းနေသယောင်။





ဒါ တမင်လုပ်တာပဲ။

ဆုပ်ကိုင်ထားမိသော အေးစက်စက် လက်မောင်းသား အိအိလေးတွေကို ဖြေလျော့ရင်း လှည့်ထွက်လာခဲ့မိသည်။

မရည်ရွယ်ဘဲ အနီးကပ်မြင်တွေ့ခဲ့ရသော ဝိုင်းရဲ့အနုပညာမြောက်သော အလှတရားတွေကြောင့် မိန်းမောသာယာနေမိခဲ့ပေမယ့် ဆင်ခြင်ရမည့် အသိတရားတွေက စိတ်ရိုင်းကို မာန်တားထားခဲ့မိသည်ပဲ။

■ ■ ■

"မိအေး"

"အစ်ကိုလေး ထမင်းစားဖို့ ပြင်လိုက်မယ်လေ"

"နေပစေ မိအေး ငါ အပြင်မှာ စားလာခဲ့ပြီးပြီ"

ငေးကြောင်ရပ်ကြည့်နေသော မိအေးကို လှည့်မကြည့်ဖြစ်တော့ဘဲ ဆင်ဝင်အောက်ကနေ၍ အိမ်ကြီးထဲ လှမ်းဝင်ခဲ့သည်။

မနက်က ဝိုင်းအပြုအမူကြောင့် ပန်းထိပ်ထားထံ အရောက်နောက်ကျခဲ့၍ ချော့မော့ခဲ့ရသေးသည်။

ဆူပူကြိမ်းမောင်းမည်ဟု ရည်ရွယ်ထားပေမယ့် ဝိုင်းက ဧည့်ခန်းထဲက ဆိုဖာခုံလေးတွင် ခွေခွေလေး အိပ်ပျော်နေသည်။ အပြင်အဆောင်မရှိ အပူအပင်ကင်းမဲ့စွာ အိပ်ပျော်နေသော ဝိုင်း မျက်နှာလေးက ကလေးဆန်စွာ ချစ်စရာကောင်းနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း သူ့အပေါ် ဘယ်လောက် ဆိုးဆိုးနွဲ့နွဲ့ ခွင့်လွှတ်သည်းခံ တတ်ခဲ့သည်ကလည်း အဆန်းတကြယ် မဟုတ်တော့တာက သူ့အတွက် ဆန်းကြယ်နေသလိုပင်။

"အစ်ကိုလေး အပြင်ထွက်သွားကတည်းက ဒီညှို့ခန်းထဲမှာ ထိုင်နေတာ၊ ထမင်းလည်း မစားဘူး၊ အခုမှ အိပ်ပျော်သွားတယ် ထင်တယ်"

"နှိုးပြီး သူ့အခန်းထဲ သွားအိပ်ခိုင်းလိုက်"

သူ့စကားသံကြောင့် မိအေး အိပ်ပျော်နေသော ဝိုင်းအနားတိုးကပ်သွားရင်း စိုးရိမ်သံ ကြားလိုက်ရသည်။

"ဟင် အစ်ကိုလေး မမလေး ကိုယ်တွေက ခြစ်ခြစ်တောက်ပူနေတယ်"

လှမ်းလက်စ ခြေလှမ်းတွေကို ရပ်ရင်း ဝိုင်း နဖူးလေးကို ညင်သာစွာ စမ်းလိုက်မိသည်။

"ရေပတ်တိုက်ဖို့ သွားပြင်စမ်း မိအေး၊ ငါ ဝိုင်းကို သူ့အခန်းထဲ ပို့လိုက်မယ်"

စိုးရိမ်တကြီး ပြောရင်း ဝိုင်း ခန္ဓာကိုယ်လေးကို ပွေ့ထူမရန် ပြင်လိုက်မိသော လက်တွေက တွန့်ခနဲ ဖြစ်သွားသည်။

မနက်က ရေချိုးခန်းထဲမှာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တွေ





ကြောင့် ဖြူလျှသော မင်းကြီးတိုင်း မျက်နှာ ထွာအမ်းအမ်း ဖြစ်သွားမိသည်။

မတတ်နိုင်တော့သည့် အခြေအနေမို့ ရဲဝံ့စွာ ဆုံးဖြတ်လျက် ဝိုင်း ကိုယ်လုံးလေးကို ပွေ့ယူလိုက်သည်။

ဓွေ့ခနဲ ပါလာသော ဝိုင်းခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲ ငြိမ်သက်စွာ ရှိနေသည်။

သူ့ဘယ်ဘက် ရင်အုံထက် ပါးပြင်အစ်ကာ လိုက်ပါလာသော ဝိုင်း မျက်နှာလေးကို တစ်ချက်တော့ ငုံ့ကြည့်မိခဲ့သေးသည်။

တဒိတ်ဒိတ်ခုန်နေသော သူ့ရင်ခုန်သံကို ဝိုင်း ကြားသွားမှာကို တော့ စိုးရွံ့မိပါသည်။

ကတုန်ကယင်ဖြစ်နေသော စိတ်တို့ကို ထိန်းချုပ်ရင်း ဝိုင်း ခန္ဓာကိုယ်လေးကို မွေ့ရာထက် ညင်သာစွာ လှဲသိပ်ထားလိုက်သည်။

"ရပြီ အစ်ကိုလေး"

"ညည်းလည်းနက်နေပြီ မိအေး၊ နင် အိပ်ချင်အိပ်တော့၊ ဝိုင်းကို ငါပဲ ပြုစုထားလိုက်မယ်"

မေးစင်းနေသော မျက်ဝန်းတွေနှင့် မိအေး ခေါင်းညိတ်ပြကာ အခန်းထဲမှ ထွက်သွားသည်။

မိအေး ချထားခဲ့သော ပဝါစလေးကို ရေခွက်ထဲနှစ်ရင်း ဝိုင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



နဖူးလေးပေါ် တင်ထားပေးလိုက်သည်။

အချိန်ဘယ်လောက်ထိ ရေစိမ်ချိုးထားမှန်းမသိသော ပိုင်းက ခပ်ပါးပါးအင်္ကျီလေးကို ဝတ်ဆင်ထားပြန်သည်။

အပူရှိန်ကြောင့် တဟင်းဟင်း ညည်းညူနေသော ပိုင်း နှုတ်ခမ်း ဖူးဖူးလေးတွေက သူ့နာမည်ကို ယောင်ရမ်း ရေရွတ်နေပြန်သည်။

"ကိုကို ကိုကို မသွားပါနဲ့ ကိုကိုရယ်၊ ပိုင်းကို တစ်ယောက်တည်း မထားခဲ့ပါနဲ့"

ပိုင်းရဲ့ ညည်းညူသံတွေက သူ့ရင်ကို လှုပ်ခတ်သွားစေသည်။ ညှိုးလျှော့ မျက်နှာလေးကို ငေးကြည့်ရင်း ပိုင်း ပါးပြင်လေးနှင့် သူ့ပါးပြင်ကို ထိကပ်ထားမိလိုက်သည်။

"မသွားပါနဲ့ ချမ်း ချမ်း"

ကယောင်ကတမ်း ရေရွတ်သံနှင့် တုန်ယင်နေသော ပိုင်း ခန္ဓာကိုယ်လေးကို နွေးထွေးစေရန် ရင်ခွင်ထဲ ထွေးပွေ့ထားမိသည်။

ပူနွေးနေပေမယ့် အိစက်နေသော ပိုင်း ခန္ဓာကိုယ် အထိအတွေ့လေးက ရင်ခုန်သံသွေးကြောတွေကို ပြောင်းဆန်နေစေ၏။

မှိန်ပျပျ အခန်းမီးရောင်အောက်မှ ခပ်ပါးပါးဝတ်စုံအောက်က ပိုင်းခန္ဓာကိုယ် အလှတရားတွေက အသက်ရှူသံတွေကို ပုံမှန်တော့ မဖြစ်စေနိုင်ပါ။





တင်းကြပ်စွာ ထွေးပွေ့ထားရင်း မျက်ဝန်းအကြည့်တွေကို တခြား တစ်နေရာဆီ လွှဲထားရပေမယ့် အထိအတွေ့ အာရုံက ဖျောက်ဖျက်မရအောင် ဖြစ်နေပြန်သည်။

"ပိုင်းရယ်"

တက်မက်မှုကြောင့် မဟုတ်တဲ့ ဖိသိပ်နမ်းရှိုက်မိသည့် ပါးပြင်ထက်က အနမ်းတစ်ခုအတွက် မလုံမလဲ ဖြစ်မိသည်။

ခွင့်လွှတ်ပါ ပိုင်းရယ်။

အသိတရားနဲ့ ဆန္ဒတစ်ခုကို တားဆီးနိုင်ပေမယ့် ကင်းလွတ်သွားတဲ့ စိတ်တစ်ခုအတွက် ကိုယ် တောင်းပန်ပါတယ်။

မဖြူစင်ခဲ့တဲ့ အနမ်းတစ်ခုအတွက် မင်း ကျေနပ်လောက်အောင် ကိုယ် လိုက်လျောပေးနိုင်ပါတယ်။

တုန်ယင်နေခဲ့သော ပိုင်း ကိုယ်လုံးလေးက သူ့ရင်ခွင်ထဲမှာ အခုတော့ ငြိမ်သက်လို့နေပြန်သည်။

နွေးထွေးတဲ့ ကိုယ့်အနမ်းတွေကို အိပ်မက်ထဲတွေထဲ မင်း မြင်တွေ့သွားမှာ စိုးမိပါရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ဝိုင်း မျက်ဝန်းလေးတွေ ဖွင့်ကြည့်တော့ မိအေး ဝိုင်း နံဘေးမှာ ရှိနေသည်။

"ဟင် မိအေး"

"ဟယ် မမလေး နိုးပြီလား"

"အင်း ငါ ငါ"

"မမလေး ညက တစ်ညလုံး အဖျားတွေတက်နေတာ၊ အစ်ကိုလေးရှိလို့ တော်သေးတာပေါ့"

"ဟင် ကိုကို ရှိနေတယ် ဟုတ်လား"

ဝိုင်း မယုံနိုင်စွာ တအံ့တသြလေး မေးမိသည်။ မိအေးက ရိုးသားစွာနှင့် အားလုံးကို ပြောပြသည်။





"ဟုတ်တယ်လေ အစ်ကိုလေးက မမလေးကို တစ်ညလုံး ပြုစုပေးနေတာ မမလေး အအေးပတ်ပြီး အပူရှိန်တွေတိုးနေတာ မိအေးဖြင့် ကြောက်တောင် ကြောက်တယ်"

ဖြစ်နိုင်သည်။ ကိုကို့ကို အရွဲ့တိုက်ကာ ဝိုင်း ရေချိုးခန်းထဲက ရေပန်းအောက်မှာ ထိုင်နေခဲ့တာ အကြာကြီးပဲလေ။

"အစ်ကိုလေးလည်း အတော် စိုးရိမ်သွားတာ သေချာတယ်၊ တစ်ညလုံး မမလေးကို ပြုစုနေတာ မိအေးကို ညဉ့်နက်တော့ အိပ်ခိုင်းတယ်၊ အစ်ကိုလေးက တစ်ညလုံး မအိပ်ဘူး"

"ဟင်"

"မမလေး အနားမှာ ငုတ်တုတ် ထိုင်နေတာ မိုးလင်းတဲ့အထိပဲ အခုတောင် ဆရာဝန် သွားခေါ်တာ"

မိအေး စကားကြောင့် ဝိုင်း ရှက်ရွံ့ထူပူသွားမိသည်။ ကိုကိုနှင့် နှစ်ယောက်တည်း ရှိနေခဲ့တာတဲ့။

"မိအေးရယ် နင်ကလည်း အအိပ်မက်လိုက်တာ ငါ့ကို ထားရစ်ခဲ့တယ်ပေါ့"

"ဟင် ဘာဖြစ်လို့လဲ မမလေးနဲ့ အစ်ကိုလေးက စေ့စပ်ထားကြတာပဲလေ"

မိအေးကတော့ ဘာမှမသိဘဲ ပြောနေသည်။ ဝိုင်းမှာသာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်ခဲ့မှန်းမသိဘဲ ရင်တွေ တလှပ်လှပ် ခုန်ချင်နေတုန်း။

"ဟော ကားသံကြားတယ်၊ အစ်ကိုလေး ပြန်လာပြီထင်တယ်"

မိအေး ဆိုသည့်အတိုင်းပါပဲ။ ကိုကိုနှင့်အတူ ဆရာဝန်တစ်ဦး ပါ အခန်းထဲ ဝင်လာသည်။

"ဝိုင်း နိုးနေပြီလား၊ ဒီမှာ ဒေါက်တာချိုအောင်ဇော်ကို ကိုကို ခေါ်လာတယ်၊ ဝိုင်းကို စမ်းသပ်ပေးလိမ့်မယ်"

"အင်း မင်းကသာ လူနာအတွက် စိုးရိမ်ပြီး လျှောက်ပြောနေ တာ၊ အခုတော့ လူနာက ဘာမှမဖြစ်တဲ့အတိုင်းပဲ"

"အစ်ကိုလေးက တစ်ညလုံး ပြုစုပေးနေတာကိုး ဆရာဝန်ကြီး ရဲ့"

မိအေး ကြားထဲက ဝင်ပြောတော့ ဒေါက်တာလေးက ပြုံးယုံ့ယုံ့၊ ကိုကို့မျက်နှာ နီသွားသလို ဝိုင်းလည်း ရဲရဲတောင် မကြည့်ရဲတော့ပါ။

ဆရာဝန်လေးက ဝိုင်းကို စမ်းသပ်စစ်ဆေးပြီးတော့ သောက် ဆေးတွေ စီစဉ်မှာကြားပေးခဲ့၏။

"မိအေး အသေအချာ မှတ်ထားနော်၊ မင်း မမလေးကို အချိန် မှန် ဂရုစိုက်ပြီး တိုက် ကြားလား"

"ဟုတ်ကဲ့ အစ်ကိုလေး"

ဒေါက်တာ ချိုအောင်ဇော်ကို ကိုကိုက ပြန်ပို့ပေးဖို့ ထွက်သွား





ခဲ့သည်။ သည်တော့မှ ဝိုင်း မိအေးကို မေးမိ၏။

"မိအေး ကိုကို ညက တစ်ညလုံး မအိပ်တာ အမှန်ပဲလားဟင်"

"ဟာ မမလေးကလည်း ညာစရာလား၊ အစ်ကိုလေး မျက်နှာ ကြည့်ပါလား၊ မျက်ကွင်းတွေ ညိုနေတာ"

ဝိုင်း လက်ခံပါသည်။ ကိုကို့မျက်နှာက နည်းနည်းတော့ ချောင် ကျသွားခဲ့သည်။

ဝိုင်းအတွက် တစ်ညလုံး စိုးရိမ်နေခဲ့တာတဲ့၊ မအိပ်ဘဲ စောင့် ရှောက်ပေးခဲ့တာတဲ့။

ကိုကိုရယ်

ဝိုင်း ပိုင်ဆိုင်ချင်တာ ကိုကိုရဲ့ အကြင်နာတွေပါ။ ဒါပေမဲ့ ဝိုင်း မသိခဲ့ပါဘူး။

ဝိုင်းကို ကိုကိုထားတဲ့ သံယောဇဉ်ကြောင့်လား။ ဝိုင်း သိချင် လိုက်တာ၊ ဝိုင်းကို ကိုကို သံယောဇဉ် ရှိနေတုန်းပဲလားလို့။

ဟန်ဆောင်မထားပါနဲ့ ကိုကိုရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဝိုင်း နင်နဲ့ နင့်ကိုကိုက ဘာတွေလဲ"

စာရင်းတွေ စစ်နေသည့် ဝိုင်း ခန့်ချောကို မျက်လုံးလေး လှန်ကြည့်ရင်း

"နင် ဘာကိုဆိုလိုချင်တာလဲ ခန့်ချော"

"ငါ နင့်ကိုကိုနဲ့ ပန်းထိပ်ထားကို တစ်နေ့က တွေ့လိုက်တယ်၊ သူတို့ကို အမြဲလိုလို တွဲပြီးတွေ့နေရတယ်လေ၊ နင်တို့က စေ့စပ်ထားတဲ့ သူတွေဆိုတော့"

ခန့်ချောက စကားကို ရပ်ထားပြီး နှုတ်ခမ်းထောင့်စွန်းလေး မြင့်တက်သွားရုံ ပြုံးသည်။

ခန့်ချောကို ကြည့်ပြီး ဝိုင်း စိတ်ထဲမှာ ကိုကိုနှင့်ပန်းထိပ်ထား





အကြောင်းက ဝင်လာသည်။ လှုပ်ရှားသွားသော ရင်ကြောင့် မျက်နှာ ပျက်ယွင်းမသွားအောင် ရယ်လိုက်သည်။

"အပဟင်း ဒါတွေက အရေးမကြီးပါဘူးဟာ၊ ဘွားတို့ပြန်လာရင် အားလုံးပြီးသွားမှာပါ"

"ကိုယ်က ဝိုင်းအတွက် စိုးရိမ်လို့ ပြောတာပါ၊ ဝိုင်း ကိုကိုက ဝိုင်းကို အမြဲတမ်း အနိုင်ယူတတ်တဲ့သူလေ"

ဖိုင်တွေကို ဟိုဒီလှန်လှောနေရင်း ဝိုင်းရင်ထဲမှာ ရှုးခနဲဖြစ်သွားသည်။

ဒါပေမဲ့ ခန့်ချောရှေ့မှာမို့ ဘာမှပြန်မပြောဖြစ်။

"ဝိုင်း"

"ပြောလေ"

ခန့်ချောကို မကြည့်ဘဲနှင့် ဝိုင်း ဖြေလိုက်သည်။

"ကိုယ်နဲ့ဝိုင်းနဲ့က ကျောင်းနေဘက်တွေပါ၊ ဝိုင်းအပေါ် ကိုယ် သံယောဇဉ်ကြီးတာ ဝိုင်း သိမှာပါ၊ ဝိုင်း ခံစားရမယ့်အဖြစ်မျိုးကို ကိုယ် လက်မခံချင်ဘူး"

ခန့်ချောကို ဝိုင်း ကြည့်လိုက်သည်။ ခန့်ချော မျက်ဝန်းတွေထဲ မှာ ခန့်မှန်းရခက်တဲ့ အဓိပ္ပါယ်တွေ ာယှက်နေသည်။

"ဝိုင်းထက် အစစအရာရာ သာတဲ့ ပန်းထိပ်ထားရဲ့ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကိုတော့ ဝိုင်း မှန်းဆမိလောက်မှာပါ"

ခန့်ချောက ဟန်ပါပါဖြင့် လက်ပိုက်ရင်းဆိုသည်။ မျက်ဝန်းတွေကတော့ ဝိုင်းကို အကဲခတ်နေသယောင်။

ဝိုင်းက ဘာမှမခံစားရသလို စာရင်းစာရွက်တွေ တစ်ခုပြီးတစ်ခု စစ်နေရင်း

"အဲဒါတွေ လိုက်ခံစားမနေပါနဲ့ ခန့်ချောရယ်။ အချိန်တန်ရင် ပြီးသွားမှာပါ။ လူတစ်ယောက်က သူ ဖြစ်ချင်တာ ဖြစ်ခွင့်ရှိတယ်လေ၊ ဟုတ်တယ် မို့လား"

ခန့်ချော မျက်နှာ မသိမသာ အရောင်ပြောင်းသွားတာကို ဝိုင်း သတိထားမိသည်။

"ကိုယ်ကတော့ ဝိုင်း စကားလုံးလေးတွေကို အရမ်းကြိုက်သွားပြီ၊ ဝိုင်းပြောသလိုဖြစ်ရင် သိပ်ကောင်းမှာပဲ သိလား၊ ဒါပေမဲ့ ဝိုင်း ကိုကိုရဲ့ အပြုအမူတွေနဲ့ ပတ်သက်လို့တော့ ဝိုင်း သတိထားစေချင်တယ်"

ခန့်ချော စကားတွေကြောင့် ဝိုင်း စိတ်ရှုပ်ထွေးသွားသည်။

"တော်ပါတော့ ခန့်ချောရယ်၊ အဲဒီအကြောင်းတွေ မပြောရင် သိပ်ကောင်းမယ် ဝိုင်း စာရင်းတွေလုပ်ရဦးမယ်"

ဝိုင်းပြောတော့ ခန့်ချော မျက်ခုံးတွေ ပင့်တက်သွားပြီး





"ဟာ ဆောရီး ဝိုင်း ဝိုင်းကို အနှောင့်အယှက်ပေးသလို ဖြစ်နေပြီ၊ ကိုယ်က စိုးရိမ်ပြီး ပြောတာပါ၊ ကဲ ကိုယ်သွားတော့မယ်"

ဝိုင်းကို နှုတ်ဆက်ပြီး ရုံးခန်းထဲမှ ခန့်ချော ထွက်ခွာသွားသည်။

ဝိုင်း စာရင်းဇယားတွေကို ဆက်မလုပ်ဖြစ်တော့။

ကိုကိုနဲ့ ပန်းထိပ်ထား အကြောင်းတွေက ခေါင်းထဲမှာ မွှေနှောက် နေရာယူထားသည်။

ပန်းထိပ်ထားနှင့်ကိုကိုက ဝိုင်းထက်စာလျှင် ပိုပြီး သံယောဇဉ်ကြီးမှာ သေချာသည်။ ကိုကို့မျက်ဝန်းတွေထဲမှာ ပန်းထိပ်ထားနှင့်တွေ့လျှင် အမြဲပျော်ရွှင်နေတတ်တာ သတိထားမိသည်။

ပန်းထိပ်ထားကလည်း ကိုကို့ကို နှစ်သက်နေတာ အမူအရာတွေမှာ အထင်အရှား။

ဒါပေမဲ့

ကိုကို့အကြောင်းကို ဝိုင်း သိနေသည်။ မေစံတို့ ဘွားတို့ စကားကို မဆန့်ကျင်မှာတော့ သေချာသည်။

ဝိုင်းကိုရော ကိုကို ဘယ်လိုသဘောထားတာလဲ။ ကိုကို ရင်ထဲမှာ ဝိုင်းနဲ့ပတ်သက်ပြီး နည်းနည်းလေးတောင် လှုပ်ရှားမှုကင်းမဲ့နေတာမျိုးလား။

ဝိုင်း ဖျားတုန်းက ကိုကို ပြုစုပေးတာတွေကို သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ကိုကိုပုံစံ ဘယ်လိုဖြစ်နေလဲ ဆိုတာ ဝိုင်း မသိလိုက်ရ။

ဘာပဲပြောပြော ကျေနပ်ခဲ့သည်။ တစ်ဖက်က ပြန်တွေးတော့ မယုံရဲပြန်။

ဝိုင်းကို ပြုစုခဲ့တာက ကိုကို အမြဲတမ်းပြောတတ်တဲ့ ကျေးဇူးတရားတွေကြောင့်လား။

ဒါမှမဟုတ် . . . ။

■ ■ ■



## အခန်း (၃၅)

အဆက်မပြတ် ရွာသွန်းနေသည့်မိုးကြောင့် ကြံတိုင်း ကားကို ခပ်မှန်မှန် မောင်းလာခဲ့သည်။

ဝိုးတဝါး မြင်ကွင်းထဲတွင် ရပ်တန့်ထားသော ကားတစ်စီးကို တွေ့သည်။ ကြည့်ရတာ ကားပျက်နေတာ ဖြစ်မည်။

အနီးရောက်မှ ဝိုင်း၏ ကားမှန်း သိလိုက်သည်။

ကားချင်းယှဉ်၍ ရပ်လိုက်တော့ ထီးတစ်ဖက်နှင့် စက်ဖုံးကို ဖွင့်ရင်း ဟိုစမ်း ဒီစမ်း လုပ်နေသည့် ဝိုင်းကို တွေ့သည်။

"ကားပျက်နေတာလား ဝိုင်း"

"ဟုတ်တယ် ကိုကို ရုတ်တရက်ကြီး စက်သေပြီး ထိုးရပ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုကို့ကားယူပြီး ပြန်နှင့်လိုက်တော့၊ ကိုကို ကြည့်လိုက်မယ်"

ပြောပြီးသည်နှင့် ကားတံခါးကို ဖွင့်ပြီး ဆင်းလိုက်သည်။ ဝိုင်းက လက်ထဲမှ ထီးကို လှမ်းပေးသည်။

"ရော့ ကိုကို ထီးယူထားလိုက်လေ"

"ရတယ် မယူတော့ဘူး လက်တစ်ဖက်ထဲနဲ့ အလုပ်ဖြစ်မှာ မဟုတ်ဘူး"

ဝိုင်းက အင်္ကျီထက်က ရေစက်လေးတွေကို လက်ဖြင့်သပ်ထုတ်လိုက်ပြီး

"ဒါဆို ကိုကို စိုရွဲကုန်မှာပေါ့၊ တော်ကြာ ဖျားနေဦးမယ် ဝိုင်း ထီးမိုးပေးထားမယ်လေ"

"နေပါစေ ဝိုင်းရယ်၊ ဒီလောက်တော့ ကိုကို ခံနိုင်ရည်ရှိပါတယ်၊ တော်ကြာ အဖျားခါတ်ခံနဲ့ ဝိုင်း ထပ်ဖျားနေဦးမယ်"

စိုးရိမ်ဟန် အပြုအမူကြောင့် ဝိုင်း ကျေနပ်သွားသည်။

ဘာမှဆက်မပြောဖြစ်တဲ့ ကားပေါ်တက်၍ မောင်းထွက်ခဲ့သည်။ မိုးသီးမိုးပေါက်တွေကြားမှာ ကားစက်ဖုံးဖွင့်၍ ကျန်ခဲ့သော ကိုကို့ကို ကြည့်ပြီး ဝိုင်း ရင်ထဲနင့်သွားသည်။

အိမ်ပြန်ရောက်တော့ ရေမိုးချိုး အဝတ်အစားလဲပြီး ဧည့်ခန်း





ဘက် ထွက်ခဲ့သည်။

အိမ်ရှေ့ဘက်မှ ကားသံကြောင့် ကိုကို ပြန်လာပြီဆိုတာ သိလိုက်သည်။

ရေစို၍ တောင်ဆန့်နေသော ဆံပင်များနှင့် ဝင်လာသော ကိုကို့ကို တွေ့လိုက်ရသည်။

အသင့်ယူလာသော အဝတ်အစားနှင့် တဘက်ကို ကိုကို့ဆီ ကမ်းပေးလိုက်သည်။

"ကိုကို အဝတ်အစားလဲပြီး ခေါင်းတွေ ရေစင်အောင် သုတ်လိုက်ဦး၊ ဝိုင်း ကော်ဖီသွားဖျော်လိုက်ဦးမယ်"

ဝိုင်းကို ကြည့်နေတဲ့ ကိုကို့ပုံစံက ဝိုင်းကိုကြည့်ပြီး အံ့သြနေဟန်။

ဝိုင်း ကော်ဖီနှစ်ခွက်ကို မီးဖိုခန်းဘက်ပြေးပြီး အမြန်ဖျော်သည်။ ဧည့်ခန်းတွင်းရောက်တော့ ကိုကို့ကို ကော်ဖီတစ်ခွက် လှမ်းပေးလိုက်သည်။

ကိုကိုက ကော်ဖီကို ယူ၍ ငုံသောက်လိုက်သည်။ ဖျော်ခါစမို့ အပူရှိန်ငွေးငွေးကြောင့် မှဲ့သွားသော ကိုကို့ကို ကြည့်ပြီး ဝိုင်း ပြုံးမိသည်။

ကိုကို့ကို ဂရုတစိုက်နှင့် ပြုစုရတာကို ဝိုင်း ကျေနပ်နေမိသည်။

"ကိုကို ခဏနားပြီးမှ ရေချိုးချင် ချိုးလိုက်ပေါ့၊ ဝိုင်း မီးဖိုခန်း ဘက်သွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြရင်း ကိုကို ကျန်ခဲ့သည်။ ဝိုင်းကို ကိုကို နားလည်ရ ခက်နေမှာ သေချာသည်။

ဝိုင်းကို ကိုကို နားလည်နိုင်ပါစေ။

■ ■ ■



အခန်း (၃၆)

ညနေစာအတွက် ဝိုင်း ကိုယ်တိုင် ဝင်ရောက် ချက်ပြုတ်နေမိခြင်းပါ။

ဖွယ်ဖွယ်ရာရာ စီမံပြီးသွားမှ ထမင်းဝိုင်းကို ပြင်လိုက်ပြီး ကိုကို့ကို အိမ်ဖော်ကောင်မလေးနှင့် သွားခေါ်ခိုင်းသည်။

ထမင်းဝိုင်းမှာ ထိုင်ရင်း ဝိုင်း စောင့်နေလိုက်သည်။

ခဏနေတော့ အိမ်ဖော်ကောင်မလေး ရောက်လာပြီး

"မမလေး၊ အစ်ကိုလေးက မစားတော့ဘူးတဲ့၊ ကြည့်ရတာ နေမကောင်းဘူးနဲ့တူတယ်၊ မျက်လုံးတွေလည်း ရဲနေတယ်"

အိမ်ဖော်မလေး စကားကြောင့် ဝိုင်းရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ မိုးမိတဲ့ အရိုန်နဲ့ ဖျားသွားဟန်တူသည်။

"အေး အေး မမလေး သွားကြည့်လိုက်မယ်၊ လုပ်စရာရှိတာ သွားလုပ်တော့"

ကိုကို့အခန်းဘက်သို့ ပိုင်း ထွက်လာခဲ့သည်။ အခန်းတံခါးကို ခေါက်လိုက်တော့ တံခါးပွင့်သွားပြီး ညှိုးရော်ရော် ကိုကို မျက်နှာကို တွေ့ရသည်။

"ကိုကို ဖျားနေတာလား"

"ဟုတ်တယ် နည်းနည်းပါးပါးပါ၊ ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ"

အသံက ဖျော့တော့နေသယောင်။

လက်ထဲမှ ဆေးဘူးများကို ပိုင်း လှမ်းပေးလိုက်သည်။

"ခဏစောင့်ဦးနော် ကိုကို၊ ကိုကို ဆေးသောက်ဖို့အတွက် ဆန်ပြုတ်သွားပြုတ်ပေးမယ်"

"နေပါစေ ပိုင်း မလုပ်နဲ့တော့၊ ကိုကို မုန့်နဲ့ကော်ဖီပဲ သောက်လိုက်တော့မယ်"

"ဘယ်ဖြစ်မလဲ ကိုကိုရဲ့၊ တော်ကြာ အဆာမရှိမှ ပိုဆိုးနေလိမ့်မယ်"

စိုးရိမ်ဟန်မျက်နှာလေးနှင့် ဆိုနေသော ပိုင်းကို ရူးစိုက်၍





ကြည့်မိသည်။

ထူးခြားပြောင်းလဲလာတဲ့ ပိုင်းရဲ့ အပြုအမူတွေကို သူ သတိထား မိနေတာ သေချာသွားသည်။

ဒီကောင်မလေး ဘယ်လိုဖြစ်သွားတာလဲ၊ အမြဲတမ်း ကန့်လန့် တိုက်တတ်တဲ့ ပိုင်းကို မအံ့ဩဘဲ မနေနိုင်။

"ရပါတယ် ပိုင်းရယ်၊ ကိုကို စားလည်း မစားချင်တော့ပါဘူး သက်သက်ပင်ပန်းနေပါ့မယ်"

ပိုင်း ဘာမှဆက်မပြောတော့။ ရေဘူးထဲမှ ရေကို ဖန်ခွက်ထဲ ငှဲ့ထည့်လိုက်ပြီး

"ဒါဆိုလည်း ကိုကို ဆေးသောက်လိုက်ဦး"

ပိုင်းပေးသော ရေခွက်ကို ယူလိုက်ပြီး ဆေးကို ပါးစပ်ထဲ ပစ်ထည့်၍ သောက်လိုက်သည်။

"ကဲ ဆေးသောက်ပြီးရင် ကိုကို အိပ်လိုက်တော့နော်"

ပိုင်း ထွက်သွားတော့ အိပ်ရာထက်မှာ လှဲရင်း အိပ်မပျော်နိုင် သေး။

ပိုင်း အရှေ့မှာမို့ ဟန်ဆောင် ပြောလိုက်ရပေမယ့် သူ့အဖျားက ခေသေးလှ။

တစ်ကိုယ်လုံး ဖိန်းရှိန်းလျက် ခေါင်းတွေ မူးနောက်ဒီဝေနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ချမ်းစိမ့်စိမ့် ဝေဒနာကို ခံစားရပြီး မျက်နှာကျက်ကို ကြည့်နေသော မျက်ဝန်းတွေ ဝေဝါးလာသည်။

မည့်ည်းညှုမိအောင် သတိထားနေမိသည်။ တင်းထားသောစိတ်ကြောင့် သတိလွှတ်သွားမတတ်။

အဖျားတက်နေပြီဆိုတာ သူ ကောင်းကောင်းသိလိုက်သည်။ လှုပ်ရှားမှုတို့ ကင်းမဲ့လျက် တစ်ချက်မှာတော့ သတိလွှတ်သွားရသည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ သူ နိုးလာတော့ နံနက် (၆)နာရီပင် ထိုးနေပြီ။

အိပ်ရာထက်က ထလိုက်တော့ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် မင်သက်သွားသည်။

"ဟင်"

ဝိုင်း ကြမ်းပြင်ထက်တွင် တပလ္လင်ခွေထိုင်လျက် သူ့မွေ့ရာထက်တွင် ခေါင်းတင်ရင်း အိပ်မောကျနေသည်။

အိပ်ရာဘေး ပတ်ဝန်းကျင်ကို ကြည့်မိတော့ ရေဇလုံနှင့် သဘက်တစ်ခု။

ညက သူတော်တော် အဖျားတက်ခဲ့သည်နှင့် တူသည်။

အပြစ်ကင်းစွာ အိပ်မောကျနေသော ဝိုင်း မျက်နှာလေးကို





ကြည့်မိသည်။

ညှိုးရော်နေသော မျက်ကွင်းလေးတွေကြောင့် မနက်မိုးလင်းလောက်မှ အိပ်ပျော်သွားတာ ဖြစ်မည်။

ဒါပေမဲ့

ညက သူ အဖျားတက်တာ ဒီလောက်ကြီးတော့ မဟုတ်လောက်သေးအရှိန်နှင့် မှိန်းသွားရုံလောက်သာ။

ဒါဆို သူ့အခန့်ရှေ့မှာ ဝိုင်း ရှိနေခဲ့တာပေါ့။ သူ့အပေါ် ဂရုစိုက်လွန်းနေသော ဝိုင်းကို သူ နားမလည်နိုင်တော့။ တကယ့် စေတနာမှန်နှင့် ပြုမူနေတာလား။

သူ့ပုံစံကြည့်ရတာတော့ ရိုးသားမှုရှိသည်ဟု ထင်မိသည်။ ဝိုင်းရဲ့စိတ်ကလည်း ပြောဖို့အခက်သား။

သူမ ဖျားတုန်းက ပြုစုယုယခဲ့တာတွေကို ပြန်ပြီး အကြွေးဆပ်နေတာလည်း ဖြစ်နိုင်သည်။

တော်တော် ဆိုးတဲ့ မိဝိုင်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ကိုကို"

ခေါ်သံကြောင့် သူ လှည့်ကြည့်တော့ အခန်းထဲ ဝင်လာသည့် ဝိုင်း လက်ထဲမှာ အငွေ့တထောင်းထောင်း ပန်းကန်လုံးတင်ထားသော လင်ပန်းလေးနှင့်ဖြစ်သည်။

"ကိုကို ဆေးမသောက်ခင် ဟောဒီ စွပ်ပြုတ်လေး သောက်လိုက်နော်၊ ဝိုင်း ဒီမနက်စောစောထပြီး စီစဉ်ထားတာ"

"ဘာလို့ စီစဉ်ရတာလဲ ဝိုင်းရဲ၊ မောင်တာကို ကိုကို ဝယ်နိုင်းလိုက်ရင် ရပါတယ်"

သူ့စကားကြောင့် ဝိုင်း မျက်နှာလေး ကွက်ခနဲပျက်သွားတာ သူ သတိထားမိသည်။ ဝိုင်း စေတနာကို စော်ကားလိုက်သလို ဖြစ်သွားပြီလား။

"ဝိုင်း ဒီနေ့ အလုပ်မသွားဖြစ်တော့ ကိုကို့အတွက် ချက်ပြုတ်





စီစဉ်ပေးတာပါ၊ သောက်လိုက်ပါနော် ကိုကို"

ဝိုင်းအသံလေးတွေ သိမ်မွေ့နူးညံ့နေခဲ့သည်။ ညကတစ်ညလုံး ဝိုင်း မအိပ်ထားတာမို့ထင်သည်။ မျက်ရည်စလေးတွေ ဝဲနေသော မျက်နက်ဝန်းလေးတွေ တဝိုက်မှာ ညိုမည်းနေ၏။

"ကျေးဇူးပဲ ဝိုင်း၊ ထားခဲ့ပါ၊ ကိုကို သောက်လိုက်ပါ့မယ်"

ဝိုင်း မျက်နှာလေး ဝင်းလက်သွားကာ လင်ပန်းလေးကို သူ့နံဘေးက စားပွဲပေါ် အသာတင်ပေးသည်။ ပြီးမှ သူ့လက်ထဲက စာအုပ်ကိုကြည့်ရင်း

"ဟို ကိုကို စာတွေအရမ်းဖတ်မနေနဲ့ဦးလေ၊ ခေါင်းတွေ ကိုက်နေမှာစိုးလို့ပါ"

မဝံ့မရဲလေးနှင့် ဝိုင်း ပြောတော့ သူ ပြုံးပြီး ဝိုင်း မျက်နှာလေးကို စူးစူးနစ်နစ် ကြည့်လိုက်မိ၏။

"ကိုယ့်အတွက် ဝိုင်း စိတ်ပူမနေနဲ့၊ ဝိုင်းပဲ အိပ်ရေးဝအောင် အိပ်ဦးလေ၊ မျက်ကွင်းက ဟောက်ပက်ဖြစ်နေပြီ"

ဝိုင်း မျက်နှာလေး နီမြန်းသွားပြီး ခေါင်းကလေးကို ညိတ်သည်။ ပြီးတော့ သူ့ကို တစ်ချက်ကြည့်ကာ အခန်းထဲက လှမ်းထွက်သွားခဲ့သည်။

အပြာနုရောင် ဂါဝန်လေးနှင့် ဝိုင်းနောက်ကျောမြင်ကွင်းလေးကို ကြည့်ရင်း သူ ပင့်သက်မောကို ရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဆီမှာ နူးညံ့သိမ်မွေ့သော ခံစားမှုတွေကို သူ မြင်တွေ့နေရခြင်းက သူ့နှလုံးသားကို ကြည်နူးလှုပ်ခတ်စေတာ အမှန်ဖြစ်သည်။

ဝိုင်း ဖျားသည့်ညက ဖြစ်ရပ်တွေ ပြီးတော့ သူ ဖျားသည့်ညက ဝိုင်းရဲ့ စိုးရိမ်ပူပန်မှုလေးတွေကို တွေးမိတိုင်း သူ့ရင်တွေ လှုပ်ခတ်သာယာချင်နေခဲ့မိတာ ဘာကြောင့်မှန်း မသိပါ။

စားပွဲပေါ်မှာ ဝိုင်း တင်ပေးထားခဲ့သော စွပ်ပြုတ်လေးကို သူ သောက်ပြီး ဆေးတစ်ခွက် သောက်လိုက်သည်။

"ကို ကိုကို"

ခေါ်သံလေးနှင့်အတူ ဝိုင်း အခန်းထဲကို အပြေးကလေး ဝင်လာတာမို့ သူ အထိတ်တလန့် ဖြစ်သွားရကာ မော့ကြည့်မိ၏။

"ဝိုင်း ဘာဖြစ်လာတာလဲ"

"အခုပဲ မေစံဆီက ဖုန်းလာတယ် ကိုကို၊ ဘွားကို မနေ့ကပဲ ခွဲစိတ်ကုသပေးလိုက်ကြပြီတဲ့"

"ဟင် ဟုတ်လား ဝိုင်း ဘာတဲ့လဲဟင်"

"ဘွား ကျန်းမာရေးက စိတ်ချရပြီတဲ့၊ ကျန်းမာတာနဲ့ ပြန်လာမယ်လို့ မေစံ ပြောတယ်"

ဝိုင်း ဝမ်းသာအားရကလေး ဆိုနေတာကြည့်ရင်း သူလည်း ဘွားအတွက် ဝမ်းသာသွားမိသည်။ ဒါပေမဲ့ ခေါင်းထဲကို တိုးဝင်လာသော





အသိတစ်ခုကြောင့် သူ အပျော်စိတ်တွေ ကွယ်ပျောက်သွားခဲ့၏။

"ကိုကို ဘာဖြစ်လို့လဲဟင် ခေါင်းမူးလို့လား"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး ဝိုင်း၊ ဘွား ကျန်းမာစွာနဲ့ ပြန်လာရင် ကိုယ်တို့ကိစ္စအတွက် ဘယ်လို ခံစားမလဲ တွေးကြည့်နေတာပါ"

သူ့စကားကြောင့် ဝိုင်း မျက်နှာလေး ညှိုးမှိန်သွားသည်။ သူ ဝိုင်းရဲ့မျက်နှာလေးကို အကဲခတ်ကြည့်ရင်း

"ဒါပေမဲ့ ဝိုင်း စိတ်မပူပါနဲ့ ကိုကို ဝိုင်းကို ပေးထားတဲ့ကတိအတိုင်း စီမံပေးမှာပါ၊ ကိုယ့်ဘက်က ငြင်းဆိုပေးမယ်ဆိုရင် ဝိုင်း ကျေနပ်တယ် မဟုတ်လား"

ဝိုင်း ကိုကို့ကိုကြည့်ရင်း ရင်ထဲမှာ ဆို့နစ်ချင်လာသည်။ ကိုကိုက သည်အထိတောင် ရည်ရွယ်ထားခဲ့ပြီလား။

ကိုကို့ရှေ့မှာ မျက်ရည်မကျအောင် တင်းထားရသည့် ဝေဒနာက မွန်းကြပ်ဆို့နစ်စေသည်။

"အို အမေ့"

"ဟင် ဝိုင်း ဝိုင်း"

ဝိုင်း မျက်ဝန်းတွေ ပြာဝေကာ ယိုင်ခနဲလဲအကျမှာ ကိုကိုက ဖျတ်ခနဲ ထရပ်ကာ ဆီးပွေ့ထားလိုက်တာမို့ တော်သေးသည်။

"ဝိုင်း ဝိုင်း ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်း ခေါင်းတွေ မူးလို့ ကိုကို"

"အင်း ညတုန်းက အိပ်ရေးပျက်ထားတာကိုး ကဲ ကဲ ဝိုင်း အနားယူမှဖြစ်မယ်၊ အခန်းထဲ သွားအိပ်လိုက်နော်၊ ဝိုင်း လျှောက်လို့ရ ရဲ့လားဟင်"

"အင်း ရ ရပါတယ်"

နှုတ်က အဖြေပေးသည့်အခိုက် ဝိုင်း ခေါင်းထဲက မူးရိပ်ရိပ်မို့ မျက်လုံးတွေကို မှေးမှိတ်ထားမိသည်။ ကိုကိုက ဝိုင်းကို ကြည့်ကာ အခြေအနေကို နားလည်သွားပုံပေါက်သည်။

"ကိုကို အခန်းထဲထိ ပွေ့ခေါ်သွားမယ် ဟုတ်လား"

"အို"

ဖွေ့ခနဲ ဝိုင်းကို ကိုကို ပွေ့ချီခေါ်သွားတော့ ဝိုင်း ရင်တွေ တလှပ်လှပ် ဖြစ်ကာ ခေါင်းတွေ ပိုလို့ မူးနောက်လာသည်။

တကယ်လည်း ဝိုင်း ညက တစ်ညလုံး မအိပ်ခဲ့ရ။ မနက် အစောကြီးထကာ ကိုကို စားသောက်ဖို့ ပြင်ဆင်နေကတည်းက ခေါင်းထဲက မိုက်ခနဲဖြစ်နေခဲ့တာ သိသည်။

ဝိုင်း အခန်းထဲရောက်တော့ ကိုကိုက ခုတင်ပေါ်ကို ဝိုင်း ခန္ဓာကိုယ်လေးကို ညင်သာစွာ တင်ပေးသည်။

"ခဏလေးနော် ဝိုင်း ရေတစ်ခွက်လောက် သောက်ပြီး အိပ်





လိုက် ဝိုင်း အတော်ပင်ပန်းနေတာ ကိုကို သိတယ်"

ဝိုင်း ပင်ပန်းနေတာပဲ သိသတဲ့လား ကိုကိုရယ်။ ဝိုင်း ရင်ထဲက ခံစားချက်တွေနဲ့ နှလုံးသားကိုကော ကိုကို မမြင်မသိဘူးလား။

ရေဘူးထဲမှ ရေတစ်ခွက်ငှဲ့ပြီး ကိုကိုက ဝိုင်းကို မွေ့ထူကာ ယုယစွာ တိုက်သည်။

ဝိုင်း အသိစိတ်ထဲမှာ ကိုကို့ရဲ့ ယုယ ကြင်နာမှုတွေအပေါ် သာယာနေခဲ့တာ အသေအချာ။

"ဝိုင်း ညီမလေး အိပ်လိုက်နော်၊ ကိုကို အခန်းအပြင်က ဝရန်တာမှာ ရှိနေမယ်"

ဝိုင်းကို ပြောပြီး ခြုံစောင်လေး လွှမ်းပေးခဲ့ကာ ကိုကို အခန်းထဲမှ တစ်လှမ်းချင်း လှမ်းထွက်သွားခဲ့သည်။

ကိုကို ကျောပြင်လေးကို ငေးရင်း ဝိုင်းအနားမှာ သင်းပျံ့ ကျန်ရစ်ခဲ့သော ကိုကို့ရဲ့ ကိုယ်သင်းရနံ့လေးတွေကို ဝိုင်း ရှူရှိုက်နေမိသေး။

ဝိုင်း လိုချင်ခဲ့တာ ကိုကို့ရဲ့ အဲဒီလို ကြင်နာမှုလေးတွေပါ ကိုကို။ ဝိုင်းဘက်ကလည်း ကိုကို့ကို အဲဒီလို ယုယမှုလေးတွေ ပေးဆပ် ချင်တာပါ။

ဒါပေမဲ့ ဒါတွေအားလုံး အိပ်မက်တစ်ခုလို ပျောက်ကွယ်သွားခဲ့ ရင်. . . ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

ညာ၏ အေးစိမ့်မှုက သူ့ရင်ထဲအထိ စိမ့်ဝင်ခြင်းမှာ မစွမ်းနိုင်ခဲ့ပါ။ တကယ်တမ်း ဝိုင်းကို စွန့်လွှတ်ရမည်ဆိုသော အသိက သူ့ကို ဘာကြောင့် ဒီလောက်အထိ စိုးထိတ်နေခဲ့သလဲ မသိပါ။

တကယ်ဆိုလျှင် ဝိုင်းကို သူ့ဘက်က စကားတွေ ကျွံလွန်ခဲ့တာပဲဖြစ်သည်။

သံယောဇဉ်ဆိုသော အရာတွေနှင့် ဘဝတစ်ခုကို တည်ဆောက်မရနိုင်ဟု ယုံကြည်ခဲ့မိသော သူ့နှလုံးသားက အချစ်ကို ခံစားတတ်သွားခဲ့တာလား။

"ကိုကို"





"ဟင် ဝိုင်း မအိပ်သေးဘူးလား"

"တစ်ရေးနိုးလာတာပါ ကိုကို၊ ကိုကို ခြံထဲမှာ ထိုင်နေတာ တွေ့လို့ ဝိုင်း ဆင်းလာတာ"

အဖြူရောင်ညဝတ်အင်္ကျီပါးလေးနှင့် ဝိုင်းကို သူမော့ကြည့်ရင်း ပင့်သက်မောကို ရှိုက်မိ၏။

"ဝိုင်း အင်္ကျီပါးလေးနဲ့ အအေးမိနေမယ်"

ဝိုင်းက သူ့ စိုးရိမ်စကားကို ခေါင်းလေး ခါရမ်းပြရင်း နံဘေးမှာ ညင်သာစွာ ဝင်ထိုင်သည်။

ဟိုးငယ်ငယ်ကတည်းက ညီမလေးတစ်ယောက်လို သူ သံယောဇဉ်တွယ်ခဲ့ရသော ဝိုင်း။ တကယ်တမ်း ဝိုင်းကို လက်ထပ်ရမည်ဆိုတော့ သူ လက်မခံနိုင်အောင်ဖြစ်ခဲ့သည်။

ဝိုင်းရဲ့ နှလုံးသား ဖြူဖြူလေးကို အရောင်တွေ မဆိုးချင်ပါ။ သူလိုချင်တာ ဝိုင်းရဲ့ နှလုံးသားက ပေါ်ပေါက်လာတဲ့ ချစ်ခြင်းတစ်ခုပဲ ဖြစ်၏။

ဒါပေမဲ့ သူ သိခဲ့ရသည်က

ဝိုင်းရဲ့ နှလုံးသားက မင်းထက်ခန့်ချော ဆိုသော သူမရဲ့ ဘုံးမြင့်ချင်းလေးအပေါ်မှာသာ ဖြစ်သည်။ ဒါတွေကြောင့် သူ နောက်ဆုတ်ခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်နောက်ဆုတ်ခဲ့ပြီးကာမှ နှလုံးသားက ဝိုင်းကို စွန့်လွှတ်ဖို့ မဝံ့မရဲဖြစ်ရပြန်သည်။

ဝိုင်း မျက်ဝန်းလေးတွေ အမိပ္ပါယ်မဲ့ ငေးတည်နေရာကို သူ လှမ်းကြည့်တော့ နှင်းဆီပန်းငုံလေး အိပ်မောကျနေတာလား။

"ဝိုင်း ဘာတွေစဉ်းစားနေတာလဲဟင်"

"ဘာမှမဟုတ်ပါဘူး ကိုကို၊ ဝိုင်းတို့ ငယ်ငယ်က အကြောင်းတွေ စဉ်းစားမြင်ယောင်နေမိတာ"

"ငယ်ငယ်တုန်းက ဟုတ်လား"

"ဟုတ်တယ် ကိုကို အဲဒီတုန်းက ဘဝတွေကို ဝိုင်း အမြဲတမ်း အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ ကိုကို ဝိုင်းကို ချောကလက်တွေ ခွံကျွေးခဲ့တာ၊ ပြီးတော့ ဟောဒီခြံကြီးထဲမှာ ဝိုင်း လိုချင်တဲ့ လိပ်ပြာလေးတွေ ကိုကို လိုက်ဖမ်းပေးတာလေ"

ငေးမှိုနေသော ဝိုင်းရဲ့ မျက်ဝန်းလေးတွေထဲမှာ သူလည်း ဟိုး ငယ်စဉ်က ပုံရိပ်လေးတွေကို ပြန်ပြီး မြင်တွေ့နေရသလိုပါပဲ။

ဖြူစင်လှသော ဘဝလေးမှာ ဝိုင်းနှင့်သူ ပျော်ရွှင်ခဲ့ကြဖူးသည်။ တကယ့်ကို မမေ့နိုင်သော ဘဝလေးက ငြိမ်းချမ်းစရာအတိ။

အခုတော့ မကြာခင်မှာ ထိုဘဝလေးတွေကို သူ စွန့်လွှတ်ရ တော့မည်၊ ဝိုင်းရဲ့ ဘယ်ဘက်လက်သူကြွယ်လေးဆီ သူ လှမ်းကြည့်မိ၏။





ဘွားပေးထားသော ဘွားကိုယ်တိုင် ဆင်ပေးထားသော လက်စွပ်ကလေးက လက်ဖြာနေ၏။

ဒီလက်စွပ်လေးကို ဝိုင်း ဝတ်ထားခဲ့ပါလား။ သူလည်း ဘွားရဲ့ လက်စွပ်လေးကို ဝတ်ဆင်ထားမိခဲ့။

"ဝိုင်း"

သူ့ခေါ်သံကြောင့် ဝိုင်း ငဲ့ကြည့်သည်။ နက်မှောင်သော ဆံနွယ်လေးတွေက ဝိုင်းရဲ့ မျက်နှာနုနုလေးပေါ် ဝေ့ဝဲကျနေသည်။

ထိုဆံနွယ်လေးတွေကို သူ သပ်တင်ပေးချင်ပေမယ့် မျိုသိပ်ထားလိုက်မိ၏။

"သိပ်အေးလာပြီ ဝိုင်း၊ ကိုကိုတို့ အိပ်ကြစို့နော်"

ဝိုင်း ခေါင်းကလေးညိတ် နာခံသည်။ နှစ်ဦးသား တိတ်ဆိတ်နေသော တိုက်ကြီးဆီသို့ လျှောက်ခဲ့ကြသည်။

သေချာသည်ကတော့ ဒီညလည်း သူ အိပ်ပျော်မည် မထင်ပါ။

ဝိုင်းကော ငယ်ဘဝလေးကို သတိရနေဦးမှာလား။

ပင့်သက်မောတွေ တိတ်ဆိတ်သောညထဲမှာ ဝဲပျံနေခဲ့၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"သစ္စာ လာစမ်းပါဦး ဒီမှာ စာရင်းတွေက အရမ်းကွာနေတယ်"

ဝိုင်း လချုပ်စာရင်းတွေကို စစ်ဆေးရင်း အထိတ်တလန့် အော်ခေါ်တော့ သစ္စာ အနားကို ရောက်လာသည်။

"ဒီမှာ ပြီးခဲ့တဲ့ ဖွန်လရဲ့ လချုပ်စာရင်းမှာ ငွေတွေက အတော်ကွာဟနေတယ်၊ သိန်းနှစ်ဆယ်လောက် စာရင်းကွာနေတယ်"

"ဟင် အဲဒါ သစ္စာ ကိုင်တဲ့စာရင်းမဟုတ်ဘူးလေ မမဝိုင်းရဲ့၊ ကိုခန့်ချော လုပ်တဲ့ စာရင်းလေ"

သည်တော့မှ ဝိုင်း လက်မှတ်ကို ကြည့်မိသည်။ ဟုတ်ပါရဲ့ ခန့်ချောရဲ့ လက်မှတ်ဖြစ်နေသည်။

"အေး အေး ခန့်ချောကို ခေါ်လိုက်စမ်း"





သစ္စာ အခန်းထဲက ခပ်သုတ်သုတ်နှင့် ထွက်သွားကာ ခန့်ချော အခန်းဆီ ကူးသွားသည်။

အခန်းထဲမှာ ခန့်ချော ရှိမနေပါ။ ခန့်ချော၏ အတွင်းရေးမှူး မလေး မေနဒီပဲ ရှိနေသည်။

"မေနဒီ ကိုခန့်ချောကော"

"အပြင်သွားတယ် သစ္စာ၊ ဘာကိစ္စရှိလို့လဲ နဒီကို မှာခဲ့လေ"

"မှာခဲ့လို့ မရဘူး ကိုခန့်ချောကို မမဝိုင်း ခေါ်ခိုင်းနေတာ၊ အရေးကြီးတယ်၊ ကိုခန့်ချော တင်ထားတဲ့ စာရင်းတွေမှာ ငွေသိန်းနှစ်ဆယ်ကျော် ကွာဟနေတယ်"

"ဟင် ဟုတ်လား၊ ဆရာ ပြန်ရောက်လာရင် လွှတ်လိုက်မယ်"

"အေးဟာ ရောက်တာနဲ့ လွှတ်လိုက်နော်"

သစ္စာ အခန်းထဲက ပြန်ထွက်သွားတော့ မေနဒီ ဖုန်းကို ကောက်ကိုင်ကာ ခန့်ချောဆီ ဆက်သွယ်သည်။ အရေးကိစ္စရှိလျှင် ဖုန်းဆက်ဆက်သွယ်ဖို့ ခန့်ချော မှာထားသည်ပဲ။

"ဟဲလို ဆရာလား နဒီပါ"

"ပြော နဒီ ဘာကိစ္စရှိလို့လဲ"

"ဆရာကို မမဝိုင်းက တွေ့ချင်လို့တဲ့ သစ္စာ လာခေါ်သွားတယ်"

"ငါ မရှိဘူး ပြောလိုက်ဟာ၊ အလကား ဘာမှအရေးမကြီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကိစ္စတွေ"

"မဟုတ်ဘူး ဆရာ အရေးကြီးတယ်တဲ့၊ ဆရာရဲ့ ငွေစာရင်း တင်ပြမှုမှာ ငွေတွေ ကွာနေတယ်တဲ့၊ သိန်းနှစ်ဆယ်ဆိုလား"

မေနဒီ စကားကြောင့် ခန့်ချော ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားခဲ့သည်။

ဘယ်လိုမှ ဖြေရှင်းမရသော ကိစ္စကို သူ ဘယ်လိုဖြေရှင်းရမည်လဲ။ ဒီတစ်လကျမှ ဘာကြောင့် ဝိုင်းက သူ့စာရင်းကို စစ်လိုက်ရတာလဲ မသိ။

"ဆရာ"

"အေး အေး ငါ့ဆီ နင်ဖုန်းဆက်တာ မရဘူးလို့ ပြောလိုက်နဒီ၊ ဒီကိစ္စ ငါ နောက်မှ ရှင်းမယ် ကြားလား"

"ဟုတ်ကဲ့ ဆရာ"

"အိုကေ နောက်ထပ် နင် ထပ်မဆက်နဲ့တော့ နဒီ"

အပြတ်ပြောပြီး သူ့ဖုန်းကို အပြီးတိုင် ပိတ်ပစ်လိုက်သည်။ သူ ရောက်မလာလျှင် ဝိုင်းက ဖုန်းနှင့် ဆက်သွယ်လာနိုင်သည်။

ဆောက်တည်ရာမရသော စိတ်နှင့် ခန့်ချော သူငယ်ချင်းတွေနှင့် စုဝေးထိုင်နေရာ ဘီယာဝိုင်းကို ပြန်ရောက်ခဲ့သည်။

"ခန့်ချော သောက်လေကွာ"





ဇော်မောင်က ဘီယာခွက်ကို မေးငေါ့ပြရင်း တိုက်တွန်းတော့ ခန့်ချော တဟုတ်ထိုး မော့သောက်လိုက်သည်။

"ဟ ဟ ဖြည်းဖြည်းချပါ၊ သူဌေးလေးရဲ့ နင် ကုန်ပါ့မယ် ဟား ဟား"

ဇော်မောင်နှင့် လုထွေးတို့ သူ့ကိုကြည့်ကာ ဟားတိုက် ရယ်မောနေကြသည်။ သူ့မျက်နှာတွေ ချက်ချင်းတွေ့မှု နီမြန်းလာသလို ခေါင်းထဲမှာလည်း ပြဿနာအတွက် အဖြေကို စဉ်းစားကြည့်၏။

သိန်းနှစ်ဆယ်သော ငွေကြေး ပြဿနာကြီးကိုတော့ သူ ရှင်းမှဖြစ်မည်။ ဒါကို မရှင်းနိုင်လျှင် ရှေ့က ပြဿနာတွေ တသီတတန်းကြီး ပေါ်လာနိုင်သည်။

ခက်တာက ဒီလောက် ငွေကြေးအတိုင်းအတာ သူ့လက်ထဲမှာ ရှိမနေပါ။

"ခန့်ချော မင်း ဘာဖြစ်နေတာလဲ"

"ပြဿနာတွေတော့ တက်ကုန်ပြီ ဇော်မောင်၊ ငါ့ကုမ္ပဏီမှာ ယူသုံးထားတဲ့ ငွေကြေးပြဿနာကွ"

"မင်းကလည်း ဘာခက်တာမှတ်လို့ကွာ၊ မင်း နိုက်နေတဲ့ သူဌေးမလေး ဝိုင်းစုကို ကြွေပြလိုက်ပေါ့"

"ဟ မင်းတို့ ပြောတာ အလွယ်လေး၊ ဘယ်လိုမှ ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အခု သူ့ကိုယ်တိုင် ဘယ်တော့မှ မစစ်ဆေးဘဲ ငါ့ရဲ့စာရင်းတွေကို စစ်ဆေးတယ်ဆိုတော့ ငါ့ကို သံသယရှိလို့ဆိုတာ သေချာပြီ"

"ဟင် မင်းပြောတော့ အဲဒီအညွှာကို ကိုင်မိရင် မင်းဘဝက ပြောင်းပြီဆိုကွ၊ ဘယ်လိုဖြစ်တာလဲ"

ဇော်မောင်က နားမလည်နိုင်သလို မေးသည်။ ခန့်ချော စိတ်ရှုပ်ထွေးစွာ ခေါင်းကို ခါရမ်းပစ်ရင်း

"အရင်က ငါတွက်ထားတဲ့ စီမံကိန်းက လှပတယ်ကွ၊ ပိုင်းကို အပိုင်ကိုင်နိုင်ရင် မွဲပြီးပြီလေ၊ ဒါပေမဲ့ ခက်တာက အခြေအနေတွေက ပြောင်းလဲသွားတယ်"

"ဘာပြောင်းလဲသွားတာလဲ"

"ပိုင်းက သူ့ကိုကိုဆိုတဲ့ကောင်အပေါ် မပြတ်သားဘူး။ ဒီတော့ ငါ ဝင်ရခက်နေတာပေါ့ကွာ"

"ဘာခက်တာမှတ်လို့ အဲဒီကောင်ကို ငါတို့ ရှင်းပေးရင်"

တကယ့်ကို ဦးနှောက်မရှိ မိုက်မဲတတ်သည့်ကောင်တွေဟု ခန့်ချော စိတ်ထဲက သတ်မှတ်မိသည်။ လူတစ်ယောက် အသက်ကို သတ်ပြီးတော့ ထောင်ထဲရောက်အောင် လုပ်နေကြသည့် အဖြစ်။

"လုံးဝ မဖြစ်နိုင်ဘူး၊ အဲဒီ မင်းကြံတိုင်း သေသွားရင်တောင် ပိုင်းက ငါ့ဘက်ပါလာမှာ မဟုတ်ဘူး"





"ဒါဆိုလည်း အလွယ်လေးပဲ၊ မင်းဘက်က မရရအောင် ယူပေါ့ကွာ၊ အရေးကြီးတာ ကိုယ့်လက်ထဲမှာ ပိုင်နေဖို့ပဲ"

"ဘယ်လို"

"မင်းကလည်းမလိုနဲ့ အတော် တုံးအတဲ့ကောင်ပဲ၊ မင်းရအောင် ယူရမှာ အဲဒီကောင်မလေးရဲ့ အချစ်မဟုတ်ဘူး။ လူ့ကို ယူရမှာကွ၊ အချစ်က ဝါးစားလို့မရဘူး နားလည်ရဲ့လား"

ဇော်မောင် စကားကို သူ သဘောကျ ကျေနပ်သွားမိသည်။

"ကြိုက်သွားပြီ ဇော်မောင် အေး ငါ ပိုင်းကို အရယူမှဖြစ်မယ်"

"မင်း ဒီလို သဘောပေါက်ရင် ကိစ္စပြတ်ပြီ"

ဇော်မောင်နှင့်လှထူးကို သူ လက်မထောင်ပြလိုက်၏။

သူ့အတွက် ရွေးချယ်စရာက ဒီတစ်လမ်းပဲ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"မမလေး အစ်ကိုလေးက မမလေးအတွက် စာတစ်စောင်နဲ့ ဟောဒီဟာလေး ပေးသွားတယ်"

အိမ်ရောက်ရောက်ချင်း ပြောလာသော မိအေး စကားကြောင့် ဝိုင်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

မိအေးက လက်ထဲက စာနှင့်ဘူးလေးကို ဝိုင်းလက်ထဲ လှမ်းပေးနေသည်။

ဝိုင်း လှမ်းယူရင်း ယွန်းဘူးလေးကို ဖွင့်ကြည့်လိုက်တော့ မြင်တွေ့လိုက်ရသည်က မိန့်ပွင့်လက်စွပ်လေး။

"ဟင်"

ကိုကို့ရဲ့ စေ့စပ်လက်စွပ်ကလေးပဲ ဖြစ်သည်။ ဒီလက်စွပ်လေး





ကို ကိုကို အမြဲတမ်း ဆင်မြန်းထားတတ်သည်။

ဘာကြောင့် အခုမှ ဝိုင်းကို ပေးခဲ့ရတာလဲ။

ဝိုင်း စာလေးကို ကိုင်ကာ ညှော်ခန်းဆိုဖာ ထိုင်ခုံဆီ လှမ်းခဲ့သည်။ အူလည်လည် ရပ်နေသော မိအေးကို အအေးတစ်ခွက် ဖျော်ခိုင်းပြီး ထွက်သွားမှ ဝိုင်း စာလေးကို ဖောက်ဖတ်လိုက်သည်။

ဝိုင်း

ကိုကို ပြောချင်တာတွေကို ပြောခွင့်ပြုပါ ဝိုင်းရယ်။ ဟိုးငယ်ငယ်ကတည်းက ဝိုင်းကို ညီမလေးလို ခင်တွယ်ခဲ့တဲ့ ကိုကို့နှလုံးသားက အဖြူရောင်ပါပဲ ဝိုင်းရယ်။

ရည်းစားတွေ အများကြီး ကိုထားခဲ့ဖူးပေမယ့် အချစ်ဆိုတာကို ကိုကို မခံစားတတ်ခဲ့ဘူး။

နောက်ပိုင်းမှာ ကိုကို့ဘဝကို အလုပ်ထဲမှာ နှစ်မြှုပ်ထားခဲ့တယ် ဝိုင်း။

ဘွားနဲ့မေမေက သဘောကျ ကြည်ဖြူစွာ ဝိုင်းနဲ့လက်ထပ်ပေးဖို့ စီစဉ်တော့ ကိုကို ဆုံးဖြတ်ရခက်ခဲ့တယ်။ ကိုကို့ဘဝအတွက် ရွေးချယ်တဲ့ မိန်းကလေးကို အရုပ်ဆန်ဆန် ကိုယ် မပိုင်ဆိုင်ချင်ဘူး။

ချစ်တတ်တဲ့ နှလုံးသားနဲ့ မိန်းကလေးကိုပဲ လက်ထပ်မယ်လို့ ဆုံးဖြတ်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း ကိုကို့ကို ချစ်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ ဝိုင်းရဲ့ အချစ်က ဖြူစင်တဲ့အချစ်၊ ဝိုင်း နှလုံးသားက မင်းထက်ခန့်ချော အတွက်ဆိုတာ ကိုကို သိလိုက်ရတော့

ဘယ်လောက် အံ့ဩစရာကောင်းသလဲ ဝိုင်းရယ်

ဝိုင်းကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးမှပဲ ဝိုင်းကို ကိုကို မြတ်နိုးစွာ ချစ်နေခဲ့တာ သိလိုက်ရတယ်။ ဒါပေမဲ့ ကိုကို အပိုင်အနိုင် မယူရက်ပါဘူး ဝိုင်း။

ဝိုင်းနဲ့ခန့်ချောတို့ဘ၀ ပျော်ရွှင်စွာ ပေါင်းဖက်နိုင်ဖို့ ကိုကို နောက်ဆုတ်ပေးခဲ့ပါတယ်။

စေ့စပ်လက်စွပ်လေးကို ထားရစ်ခဲ့တယ် ဝိုင်း။

ဘွားနဲ့မေမေ ပြန်လာရင် ဝိုင်းကို စွန့်ပြီး ကိုကို ထွက်သွားတယ်လို့ ပြောလိုက်ပါ။

ကိုကိုကတော့ . .

ဝိုင်းရဲ့ ကိုကို

"ဟင့်အင်း မဟုတ်ဘူး လုံး၀ မဟုတ်ဘူး ကိုကို"

ဝိုင်း မယုံနိုင်စွာ ငြင်းဆိုရင်း ရပ်ထားတဲ့ ကားဆီ ပြေးထွက်ခဲ့သည်။ ပြီးတော့ ကိုကို ရှိနိုင်မယ့် နေရာတွေအထိ ကိုကို့ကို လိုက်ရှာသည်။





"ဟင့်အင်း ဆရာ စန္ဒီဆီ မလာပါဘူး"

ကိုကိုရဲ့ အတွင်းရေးမှူးမလေး အဖြေကြောင့် ဝိုင်း ကိုကို့ မိတ်ဆွေတွေမှန်သမျှကို ဖုန်းဆက်ကြည့်တော့လည်း ကိုကို မလာဘူးဆိုတဲ့ အဖြေပဲ တုံ့ပြန်ကြားရတယ်။

နောက်ဆုံးတော့ ဝိုင်း ပြန်ရောက်ခဲ့တာ ကိုကို့ရဲ့ အိပ်ခန်းလေးထဲကိုပဲ ကိုကို။

ကိုကိုရဲ့ ရနံ့လေးတွေ သင်းကျန်ရစ်ခဲ့တဲ့ အခန်းလေးထဲမှာ ကိုကို တကယ်ရှိမနေတော့ဘူး။

ဝိုင်းကို တကယ်ပဲ ကိုကို စွန့်ခွာသွားခဲ့ပြီ။

ဝိုင်းဆီကို ပေးထားရစ်ခဲ့တဲ့ ကိုကို့ရဲ့ စေ့စပ်လက်စွပ်လေးကို ကြည့်ရင်း ဝိုင်း ငိုနေတာ ကိုကို မသိနိုင်ဘူးနော်။

ကိုကို တကယ်ပဲ ဝိုင်းကို ချစ်တာလားဟင်။ ဝိုင်းနဲ့ကိုကိုရဲ့ နှလုံးသားတွေ ထပ်တူညီသွားခဲ့ပြီပေါ့။

ဝိုင်းကို အထင်လွဲပြီး ကိုကို ရှောင်မပြေးသင့်ပါဘူး။

ဝိုင်း ရင်ထဲမှာ ခန့်ချောဆိုတာ သူငယ်ချင်းတစ်ယောက် ထက်မပိုပါဘူး။

ဝိုင်း ရင်ထဲမှာ ရှိတာ ကိုကို။

သံယောဇဉ်တွေနဲ့ ရစ်ပတ်ပြီး ချစ်ခင်ခဲ့ရတဲ့ အချစ်ဆုံးတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပါဝဲ။

ဒါတွေကို ကိုကို နားထောင်သွားသင့်တယ်။

တင့်အင်း ပိုင်းဆီ ကိုကို တစ်နေ့ ပြန်လာမယ်လို့ ပိုင်း ယုံတယ် ကိုကို။ ကိုကို ပြန်လာတဲ့အထိ ပိုင်း စောင့်နေမယ် ဆိုတာ . .

ယုံပေးပါ ကိုကို။

■ ■ ■



## အခန်း (၄၁)

ဒီနေ့တော့ ခန့်ချောနှင့် ပြဿနာကိုတော့ ရှင်းဖြစ်အောင်ရှင်း ရမည်ဟု တွေးရင်း ပိုင်း ညှော်ခန်းထဲက အထွက်မှာ ဟန်းဖုန်းက ထမြည်တာမို့ ဖွင့်ကြည့်လိုက်သည်။

"ဟာင် ခန့်ချော နင် ဘာဖြစ်နေတာလဲ၊ မနေ့က နင့်ကိုငါ တစ်နေ့လုံး စောင့်နေတာ"

"ခဏလေး ပိုင်း အဲဒီကိစ္စတွေ အသာထားဦး။ အခု အရေး ကြီးတဲ့ကိစ္စ ပြောမလို့၊ မနေ့က ကိုယ် ကိုကြံတိုင်းနဲ့ဆုံတယ်"

"ဟင်"

"ဟုတ်တယ် သူကြည့်ရတာ အတော် ခံစားနေရပုံ မှုံးလည်း



www.burmeseclassic.com

www.burmeseclassic.com



မူနေတယ်၊ ဝိုင်း အကြောင်းတွေလည်း ပြောတယ်၊ သူက ဝိုင်းနဲ့ကိုယ့်ကို အထင်လွဲနေတာ၊ အားလုံးနဲ့ အဝေးဆုံးကို ထွက်သွားမယ်ဆိုလို့ ကိုကြီး တိုင်းကို ကိုယ် စောင့်ရောက်ထားတယ်''

ခန့်ချော စကားတွေကြောင့် ဝိုင်း ရင်တွေ တလှပ်လှပ် လှုပ်ခါ သွားခဲ့သည်။

''ဟုတ်လား ခန့်ချော ကိုကို အိမ်ကို မနေ့က ပြန်မလာဘူး။ သူ ငါ့ကို အထင်လွဲနေတာတော့ သိတယ်၊ အခု ကိုကို ဘယ်မှာလဲဟင်''

''ငါ့မိတ်ဆွေ တစ်ယောက် အိမ်ပို့ထားတယ် ဝိုင်း''

''ဘယ် ဘယ်မှာလဲဟင် ပြောစမ်းပါ ခန့်ချောရယ်၊ ငါ ကိုကို့ကို အရမ်းတွေ့ချင်နေတယ်''

စိုးရိမ်မှုတွေနှင့် မေးလိုက်သော ဝိုင်းကို ခန့်ချောက

''မစိုးရိမ်ပါနဲ့ ဝိုင်းရယ်၊ ကိုယ် လိုက်ပို့ချင်လို့ ဖုန်းဆက်တာပါ။ မနေ့က တစ်နေ့လုံး သူ့ကိစ္စတွေနဲ့ ရှုပ်နေတာ''

''ငါ နားလည်တယ် ခန့်ချော အဲဒီကိစ္စ နောက်မှရှင်းမယ်၊ အခု အရေးကြီးတာ ကိုကိုပဲ၊ ကိုကို့ကို ငါတွေ့ချင်တယ်''

''ဒါဆို ဝိုင်း ရှစ်မိုင်လမ်းဆုံကို လာခဲ့တယ်လေ၊ အဲဒီမှာ ကိုယ်စောင့်နေမယ်''





''အိုကေ ငါအခုပဲ လာခဲ့မယ် ခန့်ချော''

ဝိုင်း ဖုန်းလေးကို ပိတ်ရင်း ဆလင်းဘက်အိတ်ထဲ ပြန်ထည့်သည်။ ကိုကို ထားရစ်ခဲ့သည့် စေ့စပ်လက်စွပ်လေးကလည်း အိတ်ထဲမှာ အသင့်ရှိနေသည်။

ကိုကိုရယ် ဝိုင်းကို ခွဲမသွားပါနဲ့။ တကယ်တော့ ကိုကိုနဲ့ ဝိုင်း ကြားမှာ အထင်လွဲမှုတွေကြောင့် ဝေးနေခဲ့တာပါ။

ဝိုင်း ကိုကို့ကို မခွဲနိုင်ဘူး ကိုကိုရယ်။

ဘယ်လိုအကြောင်းနဲ့မှ မခွဲနိုင်ဘူး။

■ ■ ■

''ဘယ်လိုအကြောင်းနဲ့မှ မပျက်တဲ့ သူရောက်လာမှာပါကွာ''

''မင်းဟာ သေချာလှချည်လား ခန့်ချော''

လုထူးက မယုံသလို မေးသည်။ ခန့်ချော နှုတ်ခမ်းတွေ မဲ့ကျ သွားအောင် ပြုံးရင်း လက်ထဲက ဟန်းဖုန်းကို ထောင်ပြသည်။

''အခုပဲ ငါနဲ့ဝိုင်း ထိပ်တိုက်စကားပြော ချိန်းဆိုပြီးပါပြီကွာ မင်းတို့စောင့်ကြည့်လိုက် သူ လာမှာပါ''

''တကယ်လို့ လွဲချော်ခဲ့ရင်ကော''



www.burmeseclassic.com

www.burmeseclassic.com



ဇော်မောင်ကပါ မသက်သာသလို မေးတော့ ခန့်ချော ခေါင်းကို ခါရမ်းပစ်လိုက်ရင်း

"ဘယ်လိုမှ လွဲချော်စရာမရှိဘူး။ ဘာလို့လဲဆိုတော့ ငါက မင်းကြီးတိုင်းဆိုတဲ့ သူ့ကိုကိုဆီကို လိုက်ပို့ပေးမယ်လို့ ပြောလိုက်လို့ပဲကွ"

"ဟား မင်းအပိုင်ကြံနေတဲ့ သူဌေးမလေးက ဒီလိုကို ဆိုတဲ့ ကောင်နဲ့ကျတော့ အန္တရာယ်တောင် မမြင်တော့ပါလား"

လှထူး စကားကြောင့် ခန့်ချော ရင်ထဲမှာ နင်သွားတာတော့ အမှန်။ အရင်ကတော့ ဝိုင်းကို သူအပိုင်ရယူနိုင်မည်ဟု တွက်ခဲ့မိသည်။ ဒါပေမဲ့ ဝိုင်း အနားမှာနေရင်း ဝိုင်း စိတ်ကို သိလာသည်။

ရင်ထဲကို မြင်လာမိတာ

ဝိုင်းရဲ့နှလုံးသားသာ မင်းကြီးတိုင်းအတွက်ပဲ ဖြစ်နေတော့ သူ့ စိမံကိန်းတွေ အကုန်ပျက်ဆီးကုန်သည်။

ဝိုင်းနှင့်အတူ ဝိုင်း ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေ အားလုံး သူ့အတွက်ဟု ယုံကြည်ခဲ့တာတွေ အခုတော့ အိပ်မက်ပြန်မက်ခွင့်ရခဲ့ပြီ။

ဝိုင်းရဲ့နှလုံးသားနဲ့ ချစ်ခြင်းက မင်းကြီးတိုင်းအတွက်ဆိုရင်လည်း ပြဿနာမရှိပါ။

သူ မက်မောတာက ဝိုင်းရဲ့ အမွေတွေ စည်းစိမ်တွေပဲဖြစ်သည်။





ကံကောင်းထောက်မစွာ ဝိုင်းဆိုတဲ့ ကောင်မလေးရဲ့ မက်မောစရာ ခန္ဓာကိုယ်ကိုပါ ပိုင်ဆိုင်ခွင့်ရလိုက်ရင်တော့

ခန့်ချော ပြုံးသည်။

မြေခွေးတို့မည်သည် ကောက်ကျစ်စွာပဲ ပြုံးတတ်တာ ဝိုင်း မသိပါလား။

■ ■ ■

"ကျွီ"

ခန့်ချော ယုံကြည်ထားသည့်အတိုင်းပါပဲ။ မိနစ်နှစ်ဆယ်တောင် မကြာလိုက်ဘဲ ဝိုင်း ကားလေးက သူ့ရှေ့ကို ထိုးဆိုက်လာသည်။

"ခန့်ချော"

"ဝိုင်း ရောက်တာမြန်သားပဲ၊ ကိုယ်တောင် အခုမှ ရောက်တာ ဒီကောင်တွေကို ဝင်ခေါ်နေလို့"

ခန့်ချော ရည်ညွှန်းသည့် နှစ်ယောက်ကို ဝိုင်း အကဲခတ်သလို ကြည့်သည်။

"သူက လှထူး သူက ဇော်မောင်တဲ့၊ ကိုယ့်ရဲ့ သူငယ်ချင်းတွေ ဒီ စော်ဘွားကြီးကုန်းဘက်မှာ နေကြတယ်၊ ဝိုင်းရဲ့ကိုကိုကို လတ်တလော တော့ သူတို့အိမ်မှာ နေနိုင်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ချောက ဝိုင်း ယုံကြည်လောက်အောင် ခပ်တည်တည်ရှင်းပြနေသည်။ လှထူးကလည်း မင်သေသေနှင့်

"မင်း မိတ်ဆွေက တကယ့် အနုအရွသမားပဲကွ၊ အရက်ကလည်း သောက်တတ်တာ မဟုတ်ဘဲနဲ့ သောက်၊ ပြီးရင်မှောက်၊ နှုတ်ကလည်း ဝိုင်းတွေကော ပြားတွေကော ရေရွတ်နေတော့တာ"

ဝိုင်း မျက်နှာလေး ပန်းသွေးရောင်လွှမ်းသွားတာ ကြည့်ရင်း ခန့်ချော ပြုံးသည်။

"ကဲ ကိုလှထူး ကားနောက်ခန်းမှာ ထိုင်ကြဗျာ၊ ဝိုင်း ဟိုဘက်ရွှေ့ ကိုယ်မောင်းမယ်"

ခန့်ချောက ပြောနေတာမို့ ဝိုင်း ယုံကြည်စွာနှင့်ပဲ ခေါင်းညိတ်ရင်း နေရာရွှေ့ပေးလိုက်သည်။

ခန့်ချောက မောင်းသူနေရာမှာ ဝင်ထိုင်သည်။ ကျန်နှစ်ယောက်က နောက်ခန်းထဲ အငြိမ့်သားရောက်နေကြပြီ။

ကားကလေးကို ခန့်ချော မင်္ဂလာဒုံဘက် ဦးတည်မောင်းထွက်လိုက်ပါသည်။

■ ■ ■

တခဏတော့ ကြာတိုင်း အံ့ဩမင်သက်စွာနှင့် ဆက်ထိုင်နေမိ





သေးသည်။

သည်လက်ဖက်ရည်ဆိုင်ကလေးမှာ သူ ထိုင်နေတာ ကြာပြီ။ ခန့်ချောတို့ သုံးယောက်ကို မြင်တော့ ထိုင်ကြည့်နေမိ၏။

သုံးယောက်သား ဘာတွေတိုင်ပင် ပြောဆိုနေတာလည်း မသိပါ။ မသင်္ကာစိတ်နှင့် သူ ဆက်ကြည့်နေမိသည်။

ဆယ်မိနစ်လောက် ကြာတော့ ဝိုင်း ကားနှင့်ရောက်လာတာကိုပါ မြင်လိုက်ရသည်။

သူ အံ့ဩစွာနှင့် စောင့်ကြည့်နေမိတာကို ဝိုင်းတို့ လုံးဝ မမြင်နိုင်အောင် ဘာတွေ အရေးကြီးနေခဲ့သည် မသိ။

ဝိုင်းရဲ့ကားကို ခန့်ချောက မောင်းနှင်ကာ လူစိမ်းနှစ်ယောက်က ဝိုင်းရဲ့ကားနောက်ခန်းထဲ ပါသွားကြသည်။

ကားလေးရဲ့ ဦးတည်ရာက မြို့ထဲဘက် မဟုတ်ဘဲ မင်္ဂလာဒုံဘက် ဖြစ်နေတာတော့ သူ မျက်မှောင်ကျုံ့မိ၏။

ဝိုင်း ဘယ်သွားတာလဲ။

ခန့်ချောဆိုသည့်ကောင်ကကော ယုံကြည်နိုင်ရဲ့လား။ ခန့်ချောနဲ့ဘေးက နှစ်ယောက်ဆိုလျှင် ပိုလို့တောင် သံသယဖြစ်လောက်သည့် ဥပဓိရုပ်တွေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကပဲ ဝိုင်းကို သူ ရင်ဖွင့်ခဲ့ပြီး စေ့စပ်လက်စွပ်ကိုလည်း ထားရစ်ခဲ့ပြီးပြီ။

အခုမှ ဘာကြောင့် စိတ်က မပြတ်ဖြစ်နေတာလဲ စဉ်းစား မရပါ။

ရင်ထဲမှာ ရေးရေးသာ မြင်ရသည့်ကားလေးကို ကြည့်ကာ သူ ဆုံးဖြတ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် ဝိုင်းတို့နောက်ကို သူ လိုက်ကြည့်မည်။ အန္တရာယ် ဖြစ်စရာ အခြေအနေဆိုရင်တော့။

သူ့မိတ်ဆွေ ကိုကျော်ဦးထံက ကားလေးယူလာခဲ့တာပဲ ကံ ကောင်းပါသည်။ သူ နောက်ယောင်ခံလိုက်လာတာကို ဝိုင်းတို့ မသိစေချင် ပါ။

ဝိုင်းရယ် သံယောဇဉ် လက်ကျန်လေးနဲ့ မင်းကို ကိုကို နှောင် တွယ် နေခဲ့မိတာက ဘာကြောင့်လဲ။

အချစ်ဆိုတာကို ကိုကို ခံစားတတ်ခဲ့ပြီဆိုတာ သိစေချင်လိုက် တာ ဝိုင်းရယ်။

အချစ်ဆိုတာက အနီးမှာ အလွယ်တကူ ရယူပိုင်ဆိုင်နိုင်တဲ့ အခါရှိနေမှန်း မသိနိုင်ပေမယ့် ဆုံးရှုံးရပြီဆိုမှ သိနိုင်တဲ့အရာလား။





ကိုကို ခံစားတတ်ခဲ့ပြီ ဝိုင်း။

■ ■ ■

"ခန့်ချော ကိုကိုက ဘယ်မှာလဲ"

"ကိုလှထူးတို့ အိမ်မှာပါ ဝိုင်းရဲ့ ရောက်တော့မှာပါ"

ခန့်ချော စကားတွေကို ဝိုင်း သံသယဖြစ်ချင်လာတာ အမှန်။ ကားလေးကို ခန့်ချော အရှိန်ပြင်းပြင်းနှင့် မောင်းနှင်နေတာ။ ပြီးတော့ နောက်ခန်းထဲမှာ ပါလာသော လူစိမ်းနှစ်ယောက်။

အခြေအနေတွေက သံသယ ဖြစ်စရာတွေချည်းမို့ ဝိုင်း မယုံရဲ တော့ပါ။

ဂနာမငြိမ်သော ခန့်ချောရဲ့ မျက်ဝန်းတွေကိုလည်း ဝိုင်းကြည့် နေရင်း စိုးရိမ်လာသည်။

တစ်ခုခု မှားယွင်းနေပြီထင်သည်။

ကိုကိုက ဝိုင်းကို စွန့်ခွာသွားခဲ့ပြီ။ ဘယ်လိုနည်းနှင့်မှ ခန့်ချော နဲ့သွားပြီး တွေ့စရာအကြောင်း မရှိ။

ကိုကိုက ဒီလို ခန့်ချောဆီကို သွားပြီး ငိုယိုအသနားခံမှုပြောဦး သွားလား။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါ။

ခန့်ချော ဖုန်းဆက်တုန်းက ထူပူစိတ်တွေနှင့် ယုံခဲ့၏။ ကိုကိုနှင့် ပြန်ဆုံတွေ့ရမည်ဆိုသော အသိနှင့် ဝမ်းသာသွားခဲ့မိသည်။

အခုတော့

"ခန့်ချော"

"ပြောလေ ဝိုင်း"

"ခုချက်ချင်း ကားကို ရပ်ပေးတော့"

"ဟင် ဘာဖြစ်လို့လဲ ဝိုင်းရဲ့"

"ငါ ဆင်းတော့မယ်"

ဝိုင်း စကားတွေ အဆုံးမသတ်နိုင်အောင် အနောက်က လက်ကိုင်ပဝါတစ်ထည်နှင့် မျက်နှာကို ဖိအုပ်တာ ခံလိုက်ရသည်။

"ခန့်ချော နင် နင်"

ဝိုင်း အထိတ်တလန့် ဒေါသတွေနှင့် အော်ဟစ်ဖို့ ကြိုးစားရင်း ခန့်ချောကို လှမ်းကြည့်သည်။

ကားမောင်းမပျက် ခန့်ချောက အပြုံးရိပ်သမ်းသော မျက်ဝန်းတွေနှင့် ဝိုင်းကိုကြည့်နေဆဲ။

ဝိုင်း အမြင်အာရုံထဲမှာ ခန့်ချော ပုံရိပ်တွေ ဝေဝါးပျောက်ကွယ်





သွားခဲ့သည်။

■ ■ ■

ရှေ့မှာ ဝိုင်းတို့ကားလေးက မင်္ဂလာဒုံအလွန် ခြံကျယ်ကြီးတစ်ခုထဲ မောင်းဝင်သွားတော့ သူ ကားလေးကို ခြံကျယ်ကြီး ကျော်လွန်သည်အထိ ဆက်ပြီး မောင်းနှင်ခဲ့သည်။

အတော်လှမ်းလှမ်းရောက်မှ ကားကို ထိုးရပ်ရင်း ခြံကြီးဆီသို့ ပြန်လျှောက်ခဲ့သည်။

နေ့လယ်ခင်းမို့ မြင်ကွင်းတွေက ရှင်းနေသည်။ ခြံထဲက အိမ်ကြီးက ရှေးဆန်သော နှစ်ထပ်အိမ်ကြီး ဖြစ်သည်။

ဝိုင်းရဲ့ကားလေးက အိမ်ကြီးရှေ့မှာ ရပ်ထားဆဲ။

သူ စောင့်ကြည့်သည်အထိ လူရိပ်ကို မမြင်ရတော့ ဟင်းလင်းပွင့်နေသည့် ခြံတံခါးက လှစ်ခနဲ ဝင်လိုက်သည်။

အိမ်ကြီးရဲ့ တံခါးဆီရောက်လာသည်အထိ အန္တရာယ်ကင်းစင်နေဆဲ။ သူ ပျဉ်ထောင်အိမ်ကြီးရဲ့ လှေကားထစ်တွေအတိုင်း ဆက်တက်ခဲ့သည်။

အခန်းထောင့်ချိုးတစ်ခုမှာ ရိပ်ခနဲ မြင်ရသည့် လူရိပ်ကြောင့် လှစ်ခနဲ အနီးဆုံး အခန်းထဲ လှမ်းဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင် ဒီကောင် ကောင်းစားဖို့ ငါတို့က မစားအညှော်ခံပဲ"

"မင်းကလည်းကွာ ဒီကောင် ချမ်းသာရင် ငါတို့လည်း ချမ်းသာပြီပေါ့"

ခန့်ချောနှင့်တွေ့ခဲ့သည့် နှစ်ယောက်၏ စကားသံတွေကို သူ ကြားရသည်။ အခြေအနေအားလုံးကိုလည်း သူ တွက်ဆနားလည်လိုက်မိသည်။

ထိုနှစ်ဦးလှေကားထစ်တွေအတိုင်း ဆင်းသွားတော့မှ အခန်းထဲက ထွက်ကာ ရှေ့ဆက်လျှောက်ခဲ့သည်။

ခပ်ဟဟပွင့်နေသည့် အခန်းတံခါးမှ သူ ချောင်းကြည့်လိုက်တော့

"ဟင်"

ခုတင်ပေါ်မှာ ပိုင်း အိပ်ပျော်နေတာလား သတိလစ်နေတာလား မသိပါ။ ပက်လက်ကလေး တွေ့မြင်ရ၏။

ခုတင်နံဘေးက ထိုင်ခုံမှာတော့ ခန့်ချောဆိုသည့်ကောင်ကို အခန့်သား တွေ့လိုက်သည်။

ခန့်ချောက ပိုင်း မျက်နှာပေါ်ကို ရေစွတ်ထားသော လက်ကိုင်





ပဝါလေးနှင့် ဖိအုပ်ပေးရင်း သတိပြန်ရအောင် ပြုစုနေတာ မြင်သည်။

သူ အခန်းထဲ လှစ်ခနဲ ဝင်လိုက်၏။

ခြေနင်းသံကြောင့် ခန့်ချော လှည့်ကြည့်သည်။

"ဟင် ခင် ခင်များ"

"ဟုတ်တယ် ခန့်ချော ငါပဲ"

တအံ့တော့ မင်သက်နေပြီးမှ ခန့်ချော အနီးမှ ထိုင်ခုံကို ဆွဲမယူကာ သူ့ကို ပြေးဝင်ရိုက်ချသည်။

သူ နံဘေးကို ရှောင်တိမ်းပေးရင်း ခန့်ချောလက်ကို ရိုက်ချပစ်လိုက်သည်။

"ဖြောင်း"

"အ"

တိုက်ပွဲက ကြာမြင့်လောက်အောင် လက်ရည်ချင်း မမျှတပါ။ စက္ကန့်ပိုင်းအတွင်းမှာပဲ ခန့်ချော ကြမ်းပြင်မှာ ဦးမှောက်ကျသွားလေ၏။

"ပိုင်း ပိုင်း"

သူ ပိုင်းကို လှုပ်နှိုးခေါ်ကြည့်သည်။ ပိုင်း သတိလစ်နေဆဲ ရှိ၏။

စိုးရိမ်စိတ်နှင့် ပိုင်း မျက်နှာလေးကို ရေစိုလက်ကိုင်ပဝါနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဓိအုပ်ကာ သူ သတိရအောင် ပြုစုရသည်။

မိနစ်အနည်းငယ် ကြာတော့ ဝိုင်း သတိရလာ၏။

"ဝိုင်း ဝိုင်း"

"လှုယုတ်မာ သွား နင် နင်"

ဝိုင်းရဲ့ လက်တွေက တဘုန်းဘုန်း သူ့ မျက်နှာကို ထုရိုက်တော့ မထင်မှတ်သော တိုက်ခိုက်မှုကြောင့် သူ ဘာမှမကာကွယ်နိုင်ခဲ့။

"ဝိုင်း ကိုယ် ကိုကိုပါ"

"ဟင် ကို ကိုကို"

ဝိုင်း ခုတင်ပေါ်က ဆတ်ခနဲ ထထိုင်ကာ သူ့ကို မင်သက်စွာ ကြည့်၏။ ပြီးတော့မှ ကြမ်းပြင်ပေါ် လဲကျနေသော ခန့်ချောကို မြင်တွေ့သွားကာ

"ကို ကိုကို"

သူ့ကို တင်းကြပ်စွာ ပွေ့ဖက်ထားသည့် ဝိုင်း၊ ခန္ဓာကိုယ်လေးကို သူ မြတ်နိုးစွာ ဖက်တွယ်ထားမိသည်။

"ကိုကိုရယ် ဝိုင်းကို ခွဲမသွားပါနဲ့နော်၊ ဝိုင်း ဝိုင်းလေ ကိုကို့ကို ဟိုးအရင်ကတည်းက ချစ်ခဲ့တာပါ"

"ဝိုင်းရယ်"



ဝိုင်း၊ ခန္ဓာကိုယ်လေးကို သူ တင်းကြပ်စွာ မြန်ဖက်တွယ် ထားမိသည်။

ရင်ထဲမှာ ကြည်နူးလှိုက်ဖိုမှုတွေနှင့် ဘာမှမဆိုနိုင်ပါ။

"ဟာ ခန့်ချော ဒီကောင်က"

အခန်းထဲ ပြေးဝင်လာသည့် ခန့်ချော တပည့်နှစ်ယောက် တခဏ်တော့ မင်သက်နေခဲ့ကြသည်။

သူ ဝိုင်းကို အသာလွှတ်ကာ နှစ်ယောက်ကို ရင်ဆိုင်သည်။

"မင်းက ဘယ်သူလဲ"

"ငါက မင်းကြီးတိုင်း"

"ဟာကွာ ဘယ်ကောင်ဖြစ်ဖြစ် တီးကွာ လုထုး"

အသံနှင့်အတူ ဆံရှည်လူက သူ့ဆီပြေးဝင်လာသည်။

ဘယ်ဝိုက်ညာဝိုက် လက်သီးချက်တွေက ပြင်းသည်။ ဒါပေမဲ့ သူ့ကိုတစ်ချက်မှ မထိဘဲ လေထဲမှာ ဝဲပျံ့သွား၏။

"တောက်"

ဒေါသစိတ်ပြင်းကာ ရှေ့ကို မိုက်မဲစွာ တိုး၍တိုက်ခိုက်လာသော ဆံရှည်အရှိက်ကို သူ လက်သီးနှင့် ဘစ်ချက်ပစ်သွင်းသည်။ ငိုက်ကျလာသော ခေါင်းကို တံတောင်နှင့် ရိုက်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တော့ ပွဲသိမ်းသွားပြီ။

ကျန်တစ်ယောက် မယှဉ်နိုင်မှန်း သိတော့ အားကိုးရာအဖြစ် ခါးကြားက ဓားမြှောင်ကို ထုတ်ယူသည်။

"ကိုကို သတိထား"

ဝိုင်းက အော်ဟစ် သတိပေးသည်။

စည်းလွတ်ဝါးလွတ် အပင့်အရှိက်တွေကို သူ သတိကြီးစွာ ရှောင်တိမ်းပြီး ဓားကိုင်လက်ဖျံရိုးကို ရိုက်ချပစ်လိုက်သည်။

"အား"

နာကျင်စွာ ဟစ်အော်လျက် အကာအကွယ် မဲ့သွားသော မျက်နှာကို သူ လက်သီးတစ်လုံးပစ်သွင်းသည်။

"ခွပ်"

"အ"

"ဒုတ်"

တစ်ချက်တည်းနှင့် နောက်လန်အကျမှာ ကြမ်းပေါ်ပြုတ်ကျနေသော ထိုင်ခုံအစွန်းနှင့် ရိုက်မိကာ ပြန်မထနိုင်တော့။

"ကိုကိုရယ်"

"ဝိုင်း"





သူ့ရင်ခွင်ထဲ ပြေးဝင်လာသော ဝိုင်းကို သူ နွေးထွေးသော ရင်ခွင်နှင့် ဆီးကြိုထားလိုက်သည်။

"ကိုကို ဝိုင်းကို ဘယ်တော့မှ ထားမသွားပါနဲ့နော်"

"ကိုကို ကတိပေးပါတယ် ကလေးရယ်"

"ဒါဆို ဟောဒီ လက်စွပ်လေးကို ကိုကို ပြန်ဝတ်ထားပါ"

ဝိုင်းက ခုတင်ပေါ်က ဆလင်းဘက်အိတ်လေးကို ဖွင့်ကာ လက်စွပ်ကလေးကို ထုတ်ယူသည်။

သူ ပြုံးရင်း ဝိုင်းရှေ့မှာ သူ့ ဘယ်လက်ကို ကမ်းပေးလိုက်၏။ ဝိုင်းက သူ့ရဲ့လက်သူကြွယ်လေးမှာ လက်စွပ်လေးကို ပြန်စွပ်ပေးသည်။

ပြီးတော့ သူ့လက်ကို ဝိုင်း လက်ကလေးနှစ်ဖက်နှင့် ညင်သာစွာ ဆုပ်ကိုင်သည်။

"ဘွားတို့ ပြန်လာတာနဲ့ ကိုကို တောင်းဆိုစရာရှိတယ် ဝိုင်း"

"ဘာလဲဟင် ကိုကို"

"သားတို့ကို အမြန်ဆုံး လက်ထပ်ပေးပါတော့လို့ သား ဝိုင်းကို မခွဲနိုင်လို့ပါလို့"

ရှက်သွေးလွှမ်းသွားတဲ့ ဝိုင်း ပါးပြင်လေးမှာ ပန်းနုရောင်လေး စွန်းထင်သွားခဲ့၏။



www.burmeseclassic.com

မြတ်နိုးခြင်းတို့ဖြင့် သူ ပိုင်း နမူးလေးကို ငုံနမ်းမိသည်။ ရင်ခုန်သံတွေက စည်းချက်ညီစွာ..။

အားလုံးအတွက်

နတ်သမီး